
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# မြပုလဲသွယ်

## နဂိုယဉ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၆၄၀၅၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၅၆၀၆၁၀
အုပ်ရေ - L လင်း

ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ • ၈၃
မြပုလဲသွယ်
နဂိုယဉ်/ မြပုလဲသွယ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၀
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) နဂိုယဉ်

BURMESE CLASSIC .com

## အခန်း (၁)

နံနက်ခင်း အာရုံဦး၏ ကျေးငှက်တို့ တီတီတာတာ အော်မြည်သံက နှစ်ခြိုက်စွာအိပ်ပျော်နေသော ခွန်ရာဇာခန္ဓာကိုယ် အတွင်းရှိ အသိတရားများကို ပထမဆုံး ပုတ်နှိုးခြင်းဖြင့် မင်္ဂလာရှိသော နံနက်ခင်းကို စတင်ဝင်ရောက်စေ၏။

ညက နှစ်ခြိုက်စွာ အိပ်လိုက်ရခြင်းကြောင့် နံနက်ခင်း ခြောက်နာရီမတ်တင်းတွင် အိပ်ရာမှ ကြည်လင်စွာနိုးလာ၏။ နိုးကြားသော အလေ့အကျင့်သည် ခွန်ရာဇာအတွက် ထူးခြားချက်တစ်ရပ် ဖြစ်သည်။

ဒီနေ့ ရင်ဆိုင်ရမည့် အချိန်နာရီတိုင်း သူ့အတွက် အရေးကြီးကြောင်းနှင့် တစ်ချက်ကလေးမှ အမှားမခံနိုင်ကြောင်း သူကောင်းစွာသိထား၏။

နွေးထွေးနူးညံ့သော အဖြူရောင်အိပ်ရာထဲမှာ ဝပ်ဆင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



သက်လျက် အနေအထားအတိုင်း သူ့ခုတင်ဘေးရှိ ခလုတ်ကို နှိပ်လိုက်သည်။

ဤသည်က အိပ်ရာမှ သူနိုးပြီဖြစ်ကြောင်း ခေမာရုံစံအိမ်အတွင်းရှိ လူအများအား အသိပေးခြင်းဖြစ်သည်။ တစ်ဆက်တည်းဆိုသလို နောက်ထပ်ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။

ကျယ်လွင့်သော မှန်ပြတင်းတံခါးကြီးများတွင် လှပစွာချိတ်ဆွဲတပ်ဆင်ထားသော အပြာရောင်ခပ်ဖျော့ဖျော့ ခန်းဆီးလိုက်ကာများမှာ အသံလုံးဝမထွက်ဘဲ ဘေးတစ်ချက်တစ်ဖက်ဆီသို့ ရွေ့လျားပူးကပ်သွားကြသည်။

နေခြည်နုနုက မှန်ပြတင်းများကို ဖြတ်ကျော်လျက် ဖျော့တော့ဝင်းဝါစွာ ခွန်ရာဇာ ကြီးကျယ်ခမ်းနားသော အိပ်ခန်းကျယ်ကြီးတွင်းသို့ ဖြာကျလာ၏။

အိပ်ရာထက်မှာ ခဏငြိမ်နေပြီးမှ အိစက်နူးညံ့သော အိပ်ရာထက်မှ သူဆင်းလိုက်သည်။ အသက်သုံးဆယ်ဟု ဆိုသော်လည်း ခွန်ရာဇာကိုယ်လုံးကိုယ်ထည်က ကျစ်လစ်ပြီး ယောကျ်ားပီသသည်။

သူ့အရပ် ငါးပေဆယ်လက်မခန့်သာရှိသော်လည်း သူ့ကို အရပ်မြင့်သည်ဟု ထင်ကြသည်။ နှာတံပေါ်သည်။ နှုတ်ခမ်းပါး





သည်။ အသားအရည် စိုပြေသည်။

မျက်ခုံးနှစ်ဘက်ကို အထက်သို့ မြင့်လိုက်တိုင်း ကျယ်ပြန့်သော နဖူးပြင်မှာ အရေးကြောင်းတွေ ထင်းခနဲပေါ်လာသည်။ ထိုအရေးအကြောင်းများက သူ၏ ရင့်ကျက်မှုကို ဖော်ပြခြင်းတစ်မျိုးဟုလည်း ဆိုနိုင်သည်။

သူ့အခြေအနေ၊ သူ့အဆင့်အတန်းကို ပို၍ပေါ်လွင်စေသည့် သင်္ကေတများဟု ဆိုလျှင်လည်း မမှား။

ခွန်ရာဇာက စီးပွားရေးပညာ ပါရဂူဘွဲ့ကို ရယူထားသူဖြစ်ပြီး သူပိုင်ဆိုင်သော စီးပွားရေးကုမ္ပဏီများကိုလည်း အောင်မြင်စွာ တည်ထောင်ထားသူလည်း ဖြစ်သည်။

ထိုကုမ္ပဏီကြီး၏ အကြီးအကဲ ရှယ်ယာမင်းမှာလည်း ခွန်ရာဇာပင်။ ခုတင်အနီးရှိ ထိုင်ခုံတစ်လုံးပေါ်တွင် သပ်ရပ်စွာ ခေါက်တင်ထားသော အဖြူရောင်အပေါ်ဝတ်အင်္ကျီကို ဆွဲယူဝတ်ဆင်ရင်း မှန်ပြတင်းနား သွားရပ်ကာ အမြင့်ဆုံးအထပ်မှနေ၍ လောကကြီးတစ်ခုလုံးကို အပေါ်စီးမှ ငုံ့ကြည့်သည်။

သာယာလှပသော လောကကြီးပါလား၊

ပူပင်သောကဆိုသော အရာမရှိ။

အောင်မြင်မှုအပေါင်း သူ့ထံမှာရှိသည်။ ထိုအောင်မြင်မှုတိုင်းနှင့် လိုက်ဖက်ညီသော ကိုယ်ပိုင်အရည်အချင်းများကို ပိုင်ဆိုင်

www.burmeseclassic.com



ထားသူအဖြစ် လူအားလုံးက သူ့တန်ဖိုးကို လေးစားဦးညွှတ်ရသည်။

ဂုဏ်ပြုချီးကျူးရသည်။

အားကျအထင်ကြီးကြသည်။

သူ့စိတ်အာရုံကလည်း သူ့အလုပ်ထဲမှာသာ အာရုံနစ်မြုပ်နေ၏။ ဒီနေ့ကျင်းပမည့် အစည်းအဝေး၏ အစီအစဉ်များက သူ့အာရုံကို ဖမ်းစားထားသည်။

သူ ပြတ်သားရမည်။

သူ့ဘက်က မပြတ်သားလျှင် တစ်ဖက်လူက သူ့ကို အပြတ်အသတ် တွယ်သွားကြမည်။

ပေါ်လာသည့် အတွေးများကို သူ ဖျောက်ပစ်လိုက်သည်။

ရေချိုးခန်းထဲရောက်တော့ ပြင်ဆင်မွမ်းမံထားသည့် ပစ္စည်းတွေက ဘာတစ်ခုမှ လိုလေသေးမရှိ။ ခေမာရဋ္ဌစံအိမ်သည် ရှိရှိသမျှ သူပိုင်ဆိုင်သော အိမ်များအနက် တန်ဖိုးအကြီးဆုံး။ သူ စိတ်ကြိုက်အကျဆုံးဖြစ်သည်။

အိမ်ပုံစံကို သူ့အတွက် သီးသန့်ပုံစံထုတ်၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အိပ်ခန်းများ၊ ဧည့်ခန်း၊ စာကြည့်ခန်းများ၏ နံရံတွင် သူစုဆောင်းထားသော ပန်းချီကားများဖြင့် မွမ်းမံပြင်ဆင်ထားသည်။ ပန်းချီကားအားလုံး၏ တန်ဖိုးကပင် မနည်း။

မကြာခဏဆိုသလို ပြုပြင်ပြောင်းလဲပေးခြင်းဖြင့် နောက်ဆင့်ရောက်လာသည့် ပန်းချီကားများကို နေရာပေးရသည်။ ဘယ်လိုဲ ပြုပြင်စေကာမူ အခန်းများ၏ ကြီးကျယ်ခမ်းနားမှုအဆင့်အတန်းဘ လျော့နည်းမသွား။





ခွန်ရာဇာ၏ တပည့်များအားလုံးကိုလည်း အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ၊ ဘယ်သူနှင့်မှမတူသော အခွင့်အရေးနှင့်လစာကို ပေးထားသည်။ ပစ္စည်းအပြည့်အစုံထားပေးသည်။

တခြား ဘယ်မှာမှ မရနိုင်သော လစာမျိုးရပေမယ့် ဘယ်သူမှ မပေါ့ဆရဲ။ ခွန်ရာဇာ၏ တင်းကြပ်သော စည်းကမ်းများကို တသဝေမတိမ်း လိုက်နာကြဖို့တော့လိုသည်။

ခွန်ရာဇာမှာ လူယုံတပည့်ရင်းနှစ်ယောက် ရှိသည်။ နံနက်ခြောက်နာရီခွဲမှာ သူ့အတွက် နံနက်စာ အသင့်ပြင်ပြီးဖြစ်နေရမည်။ သူ အယုံကြည်ဆုံး တပည့်တစ်ဦးဖြစ်သော နန့်ပါမှာ လီရှောဖြစ်ပြီး သူပိုင် တိုင်းရင်းသားဝတ်စုံမှလွဲ၍ တခြားဝတ်စုံမဝတ်။

မျက်နှာက အမြဲတမ်း နီနေသည်။

ဝေလန်က ဒရိုင်ဘာဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်ဘန်မာတွားကြိုင်းသူဖြစ်ပြီး အလုပ်ကြမ်းလုပ်နိုင်သူတစ်ယောက်၏ အချိုးအဆက်ရှိသူဖြစ်သည်။

သက်တော်စောင့်သဘောမျိုးလည်းဖြစ်၍ ခွန်ရာဇာအတွက် စိတ်ချရသော လူယုံဟုဆိုလျှင်လည်း မမှား။ စားဖိုမှူး၊



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်မာဓိ အားလုံး ခွန်ရာဇာ စိတ်ချယုံကြည်ရသော လူယုံတွေကိုသာ ရွေးချယ်ခန့်ထားသည်။

ခြောက်နာရီခွဲအတိမှာ ခွန်ရာဇာ ထမင်းစားခန်းကို ရောက်လာသည်။ ထမင်းချက်နှင့် စားပွဲထိုးက ခွန်ရာဇာအတွက် နံနက်စာကို တိတ်ဆိတ်စွာ ပြင်ဆင်ပေးကြပြီးနောက် ဖျတ်ခနဲ ပျောက်သွားသည်။

ခွန်ရာဇာလက်ထဲမှာ နံနက်စောစော ရောက်ရှိလာသည့် သတင်းစာတစ်စောင်ကို ကိုင်ထား၏။ တခြားလက်တစ်ဖက်က ကော်ဖီနံ့သင်းပျံ့နေ၍ မည်းနက်သော အရောင်အဆင်းရှိ အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်ကို တစိမ့်စိမ့် အရသာခံသောက်နေ၏။

ဦးအိုက်က ခွန်ရာဇာ ကော်ဖီသောက်၊ သတင်းများဖတ်ပြီးသည့်အချိန်အထိ စောင့်ကြည့်နေပြီးမှ ကော်ဖီပွဲသိမ်းခါနီး အနားကို ရောက်လာ၏။

"မောင်ရာဇာ"

"ပြောပါ ဦးအိုက်၊ ဘာကိစ္စရှိလို့လဲ"

"မနေ့ကပဲ ဂျယ်နက်ချေ့သည်လာမယ်လို့ ပြောတယ်ကွဲ၊ အဲဒါ"

"စီစဉ်ထားတဲ့အတိုင်း ကျွန်တော့်ဟိုတယ်မှာပဲ ထားလိုက်ပါ ဦးအိုက်"

"ကောင်းပါပြီ မောင်ရာဇာ"

ခေမာရဋ္ဌကို ရောက်ရှိလာမည့် ဧည့်သည်ထက် သူ့မှာ ပို၍အရေးကြီးသော ပြဿနာကြီးတစ်ခုရှိနေသည်။ ခွန်ရာဇာလို ဘူမိဗေဒကြီးပေါင်းများစွာ ပိုင်ဆိုင်ကြသော သူနှင့်လုပ်ငန်းတူ စီးပွားရေးလုပ်ငန်းရှင်များစွာ ရှိသည်။

သူတို့နှင့်လည်း အကျိုးတူပူးပေါင်းနိုင်ခဲ့သည်။ တချို့မှာ အားမကိုးရသူများ၊ စိတ်မချရသူများဖြစ်သဖြင့် ရေရှည်လက်တွဲ၍ ရေး စီးပွားပြိုင်ဘက် ရန်သူများအဖြစ်သို့ ပြောင်းလဲသွားကြသူတွေနှင့်လည်း ကြုံဘူးသည်။

တချို့က ခွန်ရာဇာကို နာကြည်းသည်။

စည်းကမ်းနှင့် အုပ်ချုပ်မှုအပိုင်းမှာ တင်းကြပ်မှုတွေမှာ သူက နာမည်ကြီးသည်။

ရက်စက်သည်။

ကိုယ်ချင်းစာနာမှုမရှိဟု ဆိုသူတွေကလည်း မနည်း။

အောင်မြင်မှုတံခါးဝသို့ ချဉ်းကပ်ရောက်ရှိလာသူတိုင်းအတွက် နေရာတိုင်းမှာ ခွဲ၊ လုံ့လ၊ ဝီရိယ အရေးကြီးသလို စည်းကမ်းတင်းကြပ်မှုအပိုင်းနှင့် ကိုယ့်လုပ်ငန်းအပေါ်မှာ ရိုသေလေးစားမှုရှိဖို့ လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော့ညံ့တွေဝေမှုတိုင်းက ရှုံးနိမ့်ခြင်းကို ဖိတ်ခေါ်ခြင်းပင်။ စီးပွားရေးအရ အောင်မြင်သူအဖြစ် ရပ်တည်လာနိုင်ခဲ့ခြင်းမှာ အားမနာတတ်ခြင်းနှင့် ပြတ်သားစွာ ဆုံးဖြတ်နိုင်ခြင်းတို့ ပါဝင်သည်။

သူ့ကို အာခံလာသူမှန်သမျှ အပြတ်ရှင်းသည်။

တစ်ဖက်လူကို မည်သည့်အခွင့်အရေးမှ မပေး။ ခွန်ရာဇာ စရိုက်ကို ကောင်းစွာပေါ်လွင်စေသည့် အချက်မှာ တခြားပြိုင်ဘက်များအပေါ် တော့ဂ်ဖြတ်အောင်နိုင်ခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေ စီးပွားရေးလုပ်ငန်းတစ်ခုမှာ အကျပ်အတည်းနှင့် ရင်ဆိုင်ရသော အဖြစ်မျိုး ကြုံတွေ့ရတတ်မြဲဖြစ်သည်။ ထိုအန္တရာယ်မှ လွတ်မြောက်အောင် ရုန်းထွက်နိုင်ရန် ခွန်ရာဇာက ခေါင်းထဲမှာ အကြံဉာဏ်တွေရှိသည်။

ရှိရှိသမျှ အကြံဉာဏ်ကိုသုံးပြီး ဖြေရှင်းရန် နောက်ဆုံး အချိန်သို့ ရောက်လာသည်။ နံနက်စာ စားပြီးချိန်မှာ အဝတ်လဲသည်။ စိတ်ထဲမှာတော့ လှုပ်ရှားနေသည်။

သူ့ပြိုင်ဘက် ဦးရီချမ်းအကြောင်း တွေးရင်း ခွန်ရာဇာ သူ့ရုံးခန်းထဲ ဝင်လာသည်။ ဤရုံးခန်းက သူ့အတွက် သီးသန့် ရုံးခန်း။ အသံလုံခန်းဖြစ်သည်။ အင်တာနက်၊ ကွန်ပျူတာ ဝက်ဆိုဒ်များ၊ ခေတ်မီအသုံးအဆောင် အားလုံးရှိသည်။





ထိုပစ္စည်းများအားလုံးထဲတွင် တစ်မူထူးခြားသော ပစ္စည်း လေးတစ်ခုရှိသည်။ ထိုပစ္စည်းလေးက ခွန်ရာဇာ အမြတ်နိုးဆုံး ပစ္စည်းလေးဖြစ်ပြီး တခြား တန်ဖိုးကြီးမားသော ပစ္စည်းများထက် လည်း ပို၍ သူနှင့်ကျွမ်းဝင်ရင်းနှီးသည်။

ရုတ်တရက်ကြည့်လျှင် သတ္တုချောင်းလေးဟု ထင်ရ သည်။ အနီးကပ် သေချာကြည့်လျှင် ငွေအိတ်စွပ်ထားသော ရှမ်း ဓားမြောင်လေးတစ်ခုဖြစ်မှန်း သိသည်။

လက်ကိုင်ရိုးပေါ်မှာ အမှတ်အသားတံဆိပ် ပါဝင်သည်။ စားပွဲပေါ်မှာ အသင့်ရှိနေသော ရှမ်းဓားမြောင်လေးကို လှည့်ပတ် ဆော့ကစားရင်း စူးရှနက်မှောင်သော မျက်လုံးများက ပို၍အရောင် လက်လာ၏။

ဓားမြောင်ကို ဓားအိမ်ထဲမှ ဆွဲထုတ်ပြီး တစ်ချက်ပြုံးသည်။ ဓားသွားက အလွန်ကောင်းသော သံမဏိဖြင့် ပြုလုပ်ထားသဖြင့် အသွားက သင်တုန်းဓားလို ထက်မြနေ၏။

ရုတ်တရက် ဖုန်းသံမြည်လာသည်။

ထိုတယ်လီဖုန်းက အရေးကြီးသော ပုဂ္ဂိုလ်များမှတစ်ပါး ခြည်သူမှ သုံးခွင့်မရသော ဖုန်းဖြစ်သောကြောင့် မည်သူမည်ဝါဟု မေးမြန်းရန်မလိုချေ။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်မောနင်း ခွန်ရာဇာ"

"မောနင်းပါ ဦးဘသိုက်၊ ခင်ဗျား ဖုန်းဆက်မယ်ဆိုတာ ကျွန်တော် မျှော်လင့်ပြီးသားပါဗျာ၊ အခုလောလောဆယ် သူတို့ဘက်က အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော့်ကိုပြောပါဦး"

ဦးဘသိုက်ဘက်က ခဏတော့ အသံတိတ်သွားသည်။ သူနှင့်အတူ စီးပွားရေးလုပ်ငန်းများကို အတူလက်တွဲလုပ်ကိုင်လာခဲ့သည်မှာ အခုချိန်ထိဖြစ်သည်။

တော်သည်။

ထက်မြက်သည်။

စိတ်တည်ငြိမ်သည်။

ဥက္ကဋ္ဌများအနက် ခွန်ရာဇာ အားကိုးယုံကြည် စိတ်ချအပ်ရဆုံးလူလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ခွန်ရာဇာ၏ စီးပွားရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခွင့်ရထားသည်။

"ပြောရရင်တော့ လက်ရှိအခြေအနေက စိတ်ပျက်စရာပဲ ခွန်ရာဇာ၊ ဦးအထင်ပြောရရင် ပိုဆိုးလာတယ်"

"ဦးသုတက ဦးတို့အတွက် ဘာမှအသုံးမဝင်တော့ဘူး၊ သူ့ကြောင့် ကျန်တဲ့လူတွေပါ ဒုက္ခရောက်ကုန်မှာ ဦး စိုးရိမ်တယ်၊ အန္တရာယ်ပိုများလာပြီ ခွန်ရာဇာ"





"ဒီလိုဆိုလည်း ကျွန်တော်တို့ ယန်စွန်နဲ့ တိုင်ပင်ကြတာပေါ့ဗျာ"

တည်ငြိမ်လေးနက်သော ခွန်ရာဇာ လေသံက ပေါ့ပါးသွက်လက်နေခြင်းကလည်း အံ့ဩဖွယ်ဖြစ်သည်။

"ဒါပေမယ့် ဘယ်သူ့ပိုက်ဆံထည့်မလဲဆိုတဲ့ ပြဿနာကရှိသေးတယ် ခွန်ရာဇာ"

"ကျွန်တော်ထည့်မှာပေါ့ ဦးဘသိုက်၊ ဘယ်လိုလဲ"

"ဒါဆိုလည်း တိုင်ပင်ကြည့်ကြသေးတာပေါ့၊ တစ်ခုခုတော့ အဖြေရှိလာမှာပါ၊ တခြားဘာများ ပြောစရာရှိသေးလဲ ခွန်ရာဇာ"

"မရှိတော့ပါဘူး ဦးဘသိုက်"

"နောက်မှတွေ့ကြတာပေါ့ကွာ၊ အောင်မြင်ပါစေ"

"ခင်ဗျားလည်း အောင်မြင်ပါစေဗျာ"

တယ်လီဖုန်းစကားပြောခွက်ကို ပြန်တင်လိုက်၏။ ခွန်ရာဇာ၏ မျက်လုံးအစုံက လေးနက်သောအသွင်ဖြင့် စူးရှတောက်ပသွားသည်။

မကြာမီ စီးပွားရေးအကျပ်အတည်းကိစ္စကို အကောင်းဆုံး ရင်ဆိုင်ဖြေရှင်းကြလိမ့်မည်။ အစည်းအဝေးမှာ သူပြောရမည့်စကားများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များအား အသေးစိတ်ရေးမှတ်သားထားသောဖိုင်ကို ဖွင့်လိုက်၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ခွန်ရာဇာ သူပိုင်ဟိုတယ်မှာ ဧည့်သည်တွေနှင့်အတ[illegible] နေ့လယ်စာစားရင်း စကားပြောနေ၏။ စားပွဲများ တစ်ပွဲပြီးတစ်[illegible] လာချသော်လည်း ဘာတစ်ခုမှ ဟုတ်တိပတ်တိ စားကြသည်[illegible] မဟုတ်။

ယဉ်ကျေးဖွယ်ရာ အမူအရာ၊ အသိမ်မွေ့ အနူးညံ့ဆုံ[illegible] စကားများဆိုရင်း တစ်ယောက်အခြေအနေ တစ်ယောက်အကဲခတ[illegible] လျက်ရှိ၏။ ခွန်ရာဇာနှင့်အတူ တစ်စားပွဲထဲရှိနေကြသော ဧည့်သည[illegible] မိသားစုက နာမည်ကြီး စိန်တိုက်ပိုင်ရှင် သူဌေး ဦးဘခန့်မိသား[illegible] ဖြစ်ပြီး သမီးဖြစ်သူ ကလဲရာဆိုသည့် မိန်းမလှလေးကို အဓိကထာ[illegible] ပွဲထုတ်ခြင်းဖြစ်သည်။

ကလဲရာက လှပါသည်။





ကပြားမိဘနှစ်ပါးမှ မွေးဖွားလာ၍ သူမအလှက ဘိုဆန်သည်။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် မက်လောက်စရာဖြစ်သော်လည်း ခွန်ရာဇာအတွက် ကလဲရာထက်လှသော မိန်းကလေးပေါင်း မြောက်မြားစွာနှင့် ရင်းနှီးပတ်သက်ခဲ့သူအဖြစ် သူမအလှအလောက်ကို စာမဖွဲ့လောက်တော့ချေ။

သို့သော် ကလဲရာကိုတော့ သူဂရုစိုက်ပါသည်။ အလေးဂရုလည်းပြုသည်။ မိန်းကလေးတိုင်း ချောကြလှကြသည် မှန်သော်လည်း ချောပုံလှပုံချင်း မတူကြသောကြောင့်ဖြစ်သည်။

ပန်းတိုင်းမှာ အလှတစ်မျိုးစီရှိသလို မိန်းကလေးတိုင်းမှာလည်း အလှတစ်မျိုးစီရှိကြသည်သာ။ လှသောပန်းကို မြင်တွေ့ရ၍ နှစ်သက်ကြည်နူးရသလို လှပသော မိန်းမချောမိန်းမလှလေးများဖြင့် အတူသွားလာနေထိုင်ရခြင်းမှာလည်း ဆန့်ကျင်ဘက်ယောကျ်ားတစ်ယောက်အတွက် တစ်မျိုးကျေနပ်စရာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

အထူးသဖြင့် ခွန်ရာဇာကဲ့သို့ အခုချိန်ထိ တစ်ကိုယ်တည်းလူပျိုကြီးအဖြစ် အိမ်ထောင်မရှိသူအတွက် လှပသော မိန်းမချော၊ မိန်းမလှများစွာကို စိတ်ကြိုက် ထည်လဲတွဲခွင့်ရှိပေသည်။

တွဲလည်းတွဲခဲ့သည်။

ချစ်သူတွေလည်း ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မရလျှင် မနေနိုင်လောက်အောင် အရူး အမူး စွဲမက်ရမည့် ချစ်သူမျိုးကိုက အခုချိန်ထိ မတွေ့သေးချေ။ ထို့ကြောင့်လည်း အခုထက်တိုင်အောင် လူပျိုကြီးဘဝဖြင့် နေနေခြင်း ဖြစ်သည်။

ကလဲရာတို့မိသားစုနှင့် လမ်းခွဲချိန်မှာ ခွန်ရာဇာ အတွေး အာရုံထဲမှာ ထိုမိန်းကလေးနှင့်ပတ်သက်၍ ဘာမှစွဲမကျန်ရစ်ချေ။

သူမ အပြုံးလေးသည် ချစ်စရာကောင်းသည် မှန်ပါ သည်။ သူမ အမူအရာလေးများမှာလည်း စွဲမက်ဖွယ်ရာဖြစ်သည်။ ယဉ်ကျေးသိမ်မွေ့၍ နူးညံ့ခြင်းကိုလည်း သဘောကျပါလျက် သူ့ဦးခေါင်းကို အသာခါယမ်းလျက် ပြုံးလိုက်သည်။

မိန်းမတွေဟာ ဘာကြောင့်များ ဒီလိုပုံစံတွေချည်း ဖြစ်နေ ရတာလဲ။

သူလည်း သေချာမစဉ်းစားတတ်။

သေချာသည်ကတော့ သူ့ပတ်ဝန်းကျင်၊ သူ့အသိုင်းအဝိုင်း ရှိ မိန်းကလေးအားလုံးကို စိတ်ပျက်ညည်းငွေ့နေခြင်းဖြစ်သည်။

သမီးရှင်အားလုံးက ခွန်ရာဇာကို သားမက်ဖမ်းလိုကြ သည်။ လှပချောမောသော မိန်းမလှလေးတွေကလည်း သူ့လိုလူ တစ်ယောက်၏ ပွဲတက်ဇနီးမယားအဖြစ် တော်ဝင်မင်းသမီးလေး ဘဝကို မျှော်မှန်းကြသည်။

မိုးမိုး ၈၁၆ ပ



အကောင်းဆုံးဝတ်၊ အလှဆုံးပြင်ဆင်ပြီး အကြီးကျယ် အခမ်းနားဆုံး ပါတီပွဲ၊ မင်္ဂလာပွဲ၊ ညည့်ခံပွဲအမျိုးမျိုးမှာ ဆုံကြတွေ့ ကြရင်း အိမ်ထောင်ဘက် ရှာဖွေကြသည်။

ငွေကြေးအရှိန်အဝါ ဂုဏ်သိက္ခာ၊ အမျိုးမြင့်မြတ်မှုစံတွေ ထဲကမှ ကိုယ်အလိုရှိရာကို ထုတ်ယူကြခြင်းဖြစ်သည်။

ပုဂ္ဂလိက ခံစားမှုအပိုင်းသည် သူတို့ဝန်းကျင်အသိုင်းအဝိုင်း တွင် သိပ်အဓိကမကျ။ ရှေ့တန်းတင်စရာထဲမှာလည်း မပါ။

သူကိုယ်တိုင်ပင်လျှင် ထိုအတွေးမျိုး သိပ်မရှိ။

အခုချိန်ထိလည်း အချစ်ဆိုတာ ဘယ်လိုအရာမှန်းမသိ။ ရုတာမြင်လျှင် ချစ်သည်ဟုထင်သည်။ ချောတာလေးတွေ့လျှင် သဘောကျသည်။ အချောဆုံး၊ အလှဆုံး၊ သူသဘောအကျဆုံးအဖြစ် ကိုယ်တိုင်သတ်မှတ်ထားသူ မိန်းမလှလေးတစ်ယောက်ကိုတော့ တစ်နေ့ သူ့အိမ်ထောင်ဖက် ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားသည်။

ထိုမိန်းမလှလေးက တခြားသူမဟုတ်။ သူနှင့်တရားဝင်တွဲ နေသော စံဝတီဆိုသည့် ကလေးမဖြစ်သည်။

စံဝတီက သူတို့အသိုင်းအဝိုင်းမှာ နာမည်ကြီးဖြစ်သည်။ ပေါ်တတ်တစ်နေရာမှာ ရှိသည်။ ဒါကြောင့်လည်း တွဲဖြစ်တာလည်း ပါသည်။ နေနှင့်လလို သူတို့စုံတွဲကို လူတိုင်းက စိတ်ဝင်စားကြ သည်။

မိုးမိုး ၈၁၆ ပ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ လက်ထပ်ဖြစ်ကြလိမ့်မည်ဟု သတင်းပြေးနေ၏။ အခုချိန်ထိတော့ ခွန်ရာဇာကိုယ်တိုင် စိတ်ကူးထဲမှာမရှိ။ မိန်းမတစ်ယောက်ကို အတည်တကျ လက်ထပ်ယူပြီး တစ်မိုးအောက်မှာ နှစ်ယောက်နေဖို့ စိတ်မရှိသေး။

သူ့နှလုံးသားက အေးစက်နေရုံမက အဲတူသွားအတူလာ နေရပေမယ့် စိတ်ထဲမပျော်။ တမ်းတမ်းတတအချိန်လည်း မရှိ။ အလုပ်ထဲ အာရုံဝင်စားချိန်ဆိုလျှင် ဘာဆိုဘာမှ သတိမရသည့် အချိန်တွေကလည်း ခပ်များများပင်။ ဝတ်ကျေတန်းကျေ လှုပ်ရှားမှုတွေကို ကြာတော့ စိတ်ပျက်ငြီးငွေ့လာသည်။

စိတ်ပါပါ မပါပါ ဟန်လုပ်နေရတာတွေကို စိတ်ပျက်လာသည်။ ကလဲရာနှင့် တွေ့ဆုံပွဲမှာလည်း ထိုအတိုင်းဖြစ်သည်။ သူ့ကိုဖိတ်၍ သွားရသောပွဲဖြစ်သည်။

ယဉ်ကျေးမှုအရရော ဆက်စပ်ပတ်သက်နေသော လုပ်ငန်းများအရရော ဒီလိုကိစ္စတွေ ငြင်းမရဘဲ လက်ခံရတာလည်း ရှိသည်။ သူ့အိမ်ပြန်ရောက်တော့ ဒက်ဒီညီ၊ ခွန်ရာဇာ၏ဦးလေး ဦးဦးအောင် ရောက်နေ၏။

"နေကောင်းတယ်နော် ဦးဦးအောင်၊ မတွေ့ရတာ ကြာလို့လားမသိဘူး အန်ကယ်ကြည့်ရတာ ပိုငြိုးနုပျိုလာသလိုပဲ"

"ဒါပေါ့ကွ…လူဆိုတာ နုပျိုမှုက အဓိကပဲ၊ ဒါမှ





လောကကြီးကို ဖမ်းစားနိုင်မယ်၊ ညှို့ငင်နိုင်မယ်မဟုတ်လား"

"မင်းလည်း ဦးဦးအောင်လို နုပျိုချင်ရင် ဦးဦးအောင်လို နေပေါ့ကွ"

ပြောပြီး ဦးဦးအောင်က သူ့စကားသူ သဘောကျစွာရယ်သည်။ တစ်ချိန်တစ်ခါက လူချောတစ်ယောက်အဖြစ် နာမည်ကြီးသော ဦးဦးအောင်မှာ အခုချိန်ထိ အသက်ငါးဆယ်ကျော်ဟု မထင်ရဘဲ လူငယ်တစ်ယောက်လို့ ထင်ရသူဖြစ်သည်။

မိန်းမဆုံးသွားပြီးနောက် သားသမီးလည်း မကျန်ရစ်။ နောက်အိမ်ထောင်သစ်လည်း မထူတော့ဘဲ လောကကြီးကို ဆော့သလိုနေခြင်းဖြစ်သည်။

ဘယ်အချိန်ကြည့်ကြည့် ဦးဦးအောင်က အမြဲစတိုင်လ်ကျနေပြီး သူ့နားမှာလည်း မိန်းမလှလေးတွေ တစ်ယောက်မဟုတ်တစ်ယောက်ရှိနေတတ်သူအဖြစ် ခွန်ရာဇာ သဘောကျစွာ ပြုံးလိုက်သည်။

"ဦးဦးအောင်…နောက်ထပ် အိမ်ထောင်မပြုတော့ဘူးလားဗျာ"

"အဲဒီစကားက မင်းကို ငါက မေးရမှာကွ၊ မင်းဘဝမှာ အားလုံးပြည့်စုံတဲ့အပြင် ပိုတောင်လျှံနေပြီး မင်းအသက်အရွယ်နဲ့ အိမ်ထောင်ပြုသင့်ပြီကွ၊ ဒါမှ အမွေဆက်ခံမယ့် သားသမီးတွေရှိ



www.burmeseclassic.com

www.burmeseclassic.com



လာမှာ"

"ဘာဖြစ်လို့ မင်းအိမ်ထောင်မပြုသေးတာလဲ ခွန်ရာဇာ"

သူပြုံးသည်။

"ပြောရရင်တော့ ကျွန်တော့်စိတ်ကြိုက် မတွေ့သေးဘူးဗျာ"

"အခု မင်းတွဲနေတဲ့ ကလေးမလေးကရော ဘာဖြစ်လို့လဲ"

"ကျွန်တော်လည်း သေချာတော့ မပြောတတ်ဘူး၊ ဒါပေမယ့် တစ်နေ့တော့ အိမ်ထောင်ဘက် ဖြစ်ချင်ဖြစ်လာနိုင်တာပဲ"

"မင်းကြည့်ရတာ ဒီတစ်ယောက်လည်း မဟုတ်သေးဘူးထင်တယ်၊ ဒါဆိုလည်း နောက်တစ်ယောက် အသစ်ရှာလေကွာ"

သူ ခေါင်းခါလိုက်သည်။

"သိပ်အကြောင်းမထူးပါဘူးဗျာ၊ အားလုံးအတူတူချည်းပါပဲ"

"ဘာကိုလဲ"

"မိန်းမတွေပြောမှာက လက်ခံတယ်၊ လက်မခံဘူး ဒါပဲမဟုတ်လား၊ ကျွန်တော့်အတွက်တော့ သူတို့လက်ခံခံ လက်မခံခံ ဘာမှအကြောင်းမထူးဘူးဗျာ"

"မင်းပြောပုံက မဟုတ်သေးပါဘူး ခွန်ရာဇာရယ်၊





ဒီကမ္ဘာလောကကြီး သာယာလှပနေတာ သူတို့လေးတွေကြောင့်ကွ"

"မင်း စဉ်းစားကြည့်စမ်း၊ လောကကြီးမှာ တို့လိုယောကျ်ားတွေချည်းဆို ဘယ်လောက်များ အထီးကျန်ဆန် စိတ်ပျက်စရာ ကောင်းလိုက်မလဲ"

"လောကကြီးတစ်ခုလုံး သိပ်အကျည်းတန် အရုပ်ဆိုးသွားနိုင်တယ်ကွ နားလည်လား၊ မင်းမှာ အားလုံးပြည့်စုံနေပြီ၊ ဒါလေးတစ်ခုပဲလိုတော့တာ၊ မင်းကြည့်ရတာ အလုပ်နဲ့ တာဝန်ဝတ္တရားတွေထဲမှာ ပိပြီး သိပ်အထီးကျန်ဆန်နေပုံပဲ"

သူ ပခုံးတွန့်လိုက်သည်။

"ထင်လို့ပါဗျာ၊ ကျွန်တော် အလုပ်လုပ်တယ်၊ စီးပွားရှာတယ်၊ ချစ်စရာ မိန်းမလှလေးတွေနဲ့ သွားတယ်၊ လာတယ်၊ ဘယ်မှာအထီးကျန်ဆန်လဲ"

"ရုပ်ဝတ္ထုအနေနဲ့ကတော့ မင်းပြောတာမှန်တယ်၊ ဒါပေမယ့် မင်းရဲ့စိတ်ခံစားမှုအပိုင်းမှာကြတော့ နေ့စဉ် လုပ်ရိုးလုပ်စဉ် အလုပ်ကိစ္စတာဝန်တွေထဲမှာ ပိတ်လှောင်ပြီး လောကကြီးကိုပါ စိတ်ပျက်ငြီးငွေ့နေတယ်"

"အားလုံးအတူတူပဲဗျာ"

ဦးအောင်က သူ့ဦးခေါင်းကို ဖြည်းညင်းစွာ ခါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာ၏ တည်ငြိမ်ခန့်ညားၡ ယောကျ်ားပီသစွာ ချောမောသော မျက်နှာကို ကြည့်၏။

ပြုံးလျက် သူ့ကိုပြန်ကြည့်နေသော ခွန်ရာဇာ ဆိုသည့် လူငယ်လေးသည်က များပြားလှသော စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်ထားရုံမက ကိုယ်တိုင် ယက်မြက်ပါးနပ်စွာ ဦးဆောင်နိုင်သူ ဖြစ်ပါလျက် ဘာကြောင့် ဤသို့သော အတွေးအမြင်ဆိုးကြီး ရှိနေသည်ကို ဦးအောင်ကိုယ်တိုင်လည်း မသိချေ။

"မင်းကို တစ်ခုခု ပြောင်းလဲပေးမှ ဖြစ်တော့မယ်ထင်တယ်"

"ဘယ်လိုတစ်ခုခုလဲ၊ မိန်းမလှလေးတစ်ယောက်လား"

"နိုး"

"လက်ထပ်ခြင်းလား"

"ဒါလည်းမဖြစ်နိုင်ဘူး"

ဦးဦးအောင်က ခေါင်းယမ်းသည်။ ခွန်ရာဇာ ဦးဦးအောင်နှင့်တွေ့လျှင် ဒီလိုစကားဆန်းတွေ ကြားရတတ်သည်။ အဓိပ္ပာယ်မရှိသော အသေးအမွှားကိစ္စတွေကို ဦးဦးအောင်က ရေးကြီးခွင်ကျယ် ပြောရာမှာ စကားလုံးခမ်းခမ်းနားနားတွေ လှိုင်လှိုင်အသုံးချတတ်သည်။

ခွန်ရာဇာအတွက် လုံးဝအရေးမပါသော ကိစ္စမှန်သမျှ ဦးဦး





အောင်အတွက် အလွန်အင်မတန် အရေးပါအရာရောက်သော ကိစ္စ တွေချည်းဖြစ်နေပုံမှာလည်း အံ့ဩဖွယ်ရာပင်။

"မင်းမှာ အားလုံးရှိတယ် ခွန်ရာဇာ၊ လက်ညှိုးညွှန်ရာ ရွှေဖြစ်နိုင်တဲ့အထိ မင်းမှာ တန်ခိုးသတ္တိတွေလည်းရှိတယ်၊ ဒါပေမယ့် မင်းမှာ မရှိတာတစ်ခုပဲ"

"ဘာများပါလိမ့်ဗျာ"

"အချစ်"

"ဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

ဒီတစ်ခါတော့ ခွန်ရာဇာ မထိန်းနိုင်တော့။ အလွန်ရယ်စရာ ကောင်းသော ပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်အလား အားပါး တရ ရယ်မိသည်။

ဦးဦးအောင်ကတော့ ဒီလိုပုံစံနှင့် သူ့ဘဝကို သွားနေမှန်း သူသိသည်။ အချစ်တွေ၊ နှလုံးသားတွေ၊ ခံစားချက်တွေအားလုံး ဦးဦးအောင်ဘဝတစ်ခုလုံး စိုးမိုးထားသည်။

ထိုခံစားချက် အစိတ်အပိုင်းအားလုံးသည်ပင်လျှင် ဦးဦး အောင်၏ ဘဝဆိုလျှင်လည်း မမှား။ ဒါတွေနဲ့ပဲ ဦးဦးအောင်က သူ့ဘဝ၏ တန်ဖိုးအရှိဆုံးအချိန်တွေကို အလဟဿ ဖြုန်းပစ်နေ သည်ဟု သူထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရယ်တယ်ပေါ့ ဟုတ်လား"

"ရယ်စရာပဲကိုးဗျာ၊ ကျွန်တော့်ကို အချစ်မရှိဘူးလို့ပြော တော့ ဘယ်လောက်မှားလဲ၊ ကျွန်တော်လည်း လူတစ်ယောက်ပဲဗျာ၊ သိပ်ချစ်တတ်တာပေါ့"

"မချစ်တတ်တဲ့သူ၊ အချစ်မရှိတဲ့သူ တစ်ယောက်ဆိုရင် ဘယ်မှာ ချစ်သူရည်းစားရှိမှာလဲ၊ မိန်းကလေးတွေနားမှာ ဘာလို့ အချိန်ကုန်ခံမလဲ"

"မင်းကိုယ်မင်း ဒီလိုပဲထင်တယ်လား"

"ထင်တာမဟုတ်ရပါဘူးဗျာ၊ ကျွန်တော့်ကိုယ်ကျွန်တော် ဒီလိုပဲ နားလည်ထားတာပါ"

"မင်းပျော်လား"

ထူထဲစိမ်းညို့သော မျက်ခုံးအစုံ အထက်သို့ ပင့်မြှောက် သွားကာ ဦးဦးအောင်မျက်နှာကို သူ ပြန်ကြည့်သည်။

"ဦးဦးအောင်မေးခွန်းက သိပ်ကို ကလေးဆန်လွန်းတယ် ဗျာ"

"လိုအပ်ရင် ကလေးဆန်သင့်လည်း ဆန်ရမှာပဲကွ"

"အခု ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"ငြီးငွေ့နေတယ်"

"ခင်ဗျာ"





"လောကကြီးကို အဆိုးမြင်စိတ်နဲ့ ငြီးငွေ့နေတယ်၊ စိတ်ပျက် စိတ်ကုန်နေတယ်လို့ ပြောတာကွ"

"မဖြစ်နိုင်တာတွေဗျာ"

"ကဲပါလေ…ဒီညအတွက်တော့ မင်းနဲ့ပြိုင်မငြင်းတော့ ပါဘူး"

"မနက်ဖြန်မှ ငါထပ်လာခဲ့မယ်"

"ဠတ်နိုက်"

"ဠတ်နိုက်ပါဗျာ"

ဦးဦးအောင် ကားလေးထွက်သွားသည်။

ခွန်ရာဇာလည်း အပေါ်ထပ်ရှိ သူ့အိပ်ခန်းရှိရာသို့ တက်လာ ခဲ့ရင်း သူ့အပေါ် စွဲချက်တင်သွားသော ဦးဦးအောင်စကားတွေကို သဘောကျစွာ အသံထွက်သည်အထိ တိုးတိတ်စွာ ရယ်မောလိုက် မိသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဘယ်ကိုသွားမှာလဲ ဦးဦးအောင်"

"လိုက်မှာသာ လိုက်ခဲ့စမ်းပါကွာ၊ မေးခွန်းတွေ ထုမနေစမ်းပါနဲ့"

ကလေးဆိုးကြီးနှင့်တူသော ဦးဦးအောင်ကြောင့် ခွန်ရာဇာ ရယ်ရခက်၊ ငိုရခက်။ စိတ်ပျက်လက်ပျက် မျက်နှာဖြင့် ဦးဦးအောင် မျက်နှာကို ပြန်ကြည့်သည်။

ဦးဦးအောင်က သူဖြစ်ချင်တာ ဖြစ်ခွင့်ရသဖြင့် ကျေနပ်နေသည့် မျက်နှာဖြင့် ပြုံးပြုံးကြီး ကားမောင်းနေ၏။ ဘယ်ကိုသွားမှာလဲဆိုတာ မေးမရ။ ကိုယ့်ကားနှင့်ကိုယ် လိုက်ခဲ့ပါရစေဆိုတော့လည်း မဟုတ်။

သူ့ကားနှင့်အတူ လိုက်ခဲ့ဖို့ ဖွတ်တရွတ်ခေါ်တာနှင့်





ခွန်ရာဇာ ငြင်းမရဘဲ အတူပါလာခြင်းဖြစ်သည်။ အချိန်ပြည့် တာဝန်တွေရှားများနှင့်သာ အချိန်ကုန်နေရသောကြောင့် အခုလို ညစာအေးချိန်မှာတော့ စိတ်ကို ဘာတစ်ခုမှ အလုပ်မပေးဘဲ လွတ်လပ်ဝေ့ပါးစွာ ထားလိုက်သည်။

ဦးဦးအောင်က မမေးနဲ့ဆို၍ သူ ဘာမှထပ်မမေးတော့ဘဲ ဦးဦးအောင်အားမှာ အငြိမ့်သားထိုင်ရင်း ပတ်ဝန်းကျင်ကို စိတ်မဝင်စားသောဘဲ ဟိုကြည့်ဒီကြည့်လုပ်ရင်း ခပ်ပြုံးပြုံးလိုက်ပါလာခဲ့သည်။

"သေချာပါတယ်ကွာ၊ ဒီပွဲမှာ မင်းအတွက် ပျော်စရာအစ်ခုမဟုတ် တစ်ခုတော့ တွေ့မှာပါ"

ဦးဦးအောင်က ခွန်ရာဇာကို ဘာမှမမေးနဲ့ဟု ပြောပြီး သူ့ဘာသာ ပြောနေပါသည်။

"ဘာပွဲမို့လဲဗျာ"

"မိန်းမလှလေး တွေ့ဆုံတဲ့ပွဲမျိုးပေါ့ကွ"

သူ ပခုံးတွန့်လိုက်သည်။

သူထင်သည့်အတိုင်း ဖြစ်နေ၍ အပြုံးတော့မပျက်။

"ဒါမျိုးတွေ ကျွန်တော့်အတွက် ရိုးနေပြီဗျာ ဦးဦးအောင် ဘယ်လိုမိန်းကလေးနဲ့ပဲတွေ့တွေ့ ကျွန်တော့်အတွက် မထူးဘူး"

"ထူးတဲ့သူနဲ့မှ မတွေ့သေးပဲကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်ငြီးငွေ့သံဖြင့် ပြောလိုက်တော့ ဦးဦးအောင်က ခွန်ရာဇာကို မကျေနပ်။ တူတော်မောင် လူပျိုကြီးတစ်ယောက်တည်း ဟိုမရောက် ဒီမရောက်ဖြစ်နေတာကိုလည်း ကြည့်ရပုံမပေါ်။

"ဒါပြီးရင် ဒါပါပဲဗျာ၊ အားလုံး ငြီးငွေ့စရာပါ"

"နိုတ်မိမယ်ကိုတော့ မင်းသဘောကျမှာပါကွ"

"နိုတ်မိမယ်တဲ့လား"

"သူ့အဖေကို မင်း သိပါတယ်၊ ဦးမြတ်မင်း သမီးပဲ"

ခွန်ရာဇာ မျက်ခုံးနှစ်ဖက် သိသာစွာမြင့်တက်သွားသည်။ ဦးမြတ်မင်းဆိုတာ တခြားသူမဟုတ်။ ခွန်ရာဇာ၏ စီးပွားပြိုင်ဘက် ဒိတ်ဒိတ်ကျဲ သူဌေးတစ်ဦးထဲ အပါအဝင် လူတစ်ယောက်အဖြစ် ခွန်ရာဇာသိသလို ခွန်ရာဇာဘယ်သူဆိုတာကိုလည်း ဦးမြတ်မင်း သိပေမည်။

ဦးမြတ်မင်းနှင့် လူကြီးချင်း မရင်းနှီးပေမယ့် တစ်ယောက်အကြောင်း တစ်ယောက်သိနေသည့် စီးပွားရေးလောကကြီးထဲမှာ သူ ဘယ်လိုလူစားလဲဆိုတာ အားလုံးသိသည်။

ခွန်ရာဇာလို ရိုးရိုးသားသား စီးပွားရှာသူ မဟုတ်။ ငွေသာ ရမည်ဆိုလျှင် ဘာမဆိုလုပ်မည့်သူ။ ငွေကြေးချမ်းသာသည့်နေရာမှာ နာမည်ကြီးသလို စီးပွားရှာကြမ်းသူအဖြစ် လူသိများသည်။





ဒီလိုလူမျိုးနှင့် သူ မပတ်သက်ချင်။ မှောင်ခိုရာဇာတစ်ယောက်၏ သမီးနှင့် မသိ၍လည်း ဘာမှမဖြစ်။ မငြိလိုက်ရ၍လည်း ဆုံးရှုံးနည်းရသူတွေထဲမှာ သူ မပါ။

ဦးဦးအောင်ကတော့ သူ့ကို စေတနာနှင့်ခေါ်တာ မှန်သည်။ သူကတော့ ဦးဦးအောင် အစီအစဉ်ကို လက်မခံနိုင်တာ ခက်သည်။

"ရှေ့နားမှာ ကားခဏလောက် ရပ်ပေးပါ ဦးဦးအောင်"

"ကွ်ိုး"

ဦးဦးအောင်က ခွန်ရာဇာကို ဘာမှမမေးဘဲ သူ ညွှန်ပြသည့်နေရာမှာ ကားကိုရပ်ပေးသဖြင့် ကားပေါ်က သူဆင်းလိုက်သည်။

"ကျွန်တော် မလိုက်တော့ဘူး ဦးဦးအောင်၊ ဒီမှာပဲ နေခဲ့တော့မယ်"

"ခွန်ရာဇာ မင်း .... ဟေ့"

"ဂွတ်လပ်ခ် ...ဦးဦးအောင်"

ကားပေါ်မှာ ရှုံ့ရှုံ့ရှားရှားနှင့် စိတ်လှုပ်ရှားစွာ ကျန်ရစ်ခဲ့သော ဦးဦးအောင်ကို အပြုံးဖြင့် နှုတ်ဆက်လက်ပြပြီး လမ်းတစ်ဘက်သို့ ဖြတ်ကူးခဲ့သည်။ ခွန်ရာဇာကို ကြည့်၍ ဦးဦးအောင် ဘာမှ မတတ်နိုင်ဘဲ ဖြစ်ကျန်ခဲ့ပုံကို သဘောကျစွာ သူ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်အေးမြသော လေထုက ခွန်ရာဇာကို ဆီးကြို နှုတ်ဆက်ကြသည်။ အိမ်ကို ဖုန်းတစ်ချက်နှိပ်လိုက်ရုံဖြင့် သူ့လူယုံ ဒရိုင်ဘာ ချက်ချင်းရောက်လာမှာ သိပေမယ့် သူ မခေါ်ပါ။ တစ်ယောက်တည်း အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့သည်။

လမ်းဘေးဝဲယာမှာ စိမ်းအုပ်မှိုင်းညို့သော သစ်ပင်တွေ၊ အထပ်မြင့် အဆောက်အဦးတွေ၊ ခိုငှက်အုပ်တွေ ဝေါခနဲ ပျံသွားတာကို ကြည့်ရင်း ခွန်ရာဇာ ခေါင်းထဲ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားသည်။

လမ်းနံပါတ်ကို တစ်ချက်ကြည့်လိုက်ပြီး ကျေနပ်နှစ်သိမ့်စွာ သူ ပြုံးလိုက်သည်။ ဒီနေရာ၊ ဒီလမ်းမှာ အနီးဆုံးနေထိုင်သူကို သတိရ၍ ဖြစ်သည်။

ထိုသူက တစ်ခြားသူ မဟုတ်…

ခွန်ရာဇာ မာမီ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သော အန်တီခင်ခင်ကြီးဖြစ်သည်။ ခွန်ရာဇာ ငယ်ငယ်လေးကတည်းက မာမီနှင့်အတူ အန်တီခင်ခင်ကြီးတို့အိမ်မှာ ဝင်ထွက်စားသောက်၍ တကယ့်ဆွေမျိုးရင်းချာလို နေခဲ့တာကို သူ မမေ့။

မာမီဆုံးပြီးသည့်နောက်မှာလည်း တစ်ခါတစ်ရံ စိတ်ပြေလက်ပျောက် သဘောမျိုး မာမီ့ကိုယ်စား အန်တီခင်ခင်ကြီးအိမ်ကို မကြာခဏ လာတတ်သည်။





အန်တီခင်ခင်ကြီးမှာလည်း ခင်ပွန်းသည် မရှိတော့။ မြေး …သူ နဂိုယဉ်နှင့် နှစ်ယောက်တည်းနေထိုင်သူ ဖြစ်သည်။

အတွေးဖြင့် နဂိုယဉ်ကို ခွန်ရာဇာ သတိရသွားသည်။

ဤကလေးမကို မတွေ့ရသည်မှာ ကြာပြီဖြစ်သည်။ …ယဉ်မှာ မိဘနှစ်ပါးစလုံး မရှိတော့။ ဘွားအေကြီးနှင့် ခွန်ရာဇာ၊ …အဖေဘက်က အဒေါ်အပျိုကြီးကိုသာ ချစ်ခင်တွယ်တာရရှာသော …လေးမဖြစ်သည်။

ချစ်စရာကောင်းသော ကလေးမလေးမှာ ခွန်ရာဇာလက် …တွင် ကြီးလာသော ကလေးလေးဖြစ်၍ သကြားလုံးနှင့် ချော …လက်ကို လွန်စွာကြိုက်နှစ်သက်သူ ဖြစ်သည်။

စီးပွားရေးလောကမှာ ခွန်ရာဇာလို ပြိုင်ဘက်စီးပွားရေး …မားများ၊ လုပ်အောက်ဝန်ထမ်းများ၊ အသိမိတ်ဆွေ အပေါင်း …သင်းများ၊ ရှယ်ယာဝင်များအားလုံး သူ၏ အရှိန်အဝါကိုလေးစား …ကြောက်ရွံ့ကြသော်လည်း နဂိုယဉ်ဆိုသော ကလေးမအတွက် …ရာဇာဆိုသည်မှာ သူမ၏ ကစားဖော်မျှသာ ဖြစ်ပေသည်။

ကြောက်ရ လန့်ရ ကောင်းမှန်းမသိ။

မိဘမဲ့ကလေးအဖြစ် အလိုလိုက်ထားသော ခွန်ရာဇာအပေါ် … ဂျီကျစိတ်ကောက်၍ သူ့ အလိုရှိရာကို ရယူသည့်နေရာမှာ …ယဉ်ကို မည်သူမျှလိုက်မမီချေ။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာက ချစ်၍ အလိုလိုက်လွန်းသဖြင့်လည်း ဤ
ဆိုးလွန်း၊ နွဲ့လွန်းသူဖြစ်လာရခြင်းလည်း ဖြစ်သည်။ စီးပွားရေ
လောကမှာ ပြတ်သားသော၊ ဆုံးဖြတ်ရဲသော၊ စည်းကမ်းတင်းကျ
လွန်းသော လူတစ်ယောက်က ဘာမှမဟုတ်သည့် ချစ်စရာ ကလေး
မလေးအပေါ်မှာတော့ မည်သည့်အနှောင်အဖွဲ့ အချုပ်အခြယ်မှ မထား
သလို ဘာစည်းကမ်းနှင့်မှလည်း တင်းကျပ်ခြင်း မရှိ။

အားလုံး နဂိုယဉ်သဘောကိုသာ အလိုလိုက် အကြို
ဆောင်တတ်သည်ဖြစ်၍ နဂိုယဉ်အတွက် ဤကမ္ဘာလောကရှိ သ
ရှိလူသား တွယ်တာမြတ်နိုးရာ သူမ၏ အဘွားနှင့် ခွန်ရာဇာသ
လေသည်။

စည်းကမ်းတင်းကျပ်လွန်းသော ဖခင်ဘက်က အခေါ်အ
ကြီးကို ကြောက်သည်မှတစ်ပါး လုံးဝမချစ်ပါဟု ခွန်ရာဇာကို ပြေ
ပြဟန်ကလေးကို ပြန်သတိရကာ တစ်ချက်ပြုံးလိုက်မိသည်။

လမ်းလျှောက်သွားရုံဖြင့် ရောက်နိုင်သောနေရာဖြစ်
ကားငှားခြင်းပင် မပြုတော့ဘဲ ခပ်အေးအေးပင် လမ်းလျှောက်လာ
သည်။ လမ်းထိပ်က စူပါမတ်ခ်မှာ နဂိုယဉ်အတွက် သူမကြိုက်သ
ချောကလက်နှင့် သကြားလုံးဝယ်ပြီး အန်တီခင်ခင်ကြီးအတွက်
လိုအပ်တာလေးတွေ ဝယ်လိုက်သည်။





လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဤအချိန်
ဆ နဂိုယဉ် ကျူရှင်ဆင်းရမည့်အချိန် ဖြစ်သည်။ သူ ဝယ်လာသည့်
ချောကလက်ကိုမြင်လျှင် မောမောနှင့် အားပါးတရစားမှာကို မြင်
ယောင်လျက် ချစ်စနိုး ပြုံးမိသည်။

နဂိုယဉ်အဘွားက သူ့မြေးချောကလက်တွေ အားပါးတရ
စားလျှင် မကြိုက်။ နဂိုယဉ်၏ ဖြူဖွေးညီညာသော သွားလှလှလေး
များ ပျက်စီးမည်ဟုဆိုကာ တားပေမယ့် မရ။

ဝယ်သူက ဝယ်လာမြဲ ဝယ်လာ၍ စားသည့်လူကလည်း
အားပါးတရ စားမြဲချည်းဖြစ်၍ လက်မြှောက်ထားရသူဖြစ်သည်။

“တီ .... တောင့်”

အထပ်မြင့် ရှစ်လွှာတွင်ရှိသော ကွန်ဒိုအခန်း၏ နံရံဘုလေး
ကို နှိပ်လိုက်သည်နှင့် အခန်းတံခါး ဖျတ်ခနဲ ဖွင့်လာသူက ဒေါ်
ခင်ခင်ကြီး ကိုယ်တိုင်ဖြစ်သည်။

“အလို ... မောင်ရာဇာပါလား”

“နေကောင်းတယ်နော် ... အန်တီ”

“ကောင်းပါတယ်ကွယ်၊ မလာတာတောင် အတော်ကြာ
ပြီဆိုတော့ နိုင်ငံခြားရောက်နေပြီ ထင်နေတာ”

“အလုပ်တွေ များနေလို့ပါ အန်တီ”



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦးကွယ် … အန်တီလည်း ဟင်းအိုးတန်းလန်းနဲ့ နောက်ထဲ ပြေးလိုက်ဦးမယ်၊ မင်းတူမလည်း အခုထိ ပြန်မရောက်သေးဘူး … မောင်ရာဇာရေ"

"တီ … တောင်"

"ဟော … ပြောရင်းဆိုရင်း ပြန်လာပြီထင်တယ်"

"ကျွန်တော်ပဲ တံခါးဖွင့်ပေးလိုက်ပါ့မယ် အန်တီ"

ဒေါ်ခင်ခင်ကြီး နောက်ဖေးမီးဖိုချောင်ဘက် ပြန်ရောက်သွားချိန်ဖြစ်၍ ခွန်ရာဇာကပဲ အခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

"ဟိတ် … ကောင်မလေး"

"ဟာ … ဦးခွန်၊ နဂိုယဥ်ဖို့ ချောကလက်ပါလားဟင်"

နဖူးစမှာ ချွေးဥလေးတွေ သီးနေသည်။ ခွန်ရာဇာ မျက်နှာကို မြင်လိုက်ရတော့ ဝမ်းသာပျော်ရွှင်သွားဟန်က အထင်းသား သူ ပြုံးလိုက်သည်။

"ပါ ပါတယ်ဗျာ၊ ကြိုက်သလောက်သာ စားတော်မူပါ"

"ဟေး … ဒါမှ ဦးခွန်ကွ"

ကလေးတစ်ယောက်လို အော်လိုက်ပြီး ခွန်ရာဇာကို ဖျ ကျော်ပြေးဝင်သွားသည်။ စားပွဲပေါ်တင်ထားသော အထုပ်တွေ စိတ်ဝင်တစား ဖွင့်ဖောက်သော နဂိုယဥ်မျက်နှာလှလှလေးမှာ ချွေး တွေနစ်နေသဖြင့် ခွန်ရာဇာ မျက်ခုံးတွန့်လိုက်သည်။





"ဓာတ်လှေခါးနဲ့ မတက်ဘဲ ခြေလျင်တက်လာပြန်ပြီ ား"

"ကျန်းမာရေးကောင်းအောင်လို့ပါ ဦးခွန်ရဲ့၊ ဒါမှ အပြေးပြိုင်တဲ့အခါ အမောခံနိုင်မှာပေါ့လို့"

"ပြောလိုက်ရင်ဖြင့် ဆင်ခြေတွေချည်းပဲ၊ ကျောပေါ်က ကို အရင်ဖြုတ်စမ်းပါဦး"

"ခစ် … ခစ် … ဦးခွန်ကိုမြင်လိုက်ရတော့ အရမ်းပျော် လို့ပါနော်"

ချောကလက်တစ်ခုကို စက္ကူပတ်ခွာပြီး ပါးစပ်ထဲ ကမန်း တမ်း သွင်းရင်း လက်တစ်ဖက်က ကျောပိုးအိတ်ကို ဘုတ်ခနဲ ပေါ် ဖြုတ်ချလိုက်တော့ နောက်ကျောမှာ နစ်နေသည့် ချွေးတွေ မြင်လိုက်ရသည်။

"ဖြည်းဖြည်း စားလေ၊ ဘာလို့ ဒီလောက် အလောတကြီး နေတာလဲ"

"သွားစရာရှိလို့ပါ ဦးခွန်ရဲ့၊ ဒီနေ့ တနင်္ဂနွေနေ့ဆိုတော့ ကြီးသုဇာအိမ်ကို သွားရမယ့်နေ့လေ၊ သူက အချိန်တိကျမှုကြိုက် ဆိုတော့ သူ့အဆူမခံရအောင် အဝတ်လဲပြီး ပြန်ပြေးရဦးမှာ"

"ခဏလေးနော် … ဦးခွန်"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ နေရာက ထပြေးပြီး သူမ အိပ်ခန်းလေးထဲ နဂို ယဉ်ဝင်သွားတော့ စားပွဲပေါ်မှာ အထုပ်တွေ ပြန့်ကျဲကျန်ခဲ့သည်။

''ဘွားရေ ... နဂိုယဉ် သွားပြီ''

''လမ်းမှာ ဆော့မသွားနဲ့ဦးနော်''

''ဟုတ်ကဲ့ပါ ... ဘွား''

အခန်းထဲက ပြန်ထွက်လာပြီး သူမအဘွားကို လှမ်းနှုတ် ဆက်သည်။

ဦးထုပ်ပန်းနုရောင်အောက် ဆံပင်နက်နက်လေးတွေ ဖြ... လက်နေသလို မျက်ဝန်းနက်နက်တွေက ဖိတ်ဖိတ်လက်နေသည်။

ပန်းနုရောင်ဂါဝန် အဖျားလေးကို မ၍ လေဒီရှူးဖြူဖြ... လေးကို စီးထားသည့် နဂိုယဉ်က လှစ်ခနဲ သူ့ကိုထားခဲ့ပြီး အခန်း... ပြင်ဘက် ပြေးထွက်သွားသဖြင့် ဧည့်ခန်းအလယ်မှာ ခွန်ရာဇာတစ်... ယောက်တည်း ကျန်ခဲ့သည်။

ဤမျှ တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေသော ကလေး... မကို ခွန်ရာဇာ မမြင်ဘူး။ ဘာတွေ ဒီလောက် အလုပ်ရှုပ်နေသည်... မသိ။ ဖျတ်ခနဲ ဝင်လာပြီး ဖျတ်ခနဲ ပြန်ထွက်ပုံကိုသာ တအံ့တ... ငေးနေမိသည်။

''ကော်ဖီသောက်ဦး မောင်ရာဇာ''

ဒေါ်ခင်ခင်ကြီးက ခွန်ရာဇာအကြိုက် ကိုယ်တိုင်ဖျော်၍ ...ယ်တိုင်ကျိတ်သော ကော်ဖီပူပူဖြင့် ဧည့်ခံရင်း သူ့ရှေ့ခုံမှာ ဝင် ...သည်။

''နဂိုယဉ်က ဘယ်သွားတာလဲ အန်တီ''

''သူ့ကြီးကြီးဆီလေ၊ ဟိုက သူ့ကို သင်တန်းပေးနေတာ''

''သင်တန်း''

ခွန်ရာဇာက သံယောင်လိုက် ရေရွတ်တော့ ဒေါ်ခင်ခင်ကြီး ...ဘာကျစွာ ရယ်သည်။

''သင်တန်းဆိုလို့ တခြားသင်တန်းလို စာသင်တာလည်း ...တ်ပါဘူးကွယ်၊ မိန်းကလေးပီပီသသ နေနည်း၊ ထိုင်နည်း၊ ...ကောင်းကျောက်ဖိ သူ သိသင့်သိထိုက်တာမျိုးလေးတွေပါ''

ခွန်ရာဇာ အကြည့်တွေက စားပွဲပေါ် ပြန့်ကျဲနေသော ...ပ်များနှင့် ဆိုဖာပေါ်က နဂိုယဉ် ကျောပိုးအိတ်ရှိရာ ဖျတ်ခနဲ ...တ်သွားသည်။

မိန်းကလေး ပီပီသသ နေနည်း၊ ထိုင်နည်းဆိုပါလား။

သူ့မျက်စိရှေ့မှာ တွေ့မြင်နေရသည်ကတော့ဖြင့် ဘာတစ်ခု ...မပီသတာ မရှိ။ သို့သော် နဂိုယဉ် သွားနေသည့် သင်တန်း ...ေ အဒေါ်အပျိုကြီးက မိန်းမပီသရေး သင်တန်းပေးပါသည် ...ာ့ မျက်ခုံးကို တစ်ချက်မျှ ပင့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသူဇာရော .. အိမ်ထောင်မပြုတော့ဘူးလား အန်တီ"

"ဒီတစ်သက်ဖြင့် စိတ်မကူးဘူးပြောတာပါပဲကွယ်၊ သူ ချစ်သူ ဆုံးသွားပြီးနောက်ပိုင်း မသူဇာက ဘယ်သူ့ကိုမှ အနားအကပ် မခံတော့တာ ဒီနေ့အထိပဲ"

"ငွေကြေးကလည်း ချမ်းသာပြည့်စုံတော့ သူ့အတွက် ပူစရာမလိုတာလည်း ပါမှာပေါ့လေ၊ တစ်ခါတလေ မိန်းမတွေရဲ့စိတ် က ဒီလိုပဲ ထူးဆန်းတတ်တယ်"

အခုချိန်ထိ အရွယ်တင်ရုံမျှမက လှပချောမောလွန်းသော ဂုဏ်ဒြပ်ဖြင့် ပြည့်စုံချမ်းသာကြွယ်ဝသော မသူဇာလိုအမျိုးသမီးနှင့် မှာ ဝိုင်းဝိုင်းလည်နေဆဲဖြစ်သော မင်းယောက်ျားများအကြောင်း တွေး မိ၍ ဖြစ်သည်။

"ဒါနဲ့ ... မောင်ရာဇာရော ဘယ်တော့လောက်မှ အိမ် ထောင်ပြုဖို့ စဉ်းစားထားကြလဲကွယ်၊ စဝ်ဝတီလေးက သိပ်လှတော့ လိုချင်သူ ဝိုင်းဝိုင်းလည်နေတယ်ဆိုတာ အန်တီတို့လည်း ကြားမိ တယ်"

"မပြောတတ်သေးပါဘူး အန်တီရယ်၊ လောလောဆယ် တော့ ကျွန်တော့်ခေါင်းထဲမှာ ဘာအစီအစဉ်မှ မရှိပါဘူး"

ဒေါ်ခင်ခင်ကြီးက ကော်ဖီကို တစ်ရှိုက်သောက်ရင်း အရသာခံနေသော ခွန်ရာဇာမျက်နှာချောချောကို ပြုံးကြည့်နေသည်။





အချစ်ဆုံးသူငယ်ချင်း၏ သားလေးဖြစ်၍ ငယ်စဉ်တည်းက ဝင်ထွက် သွားလာနေသော ခွန်ရာဇာကို ဒေါ်ခင်ခင်ကြီးကိုယ်တိုင် တူသား တစ်ယောက်လို ချစ်ပါသည်။

သမီးရှိစဉ်တုန်းကတော့ သူငယ်ချင်းနှစ်ယောက် သားပေး သမီးယူကိစ္စ ရယ်ရယ်မောမော ဆွေးနွေးခဲ့ကြဖူးပေမယ့် ခွန်ရာဇာ တို့နှစ်ပါးစလုံး စောစီးစွာ ကွယ်လွန်အနိစ္စရောက်သွားသည့်နောက် မှာ ထိုအစဉ်အစဉ်များ ပျက်သွားသည်။ အရွယ်ငယ်ငယ်နှင့် ခွန်ရာ ဇာနိုင်ငံခြားထွက်သွားချိန်မှာ ဒေါ်ခင်ခင်ကြီးယောကျ်ား ဆုံးသွား သည်။ သမီးဖြစ်သူကလည်း စောစီးစွာ အိမ်ထောင်ကျသွားပြီး မြေးဖြစ်သူ နဂိုယဉ်ကို မွေးသည်။

မြေး လေးနှစ်သမီးအရောက်မှာ သမီးရော သမက်ပါဆုံး သွားသဖြင့် ဒေါ်ခင်ခင်ကြီးတို့ မြေးအဘွားပဲ ကျန်ရစ်သည်။ ခွန် ရာဇာ ဒေါ်ခင်ခင်ကြီးတို့ဆီ ပြန်ရောက်လာတော့ နဂိုယဉ်ငါးနှစ်သမီး အရွယ်။ လိုအပ်သည့် အကူအညီတွေ ပေးလာခဲ့သည်မှာ ဒီနေ့အထိ ဖြစ်သည်။

ကော်ပတ်ရုပ်ကလေးချထားသလို သိပ်လှပြီး ချစ်စရာ ကောင်းသည့် နဂိုယဉ်ကို ဘဝမှာ ဘာတစ်ခုမှတွယ်တာ သံယော ဇဉ်မရှိသော ခွန်ရာဇာက ချစ်သည်။ အလိုလိုက်သည်။ ဆိုးနွဲ့သမျှ သည်းခံသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကျတာကို ခွင့်လွှတ်သည်။

ကလေးငယ်အရွယ်မျှသာ ဖြစ်သော နဂိုယဉ်က ခွန်ရာဇာ ဘယ်သူဘယ်ဝါဆိုတာ မသိ၊ နားလည်မှုမလည်။

လိုချင်တာမရလျှင် အာခေါင်ခြစ်၍ ငိုသည်။ သူမပြော ချင်တာတွေကို ဒိုးခနဲ ဒေါက်ခနဲ ပြောချင်ရာ ပြောသည်။ မှားတာတွေ မှန်တာတွေ ဘာမှမသိ။

ဒေါ်ခင်ခင်ကြီးကတော့ မြေးလေးကို လိုက်ထိန်းသည်။ မပြတ် သတိပေးသည်။ ခွန်ရာဇာ ဘယ်သူဘယ်ဝါဆိုတာ ပြောပြ ပေမယ့် နဂိုယဉ်နားထဲကို မရောက်။

စိတ်ဝင်စားခြင်းလည်း မရှိ။

ငိုချင်လျှင် ငိုသည်။

ရယ်ချင်လျှင် ရယ်သည်။

ခွန်ရာဇာနှင့် နဂိုယဉ်ကြားမှာ ဘာဂုဏ်ပကာသနမှ မရှိ။

ဘယ်လို အတားအဆီးမှ မထား။ အရာအားလုံး အဖြူ ချည်းသက်သက်ဖြစ်၍ ခွန်ရာဇာကလည်း ပျော်သည်။

စိတ်လွတ်ကိုယ်လွတ်ရှိသည်။

နဂိုယဉ်တို့ မြေးအဘွားနှင့် ဆက်ဆံရာမှာ ဘာဟိတ်ဟန်မှ မပါ။ ဘာအဆောင်အယောင်မျှ မထား။ စိတ်ထဲရှိသလို နေသည်။ စိတ်နောက်ကိုယ်ပါ ပြုချင်သလို ပြုနိုင်သည်။



တစ်သက်လုံး စည်းကမ်းအတိအကျနှင့် စားပွဲရှေ့ရောက် ာအားလုံး အသင့်နေလာခဲ့သူက နဂိုယဉ်အတွက် ကျောင်းအမီ ကြက်ဥကြော်ပေးခဲ့ရဖူးသည်။

ထမင်းချိုင့်ကိုယ်တိုင် ထည့်ပေးဖူးပါသည်ဟုဆိုလျှင် ည်သမျှ ယုံနိုင်ဖွယ်မရှိ။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွယ် … လူဆိုတာ သီးချိန်တန်သီး၊ ချိန်တန်ပွင့်ရတာ ဓမ္မတာပဲ၊ အန်တီခင်အနေနဲ့ကတော့ အောင်ရာဇာ ာ ကိုယ့်တူကိုယ်သားလိုဖြစ်နေတော့ ဒီအချိန်မှာ အိမ်ထောင်ပြု ယ်ဆိုလည်း ပြုသင့်ပြီလို့ ထင်တာပါပဲ"

"ကျွန်တော်လည်း စဉ်းစားထားပါတယ်၊ ဘယ်သူဘယ် ယ်လို့သာ အတိအကျ မသိသေးတာကလွဲရင် လက်ထပ်မှာပါ"

"ဒါပေါ့ကွယ် … ဒါမှ နောက်အမွေဆက်ခံမယ့် သား းတွေနဲ့ စိတ်ချလက်ချ နေနိုင်တာပေါ့ကွယ့်"

ခွန်ရာဇာ ပြုံးလိုက်သည်။ အားလုံးက သူ့ကို အိမ်ထောင် ချင်နေတာကို သဘောကျ၍ ဖြစ်သည်။

အမွေဆက်ခံမည့် သားသမီးဆိုတာကိုတော့ ခွန်ရာဇာလို ဦးတည်းသော သားတစ်ယောက်အတွက် အထူးလိုအပ်တာကို ခံဝါသည်။





www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က သူ့ဘဝတစ်ခုလုံး ပုံအပ်လိုက်ရမည့် ချစ်စရာ မြတ်နိုးစရာ စိတ်လှုပ်ရှားစရာ သတို့သမီးဆိုသူအား အခုအချိန်ထိ ရှာဖွေ၍ မတွေ့နိုင်ခြင်းဖြစ်သည်။

❖ ❖ ❖



# အခန်း (၄)

အိမ်ကြီးတစ်ခုလုံး ဖိတ်ဖိတ်လက် တောက်ပနေသော [illegible]ည်းတိုင်းမှာ ဖုန်တစ်စက်မျှ မရှိ။ သန့်ရှင်းတောက်ပြောင်နေသော [illegible]ိုးတန် အသုံးအဆောင်အားလုံး ကြီးကျယ်ခမ်းနားစွာ ဖွဲ့စည်းပြင် [illegible]င်ထားခြင်းဖြစ်ပြီး ကြီးဒေါ်သူဇာ၏ ချမ်းသာကြွယ်ဝမှုအစုစုကို [illegible]ာ်ပြနေ၏။

ကြီးကြီးဟု ခေါ်ရသော်လည်း ဒေါ်သူဇာက လေးဆယ်ပင် [illegible]ည့်သေး။ ဖြူဥနုဖတ်နေသည့် အသားအရည်နှင့် လိုက်ဖက်သော [illegible]ကိုယ် အချိုးအစားတွေက လှလှပပ။ ဝတ်ထားသည့် ခန္ဓာကိုယ် [illegible]ာ ရွှေအိုရောင် ဝတ်စုံမှာ လှလွန်း၍ အဒေါ်ဖြစ်သူကို မျက်လုံး [illegible]သားဖြင့် နဂိုယဉ် ပြန်ငေးကြည့်နေချိန်မှာ နဂိုယဉ်တစ်ကိုယ်လုံး [illegible]စပ်စပ် ကြည့်နေသော မသူဇာက မျက်နှာလှလှလေးပေါ်မှာ [illegible]အလိုမကျခြင်းတို့ကို အထင်းသား မြင်နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူငယ်လေးတဲ့ ဝတ်စားထားလိုက်တာကလည်း စိတ်… ပျက်စရာပါလား နဂိုယဉ်ရယ်၊ ဒီလို ပုံတုံးတုံးအင်္ကျီတွေကို မဝတ်… နေလို့မရဘူးလား"

"ဘွားက ဒါပဲဝတ်ရမယ်တဲ့"

နဂိုယဉ်အဖြေကြောင့် မသူဇာ မျက်နှာမဲ့သွားသည်… နဂိုယဉ်ကို အုပ်ထိန်းသူက မသူဇာမဟုတ်။ အဘွားဖြစ်သူ ဒေါ်ခင်… ကြီးဆိုတော့ ခက်သည်။

စိတ်ရှိသလောက် ဘာမှလုပ်ပေးနိုင်စွမ်း မရှိ။ နဂိုယ… အတွက် ခေတ်မီလှပ သစ်ဆန်းသော အဝတ်အထည်တွေ ဝယ်… တော့ ဒေါ်ခင်ခင်ကြီးက လက်မခံ။

နဂိုယဉ်ကိုလည်း ပေးမဝတ်။

မသူဇာ ဘာဝယ်ပေးပေး အားလုံး သိမ်းထားပြီး နဂို… ကို သူကိုယ်တိုင် ချုပ်ပေးသည့် အဝတ်အထည်တွေကိုပဲ ဆင်… သည်။

အားလုံး ကလေးပုံစံ ဂါဝန်များချည်းဖြစ်ရုံမက လည်… အစေ့။ ရင်ဘတ်နားအထိ ဇာအတွန့်အဖတ်တွေတပ်ထားသော … မျက်စိဖုံး ဂါဝန်ထဲမှာ နဂိုယဉ်တစ်ကိုယ်လုံး ပျောက်လျက်။ အ… ထိ နို့နံ့မစင်သေးသော ကလေးမလေးပုံစံဖြစ်သည်။





တချို့က နဂိုယဉ်ကို တမင် ဖက်ရှင်ထွင်သည်ဟု ထင်… ကြသည်။ နဂိုယဉ်ဖက်ရှင်ဆိုပြီး လိုက်ဝတ်သူတွေကြောင့် နဂိုယဉ်မှာ … ငိုခက်၊ ရယ်ရခက်ဖြစ်ရတာကို ဘယ်သူမှ မသိ။

ကြီးကြီးမသူဇာကတော့ ဘွား ဆင်ပေးထားသည့် နဂိုယဉ်၏ နာမည်ကြီးဖက်ရှင်ကို ဘယ်လိုမှကြည့်မရအောင် မုန်းသူဖြစ်သည့်အတိုင်း လှပသည့် နဂိုယဉ်မျက်နှာလေးကို စိတ်ပျက်သလို … ကြည့်သည်။

"အခု … နဂိုယဉ် အသက်ဘယ်လောက်ရှိပြီလဲ"

"တစ်ဆယ့်ခြောက်နှစ်ပါ"

"အပျိုလေးဖြစ်နေပြီ၊ အခုထိ ဒီဂါဝန်တွေပဲ ဝတ်နေရတာ စိတ်မပျက်ဘူးလား"

"ဟင့်အင်း … မပျက်ပါဘူး၊ နဂိုယဉ် ကြိုက်တာပဲ"

"လိုက်လည်း လိုက်တဲ့ မြေးအဘွားပါလား၊ အေးလေ … ယဉ် ကြိုက်တယ်ဆိုရင်လည်း ပြီးတာပါပဲ"

"ဒီအနားလာစမ်းပါဦး နဂိုယဉ်"

ကြီးကြီးမသူဇာက သူ့အနားကို လာခဲ့ပါဆိုသဖြင့် အလင်း… …ဖြင့် တောက်ပြောင်နေသော ပြတင်းနားရပ်နေသည့် ကြီးကြီးရှေ့… နဂိုယဉ်ရပ်လိုက်သည်။

"မျက်နှာကို မော့စမ်း"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးအမိန့်အတိုင်း နဂိုယဉ် မျက်နှာလေးကို မော့ရော လေး လုပ်လိုက်ရသည်။ ကြီးကြီးက နဂိုယဉ်မျက်နှာကို စေ့စပ်သေချာစွာ ကြည့်ရုံမက နဂိုယဉ်တစ်ကိုယ်လုံး လှည့်ပတ်လိုက်သေးသည်။

"နဂိုယဉ်ဟာ ခေတ်မမီတာကလွဲရင် သိပ်လှတဲ့ အလှအပတွေ ရှိနေတာ ကံကောင်းတာပဲ၊ အသားအရည်၊ ခန္ဓာကိုယ် အရပ်အမောင်း၊ မျက်လုံးနဲ့ နှုတ်ခမ်းလေးတွေက အစ ပထမတန်း အလှကို ပိုင်ဆိုင်ခွင့်ရထားပြီးမှတော့ ကျန်တဲ့အရာတွေလည်း စံပြ ဖြစ်နေရမှာပေါ့ကွယ် ...မဟုတ်ဘူးလား"

နဂိုယဉ် ခေါင်းညိတ်ရမှလား၊ ခေါင်းခါရမှာလား မသိသဖြင့် ကြီးကြီးမသူဇာ၏ လှပသော မျက်နှာကိုသာ လှပဝိုင်းစက်သော မျက်လုံးကြီးများဖြင့် ပြန်ကြည့်လျက် ငြိမ်နေပါသည်။

"ကဲ ... လာ ...ဒီနေ့ နဂိုယဉ်အတွက် ဆာမိရှိ ဖြစ်ထားတယ်၊ ဂျပန်စတိုင်ပေါ့"

"ဆာမိရှိ"

နဂိုယဉ်ရင်ထဲ ဒိတ်ခနဲဖြစ်သွားသော်လည်း မတတ်နိုင် သူမရှေ့က ဦးဆောင်ထွက်သွားပြီဖြစ်သော ကြီးကြီးမသူဇာနောက် လိုက်ခဲ့သည်။





ကြီးကြီးမသူဇာက လှသလောက် သူ မသိတာမရှိ။ သူ မလုပ်တတ်တာလည်း မရှိ။ အားလုံး လုပ်တတ်သည်။ လူက လှနေအောင် လှသလို အိမ်မှုကိစ္စမှာလည်း ကျွမ်းကျင်သည်။ ...တွေအကြောင်း၊ လူတွေအကြောင်း၊ စိန်ရွှေရတနာ အကြောင်း၊ အဝတ်အစားအကြောင်း အားလုံး ကြီးကြီးမသိတာ မရှိ။

အင်္ဂလိပ်စာကို တကယ့်နိုင်ငံခြားသူရှုံးအောင် ပြောဆိုနိုင်သလို မင်းစိုးရာဇာအသိုင်းအဝိုင်းမှာ မသူဇာက ပညာရဲရင့်ပွဲလယ်တင့်သော လူအများဆုံး စိတ်ဝင်စားခံရသည့် အမျိုးသမီးလည်း ဖြစ်သည်။

နဂိုယဉ်ကို မသူဇာက သူ့လိုဖြစ်စေချင်သည်။ အဘွားဖြစ်သူက အလိုလိုက်ထား၍ အရိုင်းသက်သက် ဤကလေးမအား ယဉ်ကျေးပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ အလွန်ထင်ရှားတောက်ပသော ရွှေကြယ်ပွင့်ကလေးအဖြစ် ကိုယ်တိုင်ဖန်တီးလိုသည်။

သို့သော် နဂိုယဉ်ကို မသူဇာက ဆိုင်သာဆိုင်၍ မပိုင်ချေ။ နဂိုယဉ်ကို ပိုင်သူက နဂိုယဉ်၏အဘွား ဒေါ်ခင်ခင်ကြီးဖြစ်၍ ဘာတစ်ခုမှ မသူဇာ သဘောအတိုင်း မဖြစ်။

သူတတ်နိုင်သည်က နဂိုယဉ်ဆိုသည့် ချစ်စရာတူမ လှလှလေးမှာ ရုပ်ရည်တစ်ခုတည်းသာ လှပ၍ တခြားဘာမှ သုံးမရ

www.burmeseclassic.com

www.burmeseclassic.com



သော မိန်းကလေးမဖြစ်စေရဘဲ အဖိုးမဖြတ်နိုင်သော အရည်အချ
ကောင်းများ မိုင်ဆိုင်ရေးဖြစ်သည်။

"ဟောဒါက ငါး ဆာမိရှိ၊ ရေဘဝဲ ဆာမိရှိ၊ ဂဏ
ဆာမိရှိ … အားလုံး အစိမ်းချည်းပဲ"

စားပွဲပေါ်က အသားစိမ်းတွေကိုကြည့်ပြီး အခေါ်ဖြစ်သူ
နဂိုယဥ် ပြန်ကြည့်သည်။ အသားစိမ်း၊ ငါးစိမ်း တစ်ခါမှ နဂိုယ
မစားဖူး၊ ဘွားကလည်း ဒီလို ဆာမိရှိ မကျွေးဖူးပါ။

အခေါ့်အိမ်လာတိုင်း အထူးအဆန်း အစားအစာများ
ဘယ်လိုဘယ်ပုံ စားသောက်ရမည်ဆိုတာ တစ်နေ့တစ်မျိုး မရိုးေ
သင်ကြားနည်းဖြင့် သင်ကြားခြင်းဖြစ်သည်။

"ဒါက ဝါဆာဘီဆော့၊ ဒါက ပဲငံပြာရည်၊ ဆာမိရှိအ
ကို စားမယ်ဆိုရင် ဝါဆာဘီဆော့နဲ့ ပဲငံပြာရည် ဖျော်ထား
ပန်းကန်ထဲနှစ်ပြီးမှ စားရတယ်"

ကြီးကြီးဒေါ်သူဇာက ဝါဆာဘီဆော့ ဝါဝါအတုံးလေး
ပန်းကန်သေးသေးလေးထဲ ထည့်၊ ပဲငံပြာရည်နှင့်ဖျော်၍ ငါးအ
လွှာတစ်ခုကို ဆော့ထဲထိုးနှစ် မြှောလိုက်ပြီး နဂိုယဥ်ကို လှမ်းေ
သည်။

"ရော့ … စားကြည့်"

တူနှင့် ခွံ့ကျွေးနေသဖြင့် မငြင်းဘဲ ပါးစပ်လေးဟ ပေး
ကိုက်ရသည်။

"အား"

ပူစပ်သောအရသာက နဂိုယဥ်မျက်လုံးတွေ နှားရှုက်တွေ
သွားစေသဖြင့် အနားရှိရေဖြင့် ကမန်းကတန်းမျောချလိုက်ရ
သည်။

"စပ်တယ် ကြီးကြီး"

"ရဲရဲစားစမ်းပါ နောက်တော့ အကျင့်ဖြစ်သွားမှာပေါ့
… ကိုယ့်ဘာသာ ကြိုက်တာယူစား"

နဂိုယဥ်လက်ထဲ တူတစ်စုံရောက်လာသည်။

"မိန်းကလေးဆိုတာ အစားအသောက် စားတဲ့နေရာမှာ
နူးညံ့သိမ်မွေ့ရတယ်၊ ပလုပ်ပလောင်း အသံနဲ့လည်း စကား
ပြောရဘူး ကြားလား"

"ဟုတ်ကဲ့"

နဂိုယဥ်ကို ဆိုဆုံးမရင်း ကြီးကြီးကိုယ်တိုင်က ဆာမိရှိကို
ခပျက် လှလှပပ စတိုင်ကျကျ စားနေပုံကိုကြည့်ပြီး နဂိုယဥ်
ချင်လာသည်။

မစားချင်ပါဘူးဟု ငြင်း၍လည်း ရမည်မဟုတ်။ ကြီးကြီး
သူလိုချင်သည့် ပုံစံကိုဖွတ်ပုံသွင်းတတ်တာ နဂိုယဥ်သိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဦးခွန်ရောက်နေသည်။ အကြာကြီး ပျောက်သွ
မှ ပြန်ရောက်လာတာကို နဂိုယဉ်စိတ်ထဲ ဝမ်းသာနေသည်။

ဦးခွန်နှင့် နေရသည့်အချိန်တိုင်း နဂိုယဉ်အမြဲပျော်ရ
ဦးခွန်က ဘွားနှင့်လည်း မတူ၊ ကြီးကြီးနှင့်လည်း မတူ။

နဂိုယဉ်အပေါ်မှာ ဘာမဆို အလိုလိုက်သည်။ ဆိုးနွဲ
သမျှ သည်းခံခွင့်လွှတ်သည်။ တစ်ခါမှလည်း နဂိုယဉ်ကို လေ
ဖြင့် မပြောဖူး။

"စားလေ ... နဂိုယဉ်၊ ဘာဖြစ်လို့လဲ"

"ဟို .. နဂိုယဉ် ဒီနေ့ မုန့်စားတာ များပြီး ရင်ပြည့်
ပါ ကြီးကြီး"

ဆာမိရှိ မစားချင်၍ ပါးစပ်ထဲ တွေ့ရာပြောလိုက်
နဂိုယဉ်အဖြေကို ကြီးကြီးက သဘောမကျ။ သို့သော် နဂိ
မစားချင်တာကို ဇွတ်မကျွေးတော့ဘဲ စိတ်လျှော့လိုက်ဟန်နှ
လက်ထဲက တူကိုပါ ချလိုက်သည်။

"ကော်ဖီသောက်မလား"

"ဟုတ်"

ငါးအစိမ်းစားရတာထက်စာလျှင် ကော်ဖီသောက်ရ
ပို အဆင်ပြေသဖြင့် နဂိုယဉ် သွက်လက်စွာ ခေါင်းညိတ်လိုက်သ
သိပ်မကြာလိုက် ကော်ဖီပွဲတစ်ပွဲ နဂိုယဉ်၏ ရှေ့ရောက်လာသ





"ကော်ဖီကို ဖျော်တဲ့အခါ ရေနွေးပွက်ပွက်ဆူထဲကို ကော်
ည့်မဖျော်ရဘူး၊ နည်းနည်းလေး အအေးခံပြီး ကော်ဖီမှုန့်
အနံ့လေးက သင်းပြီး မွှေးနေတာ၊ ရေနွေးပူပူထဲ ထည့်ဖျော်
င် အနံ့ပါ လောင်သွားတတ်တယ်"

"ဟုတ်ကဲ့"

"ဒီမှာ ... နို့နဲ့ သကြားရှိတယ်၊ ကြိုက်သလို ဖျော်
"

နဂိုယဉ်က သူမကော်ဖီပန်းကန်ထဲ နို့နှင့်သကြား စိတ်ကြိုက်
ထည့်ပြီး ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်လိုက်

"ဒါမျိုးက ဖြည်းဖြည်း တစ်ငုံချင်း အရသာခံပြီး သောက်
နဂိုယဉ်ရဲ့၊ ဘယ့်နှယ့် တစ်ခါတည်း မနားတမ်း သောက်ပစ်
လဲ၊ နောက် အဲဒီလို မလုပ်ရဘူး မှတ်ထား"

"ဟုတ်ကဲ့"

ဆိုဆုံးမစကားကို ခပ်သွက်သွက် ခေါင်းညိတ်လိုက်ရ

ကော်ဖီသင်တန်း ဟောပြောပို့ချတာ နားထောင်နေရသော်
နဂိုယဉ် စိတ်တွေက ဒီမှာမရှိ။ အိမ်ကိုပဲ ပြန်ပြေးချင်နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန် ပြန်သွားမှာစိုး၍ ဖြစ်သည်။

နာရီကို မကြာခဏ ခိုးအကြည့် ····

''ဒီနေ့ အထူးအစီအစဉ်အဖြစ် နဂိုယဉ်ကို ကြီးကြီးပိုင်တဲ့ ရတနာပစ္စည်းတွေကို ပြမယ် ဟုတ်လား၊ တစ်ချိန်ကျရင် ဒါတွေကို နဂိုယဉ်ပဲ ပိုင်ရမှာ''

''လာ ··· ကြီးကြီးနောက် လိုက်ခဲ့''

ဘုမသိ ဘမသိနှင့် နဂိုယဉ် ကြီးကြီးသူဇာ အခန်းထဲ ရောက်သွားသည်။ မီးခံသေတ္တာထဲက ရတနာပစ္စည်းတွေကို ကြီးကြီး သူဇာ ကိုယ်တိုင် အမြတ်တနိုး ထုတ်လာသည့်အချိန်ထိ နဂိုယဉ် ဘာကိုမှ စိတ်မဝင်စား။

''ဒါက ကြီးကြီးတို့ ဘိုးဘွားလက်ထက်ကတည်းက မျိုးရိုး အစဉ်အဆက်ပိုင်ဆိုင်လာတဲ့ စိန်ထည်ပစ္စည်းတွေပဲ နဂိုယဉ်''

''ဟုတ်''

အရောင်ဖိတ်ဖိတ်လက်နေသော ရတနာတွေကို နက်ပြာ ရောင် ကတ္တီပါစပေါ်မှာ လှပစွာ အစုလိုက် အပုံလိုက်တွေ့ရသည်။

''ဒါ ဘာလဲ ··· သိလား''

ကြီးကြီးသူဇာလက်ထဲက ဖိတ်ဖိတ်လက်နေသော လက် စွပ်ကို မြင်ရသည်။ ဖြူဖွေးတောက်ပနေသည့် ဒီလိုစိန်ထည်မျိုး ဘွားမှာ ရှိသဖြင့် ကြီးကြီးအမေးကို လွယ်ကူစွာ ဖြေနိုင်ပါသည်။





''စိန်ပါ''

''ဟုတ်တယ် ··· ဒီစိန်က ရိုးရိုးစိန် မဟုတ်ဘူး၊ တော် င် ရတနာပစ္စည်း၊ ဘုံရင်မင်းမြတ်ကိုယ်တိုင်က ကြီးကြီးသူဇာတို့ တိုးကို ပေးခဲ့တဲ့ လက်စွပ်ပေါ့''

''ဟုတ်''

ကြီးကြီးသူဇာ၏ မျက်နှာမှာ ကျေပနံနှစ်သိမ့်ခြင်းကို မြင် သည်။ လက်စွပ်အကြောင်း နောက်ကြောင်းပြန်ရာဇဝင်ခင်းနေ မယ့် နဂိုယဉ်နားထဲ ဘာတစ်ခုမှ မဝင်။

ပြောရှာသော နားထောင်နေရသည်။၏

မြင်ရှာသော ကြည့်နေရသည်။

နဂိုယဉ်စိတ်တွေက တခြားမှာသာ လွင့်နေသည်။

''ဒါကရော သိလား''

လင်းလက်တောက်ပသော ရတနာပစ္စည်းတစ်ခု ကြီးကြီး ဇာလက်ထဲ ရောက်လာသည်။

စိန်နှင့်အလားသဏ္ဍာန်တူသော ဖိတ်ဖိတ်လက်နေသော ရကို နဂိုယဉ်လည်း မသိ။ စိန်အကြောင်းပြောပြီးပြီဆိုတော့ ခြားဟာ ဖြစ်ရမည်ဆိုသည့် အတွေးဖြင့် ပါးစပ်ထဲ တွေ့ကရော ည်ကို ကောက်ရွတ်ဆိုကြည့်သည်။

''ဥဿဖရား''



www.burmeseclassic.com

www.burmeseclassic.com



ကြိုးသူဇာက မျက်နှာကွက်ခနဲ မည်းပျက်သွားပြီး နဂိုယဉ်ကို စိတ်ပျက်သလို ကြည့်သည်။

"ကြိုးသူဇာဆီမှာ ဒါမျိုး ရှိပါ့မလား နဂိုယဉ်ရဲ့"

နဂိုယဉ် မဖြေတတ်ပါ။

မျက်လုံးဝိုင်းကြီးတွေ ကလယ်ကလယ်နှင့် သူမကို စိတ်ဆိုးဒေါသဖြစ်သွားသည့် ကြီးကြီးသူဇာမျက်နှာကိုသာ ခပ်အမ်းအမ်း ပြန်ကြည့် ငြိမ်နေလိုက်သည်။

"မသိရင် မှတ်ထား၊ ဒါက စိန်ဝါ၊ ဒါက ပတ္တမြား၊ ဟောဒါက မြ"

"လှလိုက်တာ"

မြဘယက်ကြီးကို နဂိုယဉ် အံ့သြငေးခနဲဖြစ်သွားရုံမက နှုတ်ကလည်း ထုတ်ဖော်ချီးကျူးမိသည်။

"ဒါ ပထမတန်းစား မြပေါ့၊ ဒီမှာ မြင်လား၊ မြှာ အဖြာရောင် ကြိုးလေးတွေ ပါတယ်လေ"

"ဟုတ်"

"ဒါက ပုလဲနက်"

သင်ခန်းစာတွေက တစ်ခုပြီးတစ်ခု...။

နဂိုယဉ်အိမ်ပြန်ရမည့်အချိန်ရောက်တော့ လှပသော ဆည်းဆာဖျော့က နဂိုယဉ်ကို ညင်သာထွေးပွေ့ ကြိုဆိုသည်။



မွန်းကျပ်ရှုပ်ထွေးလာသော စိတ်ကို ဖြေလျှော့ရန် ပန်းဥယျာဉ်ရှေ့ ခုံတန်းရှည်လေးမှာ စိတ်ပျက်လက်ပျက် နဂိုယဉ် ထိုင်ချလိုက်သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နဂိုယဉ်ထိုင်နေပုံက ကြီးကြီးသူဇာ ညွှန်ကြားဆုံးမထားသော စတိုင်ကျကျလှလှပပ ပုံစံမျိုးထဲက မဟုတ်။

ခြေပစ်လက်ပစ် မောကြီးပန်းကြီးပုံစံ။

ကြီးကြီးသူဇာသာ နဂိုယဉ်ပုံစံကိုမြင်လျှင် ရင်ထုမနာဖြစ်ရှာမည်ထင်။

ကြီးကြီးသူဇာ နှုတ်ဖျားက ဘာစကားပဲဆိုဆို၊ ဘယ်လိုအကြောင်းအရာပဲ ပြောပြော၊ ပထမတန်းစား၊ စံပြဆိုတာတွေချည်း။ သူ၏ တစ်ဦးတည်းသော တူမလေးကိုလည်း အကောင်းဆုံး အတော်ဆုံး၊ အလှဆုံးဖြစ်နေစေချင်သူ။

"တစ်နေ့နေ့မှာ နဂိုယဉ်ဆိုတဲ့ ကြီးသူဇာတူမလေးဟာ လူအားလုံးက ခေါင်းမော့ကြည့်ပြီး အထင်ကြီး အားကျခံရတဲ့သူ ဖြစ်ရစေမယ်လို့ ကြီးသူဇာ ဆုံးဖြတ်ထားတယ်"





"ပထမတန်းစား စံပြဖြစ်ဖို့ အားလုံး ကြီးသူဇာ သင်ပေးတယ်၊ ထက်မြက်ခြင်းနှင့် လှပခြင်းဆိုတာ သိပ်ကို ဆွဲဆောင်မှုရှိတဲ့ အနုပညာပဲ နဂိုယဉ်ရဲ့"

"အနုပညာရှင် တော်လေလေ သူ့လက်ရာက လှလေလေ အချစ်ဆိုတာလည်း အနုပညာတစ်မျိုးလေ"

အချစ် ...တဲ့။

ကြီးသူဇာက နဂိုယဉ်ကို ဒီနေ့ အချစ်အကြောင်းတွေ အများကြီးပြောသည်။

ဆွဲကြိုးဟာ အချစ်သင်္ကေတ။

လက်စွပ်ဟာ အချစ်သင်္ကေတ။

အရာအားလုံး ... အချစ်သင်္ကေတ။

အဟွန်း ...။

ဘယ်လောက်များ စိတ်ကသိကအောက် ဖြစ်စရာကောင်းလိုက်တဲ့ စကားပါလိမ့်။

အချစ် ... အချစ်နဲ့။

နဂိုယဉ် နားထဲမှာ ခါးနေသည်။

စိတ်ထဲကလည်း ထိုအချစ်ဆိုသည့် စကားစုကို မုန်းမုန်းဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုယဉ်ဘဝမှာ အချစ်ဆိုသည့် စကားစုအပေါ် ထားရှိသော ပထမဆုံးသော သဘောထားခံယူချက်နှင့် စိတ်ခံစားချက်ဖြစ်သည်။

အရင်တုန်းက အချစ်ဆိုသည့် စကားကို ဟိုနား၊ ဒီနား ဖြတ်သွားဖြတ်လာ ကြားဖူးပေမယ့် ဒီလောက်ကြီး မဟုတ်။ ကိုယ်နှင့် မဆိုင်သလို နေခဲ့သည်။

ဒီနေ့တော့ အရင်လို မဟုတ်တော့။

ကြီးသူဇာက နဂိုယဉ်ကို အချစ်၏ တန်ဖိုး၊ အချစ်၏ တန်ခိုး၊ အချစ်၏ သင်္ကေတတွေ သုံးနှုန်းပြီး နဂိုယဉ်နားညည်းအောင် ပြောလွှတ်လိုက်သည်။

လောကကြီးမှာ အချစ်မရှိလျှင် လူတွေအားလုံး စိတ်ပျက်ငြီးငွေ့ပြီး သေသွားတော့မည့်ပုံ။

နဂိုယဉ်ကတော့ ကြီးသူဇာ သဘောထားခံယူချက်ကို ဘာတစ်ခုမှ လက်ခံခြင်း မပြုနိုင်ပါ။ အချစ်မရှိဘဲ လောကကြီးမှာ နေထိုင်အသက်ရှင်သွားသူတွေ အများကြီးပါ။

ထိုသူတွေထဲမှာ တစ်ယောက်အပါအဝင်အဖြစ် နဂိုယဉ်တစ်သက် အချစ်မရှာဘဲ နေပြလိုက်မည်ဟု စိတ်ထဲက တိတ်တိတ်လေး ဆိုလိုက်၏။

"ဘာပဲဖြစ်ဖြစ်ကွယ် … တစ်နေ့ နဂိုယဉ် အိမ်ထောင်ပြုတဲ့အခါ …"





ကြီးသူဇာစကားက နဂိုယဉ်ပါးလေးတွေ နားရွက်တွေ ထူပူသွားစေသည်။ တစ်နေ့ နဂိုယဉ် အိမ်ထောင်ပြုတဲ့အခါကြရင်တဲ့ ‥

ဟင့်အင်း … နဂိုယဉ် အိမ်ထောင်မပြုပါ။ ကြီးသူဇာလို တစ်ကိုယ်တည်း အပျိုကြီးဘဝနှင့် အရိုးထုတ်သွားမည်။ ဒါက နဂိုယဉ်ကိုယ်ပိုင်စိတ်ကူးဖြစ်ပေမယ့် အခု နဂိုယဉ်ရောက်ရှိနေသော ဖန်းဥယျာဉ်ကြီးအနားမှာတော့ ချစ်သူစုံတွဲများစွာ …။ ကြင်နာသူယ ချစ်သင်္ကေတများစွာဖြင့် ချိုလွင်သာယာစွာ ရယ်မောလျက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝဟန်ဖြင့် ချစ်တေးသီ ချက်ရှိပါသည်။

နဂိုယဉ် ကြည့်နေသည့်အခိုက်မှာပင် တိုက်ဆိုင်စွာ သူမ ချက်စိရှေ့တည့်တည့်ရှိ ချစ်သူစုံတွဲတစ်တွဲမှာ လူလစ်ပြီအထင်နှင့် ထုပသော ချစ်သူမိန်းကလေး၏ ပါးပြင်နုကို ခိုးအနမ်း နဂိုယဉ်ပါးလေးတွေ တွတ်တွတ်နီသွားကာ မျက်နှာကို တခြားဘက်သို့ ဆတ်ခနဲ လွှဲလိုက်၏။

"အို:"

ဒီဘက်မှာလည်း ချစ်သူစုံတွဲ တစ်တွဲပါလား။

ကြည့်ပါဦး …။

ဒီနားမှာရှိတဲ့ လူတွေအားလုံး ချစ်နေကြတဲ့သူတွေချည်း ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေရာက ဆတ်ခနဲထပြီး ထိုနေရာကို နဂိုယဉ် ကျော ခိုင်းထွက်လာခဲ့သည့်အခိုက် -

""ကျွီး""

""နဂိုယဉ်""

""ဟင် ... ဦးခွန်""

နဂိုယဉ်နား ရပ်လာသည့် ကားပေါ်က ဦးခွန်ရာဇာ တွေ့လိုက်ရသဖြင့် လှပသော နဂိုယဉ်မျက်နှာလေး ပြုံးသွားသည်။

""ဒီမှာ ဘာလုပ်နေတာလဲ နဂိုယဉ်""

""အိမ်ပြန်မလို့ ခဏနားနေတာလေ၊ ဦးခွန်ရော ပြန်တော့ မှာလား""

""လူကြီးတွေက စိတ်ပူနေတာ၊ မင်းက ဒီမှာလာပြီး ဟု နေတာကို ... လာ... ကားပေါ် တက်""

""ဘယ်သွားမလို့လဲ ဟင်""

""ဘယ်ဖြစ်ဖြစ်ဗျာ""

""ဒါဆို မလိုက်ဘူး""

နဂိုယဉ်မျက်နှာလှလှလေးကို ခွန်ရာဇာ စိုက်ကြည့်ပစ်လိုက် သည်။ နှုတ်ခမ်းစူနေသည့် မျက်နှာလှလှလေးက စူကောက်ကော တစ်စုံတစ်ရာကို မကျေနပ်သလိုလို အမူအရာလေးနှင့် ခွန်ရာဇာ





မျက်နှာချော့ချော့ကို ခပ်တည်တည်လေး ပြန်ကြည့်နေပုံက အသည်း ယားစရာ။

နဂိုယဉ်၏ နီထွေးစိုပြေသော နှုတ်ခမ်းလေးတွေ၊ ပါးလေး တွေက ဘာဆေးမှမကူဘဲ ပန်းနုရောင် ရဲရဲတောက်ပလျက် နူးညံ့ ချိမ့်မွေ့သော ပန်းတစ်ပွင့်နှယ် လှပတင့်တယ်နေ၏။

""အရိုက်မခံချင်ရင် အရင် ကားပေါ်တက်စမ်း ..... ကလေးမ""

""ဦးခွန်က နဂိုယဉ်ကို ရိုက်ရဲလို့လား""

""သိပ်ရိုက်ရဲတာပေါ့""

""ခစ်""

ဦးခွန်စကားကို သဘောကျစွာ နဂိုယဉ် ခစ်ခနဲ ရယ်သည်။ ...သံမာမာနှင့်ပင် တစ်ခါမှ နဂိုယဉ်ကိုမပြောဖူးဘဲ နဂိုယဉ်အလို ...သော အမြဲလိုက်တတ်သူက သူမကို ရိုက်မည်ဆိုတာကို သဘော ကျပါ၏။

""ဦးခွန်""

""ဗျာ""

""ဦးခွန်ရော အမြဲတမ်း ချစ်နေတာပဲလားဟင်""

""ဘယ့်နှယ့် ... ကလေးရယ်၊ ကျုပ်က ဘ...ကိစ္စ အမြဲ ...ချစ်နေရမှာလဲ""



www.burmeseclassic.com

www.burmeseclassic.com



"မေးတာပဲ ဖြေစမ်းပါဆို"

"အဖြေသိချင်ရင် ကားပေါ် အရင်တက်"

အဖြေသိချင်သဖြင့် ခွန်ရာဇာကားပေါ် နဂိုယဉ်ရွေ့
ရောက်သွားသည်။ အိစက်ညက်ညောသော ခွန်ရာဇာကား
နေရာမှ ညင်သာစွာ ထွက်သည်နှင့် နဂိုယဉ်ဘက်ကို ခွန်ရာ
ဖျတ်ခနဲ လှမ်းကြည့်သည်။

"နေစမ်းပါဦး၊ ဘာကိစ္စ ခင်ဗျားလေးက အချစ်အကြော
ဒီလောက် စိတ်ဝင်စားရတာလဲ၊ ဒါ စာသင်နေတဲ့ ကလေးအလုပ်
စာပဲ သင်ရမှာပေါ့"

"ပြောစမ်း ... မင်းကို ဒီစကားတွေ ဘယ်သူသင်
လဲ"

"ကြီးသူဇာ"

"ဘာ ... ကြီးသူဇာ ..ဟုတ်လား၊ နောက်ဘယ်တော
ခင်ဗျားကြီးတော် အပျိုကြီးဆီ မသွားနဲ့၊ ကလေးကို မဟုတ်တာ
လျှောက်သင်ပေးတာ၊ ကျုပ် လုံးဝမကြိုက်ဘူး"

"နေစမ်းပါဦး ခင်ဗျားကို တနင်္ဂနွေနေ့တိုင်း သင်ပေး
တာ ဒါတွေလား"

"အဲဒီလိုလဲ မဟုတ်ပါဘူး ဦးခွန်ရဲ့"

"ဟယ် ... လှလိုက်တာ"





ခွန်ရာဇာ ဒေါ်သူဇာကို စိတ်ဆိုးဒေါသဖြစ်နေချိန် နဂိုယဉ်
သော့ သူမ မြင်တွေ့လိုက်ရသည့် လှပသော မိန်းမပျိုလေးရှိရာ
င်အဟောင်းသားဖြင့် တအံ့တသြလေး ငေးမောနေပါသည်။

"ဟိုမမက လှတယ်နော် ဦးခွန်"

ဖြတ်သွားသည့် ကားပေါ်က မိန်းမလှကို ချီးကျူးမိသည်။

"သာမန်အလှလောက်ပဲ ရှိတာပါဗျာ"

"မဟုတ်ပါဘူးနော် ... ဒီလောက် လှနေတာကို"

"ဒါကတော့ မလှ လှအောင် ပြင်ထားတာကိုးဗျ"

ခွန်ရာဇာ အဖြေကို နဂိုယဉ်မကျေနပ်သဖြင့် မျက်စောင်း
ကြည့်သည်။

"ဒါဖြင့် ဦးခွန်အတွက် အလှဆုံးမိန်းကလေး ဘယ်သူ

"အခုချိန်အထိတော့ မတွေ့သေးဘူးကွ"

"ဟင်"

ခွန်ရာဇာမျက်နှာကို နားမလည်သလို မော့မော့လေး ကြည့်
သွားသည်။ ချစ်သူရည်းစားတွေ မှိုလိုပေါက်နေသော လူတစ်
တ်နားမှာ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေပါ လျက်နှင့်
တွက် အလှဆုံးမိန်းကလေး အခုချိန်ထိ မတွေ့သေး
ည်သည့်အတွက် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့နားမှာ ကားရပ်ပေးပါ ဦးခွန်"

"ဘာလုပ်မလို့လဲ"

"အိမ်ပြန်မလို့ပေါ့"

"အိမ်အထိ လိုက်ပို့ပေးပြီးမှ ပြန်မှာပါဗျာ၊ လူ... ကားရှုပ်ရှုပ်ထဲမှာ ခင်ဗျားလေးကို မထားခဲ့ပါရစေ..."

ခွန်ရာဇာစကားကြောင့် နဂိုယဉ်ကိုယ်လေး တွန့်ခဲ... သွားသည်။ ဦးခွန်ရာဇာနှင့်အတူ ပြန်လာတာသိလျှင် ဘွားက ... မည်မဟုတ်။

အစတည်းက နဂိုယဉ်ကို ဘွားကိုယ်တိုင် ဦးခွန်ရာဇာ... ပတ်သက်လျှင် စကားအပြောအဆို အပြုအမူ အနေအထိုင်... ဆင်ခြင်ဖို့ ပြောထားပြီးသားဖြစ်သည်။

အထူးသဖြင့် ဦးခွန်ရာဇာလို လူတစ်ယောက်နှင့် ... ယောက်တည်း အပြင်ထွက်လည်တာမျိုး၊ နှစ်ယောက်အတူ ... အပြင်မှာ ရှိနေတာမျိုး လုံးဝခွင့်ပြုထားခြင်း မရှိပါ။

ဖြစ်နိုင်လျှင် နဂိုယဉ်ကို ဘွားက ဦးခွန်ရာဇာနှင့် ... ပတ်သက်စေချင်တာ မဟုတ်။ မတတ်သာ၍ ဦးခွန်ရာဇာကို ... ထားရခြင်းအဖြစ်ကို ဦးခွန်ရာဇာ မသိပေမယ့် ဘွား၏ သဘော... နဂိုယဉ်က သိထားသည်။



"မဖြစ်ပါဘူး… နဂိုယဉ်နဲ့ ဦးခွန် အတူရှိနေတာ ဘွားသိ...မဖြစ်ဘူး"

"မဖြစ်ဘူး ..ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ပြောရမှာ အများကြီးပဲ၊ အကောင်းဆုံးက ရှေ့နားမှာ ...ကားကြီးကိုသာ ရပ်လိုက်၊ နဂိုယဉ့်ဘာသာ တက္ကစီငှားပြီး ...မယ်"

"မဟုတ်သေးပါဘူး နဂိုယဉ်ရယ်"

"ဟုတ်ပါတယ် ဦးခွန်ရယ်၊ နဂိုယဉ်ပြောတဲ့အတိုင်းသာ ...ပေးပါ၊ တော်ကြာ အိမ်ပြန်နောက်ကျလို့ ဘွားဆူနေပါဦးမယ်"

"ကားရပ်လိုက် ဝေလန်"

"ကျွီး"

ခွန်ရာဇာအမိန့်အတိုင်း ဒရိုင်ဘာ ဝေလန်က နဂိုယဉ်ညွှန်ပြ...နေရာမှာ ကားကို ရပ်လိုက်သည်။

"နဂိုယဉ် သွားပြီနော် ဦးခွန်"

"ဟိုတ် .. ကောင်မလေး နေဦး"

နဂိုယဉ်က ကားပေါ်ကဆင်းပြီးတည်းက နောက်ကို တစ်...တင် လှည့်မကြည့်တော့။ သူ့ကို နှုတ်ဆက်ပြီး အသင့်ရပ်ထား... အငှားကားပေါ် ပြေးတက်သွားသဖြင့် ခွန်ရာဇာအသံကို ...ကြား။



www.burmeseclassic.com

www.burmeseclassic.com



အငှားကားက နဂိုယဉ်ကို တင်ဆောင်ပြီး ဝေါခနဲ မော
က ပြေးထွက်သွားသဖြင့် ခွန်ရာဇာမှာ နဂိုယဉ်စကားတွေအပေါ်
ဘာ မှန်းမသိသော ခံစားချက်ဖြင့် မျက်ခုံးတွန့်လျက် ကျန်ရစ်ခဲ့သည်

❖ ❖ ❖



# အခန်း (၆)

ခွန်ရာဇာ နဖူးပေါ်လက်တင်ပြီး စဉ်းစားသော်လည်း သူ
ချင်သော အဖြေက ရှာမတွေ့။

နဂိုယဉ်၏ အဘွားထံ သွားလည်တိုင်း အမြဲချစ်ခင်ရင်းနှီး
လိုက်လှဲနွေးထွေးခြင်းတွေနှင့် ကြိုဆိုလေ့ရှိသော အန်တီဒေါ်ခင်
ကြီး၏ အပြုံးမျက်နှာကိုသာ ပြန်လည်မြင်ယောင်နေမိသဖြင့်
ယဉ် စကားအပေါ်မှာ ပို၍ အလိုမကျဖြစ်မိသည်။

ဘာအတွက် နဂိုယဉ်အဘွားက သူနှင့် နဂိုယဉ်အတူရှိနေ
တို မကြိုက်နိုင်ရသနည်း။ သူ့မြေးကိုများ စိတ်မချနိုင်လို့များ
အတွေးဖြင့် ခွန်ရာဇာပြုံးလိုက်သည်။

ဒါ … ဖြစ်နိုင်သည်။

နဂိုယဉ်အရွယ်က ကလေးသာသာအရွယ်မို့ အရိပ်သုံးပါး
လည်။ သူမ လိုချင်တာ၊ သူမ ဖြစ်ချင်တာပဲ သိသည်။
၏၊ မသင့်၏၊ တော်၏၊ မတော်၏ မသိ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲရှိသည့်အတိုင်း ပြောချင်တာရှိလျှင် ဒိုးခနဲ ဒေါ
ခနဲ ပြောပစ်တတ်သည်။ စကားလုံး အသုံးအနှုန်း အစီပွါယ
အတိမ်အနက်ကို နားလည်းမလည်။ တစ်ခါတစ်ခါ ကိုယ့်ဘာသာ
ဘာပြောလို့ ပြောမှန်းပင်မသိသည့် ကလေးမကို သူမအဘွားက
အမြဲတမ်း တဟဲ့ဟဲ့နှင့် လိုက်ထိန်းကျောင်းနေရတာ သူ သိသည်

ဒေါ်ခင်ခင်ကြီးက မြို့မျက်နှာဖုံး သူဌေးအဖြစ် ခွန်ရာ
ကို ဘယ်လိုပြုမူပြောဆို ဆက်ဆံရမည်ဆိုတာကို သိသည်။
လည်သည်။ လူအားလုံးက ခွန်ရာဇာ၏ မျက်နှာရိပ်ကိုကြည့်
အလေးအနက် တန်ဖိုးထား ဆက်ဆံနေချိန်မှာ သူ့ကိုမြေးအဘွား
ခွန်ရာဇာကို သူဌေးကြီးတစ်ယောက်လို ဘာတစ်ခုမှ နေရာ
အလေးထားနိုင်ခြင်း မရှိ။

ခွန်ရာဇာကိုယ်တိုင်က နဂိုယဉ်တို့မြေးအဘွားအပေါ်
တကယ့် ဆွေမျိုးရင်းချာလို ပြုမူပြောဆို နေထိုင်လာခဲ့သည်မှာလည်း
အခုမှ မဟုတ်။

နဂိုယဉ်တစ်သက်ဖြစ်၍ နဂိုယဉ်မျက်လုံးထဲမှာ ခွန်ရာ
ဆိုသည်မှာ သူမ ဆိုးချင်တိုင်းဆိုး၍ နွဲ့ချင်တိုင်းနွဲ့နိုင်သော
သားရင်းချာ လူတစ်ယောက်ထက် ဘာမှ မပို။

ခွန်ရာဇာ၏ ချမ်းသာပြည့်စုံကြွယ်ဝမှုက နဂိုယဉ်အတွ
မဟုတ်။ စိတ်ဝင်စားစရာရယ်လို့လည်း မမြင်။ လိုချင်တပ်မက်





လည်း မသိ။ အခွင့်အရေးဆိုသည့် စကားကို နားမလည်
ကလေးမလေးက ခွန်ရာဇာလာလျှင် ပျော်သည်။ ပြန်လျှင်
။ လိုချင်တာ မရလျှင် စိတ်ကောက်သည်။ ဆိုးနွဲ့သည်။
ကလေးသဘာဝ။ ကလေးအထာများသာဖြစ်၍ ရိုးသား
။ အပြစ်ကင်းစင်သည်။

ဘာ ကာလာမှ မရှိ။

အခုတော့ ထိုကလေးမလေးက သူ့ကို ထူးထူးဆန်းဆန်း
တွေပြော၊ ထူးဆန်းစွာ မေးခွန်းတွေ မေးနှင့်။ ခွန်ရာဇာအတွက်
နက်စရာတွေ ဖြစ်လာသည်နှင့် ကုမ္ပဏီက အလုပ်ကိစ္စပြီး
နှင့် သူတစ်ယောက်တည်း နဂိုယဉ်တို့ မြေးအဘွားထံ
လာခဲ့သည်။

သူ ရောက်သွားချိန်မှာ နေ့လယ်စာ စားချိန်ဖြစ်နေတာပင်
မထားမိ။ တံခါးလေး ဖွင့်ပေးနေသူက နဂိုယဉ်ကိုယ်တိုင်ဖြစ်
သူ့ကိုမြင်တော့ မျက်နှာလှလှလေး ပြုံးပျော်သွားဟန်ကို အထင်း
မြင်လိုက်ရသည်။

“ဘွားရေ .. ဦးခွန်လာတယ်”

“ဝင်ခဲ့တော့ မောင်ရာဇာရေ… ဒီမှာ ပဲနှပ်အိုးလေး ကပ်
မှာစိုးလို့ မီးဖိုနားက မခွဲရဲဘူးကွယ်”



www.burmeseclassic.com

www.burmeseclassic.com



လူကိုမမြင်ရဘဲ နောက်ဖေး မီးဖိုချောင်က လှမ်းပြော
သော ဒေါ်ခင်ခင်ကြီးအသံကို ကြားလိုက်ရ၍ သူ ပြုံးလိုက်သည်။

"ကျောင်း မသွားဘူးလား နဂိုယဉ်"

"ဒီနေ့ ကျူရှင်ရော ကျောင်းရော ပိတ်တယ် ဦးခွန်ရဲ့"

"ဟုတ်လား … ဒါတွေက ဘာတွေလဲ"

အိမ်ရှေ့ဧည့်ခန်းစားပွဲမှာ ပုံ့ကျဲနေသော စာရွက်စာအုပ်များ
ကို မေးလိုက်တော့ ဆိုဖာထိုင်ခုံပေါ်က စာရွက်တွေကို နဂိုယဉ်
ကမန်းကတမ်းကောက်သိမ်းသည်။

"စာမေးပွဲအတွက် လေ့ကျင့်နေတဲ့ မေးခွန်းဟောင်းတွေ
ပါ ဦးခွန်"

"စာကတော့ အတန်းထဲမှာ အမြဲ အဆင့်တစ်ရတာချည်း
ပါပဲကွယ်၊ အဘွားက အလိုလိုက်ထားတော့ အိမ်မှာဆို သူစိတ်
သူ့သဘောကျနေတာလေးတစ်ခုပဲ ခွင့်လွှတ်ထားရတယ်"

"သံပရာရည်လေး သောက်လိုက်ပါဦး မောင်ရာဇာ
နေ့လယ်စာ မစားရသေးရင်တော့ အန်တီတို့ မြေးအဘွားနဲ့အတူ
ထမင်းစားပါလို့ ဖိတ်ခေါ်ပါတယ်"

"အန်တီတို့ စားသလို စားနိုင်ရင်ပေါ့ကွယ်"

"ဦးခွန်က ဘာလို့ မစားနိုင်ရမှာလဲ ဘွားရဲ့၊ အိမ်မှာချက်တဲ့
ဘွားဟင်းတွေ ဒီလောက်ကောင်းနေတာကို"

"ကောင်းရင်လည်း စားရတာပေါ့ဗျာ"

ခပ်ပြုံးပြုံးပြောလိုက်သော ခွန်ရာဇာစကားကြောင့် ဒေါ်ခင်
ခင်ကြီးမှာ အားတုံ့အားနာဟန်ဖြင့် ခွန်ရာဇာမျက်နှာကို တစ်ချက်
လှမ်းကြည့်သည်။

"ဟိုတယ်ဟင်းမျိုးတော့ မဟုတ်ဘူးပေါ့ကွယ်၊ အိမ်ချက်
အိတ်ရာ တို့တို့ထွာထွာ မြန်မာထမင်းဟင်းလေးတွေပါ"

"အန်တီခင့်လက်ရာ အိမ်ထမင်းဟင်း မစားရတာ ဘယ်
လောက်ကြာပြီလဲဗျာ၊ ကျွန်တော့်အတွက် မေမေ့ဟင်းလက်ရာကို
ဘွဲ့လူဆိုလို့ အန်တီတစ်ယောက်ထဲ ရှိတာပါ"

"ဒီလိုဆို အန်တီအခုပဲ ထမင်းပွဲပြင်လိုက်တော့မယ် နော်"

"ကောင်းပါပြီခင်ဗျာ"

ဒေါ်ခင်ခင်ကြီး ဝမ်းသာအားရ ထမင်းပွဲပြင်ရန် ထွက်သွား
သဖြင့် ဧည့်ခန်းထဲ နဂိုယဉ်နှင့် ခွန်ရာဇာ ကျန်ခဲ့သည်။

"ဘွားနောက်ကို လိုက်ပြီး ထမင်းပွဲ မပြင်ပေးဘူးလား
နဂိုယဉ်"

"ဒီမှာ အရေးကြီးတဲ့ အိမ်စာလုပ်နေလို့ ဦးခွန်ပဲ ဘွားကို
သိုက်ကူပေးလိုက်ပါနော်"

နဂိုယဉ်စကားကြောင့် ခွန်ရာဇာ မျက်ခုံးအစုံ အထက်သို့
မြင့်တက်သွားသည်။




www.burmeseclassic.com

www.burmeseclassic.com



အလိုလေး … မရွှေချောက သူ့မျက်နှာကို တစ်ချက်ပင် မော့မကြည့်ဘဲ သူမဘာသာ အိမ်စာ တကုတ်ကုတ်ရေးမှတ်နေလျက်က ခွန်ရာဇာလို လူတစ်ယောက်ကို ပြန်ခိုင်းနေပါရော့လား။

သူ့လိုလူတစ်ယောက်ကို ဒီလိုပြန်ပြောရဲသူမှာ ဒီတစ်လောကလုံး ပြေးကြည့်မှ နဂိုယဉ်ဆိုသည့် ကလေးမသာရှိသည့် အဖြစ်ကြောင့်လည်း သူ့အဖြစ်ကို သဘောကျသလို ပခုံးတွန့်လျက် တစ်ချက်မျှ ပြုံးလိုက်မိ၏။

နဂိုယဉ်နှင့်တော့ မလွယ် … ။

ကလေးပီပီ ဘာမှမစဉ်းစား … ။

သူမပြောချင်တာကို စိတ်ထဲရှိသည့်အတိုင်း ဒိုးခနဲ ဒေါ ခနဲ ဘယ်သူ့မျက်နှာမှမကြည့်ဘဲ ပြောချပစ်တတ်သည်။

"ကောင်းပါပြီဗျာ ကျုပ်ကိုယ်တိုင်လည်း အားနေတော့ သွားကူဆိုလည်း ကူရမှာပေါ့"

တကယ်ပင် ခွန်ရာဇာ နောက်ဖေးမီးဖိုချောင်မှာ တစ် ယောက်တည်း ထမင်းပွဲပြင်နေသည့် အန်တီခင်ရှိရာ လျှောက် သည်။

"ဟင်းနံ့လေးက မွှေးလို့ပါလား အန်တီခင်၊ ကျွန်တော့် အကြိုက် ဝက်သားဟင်းလေးချက်များလားဗျာ"





ထမင်းပွဲပြင်နေရာမှ ခွန်ရာဇာအသံကြားသဖြင့် ဒေါ်ခင်ခင် ကြီးလန့်သွားသည်။

"ဟုတ်တယ်ကွယ့် … ဝက်သားဟင်းလေးချက်ပဲ၊ ဒါနဲ့ အထိအောင်လာတာ ဘာများလိုချင်လို့လဲကွယ်"

မီးဖိုချောင်အထိ ရောက်လာသော ခွန်ရာဇာကို အလွန် …ာဟန်ဖြင့် ပျာပျာသလဲ မေးလာသော အန်တီခင်စိတ်သဘောကို …လည်စွာ အနူးညွတ် အသိမ်မွေ့ဆုံး ပြုံးလိုက်သည်။

"ဘာမှ မလိုချင်ပါဘူးဗျာ၊ အန်တီတစ်ယောက်တည်း …င်းပွဲ ပြင်နေမှန်းသိလို့ ကျွန်တော် လာကူတာပါ"

"အိုကွယ် …ဒီလောက်လေးတော့ အန်တီ အားလုံး …နိုင်ပါတယ်၊ အိမ်ရှေ့ဧည့်ခန်းမှာသာ အေးအေးထိုင်နေစမ်းပါ …ယ်"

"ဒီဟင်းပွဲလေး နွေးပြီးရင် ပြီးပါပြီ"

"ဘာဟင်းလဲ အန်တီခင်"

"နဂိုယဉ်အကြိုက် ငါးသလောက်ပေါင်းလေးပါ"

"သြော် …သြော်"

ဟင်းအိုးရှိရာကို စိတ်ဝင်တစားမေးနေသည့် ခွန်ရာဇာကို …ကာ ဒေါ်ခင်ခင်ကြီး ဘာပြောလို့ ဘာလုပ်ရမှန်းမသိ ဝမ်းသာ …ည်း အားတုန့်အားနာဖြစ်နေရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာလို မြို့မျက်နှာဖုံး နာမည်ကြီးသူဌေးတစ်ယောက်က သူတို့မြေးအဘွား၏ အရေးမပါလှသော ထမင်းဟင်းများကို စိတ်ဝင်စားသော အမူအရာ၊ အလေးထားသော မျက်နှာထားဖြင့် ဘာဟိတ်ဟန်၊ ဘာမာန်မာနမှ မထားဘဲ အရောတဝင် တရင်းတနှီး နွေးထွေးစွာ တကယ့်မိသားစုလို နေလာခဲ့သည်မှာ အခုမှမဟုတ်။

"ဒီဟင်းလေး ကျွန်တော် မြည်းကြည့်ဦးမှပဲ အန်တီခင်"

"မြည်းပါကွယ်...မြည်းပါ၊ ဒါမှ ဟင်းအရသာ အဖေ့အငန် သိရမှာမဟုတ်လားကွယ်"

"အရသာ သိချင်တာထက် ဟင်းနံ့လေးမွှေးနေတော့ စားကြည့်ချင်တာပါဗျာ"

ခွန်ရာဇာက ပြောပြောဆိုဆို ဂက်စ်မီးဖိုတွင် ပွက်ပွက်ဆူနေသော ဟင်းအိုးထဲမှ ဟင်းရည်အနည်းငယ်ကို ခပ်ယူ မြည်းစမ်းကြည့်သည်။

"အင်း ... ချိုစိမ့်နေတာပါပဲလားဗျာ၊ အန်တီ့လက်ရာက ကျွန်တော့်လျှာမှာ စွဲနေတာ ဒါကြောင့်ဖြစ်မယ်"

ခွန်ရာဇာစကားကြောင့် နဂိုယဉ်ဘွားဘွားမျက်နှာမှာ ပီတိဝေဖြာသွားသည်။

ထမင်းပွဲမှာ အချီအချ စကားဆိုလိုက်၊ စားလိုက်၊ သောက်လိုက် လုပ်နေကြသူတွေထဲမှာ နဂိုယဉ်မပါ။ သူမ ဘာသာထမင်းဟင်းတွေကို စိတ်ပါလက်ပါ မြိန်ယှက်စွာ စားသောက်နေရာဖြင့် သူမအဘွားနှင့် ခွန်ရာဇာတို့ ပြောစကားများ ဘာတစ်ခုမှ နားထဲမရောက်။

ဒီကြားထဲ ဟင်းချိုရေခပ်သောက်တော့ သီးချင်သေးသည်။

"ဖြည်းဖြည်းစားမှပေါ့ မြေးလေးရဲ့၊ လူကြီးလူကောင်းတွေကို နောက်က ကျားလိုက်သလို မစားရ မသောက်ရဘူး"

"အိမ်စာတွေ မပြီးသေးလို့ပါ ဘွားရဲ့"

ဆင်ခြေအဆင်သင့်ရှိနေတတ်သော နဂိုယဉ်ကို ဘွားက ခွန်ရာဇာရှိနေသဖြင့် ဤမျှလောက်နှင့် ရပ်လိုက်ပါသည်။ အချိုပွဲကျတော့ နဂိုယဉ် မပြီးသေးသော အိမ်စာတွေလုပ်ရင်း မျက်လုံးက စာအုပ်ကမခွာဘဲ စားပွဲပေါ်က အသီးအနှံနှင့် မုန့်မျိုးစုံကို လှမ်းဆွဲယူကာ ပါးစပ်ထဲထည့်သည်။

တစ်ကြိမ်မှာတော့ နဂိုယဉ်လက်က လိုရာမရောက်။ ခွန်ရာဇာလက်ကို သွားဆွဲမရုံမက ခွန်ရာဇာလက်မှာ ကိုင်ထားသော သီးစိပ်ကိုပင် ခပ်တည်တည်ဆွဲယူ၍ သူမပါးစပ်ထဲ ထည့်လိုက်သည်။

ခွန်ရာဇာက နဂိုယဉ်အဘွားနှင့် စကားပြောမပျက်သော်လည်း နဂိုယဉ်၏ ဘွားအကြီးမှာ မြေးဖြစ်သူ နဂိုယဉ်လုပ်သမျှကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်အလိုမကျစွာကြည့်ရင်း ခွန်ရာဇာရှေ့မှာ ပြောဆိုရခက်စွာ မျက်နှာ တပင့်ပင့်နှင့် ရှိနေသည်။

ဒါကို ခွန်ရာဇာကလည်း မြင်သည်။

သူ့ကို အားနာနေမှန်းလည်း သိသည်။

ဒီတော့ နဂိုယဉ်လည်း အခုမခံရအောင်၊ ဘွားအေကြီး လည်း အနေရမခက်အောင် စကားကို အမျှင်မပြတ်ပြောရင်း နဂိုယဉ် လက်ဖြူလေး မုန့်ပွဲရှိရာသို့ စမ်းတဝါးဝါးမြောက်မြောက်တက်... တိုင်း နဂိုယဉ်ဘွားအေကြီးနှင့် စကားပြောမပျက် သူမလက်က... ထဲသို့ မုန့်တစ်ခုပြီးတစ်ခု အလိုက်သင့် ထည့်ပေးခြင်းဖြင့် ပြဿ... အားလုံး ဖြေရှင်းပြီးသားဖြစ်သွားသည်။

ရှိသမျှ မုန့်လည်းအကုန်၊ နဂိုယဉ်လည်း အစားရပ်သွား... ခွန်ရာဇာ သူ့လက်ကို လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။

"ဒါနဲ့ ... စကားမစပ်၊ မောင်ခွန်ရာဇာ မိန်းကလေးတ... ယောက်နဲ့ လက်ထပ်တော့မလို့ဆို"

"ဒီလိုသတင်းတွေပဲ လူတွေက စိတ်ဝင်စားကြ... မဟုတ်လား အန်တီခင်၊ လက်မထပ်ရသေးတဲ့ လူလွတ်တစ်ယော... ယောက်ဆိုရင် ဟိုမိန်းကလေး ဒီမိန်းကလေးနဲ့ ဘာလိုလို ညာ... လို ပြောကြ ရေးကြတယ်"





"လက်ထပ်ပြီးသားကျပြန်တော့လည်း အခုပဲ ကွဲတော့ ...တော့ကြတော့မလိုလို၊ နောက်ထပ် အသစ်တွေ့ပြီ ဘာညာနဲ့ ...တွေပြောပြီး သတင်းဖလှယ် အတင်းဖလှယ်လုပ်ကြတာ ကျွန်တော်တို့ အသိုင်းအဝိုင်းရဲ့ ယဉ်ကျေးမှုပဲ ထင်ပါရဲ့ဗျာ"

"မောင်ရာဇာကိုယ်တိုင်ကလည်း ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီ ...ကိုးကွယ်၊ လူအများ စိတ်ဝင်စားခံရတဲ့လူဆိုတော့လည်း ဒီလို အပြောအဆိုက ထွက်ချင်တိုင်း ဘယ်ရပ့်မလဲ"

"ဟိုတစ်ခါက တွဲတဲ့ ရုပ်ရှင်မင်းသမီးလေးဆိုတာလား"

"မဟုတ်ရပါဘူးဗျာ ... အဲဒါ မိတ်ဆွေပါ"

"ဒါဖြင့် ... နာမည်ကြီး ဘရားသားစိန်တိုက်က ဆိုတာ ...လေးရော"

"ဝတီထင်တယ်၊ လောလောဆယ်တော့ ကျွန်တော့်မှာ ...ပဲ အဖော်လုပ်နေရတယ် ဆိုပါတော့ဗျာ"

ပြောပြီး ခွန်ရာဇာ တစ်ချက်ရယ်လိုက်သည်။ ဒီလောက ...တ်ဝန်းကျင်မှာ စီးပွားရေးပြီးလျှင် ဒုတိယလူမှုရေး အရှုပ်အထွေး ...များ ရှိနေမှ ခွန်ရာဇာတို့ အသိုင်းအဝိုင်းက ခေတ်မီသလိုဖြစ်နေ ...သည်။

"ဝတီတဲ့လား၊ နာမည်ကိုသာ လူနဲ့ မတွဲမိတာ၊ လူကို ...တော့ အန်တီခင် မြင်ဖူးတယ်၊ လှတာတော့ တော်တော်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကွယ်၊ မောင်ရာဇာအတွက် အိမ်ထောင်ဘက်ရွေးမယ် ဆိုရင်လည်း ဖြစ်နိုင်တဲ့သူလေးပါ"

"အားလုံးက ကျွန်တော့်ကို ဒီလိုပဲ ပြောကြတာပဲဗျား ကျွန်တော့်အသက်အရွယ်အရ အိမ်ထောင်တစ်ခုကို မဖြစ်မနေ ထူ ထောင်သင့်ပြီလို့ ဦးဦးအောင်ကလည်း အမြဲပြောတယ်"

"ဒါပေါ့ကွဲ့… ကိုယ့်အတွက် အမွေဆက်ခံမယ့် သား ထောက် သမီးခံဆိုတာလည်း ရှိကိုရှိမှ မဟုတ်လား"

"သိပ်မှန်တာပေါ့ဗျာ၊ ဒါကြောင့်လည်း မဖြစ်မနေ အိမ် ထောင်တစ်ခု တည်ထောင်မယ်လို့ စဉ်းစားဆုံးဖြတ်နေပါတယ်"

တကယ်လည်း ခွန်ရာဇာအတွက် အနေးနှင့်အမြန်ဆိုသလို အိမ်ထောင်ပြုရန် လိုအပ်ပါသည်။ သူ့တွင် ကျန်ရစ်သော မိဘဘိုး ဘွားပိုင် ပစ္စည်းဥစ္စာတွေနှင့် ကိုယ်ပိုင်ရှာဖွေထားသော စီးပွားရေး လုပ်ငန်းများအတွက် အမွေဆက်ခံမည့်သူတစ်ယောက် မရှိမဖြစ် လိုအပ်နေသောကြောင့် ဖြစ်သည်။

"ကဲ … ကျွန်တော်လည်း ပြန်ဦးမှပဲ၊ ညစာအတွက် ကြီးခင်တို့ မြေးအဘွားကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ"

"အန်တီခင်တို့ကသာ မောင်ရာဇာ အခုလို မကြာခဏ အိမ်လာလည်တာကိုပဲ ကျေးဇူးတင်ရတာပါကွယ်"





"မင်းကလွဲလို့ အန်တီတို့ မြေးအဘွားကို တခြားဘယ်လို သူကမှ ဂရုစိုက်မယ့်သူ မရှိဘူးလေ… ဟင်း …ဟင်း"

ထိုစကားမှာ နဂိုယဉ်တို့ မြေးအဘွားအတွက် အမှန်စကား ဖြစ်ကြောင်း ကောင်းစွာ နားလည်သဘောပေါက်လိုက်သဖြင့် စိတ် ကောင်းစွာ နှုတ်ဆက်၍ ပြန်ခဲ့သည်။

❖ ❖ ❖

www.burmeseclassic.com

## အခန်း (၇)

နေခြည်က ဝင်းပနေသလို ရေထဲမှာ မြူးကြွဆော့ကစား နေသော ရေသူမလေးတွေအားလုံးကလည်း ရွှေငါးလေးတွေ ဝင်းခနဲ လက်ခနဲ ဝင်းဝင်းစက်စက်။

ရေကူးဝတ်စုံပြာလဲ့လဲ့မှာ ဝါညက်ညက် အသားရည် သမျှ ဖွေးခနဲ ဖွေးခနဲ လင်းလက်သွားတာကို ကြည့်ပြီး ခွန်ရာ ပြုံးလိုက်၏။

အနီ၊ အဝါ၊ အပြာ၊ အနက် အသွေးအရောင်စုံ။ ကာလာ ရွှေငါးလေးတွေအား ထင်မှတ်ရအောင် ပလူပျံနေသော မိန်းမလှလေး များအလယ် သူ ရောက်နေခြင်းဖြစ်သည်။

သူ့ကို ဒီနေရာရောက်အောင် ခေါ်လာသူက စဝ်ဝတီ ပြာလွှင်ကြည်စင်သော ရေကူးကန်ထဲမှာ စဝ်ဝတီကိုယ်တိုင် ရွှေ ရောင် ရေသူမလှလှလေးဖြစ်နေသည်။





ဒီကြားထဲပင် တချို့ ရေသူမလှလှလေးတွေက ခွန်ရာဇာ ကို ပြုံးပြုံးကြည့်သည်။ မျက်လုံးလက်လက်လေးတွေနှင့် ညို့ယူ ကြသည်။ အကြည့်ချင်း အငြိမှာ မထိတရိ ကလိကြသည်။

ခွန်ရာဇာအနားမှာ လှပစွာ ပျံ့ဝဲတတ်သော လိပ်ပြာရောင် လေးများပမာ။ ကောက်ကြောင်းအလှတွေ ဝေ့ခနဲ ဝဲခနဲ။ ရယ်သံ လွင်လွင်လေးတွေ ချိုအီစွာ။

ကြီးတာလည်း ပါသည်။

ငယ်ရွယ်သူတွေလည်း ပါသည်။ အရွယ်လတ်လတ်တွေ လည်း မခြား။ တချို့က ခွန်ရာဇာ ဘယ်သူဘယ်ဝါမှန်း သိသူတွေ သလို တချို့က ခွန်ရာဇာ ဘယ်သူ ဘယ်ဝါမှန်း သိပုံမရ။

သို့သော် အမိုက်စား၊ အချောစား၊ အခိုက်စား ယောက်ျား ယောက်အဖြစ် ငြိချင်ကြသည်။ ကလိချင်ကြသည်။ ပြုံးနေသည့် ရာဇာက အားလုံးကို မသိသလိုလို သိသလိုလို။ မြင်သလိုလို ခြင်သလိုလို။

ဟိုမရောက် ဒီမရောက် အချိုးမကျစွာ ပြုံးနေသူကို အကဲ ချင်သူလေးတွေက ခပ်ရဲရဲ ခပ်ကဲကဲ။

"ဘယ်လိုလဲ ... ကို၊ ရွှေငါးလေးတွေ မြူးနေတာ ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နီဝါရောင် မွေးပွမျက်နှာသုတ်ပုဝါကြီး တစ်ထည်ဖြင့် ...နေသော ရွှေငါးမလေး စိဝိဝတီ…ခွန်ရာဇာနှင့် မျက်နှာချင်း...ခုံမှာ ဝင်ထိုင်ရင်း ခပ်ပြုံးပြုံးမေးလိုက်တော့ ခွန်ရာဇာမျက်နှာ ...သွားသည်။

"လုပ်ပါတယ်ဗျာ၊ ဒါပေမယ့် ဝတီလောက်တော့ မ...ထင်ပါတယ်"

ခွန်ရာဇာစကားအဆုံးမှာ စိဝိဝတီ ချစ်စရာအကောင်း...ရယ်သံနွေးနွေးဖြင့် အလွန်အချိုးကျ လှပသော ခန္ဓာကိုယ်လေး...လှုပ်ခတ်၍ သဲ့သဲ့မျှရယ်ပါသည်။

"အဟင်း … ဟင်း …ဟင်း"

"ကို့ရဲ့ ဒီလို အပြောလေးတွေကပဲ ဝတီ ကို့အနား...ဘယ်ကိုမှ မသွားနိုင်အောင် ဆွဲဆောင်ထားတာ ထင်ပါရဲ့...

"ထင်လို့ပါဗျာ"

နှုတ်ရေးလိမ်မာ၍ သူ အလိုရှိရာ ရအောင် ဆွဲဆောင်...သည့် စိဝိဝတီအသံက ကြည်သာချိုညက်သည်။ လှပသော ...ရည်နှင့် လိုက်ဖက်သော ညို့ဓာတ်ရှိသည်။

ပြုံးနေသည့် ခွန်ရာဇာမျက်နှာချောချောကို ရီဝေရွှန်းလဲ့သော...အကြည့်တစ်မျိုး စိဝိဝတီက ခပ်လဲ့လဲ့ကြည့်သည်။

"ပြန်ကြတော့မလား ကို"



"ဝတီ့သဘောပါဗျာ"

"ဝတီ့သဘောဆိုရင် ဒီနေရာလေးက မပြန်ချင်သေးဘူး ...ဒါပေမယ့် ကို့မှာ အလုပ်ကိစ္စရှိသေးတော့ ပြန်ရမှာပေါ့"

"ခဏလေး စောင့်ဦးနော် … ကို၊ ဝတီ အဝတ်လဲလိုက်...ည်"

"အိုကေ"

သွယ်နွဲ့ညွတ်ပျောင်းသော လှုပ်ရှားမှုအောက်မှာ အားလုံး...ည့်တွေ ငေးခနဲပါသွားသည်။ ဒုတိယအကြိမ် ဝတီပြန်ရောက်...သော့ ဖျားရည်ရောင်ဝတ်စုံနှင့် ဝတီကိုယ်လုံးအလှက ထင်းခနဲ။ ...ခဲ နေရာယူသည်။

"သွားစို့ …ကို"

"တူ … တူ…တူ"

"တူ … တူ … တူ"

တိုက်ဆိုင်စွာပင် ဝတီ့ဖုန်းရော ခွန်ရာဇာဖုန်းပါ အသံမြည် ...ဖြင့် နှစ်ယောက်စလုံး ဖုန်းကိုယ်စီ ဖွင့်ကာ နားထောင်လိုက်...

"ဟဲလို"

"ကလဲရာပါ … ကိုရာဇာ"

"ပြော …ကိုယ်ဘာကူညီရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ ကလဲရာထံမှ စီလွင်သော ရယ်သံချိုချို လေး ကြားရ၏။

"ကလဲရာ့ကို ကူညီရမှာကတော့ အများကြီးပဲ ကိုရာဇာ ရေ"

"ဘာတွေများလဲ ပြောပါဦး"

"ပြောမှာပါရှင်၊ ပြောချင်လို့ ဖုန်းဆက်နေရတာပဲ"

"မနက်ဖြန် ညနေပိုင်း ကိုရာဇာ အားလားဟင်"

"ကိစ္စက ..."

"ကလဲရာ မွေးနေ့ပါတီကို လာစေချင်လို့ပါ"

"လာစေချင်ရင် လာရမှာပေါ့ဗျာ"

"အိမ်ကို ဖိတ်စာပို့ထားပြီးသားနော် ကိုရာဇာ၊ သေချာ အောင် ကလဲရာကိုယ်တိုင် ဖုန်းထပ်ဆက်တာ၊ ကိုရာဇာလာမယ် လို့ သိပ်ပျော်သွားပြီ၊ လာဖြစ်အောင် လာရမယ်နော် ကိုရာဇာ"

"ကောင်းပါပြီဗျာ"

ဖုန်းပိတ်ပြီး ဝတီဘက်ကို ကြည့်လိုက်တော့ ဝတီ ဖုန်းပြောရ၍မပြီးသေး။ တစ်ဖက်က ဘာတွေပြောနေသည် မသိ လှပသော ဝတီမျက်နှာလေး ချိုအိစွာ ပြုံးလျက် မကြာခဏဆိုသလို ရယ်သံလေးတွေ ခိုးခိုးခစ်ခစ် ကြားနေသည်။

"ဒါပဲနော် ပင်စီ၊ နောက်မှ ဝတီ ဖုန်းထပ်ဆက်မယ် သိလား"

"ဘိုင့်ဘိုင်"

ခွန်ရာဇာ၏ ကားဒရိုင်ဘာက အသင့်ဖွင့်ပေးသည့် ကား နောက်ခန်း နှစ်ယောက်အတူ တက်လိုက်ကြသည်။

"ဘယ်ကို သွားချင်သေးလဲ ဝတီ"

"မသွားတော့ပါဘူး ကိုရယ်၊ အိမ်ကိုပြန်တော့မယ်"

"ဒီည ပွဲတစ်ခုရှိတယ် ဝတီလိုက်မလား"

"ဘယ်သူ့ပွဲလဲ"

"သိချင် လိုက်ကြည့်လေ"

"လျှို့ဝှက်ချက်ပေါ့ ဟုတ်လား ကို"

"ကြိုက်သလို ထင်ပါဗျာ၊ လိုက်ကြည့်ချင်တယ်ဆိုလည်း ခေါ်သွားမှာ မငြင်းပါဘူး"

ခွန်ရာဇာနှင့် ဝတီအကြည့်ချင်းဆုံသွားသည်။ လှပသော ဝတီမျက်နှာက ပြုံးနေသလို ခွန်ရာဇာ၏ တည်ကြည်ခံ့ညားသော မျက်နှာချောချောပေါ်က မျက်လုံးလက်လက်များသည်လည်း ကြင်နာစွာတဖျတ်ဖျတ် လင်းလက်စွာ ဝတီ့မျက်ဝန်းအစုံကို တုံ့ပြန် စိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတီ မလိုက်တော့ပါဘူး ကိုရယ်၊ ဒီနေ့ ဝတီနည်းနည်း ပင်ပန်းထားလို့ အိမ်မှာပဲ နားလိုက်တော့မယ် ကိုပဲ သွားလိုက်ပါ"

"ကောင်းပါပြီဗျာ"

"ကိုက သိပ်လိမ္မာတာပဲ"

"ဝတီလည်း လိမ္မာပါတယ်"

"ဝတီပြောတာ လိုက်ပြောတယ်"

နှစ်ယောက်အတူ သဘောကျစွာ ရယ်မောလိုက်သံ ချိုလွင်စွာ လေထုမှာ စီးမျောကျန်ရစ်သည်။

ဝတီတို့အိမ်ကိုရောက်တော့ ဝတီ့မိဘတွေ မရှိ။ ဝတီ့အဘွား နှင့် ခြံစောင့်၊ ထမင်းချက် အဒေါ်ကြီးနှင့် ကလေးမများ ရှိသဖြင့် ဝတီက ခွန်ရာဇာကို သူမအိမ်မှာ ကော်ဖီအတူသောက်ဖို့ ဖိတ်ခေါ်သည်။

"ဒီမှာ မထိုင်နဲ့ကို၊ အပေါ်ထပ်က ဝတီ့ဧည့်ခန်းကို သွားကြမယ်"

"ဒီမှာပဲ ကောင်းမယ်ထင်တယ်"

အောက်ထပ်ဧည့်ခန်းမှာ ရှိနေသည့် ခွန်ရာဇာ ခြေအစ တန့်ရပ်သွားချိန်မှာ ဝတီက ခွန်ရာဇာလက်မောင်းတစ်ဖက်ကို ဆွဲ ခေါ်ငင်သည်။

"လာစမ်းပါ ကိုရယ်၊ ကို့အတွက် ကော်ဖီတစ်ခွက်တော့ ဝတီကိုယ်တိုင် ဖျော်တိုက်နိုင်ပါသေးနယ်"

"ဟေး ...နေဦး"

ဝတီက ခွန်ရာဇာလက်မောင်းတစ်ဖက်ကို ပိုင်ပိုင်ဆွဲကိုင် ကြီးမားကျယ်ဝန်း၍ လှပခမ်းနားသော အိမ်ကြီးအပေါ်ထပ်သို့ ခေါ်လာ၏။

ဝတီ့အိမ်ကို လာလည်ဘူးသော်လည်း အခုလို တစ်ခါမှ အိမ်ကြီးအပေါ်ထပ်သို့ မရောက်ဖူးပါ။ ဤတစ်ကြိမ်သာ ဝတီ ခေါ်၍ ပါလာရခြင်းဖြစ်သည့်အတိုင်း ငြင်းဆန်၍မရဘဲ ဖြစ်နေ၏။

"ဝတီ့အဘွားရော"

"ဘွားက ဟိုးအနောက်ဘက် အဆောင်လေးမှာ၊ ဘာလဲ ဘွားနဲ့တွေ့မှာစိုးလို့လား"

"မဟုတ်ရပါဘူးဗျာ"

"ဝတီတော့ မယုံပါဘူးနော်"

"ခစ် ...ခစ်"

လှပသော ရွှေငါးမလေးက ရှေ့မှာမမြူးဘဲ လေမှာမြူးစွာ ခစ်ခစ်ရယ်နေသဖြင့် ခွန်ရာဇာမျက်နှာလည်း ပြုံးမြမြ။ လှပစွာ နေသူကို ပြန်ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ကို၊ ဝတီ မလှဘူးလား"

"လှပါတယ်ဗျာ"

ဝေ့ဝဲလှည့်လည်သွားသည့် ဝတီကိုယ်လေးကို ကြည့် ဝတီ့အမေးကို ခွန်ရာဇာဖြေပါသည်။ သို့သော်လည်း ထိုအဖြေ ဝတီမကျေနပ်ပါ။

ဤမျှတင့်တယ် လှပချောမော၍ ချမ်းသာပြည့်စုံကြွယ် သော ဝတီလို မိန်းမလှလေးကို ခွန်ရာဇာလို လူတစ်ယောက် တမ်းတမ်းစွဲ ဖြစ်နေစေချင်ပေမယ့် ခွန်ရာဇာက ဝတီ မျှော်လင့်သ တစ်ခုမှဖြစ်မလာ။

ဝတီနှင့် လူသိရှင်ကြား တွဲသွားတွဲလာနေပေမယ့် အ ချိန်ထိ ဝတီ့ကိုလက်ထပ်ခွင့် မတောင်းသေး။ ဝတီအလှနှင့် ခွန်ရာ ကို ချုပ်ကိုင်လွှမ်းမိုးခြင်း မပြုနိုင်တာကိုက ဝတီညံ့လို့ဟု ဆိုရ ဖြစ်နေ၏။ ဒါကိုလည်း ဝတီ သဘောမတွေ့။

ခွန်ရာဇာမှတစ်ပါး အခြားသော ယောကျ်ားများစွာသည် သာလျှင် ဝတီ့အလှမှာ ညွတ်စင်းဝပ်တွား ခစားလိုကြသူတွေချည်း ဖြစ်ပါလျက် ခွန်ရာဇာကျမှ ဝတီ့အလှအပတွေအားလုံး တန်ဖိုးလျော့ သွားသလို ဖြစ်နေသည်။

ခွန်ရာဇာ၏ ပြည့်စုံချမ်းသာကြွယ်ဝမှုအပေါင်းကို လက် လွှတ်မခံနိုင်၍သာ ခွန်ရာဇာဘက်က အေးတိအေးစက် လုပ်နေသ





သန်ဆောင် အရယ်အမောမပျက် နေရသော်လည်း ဝတီစိတ်ရင်း နှင့် ဝတီ့နှလုံးသား အလိုအရမှု ခွန်ရာဇာအပေါ်မှာ သိပ်အာရုံ ။

ဝတီ့နှလုံးသား ဝတီ့အာရုံကို စိုးမိုးနိုင်သူမှာ တစ်ယောက် သာ။ ထိုသူက တစ်ခြားသူ မဟုတ်။ ဝတီ့ချစ်သူ ‥ ဈာန် သည်။

ဈာန်နှင့်ဆိုလျှင် ဝတီ့နှလုံးသားတွေ မြူးနေသည်။ လူးနေ သည်။ ပျော်လည်း ပျော်သည်။ သို့သော် ထိုအပျော်မှာ ကြာရှည် ။

ဈာန်ကို ချစ်ပင်ချစ်ငြားသော်လည်း ဈာန်မှာ ဝတီလိုချင်တာ ခွန်ရာဇာနှင့် နှိုင်း၍မရ။ ဝတီ့မိဘတွေကလည်း သူတို့၏ ဦးတည်းသောသမီးလေးကို ခွန်ရာဇာလိုလူနှင့်သာ သဘော သည်။

ဝတီကိုယ်တိုင်ကလည်း ထိုအဆိုကို လက်ခံသည်။ ဝတီ ထပ်မည့်သူမှာ ခွန်ရာဇာသာဖြစ်ရမည်။ ဖြစ်အောင်လည်း ကြိုး သာရှိသည်။ ဝတီ နှုတ်ခမ်းရဲရဲလေးထက်မှာ အလှဆုံးအပြုံး ခု ပေါ်လာ၏။

"ကို"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ် .. ကိုရယ်"

"ဝတီ"

ခွန်ရာဇာရင်ခွင်ထဲ ဝတီရောက်သွားသည်။ လှပသော မျက်နှာလေးထက် နွေးထွေးသော ချစ်အနမ်းတို့ ကျရောက်လာသော်လည်း ဝတီ့ကို ချစ်သလားဟု ခွန်ရာဇာကို ဝတီမေးမြန်းခြင်း မပြုပါ။

မချစ်နိုင်ပါ။ မဖြစ်နိုင်ပါဆိုသည့် ခွန်ရာဇာထံမှအဖြေ စကားကို ဝတီမကြားလိုသောကြောင့် ဖြစ်သည်။

ဝတီစိတ်ထဲကတော့ ခွန်ရာဇာ ဝတီ့ကိုချစ်ပါစေ၊ လက်ထပ်ခွင့် အမြန်ဆုံးတောင်းပါစေဟု ကျိတ်ဆုတောင်းနေပါသော်လည်း ထိုဆုတောင်းက မပြည့်။

နွေးထွေးစွာ လှိုက်ဖြာလာသော သက်ပြင်းရှိုက်သံများ ကြားမှာ ခွန်ရာဇာခန္ဓာကိုယ်ကြီးကိုသာ သူမ လက်ကလေးများနှင့် အတင်းကျပ်ဆုံး ဖက်တွယ်ထားမိ၏။

❖ ❖ ❖



# အခန်း (၈)

ကလဲရာ၏ မွေးနေ့က လှပသော ပန်းဥယျာဉ်ကြီးအတွင်း [...]ရောင်စုံ အသွေးစုံ လိပ်ပြာများ စိတ်ရှိသလောက် မြူးထူးပျံဝဲနေ[...] ပွဲဖြစ်သည်။ ရောင်စုံမီးလုံးများနှင့်အပြိုင် မြူးကြွသော တေး[...]ရေသတစ်မျိုးကလည်း ဆွဲဆောင်အားကောင်းသော တေးသွားနှင့် [...] ရယ်သံတွေ စီလွှင်နေ၏။

ခွန်ရာဇာ ရောက်သွားချိန်မှာ မွေးနေ့ရှင် ကလဲရာက [...]ဆုံး ဖြစ်သွားသည်။ အားလုံး၏ အကြည့်တွေမှာလည်း [...]င်ကြီးခြင်း၊ အားကျခြင်းတွေနှင့် ကလဲရာက ခွန်ရာဇာအနားက [...] လှပသည့် ကလဲရာမျက်နှာလေး ပြုံးနေသလို ခွန်ရာဇာမျက်နှာ [...]သည်လည်း အပြုံးတို့ဖြင့် ဝင့်ထယ်တောက်ပလျက်။

ကလဲရာ သူ့အနားက ထွက်သွားချိန်မှာ ခွန်ရာဇာပခုံးကို [...]ယောက် လာထိသဖြင့် အသာလှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဦးအောင်ပါလား"

"ဟုတ်ပါ့ဗျာ"

ပြုံးနေသည့် မျက်နှာဖြင့် ဦးဦးအောင်က ခေါင်းညိတ်သည်။ အသွေးအရောင်စုံ ဆယ်ကျော်သက်အရွယ်ခပ်ကဲကဲ လူငယ်အုပ်ထဲမှာ ဦးဦးအောင်ကို သူ့မူ သူ့ပုံစံအတိုင်း သားနားသပ်ရပ်စွာ တွေ့လိုက်ရခြင်းက ခွန်ရာဇာ အံ့သြသွား၏။

"ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ ဦးဦးအောင်"

"မင်းရောက်သလို ငါလည်း ရောက်တာပေါ့ ခွန်ရာဇာ"

ဒီတစ်ခါ ပြုံးရသူက ခွန်ရာဇာ။

"မိန်းမလေးတွေ ရှိတဲ့နေရာမှာ ဦးဦးအောင်ရှိတာ အံ့မဆန်းပါဘူးကွာ၊ အသက်ကြီးပေမယ့် မင်းဦးလေးက မပျော့သေးပါဘူးကွ"

ဦးဦးအောင်မျက်နှာက ခပ်ပြုံးပြုံး။ တူဝရီးနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက်သဘောကျစွာ ကြည့်နေမိ။

"ဦး ...လာပါဦး၊ ဒီမှာ သမီးသူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးချင်လို့"

"ကောင်းပါပြီဗျာ...ကဲ ... ခွင့်ပြုဦး"

မိန်းမလှတစ်ယောက်က ဦးဦးအောင်လက်မောင်းတစ်ဖက်ကို ပိုင်နိုင်စွာ ဆွဲခေါ်သွားပုံကို ခွန်ရာဇာ တစ်ချက်မျှရယ်လိုက်မိ



ချိန်ထိ ဦးဦးအောင်က ကိုဖိုးစွံဘွဲ့ပိုင်ဆိုင်ထားပုံကို သဘောကျ မိ၏။ လူရှင်းသည့် စားပွဲမှာထိုင်ပြီး ကလဲရာမွေးနေ့ပွဲကို ဝိုင်တစ်ခွက်ချင်းသောက်ရင်း သူ ငေးနေမိသည်။

အားလုံး ကိုယ့်အုပ်စုနှင့်ကိုယ် ပျော်နေကြသည်။ မော်နေကြသည်။ လူငယ်လေးတွေသာ မဟုတ်။ ခွန်ရာဇာဦးလေး ဦးဦးအောင်ကိုယ်တိုင်သည်ပင်လျှင် ကလဲရာလို မိန်းမလှလေး၏ မွေးနေ့မှာ ရယ်မောပျော်ရွှင်နေနိုင်သေးလျှင် ခွန်ရာဇာလိုလူမှာ ဘာအတွက် မရယ်မော မပျော်ရွှင်နိုင်ရမည်နည်း။

ဤမေးခွန်းက စိတ်ဝင်စားစရာကောင်းသည်။ ဦးဦးအောင်ကိုယ်တိုင်က ခွန်ရာဇာကို စိတ်ပျက်ညည်းငွေ့နေသူအဖြစ် ဘာကြောင့်မြင်သနည်း။

ဦးဦးအောင် ပျော်သလို ခွန်ရာဇာလည်း စိတ်ပါလက်ပါ လိုက်လိုက်လဲ့လဲ့ ပျော်ချင်ပါလျက် ပျော်၍မရ။

ရိုးအီနေသော လူမှုဝန်းကျင်ထဲမှာ ခွန်ရာဇာမြင်တွေ့နေသမျှ မြင်ကွင်းအားလုံး သူ့အတွက် ဘာဆိုဘာမှ မထူးခြား။ ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်သော လူမှုဝန်းကျင် အသိုင်းအဝိုင်းထဲ အလိုက်သင့်စီးမျော လှုပ်ရှားနေရသော သူ့အဖြစ်ထက် ဆိုး။

စိတ်ထဲကမပါဘဲ ပြုံးရယ်ရ၏။ လိုက်လဲ့ပြရသည်။ ရင်းနှီးသွားမှမျိုး စိတ်ပါဝင်စားဟန်ဆောင်ပေးရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါသည်ပင် လူမှုဝန်းကျင်၏ ပေါင်းသင်းဆက်ဆံရေး ... ဝတ်ဆိုင်ရာ ယဉ်ကျေးမှုဖြစ်သည်။

ထိုယဉ်ကျေးမှုအတိုင်း ခွန်ရာဇာကိုယ်တိုင် နေသားတ... စီးမျောလာခဲ့သည်မှာလည်း အခုမှမဟုတ်ပါ။ ခွန်ရာဇာ သက်... တစ်လျှောက်လုံးဖြစ်သည်။

သူကိုယ်တိုင် ငယ်စဉ်ကလေးဘဝတည်းက အရေးပါအ... ရောက်သော မိသားစုကြီးတစ်ခု၏ စီးပွားရေးလုပ်ငန်းကို အမွေ... ခံမည့် လူသားတစ်ယောက်အဖြစ် ခမ်းနားကြီးကျယ်ခြင်းများ...

ဦးညွှတ်အလေးပေးခံရသူအဖြစ် အရွယ်ရောက်ကြီး... လာခဲ့ရသူအဖြစ် နေသားကျခဲ့သည်။

အိမ်ရှင်ဝတ္တရား၏ တာဝန်ကို တတ်သိနားလည်သ... ဧည့်သည်တစ်ယောက်၏ လူမှုစည်းကမ်းပိုင်းကိုလည်းလေး... သည်။ မွေးနေ့ကိတ်ကို ကလဲရာကိုယ်တိုင် လှီးဖြတ်ချိန်မှာ လက်... သံတွေ ဆူညံသွားသည်။

ကလဲရာ ပထမဆုံး မွေးနေ့ကိတ်ပေးခံရသူက ခွန်ရာ... ဒုတိယအကြိမ် လက်ခုပ်သံတွေ သောသောညံသွားသည်။ လူ... တွေ ပျော်သည့်ပွဲမို့ တေးဂီတသံ၊ သီချင်းသံတွေ မြိုင်နေသ...

ခွန်ရာဇာအနားကို ဦးဦးအောင် ရောက်လာ၏။ မျက်... ချောချောက ခပ်ပြုံးပြုံး။ ရောင်စုံမီးပွန်မီးအောက်မှာ ဦးဦးအော... အဖြူရောင် အနောက်တိုင်းဝတ်စုံက ဝင့်ထည်နေသလို ချော...





... အရွယ်ငယ်ငယ် မိန်းမလှလေးတွေအလယ်မှာ ဦးဦးအောင် ... ရေပန်းစားနေသည်။

"ဘယ်လိုလဲကွ ခွန်ရာဇာ၊ မင်းတို့နှစ်ယောက်က တစ်... တက်တခြားစီပဲလား၊ ကိုယ့်အတွဲနဲ့ ကိုယ် လာတာဆိုရင်တော့ ...ပြောလိုပါဘူး၊ မင်းနဲ့အတူလာပြီးမှ တခြားတစ်ယောက်နဲ့ တွဲ ...ဆိုရင်တော့ နည်းနည်းပြောစရာရှိသလိုပဲ"

"ဘာပြောစရာရှိတာလဲ ဦးဦးအောင်၊ ကျွန်တော်က ...သူနဲ့မှ အတူတူမလာဘူးဗျာ၊ ဒီပွဲကို ကျွန်တော် တစ်ယောက် ...တည်းလာတာ"

"သေချာတယ်နော်"

"သိပ်သေချာတာပေါ့ဗျာ၊ ဦးဦးအောင် ဘယ်သူ့ကို တွေ့ ...လို့လဲ"

ခွန်ရာဇာအမေးကို ဦးဦးအောင် မဖြေဘဲ ပခုံးနှစ်ဘက်ကို ...ရှာ တွန့်ပြလိုက်တာ မြင်သည်။

"မင်း မသိဘူးပေါ့"

"ကျွန်တော်က ဘာကို သိရမှာလဲ ဦးဦးအောင်"

"ငါ့တူလုပ်နေပြီး မင်းက တယ်တုံး တယ်အတာကိုး ...၊ ဒီပွဲမှာ မင်းဝတီ ရောက်နေတယ်ကွ"

"ဝတီ ...ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ၊ ဒါပေမယ့် သူတစ်ယောက်တည်းတော
မဟုတ်ဘူး ကိုယ့်လူ၊ သူ့မှာလည်း တခြားကောင် တစ်ကော
ပါလာသေးတယ်"

"ကောင်းတာပေါ့ဗျာ"

ဝတီနှင့်ပတ်သက်ပြီး ဘာခံစားချက်မှ မရှိသူပီပီ ဦးဦး
အောင်စကားကို အလွယ်တကူပင် ရယ်မောတုံ့ပြန်မိပေမယ့်
စကားကို ဦးဦးအောင်က သဘောမကျ။

"မင်းပြောတာ မှန်သင့်သလောက်ပဲ မှန်တယ် ခွန်ရာဇ
ဝတီနဲ့ပတ်သက်ပြီး မင်းမှာ ဘာခံစားချက်မှ မရှိဘူးဆိုတာလည်
ငါသိတယ်"

"ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲ ဦးဦးအောင်"

"အနေအထားက မတူဘူးကွ၊ မင်းလိုလူတစ်ယော
ရှိရက်နဲ့ သူက တခြားတစ်ယောက်နဲ့ အပြိုင်တွဲကာ မင်းဂုဏ်သိ
ကို ထိခိုက်တယ်"

ဦးဦးအောင် စကားအဆုံးမှာ ခွန်ရာဇာ မျက်ခုံးတွန့်သွ
သည်။ ဦးဦးအောင်ပြောသည့်စကား မှန်နေ၍ပါ။ ဝတီလို မိန်းမ
လေးတွေ ခွန်ရာဇာအနားမှာ ဝိုင်းလည်နေပြီးသားဆိုတော့ ဝတီ
အနားက ထွက်သွားလို့လည်း ဘာမှမထူး။





ဝတီ့အချစ်ကို မရရင် မနေနိုင်သူတွေထဲ ခွန်ရာဇာ မပါ။

"တစ်ခါတည်း အပြတ်ဖြတ်လိုက်မယ်ဗျာ ဦးဦးအောင်"

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ မင်းလိုလူတစ်
ယောက်က ဘာအပြစ်မှမရှိတဲ့ မိန်းကလေးတစ်ယောက်ကို
အကြောင်းပြချက်မရှိဘဲ အဆက်ဖြတ်လိုက်ရင် ဘေးလူတွေအမြင်မှာ
သိပ်ရက်စက် ရင့်သီးလွန်းတယ် ထင်မှာပေါ့ကွ"

"အကြောင်းပြချက်က ရှိနေသားပဲဗျာ၊ သူ့အနားမှာ
တခြားတစ်ကောင် ပါလာတာ၊ ကျွန်တော့်ကို ရက်စက်ရင့်သီး
တယ်ဆိုနိုင်သလား"

ပြောရင်း ခွန်ရာဇာ ဒေါသဖြစ်လာသည်။

ဝတီ့ဘက်က ဒီလိုအချိုးမျိုး ချိုးခဲ့တာ ဒါ ပထမအကြိမ်
ဖြတ်တော့။ အကြောင်းပြချက်အမျိုးမျိုးနှင့် တခြားတစ်ယောက်
နှင့် တွဲနေမှန်း သူ သိနေတာ ကြာပေမယ့် ဝတီ့ကိစ္စကို သူနှင့်မဆိုင်
သလိုနေခဲ့သည်။

"ကြာတယ်ဗျာ .. သူတို့စုံတွဲ ဘယ်မှာလဲ၊ အခုပဲ ကျွန်
တော် သွားရှင်းလိုက်မယ်"

"သိပ်ပြီး ဆန္ဒမစောစမ်းပါနဲ့ဦးလေ၊ ဒါမျိုးကိစ္စဆိုတာ
သေသေချာချာ အယဉ်ကျေး အသိမ်မွေ့ဆုံးနည်းကို သုံးပြီးဖြေရှင်း
ရမှာမျိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"အထူးသဖြင့် မင်းလို ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ယောက်အတွက် ပိုအရေးကြီးတယ်ကွ …နားလည်လား"

"စိတ်ကို အေးအေးထားစမ်းပါ၊ လာ …ဒီမှာ ငါနဲ့ အတူထိုင်ပြီး အအေးလေး ဘာလေးသောက်ဦး"

"မသောက်ချင်ဘူးဗျာ"

"မသောက်လည်း ထိုင်ဦးကွ၊ အေးအေးဆေးဆေး စကား ပြောရတာပေါ့"

ဦးဦးအောင်အစီအစဉ်နှင့် ခြံထောင့်အစွန်ဆုံးခုံမှာ အတူထိုင် ဖြစ်တော့ ဦးဦးအောင်က ခွန်ရာဇာပခုံးကို လက်တစ်ဖက်ဖြင့် ဖွဖွထိလျက် ပြုံးကြည့်သည်။

ဦးဦးအောင် အမူအယာက အေးဆေးစွာ သက်တောင့်သက် သာရှိသလောက် ခွန်ရာဇာမျက်နှာမှာ မခံချင်စိတ်ဖြင့် စိတ်ရှုပ်သည် ဖြစ်နေ၏။

"မင်းက လူတော်တစ်ယောက်ပဲ ခွန်ရာဇာ၊ စီးပွားရေး လောကမှာ မင်းကို လိုက်မီတဲ့လူ မရှိပေမယ့် လူမှုရေးလောကမှာ မင်း မသိတာလေးတွေ ရှိသေးတယ်ကွ"

"ကျွန်တော်ကလား"

"အေး"





"လူမှုရေးလောကကို မသိသေးဘူးလို့ ဦးဦးအောင် ထင် တယ်ပေါ့"

မခံချင်စိတ်ဖြင့် ခွန်ရာဇာအသံက တိုဆတ်ဆတ်။ လူ တစ်ယောက်ကို ဘာတစ်ခုမှ မသိနားမလည်သော ကလေးတစ် ယောက်လို အပြောခံရသဖြင့် အထိနာသော်လည်း ဦးဦးအောင်က အပြုံးမပျက်။

"အချစ်ရေးအပိုင်းမှာပေါ့ကွာ"

"လာပြန်ပြီလား ဒီအချစ်"

ဦးဦးအောင် ဘာပဲပြောပြော ပြောသည့်စကားတိုင်းမှာ အချစ်ဆိုသည့် စကားမပါ မပြီးတာကို ပြစ်တင်ငြိုငြင်တော့ သူ့ပုံစံ ကိုကြည့်၍ ဦးဦးအောင်က ရယ်သည်။

"လောကကြီးမှာ ဂုဏ်ရှိ ငွေရှိရုံနဲ့ မပြီးသေးဘူးကွ၊ အချစ် ဆိုတာလည်း လိုသေးတယ်"

"အချစ်မရှိဘဲ နေနေတဲ့လူတွေလည်း အများကြီးပါဗျာ"

"မှန်တယ် .. တစ်ချို့က လုံးဝအချစ်မရှိလို့ ဖြစ်ချင် ဖြစ်မယ်၊ တစ်ချို့အချစ်တွေကတော့ သီးပွင့်ခွင့်ရလို့ မဖြစ်နိုင်တော့ သို့ မဖြစ်သင့်တော့လို့ ဘယ်လိုမှမဖြစ်နိုင်တော့လို့ ဆိုတဲ့ အကြောင်း ကြောင်းတွေကြောင့် ချစ်ခွင့်မရလိုက်တာလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို အချစ်မရှိလို့ လို့ဆိုရင် မင်းမှားနေမှာပေါ့ ခွန်ရာဇာ လူမှန်ရင် လူသားတိုင်းရဲ့ ရင်ထဲ နှလုံးသားထဲမှာ အချစ်ဆိုတာ ရှိကိုရှိတယ်"

"တစ်နည်းပြောရရင် မရှိမဖြစ်တဲ့ ခံစားချက်ပေါ့"

"အဲဒီခံစားချက်မျိုး ကျွန်တော့်မှာ မရှိဘူးဗျာ"

"အခုတော့ မရှိဘူး၊ နောက် အချိန်မရွေး နေရာမရွေး အချစ်နဲ့ တွေ့နိုင်တာပဲ"

"ကျွန်တော် ကြားချင်တာ အဲဒီအချစ်အကြောင်း မဟုတ်ဘူးဗျာ ဦးဦးအောင်"

စိတ်မရှည်စွာ သူဆိုတော့ ဦးဦးအောင်က ရယ်သည်။ ခွန်ရာဇာမျက်ခုံးထူထူတွေက ဦးဦးအောင်ရယ်သံအဆုံးမှာ ပိုတွန့်ကုတ်သွား၏။

သူ့လိုလူတစ်ယောက်က ဦးဦးအောင်အမြင်မှာ ရယ်စရာလူတစ်ယောက်ဖြစ်နေတာကို မကျေနပ်၍ပါ။ ဒါကို ဦးဦးအောင်လည်း သိမည်ထင်သည်။

"မင်းကြားချင်တာ ငါသိတယ် ခွန်ရာဇာ၊ ဟိုးမှာကြည့်လိုက်၊ ညာဘက်နော် ဖြည်းဖြည်းချင်းလှမ်းကြည့်ရင် မင်းမြင်လိမ့်မယ်"





ဦးဦးအောင်ပြောသည့်အတိုင်း ခွန်ရာဇာအကြည့်တွေက သာရွေ့သွား၏။

"ရေကန်နားမှာ စုံတွဲတစ်တွဲရှိတယ်၊ မိုးပြာရောင်ဝတ်စုံနဲ့ ကောင်လေးက ဝတီပဲ၊ သူ့အနားက ကောင်လေးက မြေမခ"

ဦးဦးအောင်အသံက တိုးတိုးတိတ်တိတ်သော်လည်း အောင်မြင်ကြည်သည်။ ခွန်ရာဇာထံမှ စူးရှသည့် မျက်ဝန်းအကြည့်တွေက လောကလုံး သူတို့နှစ်ယောက်တည်းဟု အထင်ရောက်နေပုံရ ဝတီနှင့် မြေမခဆိုသည့် ကောင်လေးထံရောက်နေသည်။

မြေမခဆိုသည့် ကောင်လေးက လူချောလေးတစ်ယောက် ဘ မြင်တာနဲ့သိနိုင်သည်။ မိန်းကလေးတိုင်း ကျလောက်သည့် ဝ် ထိုကောင်လေးမှာရှိသည်။ ဝတီနှင့်လည်း လိုက်ဖက်ပါ ည်။

တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ပြီး ပြုံးနေကြ ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ လွင့်ခနဲ ဝေစီစွာ ခွန်ရာဇာ ည်ကို လာရိုက်သည်။

ချစ်ရည်ရွှန်းလဲ့သည့် အကြည့်တွေအောက်မှာ မျောနစ်နေ ဆိုနှစ်ယောက် လောကကြီးကိုရော၊ ပတ်ဝန်းကျင်ကို မေ့နေ

ခွန်ရာဇာရင်ထဲ နည်းနည်းတော့ အခံရခက်သွားသည်။

"ဦးဦးအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ရှင်းရမလဲ သိချင်နေလား ခွန်ရာဇာ၊

ဒီနေရာကသာ စောင့်၊ ဟိုမှာ မင်းကောင်မလေး ထွက်သွား

မြင်လား"

"ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူးဗျာ"

ဒေါသဖြင့် မှုတ်ကုဇ်တိုဆတ်စွာ တုံ့ပြန်လိုက်

ခွန်ရာဇာစကားကို သဘောကျစွာ ဦးဦးအောင်ရယ်သည်။

"အေးပါ မင်းကောင်မလေး မဟုတ်

ငါ့ကောင်မလေး ပဲ ထားလိုက်၊ ငါ ဘာလုပ်မလဲဆို

မင်းဒီကစောင့်ကြည့်နေ"

ခွန်ရာဇာအနားက ဦးဦးအောင်ထသွားသည်။ ရေ

လှဲ့လှဲ့နားကပိုင်းမှာ ဝတီမရှိ။ မြေမခဆိုသည့် ချာတိတ်တစ်ယော

တည်း ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်ကျန်ခဲ့သည်။

ဦးဦးအောင် မြေမခရှေ့ရောက်သွားတော့ ချာတိ

တစ်ချက်မော့ကြည့်သည်။ နောက်တော့ ဦးဦးအောင် ဘာပြော

မသိ။ နှစ်ယောက်အတူ မျက်နှာချင်းဆိုင် ထိုင်လျက် စကား

နေတာကို ကြည့်ပြီး ခွန်ရာဇာအကြည့်လွှဲပစ်သည်။



## အခန်း (၉)

ဝတီအိပ်ဆေး အလွန်အကျွံသောက်ပြီး ဆေးရုံရောက်သွားသည့်သတင်းက လူတိုင်းနှုတ်ဖျားမှာ ရေပန်းစားသည့် သတင်းတစ်ခုဖြစ်သွားသည်။

တစ်ပြိုင်နက်တည်းမှာပင် ခွန်ရာဇာနာမည် သတင်းလည်း ဝတီနှင့်အပြိုင် လူပြောအများဆုံး သတင်းဖြစ်လာ၏။

"ညည်ခံပွဲမှာ ဝတီက သူ့ကောင်လေးနဲ့ လာတာ၊ ခွန်ရာဇာနဲ့ တည့်တည့်တိုးတာလေ"

"ဒီမိန်းမကလဲဟယ်"

"ကိုကိုနဲ့ မောင်မောင်ကြား ပျာများတော့ သူပဲ ခံရတာပေါ့၊ ကောင်လေးကို မယူနိုင်ဘူးဆိုတော့ ဟိုကလည်း ဖွတ်တွယ်တယ်၊ သူတို့နှစ်ယောက်အကြောင်းတွေ ဖွင့်ချပစ်လိုက်တာပေါ့"

"ခွန်ရာဇာရှက်သွားမှာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"သနားပါတယ်ဟယ်၊ ဝတီနေရာမှာသာ တို့ဆို ခွန်ရာဇာလို လူတစ်ယောက်ကို ဒီလို မလုပ်ပါဘူး"

"အခုမှ ဝတီကိုယ်တိုင် ရှူးမတတ်ဖြစ်နေတယ်"

"ဘာတတ်နိုင်မှာလဲ၊ ကိုယ့်အပြစ်နဲ့ကိုယ်ပဲ၊ ခံပေါ့"

အားလုံးအမြင် သဘောထားတွေတစ်ထပ်တည်းပဲ။ ဒီပွဲမှာ ဦးဦးအောင် အကူအညီဖြင့် ခွန်ရာဇာ အသက်ရှူချောင်စွာ လုလုပဝ လွတ်သွားရတာ မှန်ပေမယ့် အကြောင်းသိသူတချို့တလေကတော့ ခွန်ရာဇာကိုရော ဝတီကိုပါ နှာခေါင်းရှုံ့ကြ၊ အပြစ်တင်ကြနှင့်။

ခွန်ရာဇာကတော့ အပြုံးမပျက်။ ဝက်ဝက်ကွဲ ဆူညံနေသည့် အတင်းအဖျင်း သတင်းပလင်းတွေအားလုံး သူနှင့် မဆိုင်သလို ကိုယ်လုပ်စရာတွေကို လုပ်နေသည်။

ဘာတစ်ခုမှ မှုမပျက်။

နဂိုယဉ်တို့အိမ်ကိုလည်း ခါတိုင်းလို ဝင်သည်။ ထွက်သည်။ လည်ပတ်သည်။ သူ့အတွက် ဘာပြဿနာမှမရှိသလို အေးစက်စက်နေနိုင်ပေမယ့် မသူဇာအပါအဝင် နဂိုယဉ်အဘွား ဒေါ်ခင်ခင်ကြီးတို့မှာတော့ ခွန်ရာဇာသတင်းစကားနှင့် ဖျတ်ဖျတ်လူးနေသည်။

"ဘယ်လိုလုပ်ကြမလဲ ကြီးခင်၊ နဂိုယဉ်လေးအတွက် ရှေ့ရေးက ရှိသေးတယ်နော်၊ ဒီလို လက်လွှတ်စပယ် ဝင်ထွက်နေလို့ကတော့ ဟုတ်ရင်တော်သေးရဲ့ အခုတော့ ဘာမဆိုင် ညာမဆိုင်"





"ခက်တယ်ကွယ်၊ သူက ရိုးရိုးသားသား တူသားလို ...ယ်နေရှာတာဆိုတော့ ..."

"အိုး ... ဒီလိုနဲ့ ပြီးမလား ကြီးခင်ရဲ့၊ ပြတ်သားရ ...နေရာမှာ ပြတ်သားမှ ဖြစ်မှာပေါ့၊ တော်ကြာ ကလေးခမျာ ...ထဲက ပန်းကောင်းအညွန့်ကျိုး ဘုမသိဘမသိနဲ့ နာမည်ပျက် ...စ်မှ ပိုခက်မယ်"

"ကြီးခင်လည်း ဘာလုပ်ရမှန်း မသိတော့ဘူးကွယ်"

တကယ်လည်း ဒေါ်ခင်ခင်ကြီးကိုယ်တိုင် ဘာလုပ်လို့ ...မှန်း မသိ။ အသက်လည်း ကြီးလှပြီ။ တစ်ဖက်လူကျပြန်တော့ ... သာမန်ရိုးရိုးချမ်းသာတာမျိုးလည်း မဟုတ်။

ဘိုးဘွားမိဘ စဉ်ဆက်တည်းက ချမ်းသာလာလိုက်တာ ...ထိ။ နာမည်ရော ဂုဏ်သတင်းပါ အများသူငါ ကြားပါးစပ် ...ရေပန်းစားနေသူကို ကိုယ်လို ဘာမှမဟုတ်သော အဘွားအိုက် ...ရောက် ဒီမရောက် မြေးပေါက်စမလေး၏ ရှေ့ရေးအတွက ...လာပါနှင့် ပြောမထွက်။

မသူဇာစေတနာကို နားလည်သလို ကိုယ့်အခြေအနေကို ... သိရမည်ဆိုတော့ နာမည်ပျက်ခါမှ ပျက်။ ခွန်ရာဇာလို ...က်စိုးပေါက် သူဌေးတစ်ယောက်ကို အိမ်မလာပါနှင့်ဟု ... မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို မသူဇာလည်း သိပါသည်။ တစ်ဖက်က ရှိ
သားသားဖြစ်သလို ကိုယ့်ဘက်ကလည်း ဘာတစ်ခုမှ မရှိသား
မရှိ။

နဂိုယဉ်အတွက် ဘဝရေးရေးကို မျှော်တွေးသည်ဆိုလေ
မသူဇာနှင့် ဒေါ်ခင်ခင်ကြီးတို့ အတွေးစိတ်ကူးကမ္ဘာထဲမှာ
ခွန်ရာဇာ မပါ။

ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရုံသင့်ရုံ မဟုတ်သော
အဆင့်အတန်း ခပ်မြင့်မြင့်၊ တင့်တင့်တယ်တယ်ပွဲလယ်မှာ ဝင့်
နိုင်မည့်သူလေးဘဝ ရောက်ရှိရေးအထိတော့ နဂိုယဉ်ကို မျှော်
ကြသည်။

ဖြစ်လည်း ဖြစ်စေချင်ကြသည်။

နဂိုယဉ်ဆိုတာ သူတို့အတွက် နောက်ဆုံးမျိုးဆ
နဂိုယဉ်အတွက် စိတ်ကူးပုံဖော်ထားသော အနာဂတ်ကမ္ဘာလေး
ခွန်ရာဇာလို ဘာမဆိုင် ညာမဆိုင် လူတစ်ယောက်အတွက် ဖြ
ပျက်စီးတာ မခံနိုင်။

အခုလဲ နဂိုယဉ်အလှကို စိတ်ဝင်စားစွာ ကမ်းလှမ်းလာ
တွေ ရှိနေပြီဆိုတော့ ပိုသတိထားရမည်။

"တစ်နေရာရာ သွားရှောင်နေကြမလား အန်တီခင်"





"မသူဇာ ကောင်းသလိုစီစဉ်ကွယ်၊ ကလေးလည်း
ကောင်းပိတ်တော့မှာပဲ"

ဒေါ်ခင်ခင်ကြီးက မသူဇာကို လက်ကုန်လွှဲသည်။

ဒါကလည်း မသူဇာ စိုးရိမ်သလို အချစ်ဆုံးမြေးမလေး
အတွက်စိုးရိမ်၍ ဖြစ်ပါသည်။

ခွန်ရာဇာလို လူတစ်ယောက် အပျို့မလှလှလေးရှိသည့်
ကို ဝင်ထွက်နေခြင်းအပေါ် ဘယ်သူမှ ရှိုးသားသည်ဟု ထင်မြင်
ကြည်ကြမည်မဟုတ်။

နာမည်ပျက် သတင်းကြီး ကျန်ရစ်ခဲ့လျှင် နဂိုယဉ်ဖြူစင်
သော ဘဝလေး သုံးမရအောင် ဆုံးရှုံးနစ်နာမည်။

ခွန်ရာဇာကို အပြစ်တင်လို့လည်း ဖြစ်တာမဟုတ်။

ခုနစ်ပြည်ထောင် ရွှေမင်းသမီး၊ စိန်မင်းသမီးတွေနှင့်
တွေးပွေလီနေသူနှင့် ခပ်ကင်းကင်းနေနိုင်အောင် ကြိုးစားရမည်
သူတို့တာဝန်သာ။

"ဒီလိုဆို တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်သွားအောင်
ခင်တို့ မြေးအဘွား ငပလီကို သွားကြပါလား မသူဇာအားလုံး
စဉ်လိုက်မယ်"

"ဟိုမှာ နဂိုယဉ်အတွက် ရည်ရွယ်ထားတဲ့ ကောင်လေး
လည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူဇာ့သဘောပါဆိုမှကွယ်"

မသူဇာအစီအစဉ်နှင့် နဂိုယဉ်တို့မြေးအဘွား ပေလီသွား ကြရမည်ဆိုတော့ အပျော်ဆုံးလူက နဂိုယဉ်။

"ဟိုမှာ အကြာကြီးနေမယ်နော် ဘွား"

"သမီးအန်တီမသူဇာ ပြန်မခေါ်မချင်းပေါ့ကွယ်"

"သူက ဘယ်တော့ ပြန်ခေါ်မှာလဲ ဘွား"

"အမေးအမြန်း မထူစမ်းနဲ့ နဂိုယဉ်ရယ်၊ မြေးလေးပျော် ရင် ပြီးတာပဲ မဟုတ်လား"

"ကဲ … ကဲ …ယူရမယ့် ပစ္စည်းတွေသာ သိမ်း"

"ဟုတ်"

လက်ရှိနီးရာပစ္စည်းတွေကောက်သိမ်းတော့ ဘွားက နဂိုယဉ် နားမှာ တစ်ချိန်လုံး ထိုင်အောင်နေရသည်။ နောက်ဆုံး ဘွား ကမ်းခြေနှင့်လိုက်ဖက်မည့် အဝတ်အစား အသွေးအရောင် ဦးထုပ် ပုပါ၊ မျက်မှန်၊ အလှပြင်ပစ္စည်းအားလုံး ပါးစပ်ကလည်းပြော ကက်ကလည်းထည့်နှင့် ပြီးသွားသည်။

သွားမည့်နေ့ကျတော့ အန်တီသူဇာကိုယ်တိုင် နဂိုယဉ်တို့ မြေးအဘွားကို လေယာဉ်ကွင်း လိုက်ပို့သည်။

"လေယာဉ်ကွင်းမှာ နေ့သစ်ကိုယ်တိုင် လာကြိုဖို့ မသူဇာ ဖုန်းဆက်ထားတယ်နော် အန်တီခင်"





"ကလေးချင်း ဟိုရောက်ရင် မိတ်ဆက်ပေးလိုက်ဦး"

"အေးပါကွယ် …အန်တီသိပါတယ်"

နဂိုယဉ်အတွက် ရည်ရွယ်ထားသော ကောင်လေး နာမည် နေ့သစ်။ အသက်နှစ်ဆယ့်သုံးနှစ်ဆိုပေမယ့် ကိုယ်ပိုင်စီးပွားရေး အောင်မြင်နေပြီ။

ကိုယ်ပိုင်အရည်အချင်းလည်း ရှိ၊ မိဘအသိုင်းအဝိုင်းအင် ကလည်း တောင့်တင်းခိုင်မာမှုအပြည့်ဆိုတော့ တကယ်လမ်းတွေ သကြီးနှင့် နေ့သစ်က မသူဇာသဘောကျဖြစ်သည်။

နဂိုယဉ်ကို နေ့သစ်ကိုယ်တိုင် သဘောကျနေတာမို့ ပို ဆင်ပြေသည်။ ပြီးတော့ နေ့သစ်က တစ်ဦးတည်းသော သား။

"ဟိုရောက်ရင် ကြီးသူဇာဆီကို ဖုန်းဆက်နော် နဂိုယဉ်"

"ဟုတ်ကဲ့"

လူကိုယ်တိုင် ပါးစပ်က ဟုတ်ကဲ့ဟု ပြောသလို ခေါင်း ညိတ်ပေမယ့် နဂိုယဉ်အကြည့်တွေက သူ့အဒေါ်ဆီမှာရော ဘွားထံမှာ မရှိ။

ကြည်လင်တောက်ပသော မျက်လုံးဝိုင်းကြီးတွေနှင့် လှပ သောသော ပန်းနုရောင်မျက်နှာလှလှလေးက ပထမဆုံး လွတ်လပ် ရွှင်စွာ သွားရမည့်ခရီးအတွက် ရင်ခုန်လှုပ်ရှားနေဟန် နုတ်ခမ်း တွေပါ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျော်စရာကြီးနော် ဘွား"

"အင်း"

လေယာဉ်ပြတင်းပေါက်က မြင်တွေ့နေရသည့် ရှုခင်းတွေကို တစ်ချိန်လုံးကြည့်ပြီး နဂိုယဉ်ပျော်နေသည်။ သံတွဲလေဆိပ်မှာ အသားလတ်လတ် အရပ်ရှည်ရှည် ခေါင်းကမည်းနက်သည့် ဆံပင်တွေ ဖွာကောက်နေသည့် နေ့သစ်ဆိုတာ လာကြိုသည်။

"ဘွားက ဒေါ်ခင်ခင်ကြီးပါနော်"

"ဟုတ်ပါတယ်ကွယ်"

"ကျွန်တော်က နေ့သစ်ပါ၊ အန်တီသူဇာ ဖုန်းဆက်ထား ဘွားတို့ကို လာကြိုတာပါ"

နေ့သစ်က သူ့ကိုယ်သူ ဘွားနဲ့မိတ်ဆက်နေပေမယ့် မျက်လုံး အကြည့်တွေက ပန်းနုရောင်ဝတ်စုံနှင့် အလှကြီးလှနေသော နဂိုယဉ်ထံမှာ ရောက်နေသည့်အတွက်ဘွားက သူ့မြေးမလေးနှ နေ့သစ်ကို အလိုက်တသိ မိတ်ဆက်ပေးလိုက်၏။

"ကျေးဇူးတင်ပါတယ် ကလေးရယ်၊ ဒါက ဘွားမြေး လေးပါ၊ နဂိုယဉ်တဲ့"

"မြေး…ဒါက မသူဇာပြောတဲ့ မောင်နေ့သစ်"

"တွေ့ရတာ ဝမ်းသာပါတယ် နဂိုယဉ်"

"ဟုတ်ကဲ့"





နေ့သစ်က ကမ်းလာပေးသည့်လက်ကို မမြင်သလို နဂိုယဉ် ဟုတ်ကဲ့တစ်ခွန်းနှင့်ပြီးသွားသည်။ နေ့သစ် ကြောင်အမ်းအမ်း တစ်ချက်ဖြစ်သွားပြီး ဆန့်ထားသည့် သူ့လက်ကို ပြန်ရုပ်ကာ ဘာမှ မဖြစ်သလို တစ်ချက်ပြုံးလိုက်၏။

"ဘွားတို့ပစ္စည်း ဒါအကုန်ဆိုရင် ကားပေါ်တင်ခိုင်းလိုက် တော့မယ်နော်"

"ဒါအကုန်ပါပဲကွယ်"

နေ့သစ်ဘေးကို တစ်ချက်လှမ်းကြည့်လိုက်တော့ သူတို့ အခြေကို ကြိုတင်စောင့်ကြည့်နေပုံရသော လူနှစ်ယောက်အပြေး ရောက်လာပြီး ဘွားနှင့်နဂိုယဉ်တို့အဝတ်သေတ္တာတွေ သွက်လက် ပါးစွာ မ,ယူသွားကြသည်။

"လာ…ဘွား… ကျွန်တော်တို့ စီးရမယ့်ကားက ဟိုမှာ"

အသင့်ရပ်ထားသော ကားတစ်စီးပေါ်သို့ နဂိုယဉ်မြေး ဘွား တက်လိုက်ကြသည်။

ကားတံခါး အဖွင့်အပိတ်ကို လူတစ်ယောက်က စောင့်ပြီး ပေးသည်။

နေ့သစ်နှင့်ဘွား စကားပြောနေပေမယ့် နဂိုယဉ်က ဘာမှ ဝင်စား။ အုန်းပင်တန်းအလှနှင့် ပေလီကမ်းခြေအစခရီးမှာပင် နှုန်းလှုပ်ရှားစွာ ငေးမောလိုက်ပါသွား၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စမ်းရေစီးသံလို သာယာနာပျော်ဖွယ် အော်မြည်လာသော

ဖုန်းသံကြောင့် မြုလွှနူးညံ့သော အိပ်ရာထက်မှာ ငြိမ်သက်နေရာ

ဖုန်းရှိရာ လက်တစ်ဖက်က စမ်းသပ်မိလျက်သား ဖြစ်သွားသည်။

''ဟဲလို''

မျက်လုံးကိုမဖွင့်ဘဲ ဖုန်းကိုနားထောင်လိုက်သည်။ တစ်

ဖက်က ဘာသံမှ မကြားရဘဲ လှိုင်းပုတ်သံလား လေတိုးသံလား

မသည်းကွဲသော အသံတွေချည်း ကြားနေရသည်။

''ဟဲလို''

ဒုတိအကြိမ် သူ ခေါ်လိုက်သည်။

တစ်ဖက်က တိတ်နေမြဲ။

ထူထဲသော မျက်ခုံးနှစ်ဖက် ဆတ်ခနဲ မြင့်တက်သွား

သည်။





ဖုန်းခေါ်ပြီး ဘာမှမပြောဘဲ အသံတိတ်နေတာ ဘာ

သဘောလဲ။

အိပ်ချင်စိတ်မပြယ်သေးသော မျက်လုံးအစုံက ဖျတ်ခနဲ

ပွင့်လာပြီး အိပ်ရာဘေးက စားပွဲတင်နာရီရှိရာ အကြည့်တစ်ချက်

ရောက်သွားသည်။

မနက်ငါးနာရီတိတိ။

ဘာလဲကွာ ....။

မနက်စောစောစီးစီး။

သူ့ကို အိပ်ရာကနိုးပြီး ဘာစကားမှမပြောဘဲ ဖုန်းထဲမှာ

နေတာ ဘာသဘောလဲ။

''ဟဲလို''

ခွန်ရာဇာလေသံက ကျွဲမြီးတိုစွာ ခပ်ဆတ်ဆတ်။

''ခစ် ...ခစ်''

တစ်ဖက်က သဘောကျစွာ ခိုးခိုးခစ်ခစ်ရယ်သံလေး ထွက်

လာသဖြင့် ခွန်ရာဇာ မျက်ခုံးပို့တွန့်သွားသည်။

မိန်းကလေးတစ်ယောက်ပါလား။

''ဦးခွန်''

အသံချိုချိုလေးက ခပ်နွဲ့နွဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီကမ္ဘာမှာ သူ့ကိုဦးခွန်လို့ ခေါ်မည့်သူက တစ်ယောက်ပဲ ရှိသည်။

"နဂိုယဉ်"

"ခစ် ... ခစ်"

"စောစောစီးစီး အိပ်ရာက အနှိုးခံလိုက်ရလို့ ဦးခွန်ဒေါသထွက်နေတာမဟုတ်လား"

ကြည့်စမ်း ...ဒီကလေးမ။

သူ့စိတ်ကို လှမ်းမြင်နေရသလို ပြောပြီး ခိုးခိုးခစ်ခစ် ရယ်နေလိုက်သေးသည်။ ဘာတွေများ ဒီလောက်ပျော်စရာတွေ့နေသည် မသိ။ ဒီလိုအချိန်မျိုး တစ်ခါမှလည်း ဖုန်းဆက်ဖူးတာလည်း မဟုတ်ပဲနဲ့။

"ဦးခွန်"

ခေါ်ပြန်ပြီ။

နောက် ဝေါခနဲ သံတွေ ဖုန်းထဲ လှိမ့်ဝင်လာသည်။

"ဦးခွန်"

ဘာအသံမှမပေးဘဲ ငြိမ်နေတော့ နဂိုယဉ်အသံလေး ထွက်လာသည်။

"ဘာလဲကွာ၊ မနက်စောစောစီးစီး ဘာဖြစ်တာလဲ၊ အိမ်ကရော နေကောင်းရဲ့လား"

"သိပ်ကောင်း"

"နောက်က ဘာသံတွေလဲ"

"ဦးခွန် မှန်းကြည့်လေ"

ပြောပြီး ခစ်ခနဲ ရယ်သံလေးကြားလိုက်သည်။ သူ့အာရုံ [illegible] နားထောင်ကြည့်သည်။

"လှိုင်းသံတွေလား"

"ခစ် .... ခစ်"

အဖြေစကားမဟုတ်ဘဲ တခစ်ခစ်ရယ်သံကြောင့် အိပ်ရာ [illegible] ထိုင်လိုက်သည်။

"အခု ဘယ်က ဆက်နေတာလဲ နဂိုယဉ်"

"ငပလီ"

ခွန်ရာဇာ ငြိမ်ကျသွားသည်။

"ဘယ်သူနဲ့ သွားတာလဲ"

"ဘွားနဲ့ပေါ့၊ ကြီးကြီးသူဇာက နဂိုယဉ်ပျော်သလောက် [illegible]"

"ဘယ်နှရက်ရှိပြီလဲ"

"မနေ့ကမှ ရောက်တာ ဦးခွန်ရဲ့၊ ဒီမှာတော့ အားလုံး [illegible] ဟိုတယ်ကလည်း အပုံစား၊ အစားအသောက်တွေကလည်း [illegible]ခိုက်တာ၊ အားလုံး နဂိုယဉ်အကြိုက်တွေချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



နဂိုယဥ်သံလေးက မြူးကြွနေသည်။

ဘယ်လောက်ပျော်နေသည် မသိ။

ခွန်ရာဇာကတော့ မသူဇာ အစီအစဥ်ဆိုတည်းက စိတ်ထင့်ခနဲ ဖြစ်သွားသည်။

ကုမ္ပဏီအလုပ်ကိစ္စတွေ ရှုပ်ပြီး နိုင်ငံခြားသွားနေရတာနှင့် ကုမ္ပဏီအစည်းအဝေးလုပ်ရတာနှင့် နဂိုယဥ်တို့မြေးအဘွားအိမ်မရောက်ဖြစ်တာ ဘာမှမကြာသေး။

ဒီနေ့တောင် နဂိုယဥ်တို့မြေးအဘွားအိမ်ကို သွားရန်စိတ်ကူးထားဖြစ်သေးသည်။ အခုတော့ နဂိုယဥ်က ငပလီမှာ…။

"အန်တီခင်ရော"

"ဘွားက တစ်ခန်း၊ နဂိုယဥ်က တစ်ခန်းလေ၊ ဦးခွန်နဲ့ သတိရတာနဲ့ ဖုန်းဆက်လိုက်တာ"

"ဒါပဲနော် ဦးခွန်၊ နဂိုယဥ် လမ်းလျှောက်ထွက်မလို့"

"ဘယ်ကိုလဲ"

"ကမ်းခြေကိုပေါ့"

"ဘယ်သူနဲ့သွားမှာလဲ"

"နွေသစ်နဲ့"

"ဘာ… ဘယ်သူ"





တစ်ယောက်တည်း ကမ်းခြေကို လမ်းလျှောက်ထွက်မှာဆိုသည့် အတွေးနဲ့ စိုးရိမ်စိတ်ပူသွားသမျှ ခွန်ရာဇာတစ်ခါမှ မကြားဖူးသည့် အမည်တစ်ခုကြောင့် မျက်လုံးကျယ်သွားသည်။

"သူ့နာမည်က နွေသစ်တဲ့၊ ကြီးကြီးသူဇာဘော်ဒါလေ၊ နဂိုယဥ်ကွင်းကို သူပဲလာကြိုတာ၊ အခုတည်းနေတာကလည်း နွေသစ်တို့ဟိုတယ်"

"ကြီးကြီးသူဇာမျက်နှာနဲ့ နဂိုယဥ်တို့မြေးအဘွားကို အရမ်းဂရုစိုက်တာ၊ သဘောလည်း ကောင်းပါတယ်၊ သူပြောတဲ့စကားတွေက ရယ်စရာတွေချည်းပဲ"

"ဟော … တံခါးခေါက်နေပြီ၊ ဒါပဲနော် ဦးခွန်"

လက်ထဲကဖုန်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲ တစ်ဖက်က ဖုန်းလိုင်းက ပြတ်တောက်သွားသည်။

နွေဦးဟု ပြောချိန်ပင်မရလိုက်။ လက်ထဲက ဖုန်းကို အိပ်ရာပေါ် ပစ်ချလိုက်သည်။

ဘယ်လိုမှ ဆက်အိပ်လို့ ရတော့။

ငါးနာရီအချိန်မှာ နှစ်ယောက်တည်း လမ်းလျှောက်ဖို့ ခေါ်တဲ့ နွေသစ်ဆိုတာ ဘယ်သူလဲ…။



www.burmeseclassic.com

www.burmeseclassic.com



မသူဇာ အစီအစဉ်ဆိုတည်းက ခွန်ရာဇာစိတ်မှာ မတင်မ
ဖြစ်နေသမျှ နေ့သစ်ဆိုတာ မသူဇာဘော်ဒါဆိုတာနှင့် မျက်စုံးမ
ပိုတွန့်ကုတ်သွားသည်။

ကျွတ်…။

ဒီအချိန်ကြီး နှစ်ယောက်တည်း မလွှတ်သင့်ဘူးဆို
လောက်တော့ အန်တီခင် သိမှာပါ။

နေ့သစ်ဆိုတာ ဘယ်လိုကောင်မှန်း မသိဘဲနဲ့။

ပိုက်ဆံချမ်းသာတိုင်း အကျင့်စာရိတ္တ ချမ်းသာနေကြ
မဟုတ်ဘဲ။

လောကမှာ အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်း
ငွေကြေးအရှိန်အဝါနဲ့ လူကို လူလို့မထင်တဲ့လူတွေ အများကြီးဆို
သိမှ သိကြရဲ့လား။

နဂိုယဉ်ဆိုတာ လူတွေအကြောင်း၊ လောကကြီးအကြောင်
ဘာဆိုဘာမှ သိတာမဟုတ်။ ဘွားအေကြီးဆိုတာကလည်း အသ
ကြီးလှပြီ။

သူ့ကိုယ်သူ ဘာလုပ်လို့ လုပ်လိုက်မှန်းပင် မသိခ
လေယာဉ်လက်မှတ် မှာပြီးသွားသည်။ ဘယ်သူ့ကိုမှ အသိမပေး
လေယာဉ်ပေါ်အရောက်မှာ တွေ့လိုက်ရသည့်လူကြောင့် ခွန်ရာ
အံ့သြသွားသည်။

"ဦးဦးအောင်"

"ဟုတ်ပါ့ဗျာ၊ ဘယ့်နှယ် တစ်ယောက်တည်း ဒါကဘယ်

"ဦးဦးအောင်ရော"

"ကျန်းမာရေးအတွက် အပန်းဖြေခရီး ပင်လယ်လေကို
တ်ရှူးမယ်ဗျာ"

"ငပလီကိုလား"

ဦးဦးအောင် ဦးခေါင်းဆတ်ခနဲ ညိတ်သည်။

"ကျွန်တော်လည်း ငပလီသွားမလို့"

"ကျန်းမာရေးပဲလား"

ဒီတစ်ခါ ခေါင်းညိတ်ရသူက ခွန်ရာဇာ။ တူဝရီးနှစ်
က် ဘေးချင်းယှဉ်လျက် ခုံမှာ အတူထိုင်ရင်း စကားပြောမပျက်။
တွဲလေဆိပ်ကို ရောက်လာသည်။

ဦးဦးအောင်ကို လာကြိုသည့်ကားနှင့် ခွန်ရာဇာလိုက်ခဲ့
ည်။

"မင်း ဘယ်မှာတည်းမှာလဲ"

ရုတ်တရက် ခွန်ရာဇာ ဘာဖြေရမှန်း မသိ။

နဂိုယဉ်တို့ မြေးအဘွား ဘယ်ဟိုတယ်မှာ တည်းမှန်း
 သေချာဖြစ်သည်။ နောက်ဆုံး ဦးဦးအောင်တည်းသည့် ဟော်တယ်
ဲ တည်းဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်ချင်တော့ ခွန်ရာဇာတည်းသည့် ဟိုတယ်မှာ နဂိုယဉ်တို့ မြေးအဖွားရှိသည့် နေရာဖြစ်သည်.

"ကြီးကြီးခင်"

"အလို ... မောင်ရာဇာပါလား"

ဒေါ်ခင်ခင်ကြီးကိုယ်တိုင်လည်း တအံ့တဩ နဂိုယဉ်၏ လိုက်ရှာရန် ဟိုတယ်ကအထွက် ခွန်ရာဇာကို ဘွားခနဲ တွေ့လိုက်တာကိုပဲ အထိတ်တလန့် ဖြစ်သွား၏။

"ဘယ့်နှယ့်ကွယ် ... တိုက်တိုက်ဆိုင်ဆိုင်၊ ဘယ်ရောက် လုပ်ပြီး ဒီကို.."

"ကျန်းမာရေးအတွက် အပန်းဖြေပေါ့ဗျာ"

ခွန်ရာဇာကိုယ်စား ဦးဦးအောင်က ဝင်ပြောခြင်းဖြစ်သည်။ နဂိုယဉ်အတွက် ဦးဦးအောင်ကို ခွန်ရာဇာ မိတ်ဆက်ပေးလိုက် သည်။

"ဒေါ်ခင်ခင်ကြီးက တစ်ယောက်တည်းလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မမှာ မြေးကလေးပါ ပါတယ်။ ဟော ပြောရင်းဆိုရင်း ဟိုမှာလာနေတဲ့ ဂါဝန်အဖြူလေးနဲ့ ကလေး က ကျွန်မ မြေးပေါ့"

"နဂိုယဉ် တဲ့.."

အားလုံးအကြည့်တွေက ဒေါ်ခင်ခင်ကြီး ညွှန်ပြရာသို့ ဝေးခနဲ ရောက်သွားသည်။ ချစ်စရာ လိုက်ဖက်တင့်တယ်သော စုံတွဲလေးတစ်ခု။





ကောင်လေးရော ကောင်မလေးပါ တိုင်ပင်ထားသလို ဝတ်စုံအဖြူရောင်ကိုယ်စီ ဝတ်ထားကြသည်။ နှစ်ယောက်စလုံး နုငယ်ငယ်။ အရွယ်လှလှလေးတွေ။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အရယ် အမောမပျက် စကားပြောလာကြပုံက ချစ်စရာ။

နေ့သစ်ဆိုတာ ဒီကောင်လေးပဲဆိုတာ အသိနှင့် နဂိုယဉ်အနားက ချာတိတ်ကို စူးစိုက်ကြည့်ဖြစ်သွားသည်။ လှပသော နဂိုယဉ်မျက်နှာလေးကို မျက်လုံးလက်လက်တွေနှင့် ငေးမောကြည့်နေသော ကောင်လေးအကြည့်က မရိုးသားမှန်း မြင် သာနှင့် ချက်ချင်းသိသည်။

"နဂိုယဉ်"

"ဟာ ..ဦးခွန်..."

အတူတူ ယှဉ်ရပ်နေသူတွေထဲက ခွဲထွက်ပြီး ခွန်ရာဇာ တစ်ယောက်တည်း မားမားကြီးရပ်ပြီး နဂိုယဉ်နာမည်ကို ခပ်ကျယ် ကျယ် လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

နေ့သစ်ဆိုသည့် ကောင်လေးနှင့် ရပ်စကားပြောနေရာက ဆတ်ခနဲ လှည့်ကြည့်လာသည့် နဂိုယဉ်က ဟိုတယ်ရှေ့မှာ ခပ်ပြုံး ပြုံးရပ်နေသည့် ခွန်ရာဇာကို အမြင်မှာ နေ့သစ်ဆိုသည့် ကောင်လေး ကိုပင် နှုတ်ဆက်ရန် သတိမရဘဲ သူ့ရှိရာသို့ ဝမ်းသာအားရ အားပြေးထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးခွန် … ဦးခွန် လိုက်လာတာ ဟုတ်လား၊ နဂိုယဉ်
ဝမ်းသာလိုက်တာ"

"ဟေး"

ရိုးရိုးသားသား ဝမ်းသာခြင်းကား မဟုတ်။ ခွန်ရာဇ
လက်မောင်းတစ်ဖက်ကို တအားဆွဲဖက်၍ ကလေးတစ်ယောက်
ခုန်ပေါက်ရယ်မောလျက်။ စိတ်လွတ်ကိုယ်လွတ် ရယ်မောပျော်
နေခြင်းဖြစ်သည်။

"ဟဲ့ … မြေးလေး"

အမြင်မတော်ဟု ထင်သဖြင့် ဒေါ်ခင်ခင်ကြီး လှမ်းအေ
သံကို နဂိုယဉ်မကြား။ ခွန်ရာဇာက သူ့လက်မောင်းမှာ ယိုးယေ
ခိုလိုက်ပါလာသူလေးကို တစ်ချက်မဟန့်ဘဲ အလွန်အလိုလိုက်သော
အပြုံးဖြင့် ခပ်မိန့်မိန့်ကြီး ကြည့်နေပုံကြောင့် ဦးဦးအောင်ထံမှ အငြ
တစ်ခု လက်ခံနဲဖြစ်သွားပုံကို မမြင်လိုက်ချေ။

❖ ❖ ❖



## အခန်း (၁၁)

"နဂိုယဉ်ရှေ့ စီးမယ်နော် ဦးခွန်"

"မစီးနဲ့"

"ဘာဖြစ်လို့လဲလို့"

"မင်း မစီးတတ်လို့ပေါ့"

"ဟင့်အင်း … စီးမှာပဲ"

နဂိုယဉ် နှုတ်ခမ်းလေးစူထော်သွားသည်။ သဲသောင်ပြင်
မှာ ရပ်ထားသည့် ဆိုင်ကယ်ပေါ် ခပ်တည်တည်လေးတက်
ိုင်တော့ ခွန်ရာဇာအကြည့်တွေက စူးခနဲ မျက်နှာလှလှလေးထံ
ရောက်လာသည်။

"တစ်ခါမှလည်း စီးဘူးတာမဟုတ်ဘဲနဲ့၊ ဆိုင်ကယ်ပေါ်
ဆင်း နဂိုယဉ်"



www.burmeseclassic.com

www.burmeseclassic.com



"မဆင်းပါဘူး၊ တစ်ခါမှ မစီးဘူးလို့၊ စီးချင်နေတာ ဦးခွန် သင်ပေးပါလား"

"ခက်နေပါလား"

"ဘာမှ မခက်ဘူး၊ ဟိုမှာ မမြင်ဘူးလား၊ သူများရော လည်း ဒီလိုပဲ စီးနေတာ ဦးခွန်က နဂိုယဉ်နောက်က လိုက်"

"စပြီနော်"

"ဝူး"

"ဟိတ် ...ဟိတ်...နေဦးလေ"

ဘာမသိ ညာမသိ ဆိုင်ကယ်စက်ကို ဝူးခနဲ ဆောင့်အနှိ ဆိုင်ကယ်ဂီယာကို ပင့်တင်သလိုဖြစ်ကာ ဝေါခနဲ ထပြေးသည်။

"အမလေး ဦးခွန် လုပ်ပါဦး"

"ဖယ်စမ်း ..ဟာ"

"ဝုန်း"

"ဦးခွန်"

များများ မသွားလိုက်ရ-

အကြောက်လွန်ပြီး နဂိုယဉ်က လီဗာတအားဆောင့်နဲ လိုက်သည့်အချိန်နှင့်ပင် ဆိုင်ကယ်က သဲထဲ ဝေါခနဲ တအားအင်ပြေ မှာ နှစ်ဦးစလုံး အရှိန်မထိန်းနိုင်ဘဲ သဲသောင်ပေါ် လုံးထွေးပြုတ်ကျ သွားသည်။

သဲပြင်ပေါ်မှာ တစ်လိမ့်နှစ်လိမ့် လိမ့်ပြီး အဆုံးသတ်သွား ကာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားမိလျက် သား ဖြစ်နေသည်။

ဆိုင်ကယ်တခြား၊ လူကတခြားဆိုပေမယ့် တစ် ယောက်ကိုတစ်ယောက် ရင်ချင်းအပ်အနေအထားမှာ ဘယ်သူက ဘယ်သူ့ကိုမှ မလွှတ်။

မျက်နှာချင်းနီးကပ်နေရုံမက နဂိုယဉ်ပါးမို့လေးပေါ်မှာ နှာတံက တိုးဖေ့သွားသေးသည်။ နှစ်ယောက်စလုံး အကြည့် ခြင်း ဆုံသွားသည်။

"ဘာဖြစ်သွားသေးလဲ နဂိုယဉ်"

"ဟင့်အင်း"

"ဦးခွန်ရော"

"ကိုယ်လည်း ဘာမှမဖြစ်ဘူး"

တင်းကျပ်စွာ ဖက်ထားသော လက်တွေ ပြေလျော့သွား ပြီး နဂိုယဉ်ကိုယ်လေးကို အသာဆွဲအထူ

"အို...မူးလိုက်တာ"

"ကိုယ့်ကို မှီထား"

နဂိုယဉ် ငိုက်ခနဲ ဦးခွန်ရင်ခွင်ထဲ ပါသွားသည်။ ဦးခွန် ခင်ရင်းနီးစွာ နေဖူးတာမှန်ပေမယ့် တစ်ခါမှ ဦးခွန်ရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မနေဘူးတာမို့ ခပ်ဖျော့ဖျော့ သင်းမွှေးသော ဦးခွန်ရင်ခွင်ထဲ အသက်ရှုကျပ်သလို ပါးလေးတွေ နွေးသွားသည့်အတွက် ကိုယ်လေးကို ရုန်းယူလိုက်သည်။

"ငြိမ်ငြိမ်နေလေ၊ ခေါင်းမူးတယ်ဆို"

"ကောင်းသွားပြီ"

ကောင်းသွားတာ မဟုတ်။

"လူကြီးစကားကို နည်းနည်းမှ နားမထောင် ကံကောင်းလို့ ဘာမှမဖြစ်တာ"

"ဦးခွန်ရှိနေတာပဲ"

"မင်းပဲ အပြောကောင်း"

ခစ်ခနဲ နဂိုယဉ် ရယ်လိုက်တော့ ခွန်ရာဇာက မျက် လှလှလေးကို မှုန်ကုတ်ကုတ် စိုက်ကြည့်ပစ်လိုက်သည်။

စိတ်ထင်လို့ပဲလား မသိ။

ဒီနေ့မှ နဂိုယဉ်ဆိုသည့် ကလေးမက မိုးပြာရောင် လေးနှင့် ပိုလှနေသည်။ ဆိုင်ကယ်ကို သော့ပိတ်ပြီး ပြန် လိုက်သည်။

"ဦးခွန် ... ဟိုမှာ ... နေ့သစ်"

"အဲဒါ ဘာဖြစ်လဲ"

"လှမ်းခေါ်လိုက်ရမလားလို့ပါ၊ ဒီဆိုင်ကယ်ကို..."

"နောက်ကတက်"

"ဟင်"

ဆိုင်ကယ်ပေါ်မှာ ထိုင်နေသည့် ဦးခွန်ကို သဘောပေါက် သွားကာ ဆိုင်ကယ်နောက်ခုံမှာ နဂိုယဉ် ဝင်ထိုင်လိုက်သည်။

"ခါးကို ဖက်ထား"

"ရှူး"

"အမလေး"

ဆောင့်ထွက်သွားသည့် ဆိုင်ကယ်က အရှိန်နှင့်ပြေးအတွက် သက်ကလေးနှစ်ဖက်နှင့် ဦးခွန်ခါးကို နောက်က တအားဖက် လိုက်သည်။

ခွန်ရာဇာကလည်း ဆိုင်ကယ်ကို အရှိန်မလျှော့။ ဉ်ကလည်း အရှိန်လျှော့ဖို့မဖြစ်။ ဦးခွန်ကျောပြင်မှာ မျက်နှာလေး အပ်ပြီး ရင်တဖိုဖို အသည်းတနွေးနွေးနှင့် ပျော်ရွှင်စွာ လိုက်ပါ သည်။

"မိုးချုပ်လိုက်တာ မြေးရယ်၊ ဒီအချိန်ထိ ဘယ်ကို က်သွားနေတာလဲ"

"ခက်လိုက်တာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ကြီးထံမှ ကျိတ်ညည်းလိုက်သံကို နဂိုယဉ် မကြားပါ။ ရေချိုးခန်းထဲ ကလေးတစ်ယောက်လို ခုန်ပေါက်ပြေ ဝင်သွားသည်။

သိပ်မကြာလိုက်ပါ။

ရေကျသံနှင့်အတူ နဂိုယဉ်ထံမှ သီချင်းသံလေးပါ အပြ ကို ပျံ့လွင့်လာသည်။ နဂိုယဉ် သိပ်ပျော်နေသလောက် ဒေါ်ခင်ခ ကြီး စိတ်ညစ်နေသည်။

မသူဇာက သူ့တူမကို ခွန်ရာဇာနှင့် မဆုံစေချင်၍ ဒီ တစ်ချက်ခုတ် နှစ်ချက်ပြတ် လွှတ်လိုက်ကာမှ ခွန်ရာဇာက ပေ ရောက်လာသည်။

နွေသစ်ဆိုသည့် ကောင်လေးကြောင့် ဒေါ်ခင်ခင်ကြီး သ ပြင်းချနေတုန်း ခွန်ရာဇာကြောင့် ရင်မောနေရသည်။

"စိတ်ညစ်လိုက်တာနော်၊ မတွေ့ချင်ပါဘူးဆိုမှ တိုက်ဆို ဆိုင်ဆိုင်၊ မသူဇာ မေးလာရင် ဘယ်လိုများ ဖြေရမှာပါလိမ့်"

နဂိုယဉ် အခန်းထဲ ခေါက်တုန့်ခေါက်ပြန် လမ်းလျှော ရင်း စိတ်အိုက်နေခိုက်မှာ နို့နှစ်ရောင် ဂါဝန်ရှည်လေးနှင့် နဂို ရောက်လာသည်။

"သွားကြမယ်လေ ...ဘွား"

"ဘယ်ကိုလဲ"





"ညစာ စားကြမယ်လေ ဘွားရဲ့၊ ဟိုမှာ ဦးခွန်စောင့်နေ တယ်"

ဒေါ်ခင်ခင်ကြီး မျက်နှာပျက်သွားသည်။

"နွေသစ်နဲ့ ညစာအတူစားဖို့ ဘွားက လက်ခံထားပြီးပြီ ည့်"

"ဒါဆိုလည်း နွေသစ်နဲ့အတူ စားလိုက်တာပေါ့၊ လာပါ မှာ စိုက်ဆာနေပြီ"

"ဟဲ့....ဟဲ့...နေဦး၊ ဟိုမှာ မောင်ရာဇာ ဘယ့်နှယ့် သိတုန်း"

လူချင်း ခင်မင်ရင်းနှီးပြီးသားဆိုပေမယ့် ဒေါ်ခင်ခင်ကြီး နှာပူ အားနာသလောက် နဂိုယဉ်က အပြုံးမပျက်။

"ဘာလုပ်စရာရှိလဲ ဘွားရဲ့၊ နွေသစ်နဲ့အတူ စားမှာလို့ လိုက်မှာပေါ့"

နဂိုယဉ်ပုံစံ ပေါ့ပေါ့ပါးပါး သက်တောင့်သက်သာ။ သူမ ဆာနေတာကလွဲပြီး တခြားဘာကိုမှ အလေးအနက်ထားဟန်

"ဘွားနဲ့ နဂိုယဉ်တို့ကို အခုပဲ လာခေါ်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com

နေ့သစ်ပုံစံက သားသားနားနား။ ရွှန်းလဲ့သည့် မျက်ဝန်း အကြည့်တွေက နဂိုယဉ်မျက်နှာလှလှလေးမှာသာ စူးနစ်စွာ တည် နေသည်။

"ဘွားကို အရင်ခေါ်သွားလိုက် နေ့သစ်၊ နဂိုယဉ် ဦး ကို သွားပြောလိုက်ဦးမယ်"

"လာ… မောင်နေ့သစ်"

ခေါင်ခင်ကြီးက နဂိုယဉ် သွားရာနောက် လိုက်နေ သည့် နေ့သစ်ကို သတိပေးလိုက်မှ ရယ်မောပြီး နေ့သစ်က အသင့် ပြင်ထားသည့် စားပွဲကို တွဲခေါ်သွားသည်။

"ဟိတ် …. ကောင်မလေး၊ ဘယ်လဲ"

"ဦးခွန်"

လမ်းတစ်ဝက်မှာ နဂိုယဉ်နှင့် ခွန်ရာဇာ ဆုံကြခြင်းဖြ သည်။

"ဘွားက နေ့သစ်နဲ့ စောင့်နေလို့ လက်ခံထားပြီးသား ဖြစ်နေလို့၊ ဦးခွန်နဲ့ နောက်ရက်မှာ အတူစားကြတာပေါ့နော်"

"အခု ဟိုမှာ ဘွားက စောင့်နေလို့ နဂိုယဉ် သွားတော့ မယ်နော် ဦးခွန်"





ခွန်ရာဇာ ဘာမှပြန်ပြောချိန် မရလိုက်ခင်မှာ နဂိုယဉ်က ထိုထားပြီး ထွက်သွားနှင့်တာမို့ ခွန်ရာဇာ မျက်ခုံးတွန့်လျက် ခဲ့သည်။

ဒီလိုပဲ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်ပြီး ပြန်လှည့် ကြည့်တတ်တာ နဂိုယဉ်အကျင့်။ ခွန်ရာဇာနှင့် သူမကြားမှာ ဒီလို ရိုးနေပြီဆိုပေမယ့် ဒီတစ်ခါတော့ စိတ်ထဲမှာ တစ်မျိုးကြီး ကျန်ခဲ့သည်။

"နဂိုယဉ်လေး မဟုတ်လား ခွန်ရာဇာ"

ဦးဦးအောင်အသံကြောင့် သူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် …ဦးဦးအောင်"

"သူ့အဘွားက နေ့သစ်နဲ့ ညစာအတူစားဖို့ လက်ခံပြီးသား နေလို့တဲ့"

"ဪ …ဟိုချာတိတ်လေးပဲ"

နေ့သစ်ကို ဦးဦးအောင်လည်း သိသဖြင့် ခေါင်းတစ်ချက် ခနဲ ညိတ်ပြလိုက်သည်။

"ကောင်လေးက လူတော်လေးကွ၊ စီးပွားရေးရော၊ လူမှု ရေးရော ကောင်းတယ်၊ မင်းကောင်မလေးနဲ့ လိုက်သားပဲ"

"ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူးဗျ"


www.burmeseclassic.com

www.burmeseclassic.com



"ဪ ..အေး၊ နဂိုယဉ်နဲ့ နေ့သစ်ဆိုတဲ့ ကောင်လေး...
ပြောတာ"

ပြောပြီး ဦးဦးအောင် ခပ်အုပ်အုပ်ရယ်သဖြင့် ခွန်ရာ...
မျက်နှာ နွေးခနဲဖြစ်သွားသည်။

ဘာအဓိပ္ပါယ်မှန်း မသိပေမယ့် ဦးဦးအောင် ရယ်...
ခွန်ရာဇာ သဘောမကျချင်။ သူ့ကို လှောင်သလိုလို ထင်မိသ...

သို့သော် ဘာရယ်တာလည်းဟု သူ မမေး။ ခန်းမထဲ...
ဝင်လိုက်သည်နှင့် နဂိုယဉ်တို့ မြေးအဖွားနှင့် နေ့သစ်ဆိုသ...
ချာတိတ်ကို ရယ်ရယ်မောမော အရင်လှမ်းမြင်သည်။

"ကောင်မလေးက သိပ်လှတယ်ကွ၊ ဆွဲဆောင်မှု အပြည့်...
သူ့ဘာသာ ဘယ်လိုနေနေ ဘာပဲလုပ်လုပ် တစ်ချိန်လုံးကို လိုက်...
ကြည့်ချင်စရာကောင်းတာ"

"တကယ် အပြစ်ကင်းတယ်၊ ဘာဟန်ဆောင်မှုမှ မရှိ...
ကို နဂိုယဉ်ဆိုတဲ့ နာမည်နဲ့လိုက်တယ်"

ခွန်ရာဇာ တစ်ခုခုပြောမလို့ ပါးစပ်ပြင်နေတုန်း ဦးဦးအော...
က နဂိုယဉ်တို့ရှိရာ လှမ်းကြည့်ပြီး ထပ်ဆင့်ချီးကျူးစကား ဆိုလို...
သဖြင့် ခွန်ရာဇာ မျက်ခုံးတွန့်သွားသည်။

နဂိုယဉ်လှတာကို ခွန်ရာဇာ သိပါသည်။



ကော်ပတ်ရုပ်လေး ချထားသလို နုနုရွရွ အလှအပတွေ
...ကို မြင်ပေမယ့် သူ စိတ်မဝင်စား။ စိတ်ဝင်စားစရာ ရယ်လို့လည်း
...ခြင်း။

အခု ဦးဦးအောင်က နဂိုယဉ်အလှတွေကို တစ်စိတ်ချင်း၊
...ပိုင်းခြင်း စာဖွဲ့နေတော့ ခွန်ရာဇာရင်ထဲ ဘယ်နေရာကမှန်းမသိ
...ခနဲ တင်းခနဲဖြစ်ကာ ဒေါသဖြစ်ချင်လာ၏။

"သူက ကလေးပဲ ရှိပါသေးတယ်ဗျာ၊ ထားလိုက်စမ်း
..."

"ကလေး...ဟုတ်လား"

တမင်တကာကြီး အံ့သြဟန်လုပ်ပြနေသော ဦးဦးအောင်
...နှာကို အကြည့်လွှဲပစ်လိုက်သည်။ ခွန်ရာဇာ စိတ်ထဲမှာ
...ဂိုယဉ်အကြောင်း ဦးဦးအောင်ကို ထပ်မပြောစေချင်။

နဂိုယဉ်အလှတွေကို သူ့ရှေ့မှာ ကဗျာတွေ၊ စာတွေလာ
...ပြနေတာကိုလည်း မကြိုက်။

"ဦးဦးအောင် ...ဘာစားမှာလဲ မှာလေ"

ဦးဦးအောင်ရှေ့မှာ မီနူးကတ် ချပေးလိုက်တော့ ဦးဦးအောင်
...ာ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစားပဲ ဘယ်အချိန်စားစား ရပါတယ်ကွာ၊ အရေးကြီး တဲ့ စကားပြောနေတဲ့အချိန်လေး ပျက်စီးသွားမှာစိုးလို့ပါ"

"နေစမ်းပါဦး မင်းမျက်လုံးထဲမှာ နဂိုယဉ်လို မိန်းမ လေးတစ်ယောက်ကို ကလေးပေါက်စတစ်ယောက်လို မြင်နေတယ် …ဟုတ်လား"

"ကျွန်တော့်လက်ပေါ်မှာပဲ ကြီးလာတာပါဗျာ၊ သူ့ ကလေးမဟုတ်လို့ ဘာလဲ"

ခွန်ရာဇာအသံက ဒေါသဖြင့် ခပ်ဆတ်ဆတ်ဖြစ်သွားသော ဦးဦးအောင် ခွန်ရာဇာမျက်လုံးတွေထဲကို ခပ်ပြုံးပြုံး စိုက်ကြည့်ပြီး ရယ်သည်။

"မင်းဒေါသဖြင့်အောင် ငါ ဘာမှမပြောရသေးဘူးနော် ခွန်ရာဇာ မင်းဘာသာဖြစ်နေတာ"

"ကျွန်တော်က ဘာဖြစ်နေလို့လဲ"

"ဒေါသဖြစ်နေတယ်၊ ဘယ်သူ့ကိုလဲ ငါ့ကိုလား၊ ဟိုနေ သစ်ဆိုတဲ့ ကောင်လေးကိုလား၊ ဒါမှမဟုတ် နဂိုယဉ်…"

"တော်ပြီဗျာ… ဦးဦးအောင် နဂိုယဉ် အကြောင်း ထည့် ထည့်မပြောစမ်းပါနဲ့၊ ကျွန်တော် မကြားချင်ဘူး"

"ပြဿနာပါလား"

ဦးဦးအောင်မျက်နှာက ခပ်ပြုံးပြုံး။

ခွန်ရာဇာ ဘာမှဆက်မပြောတော့ဘဲ စားစရာတွေမှာလိုက် သည့်အချိန်မှာ နဂိုယဉ်တို့ဝိုင်းဆီက စီစီလွင်လွင်ရယ်သံလေးတွေ ထွက်လာ၏။

"ကြည့်စမ်းပါဦး၊ သူများတွေ ပျော်နေလိုက်တာ၊ အားလုံး ဘယ်လို့မောလို့ မင်းမျက်နှာကြီး ပုပ်သိုးနေပြီကွ ခွန်ရာဇာ၊ ပြင်လိုက် စမ်း"

လုပ်ပြန်ပြီ။

ဦးဦးအောင်က ခွန်ရာဇာကို လာပင့်နေပြီ။

"ကျွန်တော် ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူးဆိုတာကိုက ဖြစ်နေတာ"

"ဦးဦးအောင်"

ဒီတစ်ခါတော့ ဦးဦးအောင် ရယ်သံက တိုးတိုးအုပ်အုပ် ဟုတ်ဘဲ အသံကျယ်သွားသဖြင့် အားလုံးအကြည့်တွေက ခွန်ရာဇာ တို့ထံ မသိမသာရော သိသိသာသာပါ ရောက်လာသည်။

ဦးဦးအောင်ကို စိတ်ဆိုးဒေါသဖြစ်ချင်နေသော မျက်နှာကို မြင်ကာ ခွန်ရာဇာမျက်နှာကို အလိုက်သင့် ခပ်ပြုံးပြုံးလုပ်ထားလိုက် သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်သွားသော မီးရောင်ကို
ပြီး နဂိုယဉ် အနေရခက်စွာ ရယ်လိုက်သည်။

"ဘယ်လိုဖြစ်နေတာလဲ နွေသစ်၊ တစ်ချိန်လုံး ဓါတ်
တွေချည်း ရိုက်နေတာ၊ ယူ… ရူးနေပြီလား"

"ရူးနေပြီ…နဂိုယဉ်ဆိုတဲ့ ကောင်မလေးကြောင့်"

နွေသစ်စကားကို စိတ်ဆိုးဒေါသမဖြစ်ဘဲ ရယ်စရာ ဟာ
ပျက်လုံးတစ်ခုကို ကြားရသလို အပြစ်ကင်းစင်သော ချစ်စရာ
နှာလေးနှင့် တစ်ခစ်ခစ်ရယ်သည်။

ဘောင်းဘီရှည်အဖြူ ဇာနားအတွန့်အဖတ်လေးတွေ
သည့် အင်္ကျီလက်ရှည်ဖြူဖြူလေးနှင့် နဂိုယဉ် ပန်းသွေးရောင်တော
နေသည့် မျက်နှာလေး ဖြူဖြူလေးက ထိကိုင်ရက်စရာမရှိအော
အလှကြီး လှနေပုံကို နွေသစ် ငေးခနဲ ကြည့်ဖြစ်သွားသည်။





ဘယ်လိုကြည့်ကြည့် … ကြည့်မဝ။

အမြဲလို စည်းနှောင်ထားတတ်သော ကျောလယ်မရောက်
ရောက် ရွှေညိုရောင် ဆံပင်လေးတွေက အနှောင်အဖွဲ့ကင်းမဲ့
ဘားလျားဝေလျက်။

စက္ကူဖြူနှမ်းနီနီလေးကို သေဟင်အမြင့်မှာ အားပါးတရ လွှင့်
င်နေပုံလေးက ချစ်စရာ။

"မင်းဘာလို့ ဒီလောက် လှနေတာလဲ နဂိုယဉ်"

"သိချင်ရင် မေမေ့သွားမေးကြည့်ပေါ့"

"ဘာဖြစ်လို့လဲ"

"မေမေက မွေးထားတဲ့ မေမေ့သမီးမို့လို့ပေါ့"

နဂိုယဉ်အဖြေစကားကို ချစ်မြတ်နိုးစွာ နွေသစ်ရယ်လိုက်
သည်။ နဂိုယဉ်လှတာကို သိပေမယ့် ဤမျှလောက် ချစ်မြတ်နိုး
ယ်ရာ ကောင်းလိမ့်မည်ဟု မထင်ခဲ့။

ဟန်ဆောင်မှု ကင်းသော နဂိုယဉ်စိတ်ထားလေးက အရမ်း
စင်ရိုးသားတာကို ကိုယ်တိုင် အနီးကပ် ပေါင်းကြည့်မှ နွေသစ်
ကိုယ်တိုင် သိလာခဲ့ရခြင်းဖြစ်သည်။

စိတ်ကလေးက တကယ့်ကို ကလေးစိတ်။

သူမကိုယ်တိုင် ရိုးသားဖြူစင်သလို အားလုံးကိုလည်း
သူ့လို ရိုးသားဖြူစင်သူချည်းဖြစ်လိမ့်မည်ဟု ထင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်အပေါ် ပြောဆိုဆက်ဆံပုံက ရိုးသားရှင်းလင်းသည်။ ဟန်ဆောင်မှု မရှိ။ တခြား မိန်းကလေးတွေလို ဘာအထာ ... ညာအထာတွေ ပေးရကောင်းမှန်း မသိ။

စိတ်ခံစားချက်အတိုင်း မျက်နှာလှလှလေးမှာ ရှင်းလင်း... တွေ့မြင်နိုင်သည်။

"ဟယ် ..နဂိုယဉ် စွန်လေးကို သူများစွန်က ဖြတ်ချ... မယ်၊ လာပါဦး နေ့သစ် လာပါဦး"

နဂိုယဉ်အသံလေးက ထိတ်ထိတ်ပျာပျာ။ လူကလည်း ရစ်လုံးဘီးကို ဟိုဆွဲဒီလှည့်လုပ်ရင်း စွေစွေခုန်နေသည်။

နေ့သစ် မော့ကြည့်လိုက်တော့ နဂိုယဉ် လွှင့်တင်ထားသော စွန်နီနီလေးနားမှာ တခြား အစိမ်းရောင်စွန်ရောက်နေသည်။

"နေ့သစ် ...နေ့သစ်"

"ပေး ...ပေး... တို့လုပ်ပေးမယ်"

"ရော့ ...ရော့... မြန်မြန်ယူစမ်းပါ၊ နေ့သစ်ရဲ့"

လက်ထဲက ကင်မရာလေးကို အင်္ကျီအိတ်ထဲထည့်ပြီး သူ့... လက်ထဲ ရောက်လာသည့် ရစ်ဘီးကို ကျွမ်းကျင်စွာ လှည့်ပတ်ပြီး... တစ်ဖက်စွန်အနားက နဂိုယဉ် စွန်နီလေးခွာထုတ်ဖို့ ကြိုးစားသည်။

တစ်ဖက်စွန်က ဖွတ်ကပ်လိုက်လာပြီး စွန်နီလေးကို ဖြတ်... ဖို့ ကြိုးစားသည်။





ဒီလိုလုပ်လို့ မရဘူးလေ။

စွန်ရစ်ဘီးကို ပွဲကိုင်သူက နေ့သစ်ပဲ။

အရှုံးပေးလို့ ဘယ်ဖြစ်မလဲ။

နေ့သစ် ရစ်ဘီးကို တအားဆွဲသည်။

"ဟာ"

"ဟယ် ...စွန်လေး ... ပြတ်သွားပြီ"

သူတို့ရှေ့မှာပင် စွန်နီလေး ခါးလယ်မှ ပြတ်ကျသွား... သည်။

သွားပြီ။

နေ့သစ် ရှုံးသွားပြီ။

"ရက်စက်လိုက်တာ နေ့သစ်ရယ်၊ နဂိုယဉ် စွန်လေးကို ...စွန်စိမ်းလေးက ဖြတ်ပစ်လိုက်ပြီ"

နဂိုယဉ်အသံလေးက ဝမ်းနည်းဟန်နှင့် ခပ်တိုးတိုး။

"ဘာဖြစ်လို့ လိုက်တိုက်တာလဲ မသိဘူးနော်"

"တိုက်ချင်လို့နေမှာပေါ့၊ စောစောတည်းက တို့မြင်လိုက်... ဒီလိုခံရမှာ မဟုတ်ဘူး၊ တို့ မသိလိုက်လို့ ဖြစ်သွားတာ"

ရစ်ဘီးကို ပြန်သိမ်းရင်း နေ့သစ်မျက်လုံးတွေက စွန်စိမ်း... ...ရှိရာ မကျေမနပ်ရောက်သွားသည်။

"ဘယ်သူ့စွန်လဲ မသိဘူးနော် နေ့သစ်"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ယောက်စွန့် ဖြစ်မှာပေါ့၊ လာပါ ဒါ ခေါင်းထဲက ဖျောက်ပစ်လိုက်၊ တခြား ကစားနည်းအသစ် အများကြီးပါ"

"ရေကူးကြမလား"

"ဟင့်အင်း"

နုဂိုယဉ်က နေ့သစ်အမေးကို ခေါင်းခါလိုက်ပေမယ့် မျ လုံးအကြည့်တွေကတော့ စွန်စိမ်းလေးက မခွာ။ လှပသော မျက် ဝိုင်းကြီးတွေနှင့် စွန်ပိုင်ရှင်ကို စိတ်ဝင်စားစွာ လိုက်ရှာနေမိသည်။

ဘယ်လိုလူက နုဂိုယဉ့်စွန်လေးကို ရက်ရက်စက်စက် ဖြ လိုက်တာလဲ။

"ဘယ်လဲ နုဂိုယဉ်"

"လမ်းလျှောက်မလို့ပါ"

"တို့ပါလိုက်ခဲ့မယ်"

"ဒီမှာ မောင်နေ့သစ်၊ ဧည့်သည်က မင်းကိုတွေ့ချင် တဲ့"

ဦးဘပွား၏ အသံနှင့်အတူ အနားမှာလာရပ်နေသည့် ဧ သည်ဆိုသည့်လူကြောင့် နုဂိုယဉ်နောက်ကို လိုက်ပါရန် ပြင်နေသ နေ့သစ်ခြေအစုံမှာ အလုပ်တာဝန်နှင့် တုန့်ဆွဲရပ်သွားသည်။

"နေ့သစ် သွားစရာရှိတာ သွားပါ"



"နုဂိုယဉ်တစ်ယောက်တည်း ဖြစ်ပါ့မလား"

လှပလွန်းသော မိန်းမလှလေးကို တစ်ယောက်တည်း ထား မှာ စိတ်ကမဖြောင့်။ အထူးသဖြင့် နုဂိုယဉ်ဆိုတာ နေ့သစ် ခွင်မြတ်နိုးရသူ ဖြစ်နေတော့ ပိုဆိုးသည်။

လှပသော အပြုံးလေးတစ်ခု နုဂိုယဉ့်မျက်နှာမှာ ချစ်စရာ ကောင်းအောင် ရောက်လာသည်။

"နုဂိုယဉ့်အတွက် စိတ်ချပါ၊ ဘာမှမဖြစ်ပါဘူး"

"ဘိုင်"

လက်ကလေးတစ်ဖက် မြှောက်ပြပြီး သဲသောင်ဖွေးဖွေး ဆိုင်း နေ့သစ်ကို ကျောခိုင်း၍ ထွက်သွားသည့် နုဂိုယဉ့်ပုံစံက တောင့်သက်သာ။

BURMESE CLASSIC .com

နေ့သစ်နဲ့ပတ်သက်ပြီး နုဂိုယဉ့်ရင်ထဲ ဘာမှမရှိ။ ရယ်စရာ ဆိုတတ်သူ၊ သဘောကောင်းသူအဖြစ် ခင်သည်။

ဒါပဲဖြစ်သည်။

နုဂိုယဉ့်အပေါ် နေ့သစ် မရိုးသားတာသိပေမယ့် နုဂိုယဉ် က ရိုးသားသည်။ အချစ်ဆိုတာ နုဂိုယဉ် မသိ။ စိတ်လည်း စား။

ကြီးသူဇာ ပြောပြောနေသည့် ချစ်အဓိပ္ပါယ် ချစ် ကြောင်းတွေ ကြားရတာနဲ့တင် စိတ်ကုန်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ အချစ်မရှိဘဲ ဘာမှလုပ်လို့မရတော့[illegible] တဲ့လား။

သွားစမ်းပါ။

ဒိတ်အောက်နေတဲ့ အတွေးအခေါ်ဟောင်းတွေ ခေါင်း[illegible] က ထုတ်ပစ်လိုက်။ ဘဝမှာ အချစ်ထက် အရေးကြီးတာ[illegible] လုပ်စရာတွေ အများကြီးရှိသည်။

ပညာတွေ အများကြီး သင်ရမည်။

မရောက်ဖူးတဲ့ နေရာဒေသတွေ လျှောက်သွား[illegible] မတွေ့ညီတဲ့ ရိုးရာယဉ်ကျေးမှုတွေကို လေ့လာမည်။

အို..နဂိုယဉ် စိတ်ကူးထဲမှာ လုပ်စရာအလုပ်တွေ [illegible] ကြီး အစီအရီ။ ကောင်းကင်ပြာပြာကို ဖျတ်ခနဲ အကြည့်ရောက်[illegible] သည်။

အစိမ်းရောင် စွန်လေးကို ရှာမတွေ့တော့။

ဘယ်ရောက်သွားပါလိမ့်။

လေနဲ့အတူ ပြတ်လွင့်သွားတာလား။ ရစ်ဘီးမှာ ပြန်သိမ်း[illegible] လိုက်တာလား။ နဂိုယဉ့်စွန်လေးကို ရက်စက်စွာ ဖြတ်သွားသ[illegible] အစိမ်းရောင် စွန်ပိုင်ရှင်ကို မကျေနပ်။

"ဘာတွေ လိုက်ကြည့်နေတာလဲ နဂိုယဉ်"



အသံကြားရာကို ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ဘောင်း[illegible]ဖြူ၊ အောက်ခံအင်္ကျီ တီရှပ်အဖြူဆွတ်ဆွတ်ပေါ်မှာ အဖြူခံ [illegible]သက် အပြာရောင်အပွင့်အဆုပ်ကြီးတွေ ခပ်ရိုပ်ရိုပ်ပါသည့် [illegible]ယံရှပ်လက်တိုကို ကြယ်သီးဖွင့်ပြီး ဝတ်ထားသည့် လူတစ်[illegible]ကို ဘွားခနဲ တွေ့ရ၏။

"ဦးခွန်"

"ဒီနေ့ရော ဘယ်သူနဲ့ချိန်းထားသေးလဲ"

"နဂိုယဉ်က ဘယ်သူနဲ့ ချိန်းရမှာလဲ"

နဂိုယဉ် မျက်တောင်ကော့ကော့တွေ တဖျတ်ဖျတ်ခတ်[illegible]ပြီး ခွန်ရာဇာ မျက်နှာချောချောကို နားမလည်သလို ကြည့်[illegible]ည်။

"နေ့သစ်ဆိုတဲ့ ကောင်လေး"

မပြောဘူးလို့ ရည်ရွယ်ထားလျက် ခွန်ရာဇာ နှုတ်က [illegible] အလိုလို ထွက်သွားသည်။

"သူနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ဆိုင် မဆိုင်ဆိုင် ဒီနေ့ကစပြီး အဲဒီကောင်လေးနဲ့ [illegible]မဝင်နဲ့၊ မျက်နှာကိုလည်း ခပ်တည်တည်ထား၊ သူ ကျွေးတာ [illegible]နဲ့၊ သူခေါ်ရင် မလိုက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဦးခွန်နဲ့ ဘာဖြစ်လို့လဲဟင်၊ ရန်တွေဘာတွေ ဖြစ်ကြ... လား"

ဦးခွန်မျက်နှာတည်တည်ကြီးကို ကြည့်ပြီး နဂိုယဉ်အံ့... စွာမေးမိသည်။ နဂိုယဉ်တစ်သက်မှာ တစ်ခါမှ ဒီလိုချုပ်ချုပ်ချယ်ချယ်... ပြောတာမျိုး မကြားဘူး၍လည်း စိတ်မှာ အထူးအဆန်းဖြစ်နေသည်...

အားလုံးက အလိုလိုက်ထားကြသည်။

တားဆီးချုပ်ချယ်ရအောင်လည်း နဂိုယဉ် တစ်ခါမှ ... ဘူး။

ဘွားရော ကြီးသူဇာပါ မပြောဘူးသည့် စကားတွေ ဦး... နှုတ်ဖျားက ပြောလာသည်ဆိုတော့...

"ဟုတ်လား ...ဦးခွန်၊ နွေသစ်နဲ့ ဦးခွန် ရန်ဖြစ်ကြ... လား"

"ရန်ဖြစ်တာထက် ဆိုးတယ်"

"ဟင်"

ခွန်ရာဇာ စကားကို နဂိုယဉ် ရုတ်တရက် နားမလည်... ခွန်ရာဇာ မျက်နှာကို မျက်လုံးဝိုင်းကြီးတွေနှင့် ဖြူးကြောင်ကြော... ပြန်ကြည့်နေပုံက ခွန်ရာဇာရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

ဒါက ဘာဖြစ်တာလဲ။

ခွန်ရာဇာ မျက်ခုံးတွန့်သွားသည်။ လှပသော မျက်နှာလေး... တစ်ချက်စိုက်ကြည့်ပြီး ဘာမှမဖြစ်သလို ဆတ်ခနဲ အကြည့်ကို ...သည်။

နွေသစ်ဆိုသည့် ကောင်လေး နဂိုယဉ်နားမှာ တစ်ချိန်လုံး ...ကြောင်းပြချက်အမျိုးမျိုးနဲ့ ရှိနေတာကို လုံးဝကြည့်မရ၊ မရိုးသား... ...သည့် မျက်လုံးတွေနှင့် နဂိုယဉ်တစ်ကိုယ်လုံး သိမ်းကျုံးကြည့်နေတာ ...ချောင် မျက်နှာကို လက်သီးဖြင့် တအား ပင့်ကော်ထိုးသတ်ချင် ... ပေါက်လာသည်။

ဒါတွေကို ရိုးသား၍ ကလေးအတွေးသာရှိသော နဂိုယဉ် ...ာ ဘာမှမသိ။ အန်တီခင်ကလည်း နဂိုယဉ်နှင့် နွေသစ်ဆိုသည့် ...ကောင်လေးကို ဘာမသိ ညာမသိ စိတ်ချလက်ချ လွှတ်ထား... ...ကြသေးသည်။

"ဦးခွန်"

ခြေလှမ်းကျဲကြီးတွေနှင့် ဘောင်းဘီအိတ်ထဲ လက်နှိုက် ...လျှောက်လာသည့် သူ့နောက်ကို နဂိုယဉ် ပြေးလိုက်လာသည်။

"ရန်ဖြစ်တာထက်ဆိုးတယ်ဆိုတော့ သူက ဦးခွန်ကို ဘာ ...လို့လဲဟင်"

"အမေးအမြန်းကလည်း ထူလိုက်တာ၊ မခေါ်နဲ့ဆိုရင် ...ခေါ်နဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“နဂိုယဉ်လဲ သိချင်တာပေါ့လို့”

“ဟယ် …ဟိုမှာ စွန်စိမ်းလေး၊ ဘယ်သူ့ဟာလဲ
ဘူး”

ကျောက်ဆောင်တစ်ခုကြားမှ တစ်ဝက်တစ်ပျက် လှမ်း
လိုက်ရသည့် အစိမ်းရောင်စွန်ကြောင့် နဂိုယဉ် စိတ်ဝင်စားမှု
ကြောင်း ပြောင်းသွားကာ ထိုစွန်စိမ်းလေးရှိသည့် နေရာသို့ အ
ရောက်သွားသည်။

“ဒီမှာလဲ ရစ်ဘီးနဲ့ပါလား”

လှိုင်းက ဝှန်းခနဲ လာရိုက်တာကို ဂရုမစိုက်နိုင်
အစိမ်းရောင်စွန်နှင့် ရစ်ဘီးကို ဆွဲယူကာ အနီးပတ်ဝန်းကျင်
ပိုင်ရှင်ဖြစ်နိုင်မည့်သူကို လှည့်ရှာသည်။

တွေ့များတွေ့လို့ကတော့လား…။

ဒေါသနှင့် ရန်တွေ့ပစ်မည်ဟု စိတ်က တေး
နဂိုယဉ်နားကို ဦးခွန်ရောက်လာသည်။

“ပေး .. အပေါ်ရောက်အောင် လွှင့်တင်ပေးမယ်”

ခွန်ရာဇာ လက်လှမ်းအယူမှာ နဂိုယဉ်က ဖျတ်ခနဲ
ရစ်ဘီးကို မပေးဘဲ ရှောင်တိမ်းပစ်သည်။

“ပိုင်ရှင်ရှာမလို့ပါ ဦးခွန်ကလဲ၊ နဂိုယဉ် စွန်နီ
ဒီစွန်စိမ်းက ရက်ရက်စက်စက် ဖြတ်ပစ်လိုက်တာ”





“ဟုတ်လား”

“ပိုင်ရှင်တွေ့မှ ဖြစ်မှာ”

“ဘာလုပ်ဖို့လဲ”

“သတ်ပစ်မလို့”

“ဒါဆိုလည်း …သတ်”

“ဟင် …ဦးခွန်က..”

“စွန်ပိုင်ရှင်လေ”

ကျယ်လွင့်သော ရင်ဘတ်ကို ဖွင့်ထားပေးသူ၏ မျက်နှာ
တအံ့တသြ စူးစိုက်ကြည့်လျက် နဂိုယဉ် ဘာမှမပြောတတ်ဘဲ
သွားသည်။

“သတ်မယ်ဆို သတ်လေ”

ဦးခွန်မျက်နှာက ခပ်တည်တည်။ လက်ထဲကစွန်စိမ်းလေး
တစ်လှည့် ဦးခွန်ကို တစ်လှည့်ကြည့်သည်။

စွန်စိမ်းလေးပိုင်ရှင်ကို ဦးခွန်လို့မှ ထင်မထားဘဲ။

ဒေါသဖြင့် ရန်တွေ့မည့်စကားလုံးတွေ ဘာတစ်ခုမှ
အတွေ့နိုင်အောင် ပျောက်သွားသည်။

“စွန်နီလေးကို ဦးခွန်က ဘာဖြစ်လို့ ဖြတ်ပစ်တာလဲ”

“ကြည့်မရလို့”

“စွန်ကိုလား”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး လူကို"

"နဝိုယဉ်ကိုလား"

"ဟိုကောင့်ကို"

ထိတ်လန့်သွားသော နဝိုယဉ်မျက်နှာလေး ပြန်ပြုံး... သည်။ ဦးခွန်ပြောသည့် စကားအဓိပ္ပါယ်ကို သဘောပေါက်... လို့ပါ။

"ဦးခွန်ကို အဲဒီလောက်ဖြစ်သွားတာ နဝိုယဉ် သိ... ဘူး"

သူမဘာသာ ခပ်တိုးတိုးပြောပေမယ့် ခွန်ရာဇာနား... မှီးသံထက် ကျယ်သွားသည်။

အဲဒါတွေအားလုံး ဦးဦးအောင်ကြောင့်။

❖ ❖ ❖



## အခန်း (၁၇)

"မောလိုက်တာ ဦးခွန်ရယ်"

ပါးစပ်က ရိုးရိုးပြောတာမဟုတ်။

ခွန်ရာဇာ လက်မောင်းတစ်ဖက်မှာ နဝိုယဉ် ကိုယ်လေးတစ် ...ုံး မှီတွဲခိုကပ်လိုက်တာမို့ ကျဲနေသည့် ခြေလှမ်းတွေကို ပြန်လျှော့ ...လိုက်သည်။

"ဘယ်ထိအောင် သွားဦးမှာလဲလို့"

စူထော်နေသည့် နှုတ်ခမ်းလေးကို ငုံ့ကြည့်သည်။

"ကမ္ဘာဆုံးတဲ့အထိ"

"ခစ် ..ခစ်"

ခွန်ရာဇာစကားကို သဘောကျစွာ မျက်နှာလေးမော့လှန် ...ပြီး ချစ်စဖွယ် ရယ်မောနေပုံလေးကို ငေးခနဲကြည့်ဖြစ်သွားသည်။ ...ခိုမြသည့် နှုတ်ခမ်း၊ ဝိုင်းစက်နေသည့် မျက်လုံး၊ ဘာဆေးမှ မလူးဘဲ



www.burmeseclassic.com

www.burmeseclassic.com



သွေးရောင်ဝိုင်းနေသော နှုတ်ခမ်းတစ်စုံ၊ အားလုံး ဘာတစ်ခုမှ ခြ...
သ ပြင်ဆင်မှုမပါဘဲ သဘာ၀အတိုင်း သိပ်လှနေသည်။

ကလေးမလေးအဖြစ် တစ်ချိန်လုံး လူလားမမြောက်သေး...
သလို သူ ထင်နေခဲ့သည့် နဂိုယဉ်မှာ လိုက်မမှီနိုင်သော အလှတရား...
တို့ စုဝေးရာဖြစ်နေခြင်းကို အခုမှ အံ့သြတုန်လှုပ်ဖွယ် တွေ့မြင်ရ...
သည်။

"နေစမ်းပါဦး ခင်ဗျားက ဘာကိစ္စ ဟိုကောင်နဲ့ သွား...
ရောနေတာတုန်း"

"နဂိုယဉ်က မရောပါဘူးနော်၊ သူက ဟိုအကြောင်း ဒီ
အကြောင်း ပြောပြောပြီး လာရောနေတာ"

"ဒါနဲ့ပဲ ခင်ဗျားက သွားမစနေနိုင်အောင် ရယ်စရာလား"

"သူက ရယ်စရာတွေချည်း ပြောနေတာကို"

"နောက်မရယ်နဲ့"

"ဖြစ်ရပြန်ပြီ"

ပြောပြီး ခစ်ခနဲ ရယ်သည်။

"ဦးခွန် အခုတလော ဘာဖြစ်နေမှန်းကို မသိဘူး"

သူကိုယ်တိုင် ဘာ ဖြစ်လို့ ဘာဖြစ်နေမှန်း ခွန်ရာဇာကိုယ်
တိုင် မသိ။ ဦးဦးအောင်နှင့် စကားတွေပြောပြီးနောက်ပိုင်းမှာ ဒေါသ
တွေချည်း လိမ့်ထွက်နေသည်။



မြင်သမျှ တွေ့သမျှ ဘာတစ်ခုမှ အချိုးမကျ။ နေ့သစ်
...သည့် ကောင်လေးနှင့် မခေါ်မပြောပါနှင့်ဟု ပြောထားသည့်
...က သူ့အလစ်မှာ နှစ်ယောက်သား ရယ်လား မောလားလုပ်
...တာ ကြည့်ပြီး နဂိုယဉ်ကို ခပ်နာနာလေး ရိုက်ပစ်ချင်သည်။

"လူကြီးစကား နားမထောင်ဘူး"

"ဘယ်သူလဲ...နဂိုယဉ်လား"

"ခင်ဗျားအပြင် ဘယ်သူရှိသေးလဲ"

"ဦးခွန်"

"ဘာ"

"ဘဘအောင်က ပြောတယ်၊ ဦးခွန်က သူပြောတဲ့စကား
...ို နားမထောင်ဘူးတဲ့၊ သိပ်မိုက်တယ်၊ နောက်မှ နောင်တရစေမယ်
...တဲ့၊ ဟုတ်လား ....ဟင်"

"အာ"

ခွန်ရာဇာ ကိုယ်ကြီး တွန့်သွားသည်။

ဦးဦးအောင်ပြောထားသည့် စကားက ဘာစကား
...ာစကားမှန်း မသိ။ ခွန်ရာဇာကို ဦးဦးအောင် ပြောစကားတွေ
...တ်ရွတ် နားထောင်ခိုင်းနေသည့် ကလေးမမျက်နှာကို ငေးမိုးစူးစိုက်
ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်မော့မော့လေး သူ့မျက်နှာကို တုန့်ပြန်ကြည့်နေသ… မျက်ဝန်းများနှင့် အဆုံမှာ ခွန်ရာဇာရင်ထဲ ရှိန်းခနဲ နွေးထွေး… လှုပ်ခတ်သည်။

ဘာလဲကွာ …။

ကျွတ်…။

ဒါဖြစ်ကို မဖြစ်သင့်တဲ့ ကိစ္စ။

“ဦးခွန်”

“ဟိုမှာ ဘဘအောင် လာပြီ”

“ဘဘအောင်”

နဂိုယဉ်တစ်ကိုယ်လုံး မြှောက်ကြွ မြှောက်ကြွနှင့် နဂို… က သူမလက်ကလေးကို ဖော့ရမ်းပြုံးရယ်နေသလို ဦးဦးအော… ကလည်း တီရှပ်အဖြူ၊ ကာကီရောင်ဖျော့ဖျော့ ကွာတားဘောင်း… တို၊ အုန်းစိမ်းဦးထုပ်နှင့် ရယ်မောလျက် တုန့်ပြန်လက်ပြရင်း သူ… နား ခြေလှမ်းကျဲကြီးတွေနှင့် ရောက်လာသည်။

“ဘယ်လိုလဲဟေ့ နဂိုယဉ်၊ ညည်းဦးခွန်ကို ဘဘစကား… နားထောင်ဖို့ ပြောပြီးဆိုပြီးပလား”

“ပြောပြီးပါပြီ ဘဘရဲ့၊ ဦးခွန်က ဘဘစကားနားထော… ပါ့မယ်တဲ့၊ ပြောလိုက်လေ ဦးခွန်”

“ဟာကွာ”





“အဟတ် …ဟား …ဟား”

ခွန်ရာဇာမျက်နှာ အီလည်လည်ကြီးဖြစ်ကာ အနေခက်သွား… လို သဘော့ကျသလို ဦးဦးအောင်က အသံဝါဝါကြီးနှင့် …ပါးတရ ထရယ်တော့ နဂိုယဉ်ကပါ အတူလိုက်ရယ်တာကို …က်ခုံးတွန့်မိသည်။

“ခင်ဗျားက ဘာရယ်တာလဲ”

“ရယ်တာပဲ ဦးခွန်ကလဲ၊ သဘောကျလို့ ရယ်တာပေါ့”

“မရယ်နဲ့”

ပြောကာမှ ပိုဆိုးကာ ခွန်ရာဇာ မျက်နှာ ပြုံ့င်တူကြည့်ကာ …ယ်ကြပြန်သည်။ လှပသော နဂိုယဉ်မျက်နှာလှလှလေးကိုကြည့်ကာ …န်ရာဇာ မျက်နှာနွေးထွေးသွားသလို အသည်းနှလုံးတွေလည်း လှုပ်ခတ်နွေးထွေးနေသည်။

“ခွန်ရာဇာ …ခွန်ရာဇာ … မင်းဟာ တစ်နေ့တခြား …ပိုပြီး ရယ်စရာကောင်းနေပြီ”

“ကျွန်တော်က ဘာဖြစ်နေလို့လဲ”

“အဲဒါပေါ့ … ကိုယ့်ကိုယ်ကို ဘာဖြစ်လို့ ဖြစ်နေမှန်း မသိဘဲ ဖြစ်နေတာ”

“ဦးခွန်က ဘာဖြစ်နေလို့လဲဟင် ဘဘ”

“မီခဲတက်နှင်းမိလို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"ဘယ်ခြေထောက်လဲဟင်၊ တော်တော်ပူသွားလား ဦး
နဂိုယဉ်ကို ပြစမ်းပါ"

ဦးဦးအောင်စကားကို အဟုတ်ထင်ပြီး နဂိုယဉ်က ခွန်ရာ
ခြေထောက်နှစ်ဖက်ကို စိတ်ဝင်တစား ငုံ့ကြည့်ပုံက ဖျာဖျာသ
ဦးဦးအောင်ဆီက ကျိတ်ရယ်သံ ထွက်လာတော့ ခွန်ရာဇာ မျက်
ကြီး နီသွားသည်။

"ဘာမှမဖြစ်ဘူး၊ အခု ပျောက်သွားပြီ"

"ပျောက်ပျောက် မပျောက်ပျောက် ဘယ်ခြေထော
မီးလောင်လဲဆိုတာ နဂိုယဉ် ကြည့်ချင်လို့ ပြစမ်းပါဦး ဦးခွန်က"

"ဖွတ်ပါလား"

"ကြည့်ချင်တာကိုးလို့"

နဂိုယဉ် ဖွတ်အတင်း ခွန်ရာဇာ ခြေထောက်ကို ငုံ့ကြည့်
၏။

"ညည်း ဦးခွန် လောင်တဲ့မီးက ခြေထောက်မှာ မဟု
ဘူး နဂိုယဉ်ရဲ့၊ ရင်ဘတ်မှာ ရင်ဘတ်ကြီးထဲမှာ"

"ဟင်"

"ဦးဦးအောင်"

ခွန်ရာဇာ လှမ်းအော်ပေမယ့် ဦးဦးအောင်က ဂရုမစိုက်







အံ့ဩနားမလည်သည့် ဟန်ဖြင့် …

ဆတ်ခနဲ နဂိုယဉ်မျက်နှာလေး ပြန်မော့လာချိန်မှာ ဦးဦး
အောင်က ထိန်းမရအောင် ပျက်နေသော ခွန်ရာဇာမျက်နှာကိုကြည့်
ပြီး ရယ်သည်။

ထိုရယ်မောခြင်း၏ အဓိပ္ပါယ်မှာ အဘယ်မျှနက်ရှိုင်းလေး
သော် ကျယ်ပြန့်သည်ကို ခွန်ရာဇာ သိသလောက် နဂိုယဉ်က မသိ။

"ဦးခွန်ကို ဘာဘာက စနေတာကိုး၊ နဂိုယဉ်က တကယ်
ထင်နေတာ … ခစ်…ခစ်"

လက်ရှိအမြင်ကို နဂိုယဉ်ဘာသာ နားလည်သလို တွေး
ပြီး သဘောကျစွာ ရယ်သဖြင့် ခွန်ရာဇာပါ အတူလိုက်ပြုံးလိုက်
သည်။

"မင်းဖုန်းလာလို့ကွ၊ ဦးဘာသိုက်တဲ့ …ပြန်ဆက်လိုက်
ဦး"

အလုပ်တွေပစ်ပြီး ပထမဆုံးအကြိမ် စိတ်လွတ်ကိုယ်လွတ်
ထွက်လာပစ်တာကို သတိရသွားသည်။ ပြီးတော့ ခွန်ရာဇာဘဝမှာ
တစ်ခါမှ မလုပ်ဘူးတဲ့ အလုပ်တွေ နဂိုယဉ်နဲ့ကျမှ လုပ်ဖြစ်၊ ပြောဖြစ်၊
ကြံစည်ဖြစ်နေသည်။

"အုန်းစိမ်းရေ သောက်ပြီး အုန်းသီးဖွန်းခြစ်နုနုလေး စား
လား နဂိုယဉ်"



www.burmeseclassic.com

www.burmeseclassic.com



"စားမယ် ..ဘဘ"

"ဒါဖြင့် ဘဘနဲ့နေခဲ့၊ မင်းသွားစရာရှိတာ သွားပေ ခွန်ရာဇာ"

ဦးဦးအောင် ဘဘအကြံနှင့် နဂိုယဉ်ကို သူနားက ခေါ်ထုတ် ထားတာလဲဆိုတာ သိသဖြင့် ခွန်ရာဇာ ခြေအစုံ နေရာကမရွေ့

ဦးဦးအောင်က မျက်ခုံးပင့်ပြီး ခွန်ရာဇာစိတ်ကို လှမ်းမြင် သလို ခပ်ပြုံးပြုံးပင် ကြည့်သည်။

"ကျွန်တော်လည်း အုန်းစိမ်းရေသောက်မှာဆိုတော့ မျ ယောက်စာမှာပြီး ကျွန်တော့်အခန်းကို ပို့ခိုင်းလိုက် ဦးဦးအောင်"

"တော်ကြာ သူ့အသွားစိတ်ပူပြီး လိုက်ရှာနေမှာစိုးလို့"

"လာ ....နဂိုယဉ်"

"ဦးခွန်နဲ့ နဂိုယဉ် တစ်ခါတည်း လိုက်သွားတော့မယ် နော် ဘဘ"

"ကောင်းပါပြီဗျာ"

နဂိုယဉ် လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆွဲသွား သော ခွန်ရာဇာ နောက်ကျောပြင်ကို ကြည့်ပြီး ဦးဦးအောင် နှစ်သိမ့် ကျေနပ်စွာ ပြုံးသည်။

မင်းဘယ်လိုငြင်းငြင်း အဖြေက ဒါပါပဲ ခွန်ရာဇာ ရယ်-

❖ ❖ ❖



## အခန်း (၁၄)

"မောင်ရာဇာ ရောက်လာတာနဲ့ အတော်ပဲကွယ်၊ အန်တီ တို့ မနက်ဖြန် လေယာဉ်နဲ့ ပြန်တော့မှာ၊ နဂိုယဉ် ကြီးသူဇာက အမြန်ပြန်ခဲ့ဖို့ လှမ်းမှာလို့လေ"

"ကျွန်တော်တို့လည်း မနက်ဖြန်ပြန်ကြမှာဆိုတော့ ပိုအဆင် ပြေသွားတာပေါ့ အန်တီခင်"

"ဟင်"

အတူတူပြန်ရမည်ဆိုသည့် ခရီးအတွက် ဒေါ်ခင်ခင်ကြီး ရှေ့တွင်နှာပျက်မသွားအောင် မနည်းထိန်းလိုက်ရသည်။ မသူဇာအစီ အစဉ်ထဲမှာ ခွန်ရာဇာနှင့် အတူပြန်လာဖို့ မပါ။

"မသူဇာက အမြန်ပြန်လာဖို့ မှာတယ်ဆိုတော့ ကိစ္စအထူး ရှိလို့လား အန်တီခင်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာက ကော်ဖီသောက်မပျက်။ စိတ်ထဲမှာ မသူ
မည်ကြားတိုင်း တစ်မျိုးမဟုတ် တစ်မျိုး အထူးအဆန်းတွေ့တတ်
ကို သတိတရ နဂိုယဉ်ရှိရာ ခွန်ရာဇာ အကြည့်တွေ ဖျတ်
ရောက်သွားသည်။

ပေလီကို မသူဇာအစီအစဉ်နှင့် နဂိုယဉ်တို့ မြေအ
ရောက်လာတာ သူ သိပြီးပါပြီ။ တခြား ဘာအစီအစဉ်တွေလု
နဂိုယဉ်တို့ မြေအဘွားကို ကြိုးဆွဲကကြဦးမလဲဆိုတာ တွေး
၍ ဖြစ်သည်။

"ကိစ္စက အထွေအထူးမဟုတ်ပါဘူးကွယ်၊ သူ့
သိပ်ချစ်တာဆိုတော့ အကြာကြီး ခွဲမထားနိုင်တာရော၊ စိတ်မချ
တာရောပေါ့"

"မသူဇာ စိတ်မချရအောင် နဂိုယဉ်က လာတွေများ
နေလို့လဲ အန်တီခင်"

နဂိုယဉ်နှင့်ပတ်သက်ပြီး ပထမဆုံး ခွန်ရာဇာဘက်က
ဝင်စားစွာ စပ်စုခြင်းဖြစ်သည်။ ဖြူဖွေးလှပသော သဲသောင်ပြ
ပြင်လွင်ကျယ်ပြောသော ပေလီရှုခင်းကို တစ်ဝကြီး ခံစားနိုင်
ဟိုတယ်ရှေ့ မျက်နှာစာမှာ ခွန်ရာဇာနှင့် ဒေါ်ခင်ခင်ကြီး
အတူသောက်ရင်း စကားပြောနေကြခြင်းပါ။



"ပြောရရင်တော့ကွယ် မသူဇာက သူ့ရဲ့တစ်ဦးတည်းသော
လေးအပေါ်မှာ သိပ်မျှော်လင့်ချက်တွေများတယ်"

"ရည်မှန်းချက်တွေလည်းရှိတော့ နဂိုယဉ်လေးကို ဘာတစ်
ချွတ်ချော်တိမ်းစောင်းတာ မခံနိုင်ဘူး၊ အမှားအယွင်းလည်း
စေချင်ဘူး၊ သူ့တူမလေး ဘဝကို သူတတ်နိုင်တဲ့ဘက်က
ကောင်းဆုံး အတောက်ပဆုံး ပျော်စရာဘဝလေးအဖြစ် ငြိမ်းငြိမ်း
ချမ်း ဖြစ်စေချင်တယ်၊ အဲဒါပါပဲ"

ဒေါ်ခင်ခင်ကြီးစကားက ရှည်လျားပေမယ့် ခွန်ရာဇာ
ထဲမှာ နားထောင်လို့ မညည်း။ စကားလုံးတိုင်းမှာ နက်ရှိုင်းသည့်
ဓိပ္ပါယ်တွေ လေးနက်သက်ရောက်နေပုံကိုသာ စိတ်ဝင်စားနေမိ
သည်။

နဂိုယဉ်တို့ မြေအဘွားက မသူဇာရဲ့ ကြိုးဆွဲရာ ကရမည့်
ပ်။ ဒီလောက်ဆို ခွန်ရာဇာ သဘောပေါက်သည်။ နဂိုယဉ်ကို
စေချင်သော ကလေးအဖြစ် မျက်လုံးထဲမှာ မြင်ယောင်နေသော်
သည်း မသူဇာမှာက နဂိုယဉ်နဲ့ပတ်သက်ပြီး ကြီးစွာသော အကြံ
လေပြီ။

ခွန်ရာဇာ မျက်လုံးထဲ နွေသစ်ဆိုသည့် ကောင်လေး ဖျတ်
ရောက်လာသည်။ မသူဇာအကြံက ဒါလား။ အတွေးနှင့်
က်ခုံးတွန့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေကလည်း ရေထဲမှာ တစ်ယောက်တည်း ငုပ်

ဒိုင်းကျဲပြီး အပျော်ကြီးပျော်နေသော နဂိုယဉ်ရှိရာ လက်ခနဲ စူးတော

စွာ ရောက်သွားသည်။

ဘယ်အချိန်က နဂိုယဉ်နားရောက်နေမှန်း မသိသေ

နေ့သစ် ဆိုသည့် ကောင်လေးကို မြင်လိုက်ရတော့ ခွန်ရာဇာရင်

ဘယ်နေရာကမှန်း မသိ ဖျင်းခနဲ တင်းခနဲဖြစ်သွားသည်။

ခိုးခိုးခစ်ခစ် ချစ်စဖွယ်ရယ်မောလိုက်သော နဂိုယဉ် ရယ်

သံ လွင်လွင်ထဲ နေ့သစ်ရယ်သံက ကျယ်လွင့်စွာ ပါလာတော

မျက်နှာပျက်မသွားအောင် မနည်း သတိထားလိုက်ရသည်။

နေ့သစ်ဆိုသည့် ကောင်လေးကို အရေးပေးလွန်းသည်

ထင်သဖြင့် ဒေါ်ခင်ခင်ကြီးမျက်နှာကို ဖျတ်ခနဲကြည့်လိုက်တော

ကျေကျေနပ်နပ်အပြုံးဖြင့် သူ့မြေးဖြစ်သူ နဂိုယဉ်နှင့် နေ့သစ်ဆိုသည

ကောင်လေးရှိရာ လှမ်းကြည့်နေတာကို မြင်လိုက်ရသည်။

အပျိုအရွယ် မြေးမလှလှလေးအနားမှာ နေ့သစ်လို ကောင

ချောလေးတစ်ယောက် ရင်းရင်းနှီးနှီး အနေအထားမျိုးနဲ့ ရှိနေတာ

ဘွားအေကြီးတစ်ယောက်အနေနဲ့ နည်းနည်းမှ စိတ်ပူပုံမရပါလာ

မျက်ခုံးထူများ တွန့်ခနဲ ဖြစ်သွားသည်။

"နေ့သစ်ဆိုတဲ့ ချာတိတ်နဲ့ သိတာ ကြာပြီလား ကြီးခင်"





"အရင်ကတော့ မသိပါဘူးကွယ်၊ ဒီရောက်မှ မသူဇာ

ကြောင့် သိကျွမ်းခင်မင်ရင်းနှီးရတာပါ"

"သြော် ...သြော်"

"နေ့သစ် မိဘများနဲ့ မသူဇာတို့က မိတ်ဆွေတွေလေ၊

ကလေးချင်း ရင်းနှီးစေချင်တာလည်း ပါမှာပေါ့"

"ကလေးချင်း ရင်းနှီးစေချင်တယ်ဆိုတာက .."

"ပြောရရင်တော့ မသူဇာရော၊ နေ့သစ်မိဘတွေရော

သစ်နဲ့ နဂိုယဉ်လေးကို သဘောတူ ကြည်ဖြူကြတယ်ဆိုပါစို့

ပေ"

ဒါ မသူဇာအကြံ လို့ ချက်ချင်းသိလိုက်သည်။

"ကြီးခင် သဘောကရော..."

"မသူဇာကိုယ်တိုင် သူ့တူမလေး ရှေ့ရေးအတွက်

ကောင်းဆုံး စီစဉ်တာပဲကွယ်၊ ငြင်းလို့ ဘယ်ဖြစ်မှာလဲ"

"နေ့သစ်လေးကလည်း နဂိုယဉ်လေးအပေါ်မှာ မြတ်မြတ်

နိုးနိုးဆိုမှတော့...."

ခွန်ရာဇာ နားထဲမှာ ဒေါ်ခင်ခင်ကြီး စကားသံတွေ ဘာ

မှ မကြားတော့ပါ။

သူ့အကြည့်တွေက နဂိုယဉ်နှင့် နေ့သစ်ဆိုသည့် ချာတိတ်

လေးသာ စူးနစ်စွာ ရောက်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အတူ ရေကစားနေရာမှ နှစ်ယောက်စလုံး ကမ်းစပ်… ပြေးတက်လာသူ နှစ်ယောက်က ခွန်ရာဇာမြင်ကွင်းထဲ ရောက်… သည်။ ပင်လယ်လှိုင်းသံတွေကြားမှ ချိုမြသော ရယ်သံတွေ… ခွန်ရာဇာနားမှာ ခါးရှရှ။

အပြာရောင် ဝတ်စုံနှင့် ရေစိုအဝတ်တွေနှင့် ဦးဆောင်… လွှားနေသော နေ့သစ်နောက်ကို အနီရောင် ကိုယ်ကျပ်ဝတ်စုံ… နှင့် နဂိုယဉ်က အပြေးလိုက်နေသော်လည်း မမီ။

မီလုမီခင်ကြပြန်တော့ ဖမ်းမမိနိုင်အောင် နေ့သစ်… လက်ထဲက ဘောလုံးကို ပိုက်လျက် ဟိုကွေ့ ဒီရှောင် ရယ်မော… ပုံက တကယ့်ကို ချစ်စနိုး အမူအယာတွေ။

နဂိုယဉ်နှင့် နေ့သစ်ဆိုသည့် ချာတိတ်လေးကို ရူးစိုက်ကြ… ရင်း ခွန်ရာဇာရင်ထဲမှာ မကြုံစဖူး ထူးကဲစွာ ပူလောင်နာကျင်… ၏။

"အား"

"ဟာ"

ဖြူလွှသော သဲသောင်မှာ ဒိုက်ခနဲ ပစ်လဲသွားသော… နဂိုယဉ်ကြောင့် ခွန်ရာဇာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"မြေးလေး"

"ကျွန်တော် သွားကြည့်လိုက်မယ် ကြီးခင်"





သူ့ကိုယ်သူ ဘာဖြစ်၍ ဖြစ်မှန်းပင် မသိ။ မပြေးယုံတမယ် …သွားသည့် ခြေလှမ်းကျဲကြီးများက ပွဲပွဲလေး လဲကျနေသည့် …ယဉ်အနား လွှားခနဲ ရောက်သွားသလား ထင်ရသည်။

"နဂိုယဉ် …ဘာဖြစ်လဲ"

"ဟာ ..သွေးတွေ"

"အား … ကျွတ် …ကျွတ်၊ ခြေထောက်ကို မကိုင်နဲ့ …ဘဲ"

"အား"

ဖြူဖွေးသော လက်ကလေးတွေက နေ့သစ်လက်ကို ဆွဲ …ယ်ရှားလျက် မျက်နှာလှလှလေး နာကျင်စွာ ရှုံ့မဲ့နေသည်။

"ဖန်စကွဲပါလား၊ ဖြစ်ရလေ နဂိုယဉ်ရယ်၊ သိပ်နာနေလား … ကိုယ် နဂိုယဉ်ကို …"

"ရတယ် …နေ့သစ်၊ နဂိုယဉ်ကို ကိုယ်ပဲ ပွေ့ချီသွားလိုက် …"

"ဦးခွန်"

"အဟင့် …ဟင့်"

"ဦးခွန်ရာဇာ"

"မငိုနဲ့"

"လာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

ဘာစကားမှ ပြောခွင့်မပင် မရ။

ချွေခနဲ နဂိုယဉ်ကိုယ်လေးကို ကလေးတစ်ယောက်

ပွေ့သွားသူကို ကြည့်ပြီး နေ့သစ် နှုတ်ဆွံ့အ သူလို ကျန်ခဲ့

ခွန်ရာဇာ လည်ပင်းကို သူမလက်ကလေးတွေနှင့် ယ

ခို ရှိုက်ငိုရင်း လိုက်ပါသွားထံမှ မျက်ရည်စက်တွေက ခွန်

နှလုံး သားကို လျက်မြန်စွာ ကူးစက်ပျံ့နှံ့သွား၏။

"ဆရာဝန်ဆီ ဖုန်းဆက်လိုက်မယ်နော် နဂိုယဉ်၊ ခ

ဆရာဝန်နဲ့ တို့လာခဲ့မယ်"

"ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပြီ"

သူတို့များက ချာခနဲ လှည့်ပြေးသွားသော နေ့သ

မကျေနပ်သော်လည်း ခေါင်းညိတ်လိုက်ရသည်။

မျက်ရည်စတွေနှင့် သူ့ရင်ခွင်ထဲက နဂိုယဉ်လှလှလေး

ချစ်မြတ်နိုးခြင်းများစွာဖြင့် ငှုမိုးစူးစိုက်အကြည့်မှာ ရင်တစ်ခု

ရှိန်းခနဲ တသိမ့်သိမ့်တုန်ရီ လှုတ်ခတ်သွား၏။

ဒါ... ဘာလဲ။

ဦးဦးအောင် ပြောသည့် နှလုံးသားတော်လဲသံ ဆို

လား။





ဖြူသော မျက်နှာတစ်ခုလုံး ဖြန်းခနဲ ပူနွေးသွားသည်။

အချစ် ... ဆိုတာကြောင့်များလား။

ခွန်ရာဇာ ရင်ခွင်ထဲက နဂိုယဉ်ကိုယ်လေး ပို၍တင်းကျပ်သွား

သည်။

"ဟေး ... ဒါက ဘယ်လိုဖြစ်တာလဲကွ ခွန်ရာဇာ၊

လေးခြေထောက်မှာလည်း သွေးတွေနဲ့ပါလား"

"ပုလင်းကွဲ စူးလာလို့ ဦးဦးအောင်"

"ဟ ...ဆရာဝန်ပြမှ ဖြစ်မှာပေါ့ကွ"

"ငါ ဖုန်းသွားဆက်မယ်"

"နေ့သစ် ခေါ်လာလိမ့်မယ် ဘာဘာ"

နဂိုယဉ်က ရှိုက်သံတစ်ဝက်နှင့် ဝင်ဖြေတော့ မတိုင်ပင်ပဲ

ဝရီးနှစ်ယောက် မျက်လုံးချင်း ဆုံသွားသည်။

"မြေးလေး"

"ဘွား"

"ခြေထောက် ပုလင်းကွဲစူးလို့ဆို၊ ပြစမ်းပါဦးကွယ်၊

မလေး ... သွေးတွေကလည်း မနည်းပါလား မောင်ရာဇာ

ယ်"

"ဘာမှ မဖြစ်ဘူး ကြီးကြီးခင်၊ ဆရာဝန်ရောက်လာရင်

အားလုံး အဆင်ပြေသွားမှာပါ၊ သိပ်လည်း မစိုးရိမ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှ ဖြစ်ရလေ မြေးရယ်၊ နေ့သစ်ကလေး ပြော
ဘွားကိုပြောတော့ လန့်သွားတာပဲကွယ်"

"အား ...ကျွတ် ...ကျွတ်"

"သိပ်နာလား မြေး၊ နေ့သစ် ဆရာဝန်သွားခေါ်တာ
ပြန်လာပါလိမ့်မယ်ကွယ်၊ နာနေရင်လည်း နည်းနည်းသည်း
နော် ...မြေး"

နဂိုယဉ်အခန်းလေးမှာ အားလုံး ပျာယာခတ်နေသည်။

ဆရာဝန် ရောက်မလာခင် ရေစိုအဝတ်တွေ အရင်
စီစဉ်ရသည်။ ဘွားက နဂိုယဉ်ကိုယ်လေးကို ချိုနိုင်ပွေ့နိုင်
မဟုတ်။ အားလုံး ခွန်ရာဇာကပဲ လိုက်လုပ်ပေးရသည်။

တစ်ချိန်လုံး ဦးဦးအောင်က နဂိုယဉ်နှင့် ခွန်ရာဇာကို
ကြည့်နေပေမယ့် မတတ်နိုင်။

"ဆရာဝန် ရောက်လာပြီ ဘွား"

"ကြွပါ ဆရာ"

ရေစိုအဝတ်တွေနှင့်ပင် နေ့သစ် ဦးဆောင်ပြီး ဆရာဝန်
လာသည်။ ရေစိုအဝတ်တွေကို မလဲနိုင်ဘူးဆိုတည်းက နဂိုယဉ်
ဘယ်လောက် အရေးထားကြောင်း ပါးစပ်က ထုတ်ပြောစရာ
မလို။

"ခြေထောက်က ဒဏ်ရာကို စစ်မယ်နော် သမီး"





"ဟုတ်"

ဆရာဝန်က နဂိုယဉ်ခြေထောက်က ဒဏ်ရာကို စစ်သည်။

"အား ... ကျွတ် ... ကျွတ်"

"ခဏလေး ....ခဏလေး... အဲ"

"တော်သေးတယ် ဒဏ်ရာက သိပ်နက်လို့ ကျွန်တော်
ဆေးထိုးပေးခဲ့မယ်၊ ရေထဲတော့ ထပ်မဆင်းနဲ့တော့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါ်ခင်ခင်ကြီးနှင့် နဂိုယဉ်ကိုယ်စား နေ့သစ်က ဝင်ပြော
ဖြစ်သဖြင့် ခွန်ရာဇာ မျက်ခုံးတွန့်သွား၏။

အနာကို ဆေးထည့်၊ ပတ်တီးစည်း၊ ဆေးထိုး ဆေးပေး
လုံးအပြီးမှာ-

"ဆရာ ခြေကြွခလေး..."

"နေပါစေ ဦးခွန်၊ နဂိုယဉ်အတွက် ကျွန်တော်ပဲ တာဝန်ယူ
ရစေ"

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဘွား"

"ကျေးဇူးတင်ပါတယ် ကလေးရယ်၊ မင်းကိုယ်ပေါ်က
စိုဝတ်တွေကိုလည်း ခပ်မြန်မြန်လဲပါဦး၊ တော်ကြာ ခြေထောက်
ဒဏ်ရာရတဲ့လူက မဖျားဘဲ မင်းက ဖျားနေမှဖြင့်"



www.burmeseclassic.com

www.burmeseclassic.com



“နဂိုယဉ်အတွက်ပဲ ဘွားရယ်၊ ဖွားလည်း ကျေနပ်
တယ်”

“သွားပြီနော် ...ဘွား”

ပြုံးနေသည့် နေ့သစ်ဆိုသော ကောင်လေးမျက်နှာကို ဘယ်
လိုပုံစံနှင့်မှ ခွန်ရာဇာ ကြည့်မရတော့။ ပြောသွားလိုက်သည့် စကား
တွေကိုလည်း မကျေနပ်။ အိပ်ယာထက်မှာ ထူထဲကော့ညွတ်သော
မျက်တောင်တွေ စေ့ပိတ်ငြိမ်သက်နေသော မျက်နှာလှလှလေးရှိရာ
ခွန်ရာဇာ အကြည့်တွေ ရောက်သွားသည်။

ဘာမဟုတ်တဲ့ နေ့သစ်ဆိုသည့် ကောင်လေးလက်ထ
နဂိုယဉ် အင်မတန် ရိုးသားအပြစ်ကင်းစင်တဲ့ သိပ်လှသည့် ကလေး
မလေးကို ဖြစ်ချင်ရာဖြစ် ရော့...အင့်.. ဆိုပြီး ပေးပစ်လိုက်ရ
လား။

“အဟမ်း”

ဦးဦးအောင်ထံမှ ချောင်းဟန့်သံ ထွက်လာ၏။

“တစ်ချိန်လုံး ပျော်ပျော်ရွှင်ရွှင် နေလာပြီး ပြန်ကာနီးမှ
ဖြစ်ရတယ်လို့ဗျာ”

“သူ့အဒေါ်သိရင် မြေးအဘွားနှစ်ယောက်စလုံးကို အပြစ်
တင်တော့မှာပဲကွယ်၊ မသူဇာက သူ့တူမလေးကို ဘာတစ်ခု
အထိအခိုက်မခံနိုင်အောင် ချစ်ရှာတာ”





မသူဇာ နာမည်ကြားတာနှင့် ခွန်ရာဇာ မျက်နှာချောချော
ဟာ သိသာစွာ တင်းမာသွား၏။

“တစ်ဦးတည်းသော တူမအချောအလှလေးဆိုတော့လည်း
ချစ်ရှာမှာပေါ့ဗျာ”

“ဒါပေါ့ကွယ် ..ဒါပေါ့”

ဦးဦးအောင်နှင့် ဒေါ်ခင်ခင်ကြီးတို့ အပြန်အလှန်ပြောနေသည့်
စကားတွေထဲမှာ မသူဇာက သူ့တူမအချောအလှကို ဘယ်လို
အကြဲအစည်တွေနှင့် အထိအခိုက်မခံနိုင်အောင် ချစ်ခြင်းကို ခွန်ရာဇာ
ကောင်းကောင်းကြီး နားလည် သဘောပေါက်ပါသည်။

နဂိုယဉ်မှာ ဆေးရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီမို့
ဒေါ်ခင်ခင်ကြီးကိုပဲ နှုတ်ဆက်ပြီး တူဝရီးနှစ်ယောက် ပြန်လာခဲ့သည်။

လေပြင်းကြောင့် အပြင်မှာ ရေလှိုင်းနှင့် ကမ်းပါးရိုက်ခတ်
သံ ခပ်ကြမ်းကြမ်းက ဝုန်းဒိုင်းကျဲလျှက်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"မသူဇာဆိုတာက တော်တော် တော်တာပဲကွ ခွန်ရာဇာ"

"ဘာတော်တာလဲ"

"သူ့တူမ အချောအလှလေးအတွက် ရှေ့ရေးနောက်ရေး အားလုံး ထောင့်စေ့အောင် ကြိုတွေးနိုင်တာလေ"

ဦးဦးအောင် မျက်နှာက ခပ်ပြုံးပြုံး။ ခွန်ရာဇာကို ကြည့်သည့်အကြည့်တွေက မထိတရိ၊ နွေသစ်နှင့် ပတ်သက်ပြီး ခံစားချက် ပြင်းနေသည့် ခွန်ရာဇာ နှလုံးသားကို မြင်နေတွေ့နေမှန်း သိသည်။

သိ၍လည်း သူ့ကို တမင် ကလိနေခြင်းဖြစ်ကြောင်း ဦးဦးအောင် မျက်နှာပေါ်က အပြုံးက ပေါ်လွင်နေ၏။

"အလကား မိန်းမပါ"

"သူကိုယ်တိုင်တော့ အဖြစ်ရှိအောင် အိမ်ထောင်မပြုဘဲနဲ့ နဂိုယဥ်လို ကလေးတစ်ယောက်ကိုတော့ အစီအစဉ်တွေ ကြံဖန်လုပ်ပြီး သူ့ပဲ စီမံအုပ်ချုပ်နေတယ်"





"ဘာမှ အထင်ကြီးစရာမရှိတဲ့ မိန်းမ"

မသူဇာကို ဘယ်တုန်းကမှ ဒီလောက်အထိ ကြည့်မရသည့် နေ့မရှိ။ မသူဇာ အခုချိန်ထိ အိမ်ထောင်မပြုဘဲ တစ်ကိုယ်တည်း အပျိုကြီးဘဝနှင့် နေလာခဲ့ခြင်းအပေါ်မှာလည်း ဤမျှလောက်နှင့် သိမ်းမောက်မာသော စကားမျိုးလည်း မဆိုဘူး။

အခုမှ...

နဂိုယဥ်နှင့် ပတ်သက်လာမှ ခံပြင်းဒေါသဖြစ်လျက် မဆိုဖူးသော စကားကို ဆိုလိုက်ခြင်းဖြစ်သည်။

"ငါကတော့ မသူဇာကို အထင်ကြီးတယ်ကွ"

"ဦးဦးအောင်"

ဒေါသဖြစ်နေသော ခွန်ရာဇာကို ကြည့်ပြီး ဦးဦးအောင်ရယ်သည်။

"သူ့မှာ ဒီထက်မကတဲ့ အစီအစဉ်တွေ အများကြီးရှိဦးမှာပဲကွ၊ ကိုယ့်တူမရှေ့ရေးအတွက် အလေးအနက် တွေးပေးနိုင်တဲ့ အဒေါ်ရှိနေတာ နဂိုယဥ် ကံကောင်းတာပဲ"

"ဩော် ... နေဦး၊ နွေသစ်ဆိုတဲ့ ကောင်လေးလဲ ကံကောင်းတာပဲ၊ ကောင်လေး ကြည့်ရတာ နဂိုယဥ်ကို တော်တော် ချစ်မြတ်နိုးပုံပဲ"

"မင်းရော ဘယ်လိုထင်လဲ ခွန်ရာဇာ"

"ဘယ်လိုမှ မထင်ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာ လေသံက ဂျစ်ကန်ကန်။

ဦးဦးအောင်က အပြုံးမပျက်။

“မင်း ဘယ်လိုမှ မထင်ပေမယ့် မြင်တော့ မြင်လိုက်တယ် မဟုတ်လား၊ ကောင်လေး ပျာနေတာကိုလေ၊ ကြည့်ရတာ နဂိုယဉ်နဲ့ နေသစ်ကို သဘောတူထားကြပုံပဲ”

ထိုစကားကို နဂိုယဉ်အသွားကိုယ်တိုင် ခွန်ရာဇာကို ဖွင့်ပြောပြီးဖြစ်သဖြင့် ထူးပြီး မခံစားဖြစ်တော့ပါ။

“မနက်ဖြန် လေယာဉ်နဲ့ နေသစ်ဆိုတဲ့ ကောင်လေးပါ လိုက်ပြီး နဂိုယဉ်ကို အိမ်အရောက် ပြန်ပို့ပေးမှာလို့ ပြောတယ်ကွာ”

ခွန်ရာဇာ ကိုယ်ကြီး ဆတ်ခနဲ ဖြစ်သွားသည်။ အခြေအနေ တွေက ဒီလောက်တောင်အထိပဲလား။ အနားမှာ ခွန်ရာဇာလို ရုပ် တစ်ယောက်လုံး ရှိနေတာတောင် အားမကိုးတော့ဘူးဆိုတော့⋯

“ကြည့်ရတာ ကောင်လေးဘက်က အတော် အသည်း အသန်ဖြစ်နေတာဆိုတော့ ခပ်မြန်မြန်ပဲ လက်ထပ်ဖြစ်ကြမယ် ထင် တယ်”

ဦးဦးအောင်က စီးကရက် အသောက်မပျက်။ သူ ပြောချင် ရာတွေ စွတ်ပြောသွားပေမယ့် ခွန်ရာဇာရင်ထဲ နေဆယ်စင်း အပြိုင် ထွန်းသလို ပူပြင်းလောင်မြိုက်သွား၏။

သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမှ မခံစားဖူးသော အသည်း စက်စက် စိတ်ခံစားချက်များဖြစ်၍လည်း အံ့သြမိသည်။





“နေသစ်က လူတော်လေးဆိုတော့ ငါတော့ သဘောတူ တယ်၊ မင်းရော ⋯ နေသစ်နဲ့ နဂိုယဉ်ကို⋯”

“လုံးဝ သဘောတူဘူး”

“အကြောင်းပြချက်က ဘာလဲ”

ဦးဦးအောင်အမေးကို ရုတ်တရက် ခွန်ရာဇာ မဖြေနိုင်။

“အသက်ငယ်သေးလို့ဆိုတဲ့ အကြောင်းပြချက်တော့ မခိုင် ဘူးနော် ခွန်ရာဇာ၊ ဆယ်တန်းအောင်ပြီး ပထမနှစ် တက်တော့မယ့် ကျောင်းသူလေးကို ဘယ်သူကမှ မင်းပြောသလို ကလေးလို့ ပြော ကြမှာ မဟုတ်ဘူး”

“ဒါပေမယ့် ကျွန်တော့် မျက်လုံးထဲမှာတော့ သူဟာ ကလေးပဲ”

“ဟိုး⋯⋯တော်ပြီ၊ အခုချိန်ထိ မင်းကိုယ်မင်း ဘာဖြစ်လို့ မှန်း မသိသေးဘဲကိုးကွ”

“ကျွန်တော်က ဘာဖြစ်နေလို့လဲ”

“ဖြစ်လာတဲ့အချိန်ထိ စောင့်ပေါ့”

ပြောပြီး ဦးဦးအောင်က တဟားဟား အော်ရယ်သည်။

“ညစာကို မင်းအစီအစဉ်နဲ့စားပေါ့၊ ဒီည နှုတ်ဆက်ပွဲရှိ ပါတော့ သွားရဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးအောင်ကို သူ ဘာမှမပြောမိ။ တစ်ယောက်တည်း ကျန်နေချိန်မှာ အတွေးတွေက ဟိုရောက်ဒီရောက်နှင့် စိတ်ထဲ အတော် ကသိကအောက်ဖြစ်ကာ ဘာကိုမှ မကျေနပ်။

ဒီကြားထဲ နေ့သစ်က နဂိုယဉ်တို့မြေးအဘွား အနား တစ်ချိန်လုံးလိုလို ဝင်လိုက်ထွက်လိုက် လုပ်နေတော့ ပိုဆိုးသည်။ လူက ထိုင်ရမလို၊ ထရမလို၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။

"တူ...တူ..တူ"

ခွန်ရာဇာ အခန်းထဲက ဖုန်းလေးက အသံမြည်လာ သဖြင့် သူ ကောက်ကိုင်လိုက်သည်။

"ဟဲလို"

"ဦးခွန် ..ဒီကို မြန်မြန်လာပါဦး၊ ဒီမှာ ဘွား ရုတ်တရက်ကြီး ကိုယ်တွေပူပြီး ဖျားလာလို့ နဂိုယဉ် ဘာမှမလုပ်တတ်ဘူး"

"အဟင့် ...ဟင့်"

"ဟိတ် ...မငိုနဲ့လေ၊ ဦးခွန် အခုလာခဲ့မယ်၊ ဒါပဲနော်"

"ဟုတ်"

ရှိုက်သံတစ်ဝက် ရောနေသော နဂိုယဉ်အသံလေး မကြားရ။ ဖုန်းချပြီးတာနဲ့ နဂိုယဉ်ခန်းအဘက် ကူးခဲ့သည်။

"ဒေါက် ...ဒေါက်"

"တံခါးဖွင့်ထားတယ် ဦးခွန်"



မြေးအဘွားနှစ်ယောက်စလုံး ခုတင်ပေါ်မှာ အတူရှိနေတာကို မြင်ရတော့ ခွန်ရာဇာ ရင်မောသွား၏။

"အခန်းတံခါးကို ဒီလို အမြဲ ဖွင့်မထားရဘူးလေ နဂိုယဉ်"

"နဂိုယဉ် သိပါတယ် ဦးခွန်ရဲ့၊ ဦးခွန်လာမယ်ဆိုလို့ ဖွင့်ထားတာပါ"

"နေ့သစ် ဝင်ထွက်နေတာကရော"

"သူက ဟိုတယ်ပိုင်ရှင်ပဲ၊ သူ့မှာ သော့အပိုရှိတာပေါ့၊ ဟိုတယ်မှာ အခု သူ မရှိလို့ ဦးခွန်ကို လှမ်းခေါ်လိုက်တာ"

"ဘွားကို ကြည့်ပါဦး ဦးခွန်"

အချိန်မရွေး သော့ပိုတစ်ချောင်းနှင့် ဟိုတယ်ပိုင်ရှင် နေ့သစ်၊ နဂိုယဉ်တို့ မြေးအဘွားရှိရာ ဝင်ချင်တဲ့ အချိန်ဝင်၊ ထွက်ချင်တဲ့ အချိန်ထွက်နေတာကို မနှစ်မြို့သောစိတ်ကို မနည်းမျိုသိပ်လိုက်ရ၏။

"ကြီးခင်"

အဖျားရှိန်ဖြင့် အိပ်နေသော ဒေါ်ခင်ခင်ကြီး နဖူးကို လက်ဖြင့် အသာအထိမှာ အပူငွေ့က ခွန်ရာဇာကို လာရိုက်သည်။

"ကြီးခင်"

"သြော် .. မောင်ရာဇာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး ဖျတ်ခနဲ ပွင့်လာ၏။

"ဘယ်လိုဖြစ်တာလဲ ဗျာ"

"မပြောတတ်ပါဘူးကွယ်၊ ရုတ်တရက်ကြီး ချမ်းလာ... အိပ်ယာထဲ ဝင်လှဲလိုက်တာနဲ့ ကိုယ်တွေ ပူလာတော့တာပဲ"

"ဆရာဝန် ခေါ်ပေးဖို့ ရိုဆက်ရှင်ကို ဖုန်းဆက်ထားလား"

"ဆက်ပြီးပြီ ဦးခွန်၊ လာမယ်တဲ့"

"ခေါက် ...ခေါက်"

"ဟော... လာပြီထင်တယ် ဦးခွန်"

"နေ .... နေ .. ကိုယ်သွားလိုက်မယ်"

ခွန်ရာဇာ အခန်းတံခါးကို ဆွဲအဖွင့်မှာ ဟိုတယ်ဝန်ထမ်း... နှင့်အတူ လိုက်လာသော ဆရာဝန်ကို တွေ့ရသည်။ အခုဆရာဝန်... နဂိုယဉ်ကို ဆေးကုပေးသော ဆရာဝန် မဟုတ်။ တခြား... ယောက်ဖြစ်သည်။

"ကြွပါ ခင်ဗျာ"

ဆရာဝန်က လိုအပ်သည့် စစ်ဆေးမှုများ ပြုပြီး ခေါင်း... ကြီးကို ဆေးထိုး၊ ဆေးပေးသည်။

"ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ရိုးရိုးဖျားတာပါ၊ မကြာ... ပြန်ကောင်းသွားပါလိမ့်မယ်"



ဆရာဝန်ကို အခန်းပေါက်ဝအထိ လိုက်ပို့ပြီး ခြေကြွခ... ရှင်းပေးလိုက်သည်။

အခန်းတံခါးပိတ်ပြီး နဂိုယဉ်နား ပြန်ရောက်လာတော့ ...တ်ဝင်းသန့်နေသည့် ဖန်းသွေးရောင် မျက်နှာလှလှလေးက ငိုမဲ့မဲ့။

"ဦးခွန် ...ဒီမှာပဲ နေနော်၊ ဘွားက နေမကောင်းဘူး၊ ...ယဉ်ကလည်း ခြေထောက်နာလို့ ဘယ်ကိုမှ မသွားနိုင်ဘူး၊ ဒီ ...ခန်းထဲမှာပဲ နဂိုယဉ်တို့ မြေးအဘွားနဲ့ ညလာအိပ်ပေး"

"မမ သဘော"

"ကျေနပ်ပြီလား"

"ဟုတ်"

နဂိုယဉ်ဦးခေါင်းက ဆံနွယ်လေးတွေကို ခပ်ဖွဖွဆော... ...ားရင်း ခေါင်းညိတ်လိုက်တော့ နဂိုယဉ်မျက်နှာလေး ပြုံး... ...သည်။

"အဲဒါကြောင့် ဦးခွန်ကို ချစ်တာ"

ခွန်ရာဇာ လက်မောင်းတစ်ဖက်ကို သူမရင်ခွင်ထဲ နစ်သွား... ...င် တင်းကျပ်စွာ ဆွဲဖက်ရင်း ရိုးသားစွာပြောလိုက်သည့် နဂိုယဉ် ...လေးက ခွန်ရာဇာရင်ကို ဒုတ်ခနဲ လာထိသည်။

ခပ်ဖျော့ဖျော့ သင်းမွှေးသော ကိုယ်သင်းရနံ့ ချိုအီအီလေး ... အိထွေးမွှေးမြသည့် ကိုယ်လေးကို လက်တစ်ဖက်ဖြင့် ခပ်ဖွဖွ... ...လည် ပွေ့ဖက်ထားသော်လည်း ရင်ခုန်သံက မမှန်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး သူ့အပေါ်မှာ ဆိုးချင်တိုင်းဆိုး နွဲ့ချင်တိုင်း... နေသည့် ကလေးမလေးအတွက် ဒီလိုအပြုအမူလေးတွေက သူ့... နှစ်ယောက်ကြားမှာ အင်မတန် ရိုးအီသော အနေအထားတစ်ခု...

ဦးခွန်ကို ချစ်တယ်လို့ ပြောလာတာကလည်း အ... မဟုတ်။ ဟိုတုန်းကတည်းက။ ခွန်ရာဇာအတွက် ဘာမှ မထူး... အားလုံး ရိုးရိုးသားသားမျှသာ။

နဂိုယဉ်ကိုယ်လေးကို ချီပြယ်၊ ပွေ့ပယ် လုပ်ခဲ့ရ... လည်း အကြိမ်ကြိမ်။

ပန်းနုရောင် ကြွနေသည့် ပါးလေးတွေ၊ နဖူးလေး... ဆံစလေးတွေကို သူ နမ်းခဲ့ဖူးသည်။

ဘယ်တုန်းကမှ ဘာမှမဖြစ်။ အခုမှ သူ ဘာတွေဖြစ်... ပြီလည်း။ နဂိုယဉ်နဲ့ ပတ်သက်မှုတိုင်း ခွန်ရာဇာအတွက် စိတ်... လှုပ်ရှားနေသည်။ ရင်တွေ ခုန်နေသည်။

မနာလို ဝန်တိုမှုတွေနှင့် ပူလောင်နေသည်။

ဦးဦးအောင်ရှေ့မှာ ဝန်မခံဘဲ တမင် တင်းခံနေသော... ခွန်ရာဇာ ရင်တွင်းခံစားချက်အစစ်အမှန်က အရှိကို အရှိအတိုင်း... ဖော်ပြနေသည်။ ဘာတစ်ခုမှ ထိန်ချန်ကွယ်ဝှက်ခြင်း မရှိ။

ခွန်ရာဇာကိုယ်တိုင် သူ့ကိုယ်သူ မဖြစ်ရဘူး။ မဖြစ်... ဘူးလို့ တားဆီး ဆန့်ကျင်စွာ ဖွတ်အတင်း ထိန်းချုပ်နေသည့်... က ဦးနှောက်၏ အသိတရားကို နှလုံးသားက မနာခံ။

သူ နဂိုယဉ်ကို မရိုးမသား ချစ်မိနေပြီဆိုတာ သိလိုက်ရ...တော့ အတော်တုန်လှုပ်မိသည်။ ဝန်ခံလိုက်ဖို့တော့ တစ်ခါမှ မစဉ်း...စား။

သို့သော် နဂိုယဉ်ကို ချစ်မိသည့် အဖြစ်က တကယ့်ကို ...မြတ်နိုးနိုး။

“ဦးခွန်”

“ဟင်”

“မနက်ဖြန် ပြန်ဖို့ကိစ္စ ဘယ်လိုလုပ်မှာလဲဟင်၊ ဘွားက ...ကောင်းတော့”

“ဆေးထိုးပြီးပြီပဲ၊ ကောင်းသွားမှာပေါ့”

“ခြေထောက်ကလဲ နာတုန်း”

“ပွေ့ချီသွားမယ်”

“နှစ်ယောက်စလုံးကိုလား”

“အင်း”

“ခစ် ...ခစ်”

လှပကြည်မွေ့စွာ ချစ်စဖွယ် ရယ်မောလိုက်သော မျက်နှာ...လေးကို ချစ်မြတ်နိုးခြင်းများစွာဖြင့် ခွန်ရာဇာ ငြိုးလျက် ငေး...ကြည့်နေမိသည်။

ချစ်မိပြီ ကလေးရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



မင်းလေးကို အဆုံးရှုံးမခံနိုင်လို့ ကိုယ့်ရင်ခွင်မှာပဲ ထား
သိမ်းထားပါရစေ။ နဂိုယဉ်က ခွန်ရာဇာ ရင်ဘတ်ထဲက ချိန်
မြသော အပြောင်းအလဲတွေကို ဘာမှမသိ။ အပြစ်ကင်းစွာ
မောလျက် သူ့ကို လက်ကမ်းသည်။

"ချို"

"ဟင်"

"နဂိုယဉ်…တွိုင်းလက် သွားမလို့"

"အိုကေ"

စွေ့ခနဲ နဂိုယဉ်ကိုယ်လေး ပေါ့ပါးစွာ ခွန်ရာဇာ ရင်ခွင်
ထွေးခနဲ နွေးခနဲ ရောက်သွားသည်။

မင်းဟာ ကိုယ့်အတွက် ထာဝရကလေးဆိုးလေး ဖြစ်
ရမယ်ဆိုရင်။

❖ ❖ ❖



## အခန်း (၁၆)

"စားလေ …နဂိုယဉ်၊ ဘာဖြစ်လို့လဲ"

ထမင်း ဟင်းတွေ ရှေ့ရောက်နေပါလျက် ဘာတစ်ခုမှ
စားမထိဘဲ ငုတ်တုတ်ထိုင်နေသည့် နဂိုယဉ့်မျက်နှာလှလှလေးကို
ကြည့်ပြီး ခွန်ရာဇာ စိတ်ပူသွားသည်။

"ဟင့်အင်း"

နဂိုယဉ် ခေါင်းခါသည်။

"ဘာလဲ… နေမကောင်းလို့လား"

နဖူးပြေပြေလေးကို ထိကြည့်သည်။

"ကိုယ်လည်း မပူပါဘူး၊ မှာထားတဲ့ ဟင်းတွေ မကြိုက်
လို့လား"

စိုးရိမ်စွာ သူ မေးရင်း ဟင်းပွဲတွေကို လိုက်ကြည့်ဖြစ်
သည်။ အားလုံး နဂိုယဉ် နှစ်ခြိုက်သည့် ဟင်းတွေချည်းဖြစ်နေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်းနက် ဝိုင်းစက်သည့် မျက်လုံးလှလှကြီးတွေက အငြိ
ကင်းစင်စွာ ခွန်ရာဇာ မျက်နှာချောချောကို မော့မော့လေး တုံ့ငြ
ကြည့်နေ၏။ ဘွားအေကြီး နေမကောင်းသဖြင့် ခွန်ရာဇာနှင့်
နဂိုယဉ် နှစ်ယောက်တည်း အခန်းထဲမှာ ညစာထမင်းမှာစားနေ
ခြင်းဖြစ်သည်။

အကြည့်ချင်းဆုံသွားသည်။

သို့သော် ... သူလိုချင်သည့် အဖြေကို ရှာမတွေ့။

“ဒါဖြင့် ဘာဖြစ်တာလဲ”

“ခြေထောက်နာလို့”

“အဲဒီတော့...”

“ဦးခွန်က ထမင်းခွံကျွေးပေါ့”

ထိန်းနေသည့်ကြားမှ ခွန်ရာဇာ မျက်နှာချောချော
ချစ်မြတ်နိုးခြင်း အပြုံးတို့ ဖိတ်စင်ကြကျလာရပြန်ပါပြီ။

“မင်းကွာ”

“နဂိုယဉ် နေမကောင်းဖြစ်တိုင်း ဘွားကိုယ်တိုင် အ
ထမင်းခွံကျွေးနေကျ သိလား”

“ကိုယ်လည်း မသိရပါလား”

“အခု သိပြီမဟုတ်လားလို့၊ ဒီမှာက ဗိုက်ဆာနေပြီ”

သူ ပြုံးသည်။



ချစ်စနိုး အပြုံး။

“နေဦး ... အခု နဂိုယဉ်က နေမကောင်းဖြစ်တာမှ
ဟုတ်တာပဲ၊ ခြေထောက်ပဲ ဒဏ်ရာရထားတာ မဟုတ်လား”

“အတူတူပဲပေါ့၊ ခြေထောက်ဒဏ်ရာ ရပါတယ်ဆိုတာမှ
နေလို့ရော ကောင်းပါဦးမလားလို့”

“အခုလည်း ကြည့်ပါလား၊ နဂိုယဉ် ဘယ်သွားသွား
ဘာလုပ်လုပ် ဦးခွန် ချီပိုးလိုက်ပို့ပေးနေရပြီးမှ ထမင်းခွံကျွေးတာ
လောက်တော့ ဝိုလုပ်ပေးသင့်တာပေါ့”

“ကောင်းကွာ”

“ဗိုက်ဆာပြီလို့ ဆိုနေ”

မျက်နှာလှလှလေး ရှေ့တိုးလာပြီး ပါးစပ်လေး ဟ ပေး
လိုက်တာမို့ သူ့အတွက် ပြင်ဆင်ထားသည့် ထမင်းနှင့်ဟင်းကို
နှံနှံနှင့်ခပ်ပြီး နဂိုယဉ်ကို ကလေးပေါက်စလေးလို ထမင်းခွံကျွေး
လိုက်ရ၏။

လုပ်လိုက်ကွ...။

ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ အလုပ်တွေ။

“အား... စားလို့ ကောင်းလိုက်တာ”

“ဦးခွန်လည်း စားလေ၊ တစ်ယောက်တစ်လှည့်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com

နဂိုယဉ်ကိုယ်တိုင် ကိုယ့်ကို ခွဲကျွေးမှုဆိုသည့် စကား ခွန်ရာဇာစိတ်ထဲက ပြောလိုက်ပေမယ့် ကိုယ်တိုင်ကတော့ နဂိုယဉ် အလိုကျ ထမင်းတစ်ဇွန်း ခပ်စားလိုက်ပါသည်။

ချစ်ခြင်း၊ မြတ်နိုးခြင်းတွေ လွှံ့ဝေနေသည့် ဤထမင်း ဟင်းရဲ့ အရသာက ဘယ်အရာနှင့်မှ လိုက်မမီနိုင်အောင်ပါပဲလား

ပန်းကန်တစ်ချပ်ကို နှစ်ယောက်အတူစားဖြစ်ကြသည်။ သူ တစ်လှည့်၊ ကိုယ် တစ်လှည့်။ ရိုးသားသော နဂိုယဉ် အတွေး ဘာပြဿနာမရှိသော်လည်း လှိုက်လှဲစွာ ချစ်မြတ်နိုးနေမိပြီဖြစ်သော ခွန်ရာဇာအတွက် ရင်သိမ့်လှိုက်ဖြာသော ခံစားမှုတို့က လျှပ်စီးလ သလို ဟိုနေရာက ပေါ်လာလိုက်၊ ဒီနေရာက ပေါ်လာလိုက်။

"ဒီတစ်ခါ ကြက်သားကြော် ထည့်ပေးနော် ဦးခွန်၊ ငြ သီး မထည့်နဲ့"

"ချေးမများကြေးကွာ"

"ဦးခွန်နော်"

"နဂိုယဉ်မှ အစပ်မစားနိုင်တာကို သိရက်နဲ့"

"သိလို့ တမင်ကျွေးမှာ၊ ရော့ …ငြုပ်သီး"

"ခစ် … ခစ်"

ကြက်သားကြော်ကျွေးပြီး ငြုပ်သီးလို့ ပြောတာမို့ နဂိုယဉ် ရယ်ခြင်းဖြစ်သည်။



"ဟော့ … ပါးစပ်မှာ ပေကုန်ပြီ"

"ဦးခွန် သုတ်ပေး"

"ဆိုးတယ်ကွာ"

တစ်ရှူးလေးနှင့် နှင်းဆီပွား နှုတ်ခမ်းစိုစိုရဲရဲလေးစကို သာတို့ သုတ်အပေးမှာ ရင်တွေ တသိမ့်သိမ့်ခုန်နေသည်။ နှုတ်ခမ်း ရဲလေးကို မကြည့်မိအောင် သတိထားနေသည့်ကြားက သတိလက် လွှတ် ငေးခနဲ ကြည့်ဖြစ်အောင် ကြည့်မိပြန်သည်။

ထမင်းပွဲကို လက်စသတ်လိုက်သည်။ ဒေါ်ခင်ခင်ကြီး ဆေးသောက်ပြီး ပြန်အိပ်သွားသဖြင့် အခန်းထဲမှာ သူနှင့် နဂိုယဉ် နှစ်ယောက်တည်း။ နဂိုယဉ် အမျိုးမျိုး ဂျီကျသမျှ လိုမ့်ခံနေရသည်။

"ဦးခွန်"

"ဘာလဲကွ"

"နဂိုယဉ် အိပ်မပျော်လို့"

"တီဗီကြည့်"

"ပျင်းတယ်"

Laptop တစ်လုံးနှင့် အလုပ်တွေ ရှုပ်နေသည်။ ဦးဘသိုက်နှင့် လုပ်စရာ အစီအစဉ်တွေရှိသည်။ အလုပ်ကိစ္စမှာ သူ နောက်ကျကျန်လို့ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးသုတကို ဆေးထုတ်လိုက်ကတည်းက ခွန်ရာဇာလုပ်ငန်းခွင်မှာ ပြဿနာအမျိုးမျိုးရှာနေတာ သူ သိသည်။ ဒီလိုလူမျိုး သနားလို့ မဖြစ်။ ပန်ချွန်အခြေအနေကလည်း သိပ်ပြီးအားရကျေနပ်လောက်စရာမဟုတ်ပေမယ့် စီးပွားရေးလည်ပတ်မှုအပိုင်းမှာ စိတ်အေးသွားသည်။

ဦးဘသိုက်က ဦးသုတကို အပြတ်ရှင်းထုတ်ချင်နေသည်။ ခွန်ရာဇာကိုယ်တိုင် ထိုဆန္ဒရှိပေမယ့် လုပ်ငန်းတိုင်းမှာ အကြံဉာဏ်ကောင်းလိုသည်။

"ဦး...ခွန်"

"ဒီမှာ အလုပ် လုပ်နေတယ်ကွာ"

နဂိုယဉ် နှုတ်ခမ်းစူသွားသည်။

"တစ်သက်လုံး ဒီအလုပ်ချည်းပဲ လုပ်နေတာ ပြီးတော့ မပြီးနိုင်ဘူး"

"မလုပ်နဲ့"

"ဟာ"

ခွန်ရာဇာအလစ်မှာ နဂိုယဉ်က ဖျတ်ခနဲ ခလုပ်ကို ပိတ်ပစ်လိုက်တာမို့ သူ တားမြစ်ရန်ပင် အချိန်မရလိုက်။

"ဘယ်လိုလုပ်လိုက်တာလဲကွာ"

"ပိတ်ပစ်လိုက်တာလေ"





"မင်း တော်တော်ဆိုးပါလား နဂိုယဉ်"

"ဦးခွန်ကမှ လူဆိုးသိလား၊ တစ်ညလောက် အဖော်လုပ်ပေးပါဆို၊ လူကို လှည့်မကြည့်ဘဲ အလုပ်တွေချည်း လုပ်နေတယ်"

နှုတ်ခမ်းစူရုံမက မျက်စောင်းပါ ဒိုင်းခနဲ ထိုးလိုက်တာမို့ ခွန်ရာဇာရင်ထဲက အချစ်စိတ်ကို မနည်းမြိုသိပ်လိုက်ရသည်။

"ကဲ ... အခု ကိုယ် ဘာလုပ်ပေးရမလဲ ပြော"

"အိပ်မပျော်ပါဘူးဆိုနေမှ"

လှပသော နဂိုယဉ်မျက်နှာလေးကို သူ စိုက်ကြည့်ပစ်လိုက်သည်။ ပန်းချီဆရာစိတ်ကြိုက်ရေးချထားသလို မျက်နှာလှလှလေးပေါ်က အစိတ်အပိုင်းတွေအားလုံး တစ်ခုပြီးတစ်ခု။

အဆုံးသတ်မှာတော့ စူချိတ်နေသော နှင်းဆီဖူးနှုတ်ခမ်း စိုစိုရဲရဲလေးမှာ သူ့အကြည့်တွေ ရပ်တန့်သွားသည်။

နဂိုယဉ်က သူ့ကို မကြည့်။

ဖက်ခေါင်းအုံးကြီးကို ရင်မှာပိုက်ပြီး တစ်ယောက်တည်း ခွန်ရာဇာကို မကျေနပ်ကြောင်း [illegible]ပွနှင့် ပြောနေပုံက ချစ်စရာ။

ဂျိုကျနေသည့် ကောင်မလေးကို ရင်ခွင်ထဲ ကောက်ပွေ့ပြီး နှစ်မြတ်နိုးခြင်းများစွာဖြင့် စိတ်ရှိလက်ရှိ ရှိုက်နမ်းပစ်ချင်နေတာကို သူမ မသိ။

"ကြည့်ပါလား၊ အခုချိန်ထိ နဂိုယဉ်ကို ဘာမှမပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ သူ့ဘက်လှည့်လာသည့် မျက်ဝန်းအစုံက မျော... စောင်းဆု ထပ်ရပြန်သည်။

ခွန်ရာဇာ ရင်ထဲမှာ ဖျင်းခနဲ ကြမ်းရှသွားသည်။

"ပြောနေတာပဲကွ၊ ကိုယ် ဘာလုပ်ပေးရမလဲဆိုတာ နဂိုယဉ်မှ ပြန်မဖြေဘဲ"

"သီချင်းဆိုသိပ်"

"ဟင်"

"ပြီးရင် ပုံပြောပြ"

"အာ..."

"အဟွန်း ...ဟွန်း...ဟွန်း"

တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ပြီး တအားနမ်းပစ်ချင်... သည်။

မင်း ဘာဖြစ်လို့ ဒီလောက် ချစ်စရာကောင်းနေတာ... နဂိုယဉ်ရယ် ...။

"လူကို ဘာရယ်တာလဲလို့ ... ဦးခွန်နော်"

ဦးခေါင်းက ဆံပင်တွေကို လက်နှင့်ထိုးဖွရင်း သူ့မျက်... ကို မကျေမနပ် ကြည့်နေသူလေးကို ချစ်စိတ်တွေ မနိုင်မနင်း... တန့်ပြန်ကြည့်ပစ်သည်။

"နဂိုယဉ်ကို ရယ်တာမဟုတ်ဘူး၊ ကိုယ့်ကို ရယ်တာ၊ ...ကိုယ် ပုံမပြောတတ်ဘူးဗျာ"

"ညာတာပါ"

"သြော် ...တကယ်ပြောတာ"

"ကလေးဘဝမှာ လူတိုင်း ပုံပြင်နားထောင်ဖူးတဲ့လူ ...ည်းပဲ"

"ကိုယ့်ကို ပြောပြမယ့်သူမှ မရှိဘဲ"

"ဒါဆိုလည်း ပြီးရော"

ခွန်ရာဇာကို ကျောပေးပြီး မျက်နှာကို ခေါင်းအုံးဖြင့် ဖိအုပ်... ...သက်သွားသူ၏ အလှကောက်ကြောင်းကို ငေးခနဲ ကြည့်ဖြစ်... ...သွားသည်။

မင်း ဝန်မခံချင်လည်းနေ။ နဂိုယဉ်ကို မင်းချစ်နေတာ ...ဝ သေချာတယ်။

"ဦးဦးအောင်"

ရှက်မွန်စွာ ဦးဦးအောင် နာမည်ကို သူ အကျယ်ကြီး ...အော်ဟစ်ခဲ့ဖူးပေမယ့် ဦးဦးအောင်က အရယ်မပျက်။

အခု ကျွန်တော် ဝန်ခံပြီ ဦးဦးအောင်။

နဂိုယဉ်ကို ကျွန်တော် သိပ်ချစ်နေပြီ။

"နဂိုယဉ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါ်ပေမယ့် နဂိုယဉ်က မထူး။

လူကလည်း မလှုပ်။

နဂိုယဉ် စိတ်ကောက်နေတာကိုပဲ ခွန်ရာဇာရင်မှာ ချစ်စ[illegible]
သည်းသည်းလှုပ် ချစ်မြတ်နိုးစိတ်က အစီအရီ။

"နဂိုယဉ်… ချာတိတ်"

"မျက်နှာကို ခေါင်းအုံးကြီးနဲ့ ဖိမထားနဲ့လေ၊ အသက်
ကျပ်မှာပေါ့ဗျာ"

"သေပလေ့စေ"

သူ ပြုံးလိုက်သည်။

ချစ်ခြင်း၊ မြတ်နိုးခြင်းအတိပြီးသော ချစ်ပြုံးဖြစ်သည်။

"သီချင်းဆိုပြမယ်လေ"

"နားညည်းတယ် မဆိုနဲ့"

စိတ်ကောက်နေသည့် နဂိုယဉ်ထံမှ ပြန်အော်သံက ခွန်ရာဇာ
ရင်ကို များစွာ အသည်းယားစေပါသည်။

"ပုံပြင် ပြောမယ်ကွာ"

"ဘာမှ မကြားချင်ဘူးဆို"

"နဂိုယဉ်ပဲ ပုံပြောပြဆို"

"အခု မပြောနဲ့"

"ဟိုး…ရှေးရှေးတုန်းကတဲ့…"





"ဦးခွန်"

"ဗျား"

ဒေါသဖြင့် သူ့နာမည်ကို လှမ်းအော်သံကို ဂရုမစိုက်။

ခေါင်းအုံးကိုဖက်ပြီး ဆတ်ခနဲထကာ သူ့ကိုသာ နူးညံ့ရွှန်း
[illegible]မှာ ခပ်ပြုံးပြုံးငုံ့ကြည့်ပစ်သည်။

"ကိုယ့်ကို ဒေါသဖြစ်နေတယ်ပေါ့ …ဟုတ်လား"

နဂိုယဉ်က မဖြေ။

သူမ လက်နှင့်နီးသည့်နေရာက ဖုန်းခွက်ကို လှမ်းဆွဲပြီး
[illegible]တတစ်ခုကို နှိပ်သည်။

"ဟဲလို"

"နွေသစ်နဲ့ စကားပြောချင်လို့ ခေါ်ပေးပါ"

"သူ ပြန်မရောက်သေးဘူး ခင်ဗျာ"

လက်ထဲကဖုန်းကို စိတ်ဆိုးမာန်ဆိုး ပစ်အချမှာ ခွန်ရာဇာက
[illegible]ယဉ်လုပ်သမျှကို ချစ်စနိုး ငေးကြည့်နေသည်။

"မုန်းစရာကောင်းလိုက်တဲ့လူတွေ"

"ကိုယ်ရောလား"

ခွန်ရာဇာ၏ အမေးကို မဖြေ။

တစ်ဖက်ကိုလှည့်ပြီး ဂရုမစိုက်သလို ခပ်တည်တည်လေး
[illegible]နေပုံကို သူ စိုက်ကြည့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နဂိုယဉ်"

"ဦးခွန်နဲ့ ခေါ်ဘူးလို့ ပြောထားတယ်နော်"

"ဘယ်တုန်းကလဲ"

"နဂိုယဉ်ကို လာမခေါ်ပါနဲ့"

"သီချင်းဆို သိပ်မယ်ကွာ"

"ဦးခွန်"

"ရှူး…မအော်ရဘူးလေ"

"အော်မှာပဲ"

"ကြည့်စမ်း …"

ကိုယ့်ကိုယ်ကို ဘာလုပ်လို့ လုပ်မိမှန်း မသိလိုက်။ သတိရလိုက်သည့်အချိန်မှာ နဂိုယဉ်ကိုယ်လေးက ခွန်ရာဇာ ရင် ထဲ နစ်နေ၏။

"ဦးခွန်နော် …မသိဘူး၊ နဂိုယဉ်ကို လွှတ်ဆို၊ ဘွား …ဟော့ဒီမှာ"

နဂိုယဉ် စကားသံလေး ပျောက်သွားသည်။ ဘယ် လှုပ်မရအောင် တင်းကျပ်မှုထဲမှာ နဂိုယဉ် ရင်ခုန်သံတွေ ဆူညံ ၏။ သူမ အလွန်စိမ်းသက်သော ခံစားချက်အသစ်မှာ မျောလွင့် ပြာမိုက်သွား၏။

"နဂိုယဉ်"





"ဟင့်အင်း …ဟင့်အင်း"

တိုးရှိုက်နှင့်မောသော ဦးခွန်အသံကို နဂိုယဉ် မကြားရ။ ခွင်အတွင်း မျက်နှာလေးနှင့် ခွန်ရာဇာရင်ခွင်ထဲက ဖွတ်ရုန်းလေ သူက ပိုတိုးဖက်လေ။

"ကိုယ့်ကို ကြည့်ဦးလေ"

"ဖယ်ပါ"

"ဟင့်အင်း"

တင်းကျပ်မြဲမြဲစွာ ရှိနေသည့် ခွန်ရာဇာ လက်တွေကို ဖွတ် အတင်း ခွာအချမှာ ခွန်ရာဇာက နဂိုယဉ်လက်ကလေးကိုပါ ဆုပ် ဆွဲပြီး ရှိုက်နမ်းသဖြင့် လှပသော မျက်နှာလေးက သွေးရောင် လွှမ်းသွား၏။

"ချစ်တယ်"

"ဦးခွန်နော်"

"ကိုယ့်ကို ချစ်တယ်ဆို…"

"အို …အဲဒါက ဒီလိုမဟုတ်ပါဘူး"

နဂိုယဉ်ပြောသည့် စကား အဓိပ္ပါယ်ကို သူ နားလည် ပါသည်။

"ကိုယ်ကတော့ ဒီလိုရော ဟိုလိုရော အကုန်ချစ်တယ်"

"လက်ထပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



""ဟာ""

""အခုချိန်ကစပြီး နေ့သစ်ကိုရော တခြားဘယ်ကောင်လေးကိုမှ အရောတဝင် မနေရဘူးဆိုတာ မှတ်ထား""

""ကိုယ် သွားမယ်""

""ဦးခွန်""

ဒုတိယအကြိမ် ဦးခွန်ရင်ခွင်ထဲ နစ်ဝင်သွားဏာ စကားတွေ ပျောက်ဆုံးရပြန်သည်။ ဦးခွန် ပြန်သွားတာ မတားမိ။

နှုတ်ခမ်းလေးကို လက်ဖဝါးဖြင့် ရှက်လန့်တကြား ထိထိရင်း မျက်နှာလှလှလေးကို ခေါင်းအုံးဖြူဖြူထဲ ထိုးနှစ်ဝှက်ကွယ်ထားမိသည်။

ဒါ အိပ်မက်လား… တကယ်လား….။

ဘာပဲဖြစ်ဖြစ် ဦးခွန်မျက်နှာချောချောကို နောက်တစ်ကြိမ်ကြည့်ရမှာ မမြင်မတွေ့ရဲအောင် ရှက်လှသည့်အဖြစ်ကို ဘယ်သူ့ဖွင့်ပြောရမှန်း မသိ။

ဦးခွန် …ခင်ဗျားကြီး..။

❖ ❖ ❖



# အခန်း (၁၅)

ခွန်ရာဇာ မျက်နှာချောချောက စိတ်အလိုမကျခြင်းများစွာဖြင့် တင်းမာမှုန်တည်နေသည်။ မနက်မိုးလင်းကတည်းက လေယာဉ်ပေါ် ရောက်သည်အထိ နဂိုယဉ်က ခွန်ရာဇာနှင့် လုံးဝ မျက်နှာချင်းဆိုင်။

မျက်လုံးချင်းဆုံအောင် တစ်ကြိမ်တစ်ခါမှလည်း မော့မကြည့်။ မတော်တဆ မျက်လုံးချင်း အကြည့်ဆုံလာလျှင်လည်း ရုတ်ခနဲ အကြည့်လွှဲပစ်လိုက်ပုံက ခွန်ရာဇာထိန်းချုပ်ထားရသမျှ စိတ်တို့ လွတ်ထွက်ချင်လာသည်အထိ။

မင်း..သိပ်လွန်နေပြီ နဂိုယဉ်..။

စိတ်ထဲက အသည်းယားလှပြီဖြစ်ပေမယ့် အားလုံးရှေ့မှာဆိုတော့ ဘာမှမဖြစ်သလို လူကြီးပီပီ ဣန္ဒြေဆည်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုယဉ်ကတော့ ခွန်ရာဇာရင်ထဲ ဘာတွေ ဘယ်လိုဖြစ်ေ ပြီဆိုတာကို သိပုံမရ။ နေ့သစ်နှင့် မရောပါနှင့်ဆိုကာမှ တစ်ချိန်လုံး နေ့သစ်ကို သူမနားမှာ ခေါ်ထားသည်။

ခြေထောက်နာလို့ တွဲတာကအစ ခွန်ရာဇာကို အနားအကာ မခံ။ နဂိုယဉ် ဘာပဲလိုချင် လိုချင် နေ့သစ်ယူပေးမှ၊ နေ့သ ကူတွဲမှ၊ နေ့သစ်နဲ့မှ ဆိုတာချည်း။

လေယာဉ်ခုံမှာ အတူထိုင်တာလည်း နေ့သစ်နှင့်ပင်။

ခေါင်ခင်ကြီးက အများပျောက်သွားသည်ဆိုရုံလေး နဂိုယဉ်ကို သိပ်ဂရုမစိုက်နိုင်။ ခွန်ရာဇာနှင့် နဂိုယဉ်ဘာဖြစ်ေ ဖြစ်မှန်းလည်း မသိ။ မြေးဖြစ်သူက နေ့သစ်ကို လိုလိုလားလား အရေးတယူ ခေါ်ပြောဆက်ဆံနေတာကိုပဲ ကျိတ်သဘောကျ သည်။

မသူဇာ မျှော်မှန်းသည့်အတိုင်း ဖြစ်ခွင့်ရလျှင် ခေါင်ခင် ကြီး ကျေနပ်သည်။ မြေးလေးအတွက် စိတ်ချရပြီဆိုလျှင် လောက ကြီးထဲက ငြိမ်းချမ်းစွာ မျက်စိမှိတ်ပြီး ထွက်ခွာချင်သည်။

"အဟမ်း"

ဦးဦးအောင်က ခွန်ရာဇာ နေမထိ ထိုင်မသာဖြစ်နေပုံကို ကြည့်ပြီး ဘာမှမဖြစ်သလို ချောင်းဟန့်သည်။

"အူနကျွဲခတ်ဆိုတာ မင်း ကြားဖူးလား ခွန်ရာဇာ"



"မကြားဖူးဘူးဗျာ"

ခွန်ရာဇာ အရွဲ့တိုက်တော့ ဦးဦးအောင်က ခပ်သဲ့သဲ့ရယ် ည်။

"အေး … အရင်က မကြားဖူးရင် အခု ကြားဖူးပြီလို့ ထားလိုက်"

"အရေးထဲမှာဗျာ"

"ဟ … မင်းဖြစ်နေတာကိုလည်း ကြည့်ဦးလေ၊ တစ်ချိန် း နဂိုယဉ်ကို လိုက်ကြည့်နေတာ၊ ဘယ်သူမှ မမြင်ဝေမယ့် ငါ ြင်တယ်ကွ"

"ရင်ဖွင့်လေသောအခါ ဆိုတာ ဒါပဲ"

"ဦးဦးအောင်"

"လုပ်မနေနဲ့ ခွန်ရာဇာ၊ မင်းအချစ်ကို မင်း ပါးစပ်ကပဲ ညာလို့ရမယ်၊ မင်းမျက်လုံးက အချစ်ကို မင်း ကိုယ်မင်းရော တခြား ဘယ်သူ့ကိုမှ လိမ်ချင်ညာချင်လို့ မရဘူး"

"နေ့သစ်လက်ထဲ ပါမသွားခင် မင်းလက်ဦးမှု ယူထား တာ အကောင်းဆုံးပဲ"

ဦးဦးအောင်ကို ခွန်ရာဇာ တစ်ခုခုပြန်ပြောချင်ပေမယ့် နေ့သစ်နှင့် ခေါင်းချင်းဆိုင် စကားတွတ်ထိုးနေသူထံမှ ခိုးခိုးခစ်ခစ် ယ်သံက သူ့ရင်ကို မီးလိုပွသွား၏။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ကွင်းမှာ မသူဇာကိုယ်တိုင် လာကြိုသည်။

လေယာဉ်ပေါ်က နဂိုယဉ်တို့ မြေးအဘွားနှင့်အတူ နေ ကိုပါ တွေ့လိုက်ရ၍ ပြုံးပျော်သွားသည့် မသူဇာမျက်နှာလှလှလေး သူမ လုံးဝမမျှော်လင့်ထားသည့် ခွန်ရာဇာကို ဘွားခနဲ အတွေ့မှာ သိသာစွာ မျက်နှာပျက်သွားသည်။

ဒီလူနဲ့ မဆုံစေချင်လို့ တမင် တခြားတစ်နေရာကို ရှောင် လိုက်တာကာမှ လေယာဉ်တစ်စီးထဲ အတူစီး၍ ပြန်ရောက်လာ သည်။

"နေကောင်းတယ်နော် မသူဇာ"

"ဟုတ်ကဲ့ ... ကိုခွန်ရာဇာ၊ အခု ဘယ်က ပြန်လာတာ လဲဟင်"

"ငပလီကလေ"

"ဟင်"

"နဂိုယဉ်တို့ မြေးအဘွားနဲ့ အတူတူ ဟိုတယ်တစ် တည်းမှာပဲလေ"

"အို"

မသူဇာ မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားသည်။ အားလုံး ရှေ့မှာ ဟန်မပျက် ရယ်မောနှုတ်ဆက်စကားကို ပြောနေရပေမဲ့





ဒါ ဘယ်လိုဖြစ်တာလဲဆိုသည့် အကြည့်လက်လက်တွေကတော့ ဒေါ်ခင်ခင်ကြီးထံမှာသာ။

စူးခနဲ လက်ခနဲ ရောက်ရောက်သွားသည်။ ဒါကို ဒေါ်ခင်ခင်ကြီးကလည်း သိသည်။ မသူဇာ အပြစ်တင်လျှင် ဒေါ်ခင်ခင်ကြီးကိုသာ အပြစ်တင်၍ရမည်။

ကြံဖန်တိုက်ဆိုင်လာသည့် ကံကြမ္မာကို အပြစ်တင်လို့ မရ။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုယ့်ဦးလေး ဦးအောင်ပင်၊ ဦးဦးအောင် ...ဒါ နဂိုယဉ်အဒေါ် မသူဇာ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့"

ဦးအောင်ပင်က နုစိုဝင်းမွတ်စွာ လှပနေသော နဂိုယဉ် အဒေါ် မသူဇာကို နူးညံ့ရွှန်းလက်နေသော မျက်ဝန်းတောက်တောက်များဖြင့် စိတ်ဝင်စားစွာ ငေးခနဲ စူးစိုက်ကြည့်ပြီး ပြုံးသည်။

အဒေါ်နှင့်တူမ အလှချင်းပြိုင်နေပုံကို သဘောကျသလို ဘယ်သူနဲ့မှ မတူသော တုပြိုင်ခြင်းကင်းသည့် မသူဇာအလှကိုလည်း ထူးခြားစွာ စိတ်ဝင်စားသွားမိ၍လည်း ဖြစ်ပါသည်။

"ကျွန်မတို့ကို ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရာဇာတို့ကို ကျောခိုင်းထွက်ခွာသွားသော မသူဇာနှင့် နဂိုယဉ်တို့ မြေးအဘွားကို ကြည့်ကာ ခွန်ရာဇာ မျက်ခုံးတွန့်မပျက်။

"ငါ့ရင်ဘတ်ထဲမှာ အချစ်ပန်းလှလှလေး တစ်ပွင့် ပွင့်သွားပြီကွ ခွန်ရာဇာ"

"ဦးဦးအောင် ရင်ဘတ်ထဲမှာ အမြဲ အချစ်ပန်းတွေ ပွင့်နေကျပဲဗျာ၊ ဘာမှ မထူးဆန်းပါဘူး"

သူ့ကို ဘာတစ်ခွန်းမှလည်း မပြော။ စကားနှင့်ရော အရှုအယာနှင့်ပါ နှုတ်ဆက်မသွားသော နဂိုယဉ်ကိုယ်လေးကို စိတ်ရှိလက်ရှိ ဆွဲယူမွှေ့ယမ်းချင်နေသော စိတ်ကိုမနည်းချုပ်တည်းထားရ၍ စိတ်က မကြည်။

ဦးဦးအောင်က ခွန်ရာဇာ ပြောစကားကို သဘောကျစွာ ရယ်သည်။

"အေး …ငါက…အချစ်လှလှလေးတွေ ပွင့်နေကျမို့ မထူးဆန်းပေမယ့် မင်းလို လူတစ်ယောက်ရဲ့ ရင်ဘတ်ကြီးထဲက အချစ်ပန်းတွေ မထိန်းနိုင် မသိမ်းနိုင် ပွင့်နေပုံကတော့ ဆန်းတယ်ဟေ့"

"ဟုတ်တယ် … ကျွန်တော် နဂိုယဉ်ကို ချစ်တယ်"

"ဒီလိုလုပ်စမ်းပါ၊ မင်းပါးစပ်က အခုမှ ဝန်ခံပေမယ့် ငါ သိနေတာ ကြာပြီကွ"





"မင်း သူ့ကို ဖွင့်ပြောလိုက်ပြီလား"

သူ ခေါင်းညိတ်လိုက်သည်။

နဂိုယဉ်ကို မြတ်နိုးစွာ ချစ်မိသည့်အတွက် သူ နောင်တရတော့ပါ။

"ဒါကြောင့်ကိုး …"

"ဘာလဲဗျာ"

"မင်းကောင်မလေး ရှက်နေတာ မမြင်ဘူးလား"

ပြောပြီး ဦးဦးအောင်က အဓိပ္ပါယ်ပါပါ ရယ်လိုက်သဖြင့် ...သော ခွန်ရာဇာမျက်နှာကြီး ရဲရဲနီသွားသည်။

သူတို့ကို လာကြိုသည့်ကား အသင့်ရောက်လာပြီမို့ ပါးစပ် ...်ထားလိုက်ရသော်လည်း နဂိုယဉ်တို့ ကားပေါ်မှာတော့ မသူဇာ ... ပါးစပ်ပိတ်ပြီး ငြိမ်မနေပါ။

နေ့သစ်ကို စကားများစွာပြောရင်း လူကိုလည်း မပြတ် ...တဲခတ်နေပါသည်။ တစ်ချိန်လုံး နေ့သစ်က နဂိုယဉ်ကိုပဲ ပျာနေ...အောင် ဂရုစိုက်နေတာကိုကြည့်ပြီး ကျေကျေနပ်နပ်ကြီး ပြုံးနေသော်...သည်း ခွန်ရာဇာအကြောင်း ဘာတစ်ခုမှမပြောဘဲ နေနိုင်သော ...ိုယဉ်တို့ မြေးအဘွားကို မသူဇာစိတ်ထဲက ကျလိကျလိဖြစ်နေ...သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်ပြန်သွားမှ မသူဇာနှင့် နဂိုယဥ်တို့မြေးအဘွား မျက်နှာချင်းဆိုင်ဖြစ်ကြသည်။

“ခွန်ရာဇာနဲ့ အတူတူပြန်လာတဲ့ကိစ္စက ဘယ်လိုဖြစ် လဲ ကြီးခင်၊ မသူဇာကိုလည်း ဘာမှကြိုမပြောပါလား”

“ပြောလည်း မသူဇာပဲ စိတ်ညစ်မှာမို့ပါကွယ်၊ တစ်ယောက်လုံး ငပလီကို ရောက်နေမှပဲ”

ဒေါ်ခင်ခင်ကြီး ပြောတာမှန်နေသဖြင့် မသူဇာ နည်းနည်း တော့ ငြိမ်သွားသည်။ ပင်လယ်ကမ်းခြေ အပန်းဖြေခရီးဆိုသည် လူတိုင်း ဘာအကြောင်းပြချက်မှ မလိုဘဲ သွားလာနေသည့်နေရာ ဆိုတော့ ဘာမှပြောမဖြစ်။

မသူဇာအကြည့်တွေက ဖျော့ခနဲ နဂိုယဥ်ရှိရာရောက်သွား သည်။ ရှူးရှတောက်ပ၍ မျက်နှာလှလှပေါ်မှာ အလိုမကျခြင်းတွေ ကြီးစိုးနေသည့် အဒေါ်ဖြစ်သူကိုကြည့်ပြီး နဂိုယဥ်မျက်နှာလေး ဖြန်း ခနဲ ထူပူသွားသည်။

အန်တီသူဇာက ဦးခွန်ကို ဘယ်တုန်းကမှ သဘောမကျ မိန်းမတွေကြားမှာ ရေပန်းစားပြီး အမြဲသတင်းကြီးနေသူမှာ မိန်းကလေးတွေနှင့် ပတ်သက်ပြီး မကောင်းသတင်းအမျိုးမျိုးထွက် နေတာကိုလည်း အန်တီသူဇာက မုန်းသည်။





ဦးခွန် နဂိုယဥ်တို့ မြေးအဘွားအိမ်ကို သွားသဘောအတိုင်း ဝင်ချင်တိုင်း ဝင်ထွက်နေတာကိုလည်း မကြိုက်။ နဂိုယဥ်အတွက် ဦးရိမ်ပူပန်စွာ ဘွားနှင့်မကြာခဏ စကားများတတ်ကြသည်။

အန်တီသူဇာက ဦးခွန်နှင့် နဂိုယဥ်ကို မပတ်သက်စေချင်။ ရင်းရင်းနှီးနှီး နေတာကိုလည်း သဘောမကျ။

ဒီကြားထဲ ဦးခွန်က နဂိုယဥ်ကို ချစ်ပါသည်ဆိုတော့ နဂိုယဥ် ဘာလုပ်ရမှန်း မသိ။ ရင်ခုန်တိမ်းမူးဖွယ် ချစ်အနမ်းတွေနှင့် ဦးခွန်မျက်နှာကို ရှက်လန့်ရင်ခုန်စွာ ရင်မဆိုင်ရဲတိုင်း အနားမှာ နေ့သစ်ကို တစ်ချိန်လုံး ခေါ်ထားဖြစ်သည်။

ဦးခွန်က နဂိုယဥ်နှင့် မျက်လုံးချင်း ဖွတ်အတင်းဆုံအောင် သိုက်ကြည့်တိုင်း မမြင်ဟန်ဆောင်နေရပေမယ့် နဂိုယဥ်ထံမှ နှသစ် သတ်ဆတ်သော ရင်ခုန်ခြင်းတွေက ဦးခွန်ကြားမှာစိုးသည်အထိ တဒုန်းဒုန်း တဒိုင်းဒိုင်း။

ချစ်မှုရေးရာမှာ အရိုင်းသက်သက်ဖြစ်သော နဂိုယဥ်နှင့် မိန်းမချော မိန်းမလှလေးပေါင်း များစွာနှင့် ချစ်တမ်းကစားနေသော ဦးခွန်တို့၏ အချစ်စစ်ပွဲက မညီမျှ။

လူအလစ်မှာ ဦးခွန်မျက်နှာကို လူမသိ သူမသိ ခိုးခိုးကြည့် ဖြစ်တိုင်း နဂိုယဥ်ပါးလေးတွေ ဖြန်းခနဲ ပူနွေးသွားကာ ရင်ခုန်သံမြန် သွက် စိတ်လှုပ်ရှားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို အန်တီသူဇာသိ၍ မဖြစ်။

"ခုရှုပ်မှ နောင်ရှင်းဆိုတဲ့အတိုင်း နဂိုယဉ်ကို သူဇာ
ကိစ္စ အခုတည်းက ကြိုတင် အသိပေးထားမှဖြစ်မယ် ကြီးခင်"

ဘွားက အန်တီသူဇာစကားအဆုံးမှာ ပုံ့ပုံ့လေးထိုင်နေသ
နဂိုယဉ်ရှိရာ ဖျတ်ခနဲ လှမ်းကြည့်သည်။

"မသူဇာ သဘောပါကွယ်၊ တကယ်တော့ ကြီးခင်ကိုယ်
တိုင်လည်း အသက်ကြီးနေပါပြီ၊ မြေးဘဝလေး ငြိမ်းငြိမ်းချမ်းချမ်း
လေး မြင်ရရင် သေပျော်ပါပြီ"

ခေါ်ခင်ခင်ကြီး မျက်ဝန်းတွေက မှိုင်းမှုံသီဝေနေသလို
မင်းရင့်ရော်သော အဘွားအိုတစ်ယောက် အကြည့်ကလည်း နူး
လှပလွန်းသော မြေးဖြစ်သူထံ စိတ်မောပမ်းလျှစွာ ရောက်လာသည်

နဂိုယဉ်ကတော့ ဝိုင်းစက်လှပသော မျက်ဝန်းများဖြင့်
အပြစ်ကင်းစွာ အဒေါ်ဖြစ်သူကို တစ်လှည့်၊ အဘွားဖြစ်သူကို တစ်
လှည့် ကြည့်သည်။

"ရှင်းရှင်းပြောရရင် အန်တီသူဇာက နဂိုယဉ်ကို နွေသစ်
နဲ့ သဘောတူတယ်"

"ရှင်"

"နေဦး ... အန်တီသူဇာပြောမယ်၊ နွေသစ်ကိုယ်တိုင်
ရော၊ နွေသစ်မိဘတွေကရော နဂိုယဉ်ကို လိုလိုလားလားတောင်း
နေကြတာ ကြာပြီပဲဆိုပါတော့"





"နွေသစ်က အခုဆို နဂိုယဉ်ကိုမှ မရရင် မဖြစ်တော့ဘူး၊ သူ နဂိုယဉ်ကို သိပ်ချစ်၊ သိပ်မြတ်နိုးနေတယ်၊ အမြန်ဆုံးလက်ထပ်ချင်တယ်ဆိုတဲ့ အကြောင်း..."

"အန်တီသူဇာ"

အန်တီသူဇာစကားကို ကြားဖြတ်ပြေးဝင်လာသော နဂိုယဉ် ခေါ်သံလေးကြောင့် ပြောလက်စ စကားရပ်တံ့သွား၏။

"ဘာပြောချင်လို့လဲ နဂိုယဉ်"

စူးစမ်းအဖြေရှာသည့် မသူဇာ၏အကြည့်များ နည်းတူ ဒေါ်ခင်ခင်ကြီးကိုယ်တိုင်လည်း နဂိုယဉ်ပြောမည့် အဖြေစကားကို စိတ်ဝင်စားလျက် ငြိမ်သက်စွာ မြေးဖြစ်သူကို ကြည့်နေပါသည်။

"နဂိုယဉ်... သူ့ကို မချစ်ဘူး အန်တီသူဇာ၊ ပြီးတော့ နဂိုယဉ် ..ကျောင်း .."

"တော်ပြီ ... ဒီလောက်ဆိုရပြီ၊ ကျောင်းတက်ဖို့ကိစ္စက လက်ထပ်ပြီးမှ ဆက်တက်လည်းရတာယ်"

"ဒါပေမယ့်..."

"နဂိုယဉ် သူ့ကို မချစ်ဘူးလို့ ပြောဦးမလို့ မဟုတ်လား"

အန်တီသူဇာစကားကို နဂိုယဉ် ခေါင်းလေးညိတ်ပြလိုက်သည်။ တကယ်လည်း နွေသစ်ကို နဂိုယဉ် မချစ်။ ခင်မင်တာပဲရှိသည်။ လက်ထပ်ဖို့ဆိုတာက အတွေးထဲပင် မရောက်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီသူဇာက လှပသော နဂိုယဥ်မျက်နှာလေး တစ်ချက် လှမ်းကြည့်ပြီး အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်း လျှောက်သည်။

"အချစ်ဆိုတာကို နဂိုယဥ် ဘယ်လိုများ နားလည် ခံထားလို့လဲကွယ်၊ လောကကြီးမှာ အချစ်ရှိမှ ပြည့်စုံတာမှန်ပေမယ့် အချစ်ဆိုတဲ့ စကားလေးနှစ်လုံးအောက်မှာ ဖွင့်ဆိုထားတဲ့ အဓိပ္ပါယ် တွေက ပုံသဏ္ဌာန်အမျိုးမျိုးရှိတယ်ဆိုတာ နဂိုယဥ် သိလား"

အချစ်အကြောင်း ခမ်းနားစွာ စလာပြီဖြစ်သော အန်တီ သူဇာကိုကြည့်ကာ နဂိုယဥ် စိတ်ညစ်လာသည်။

"အချစ်ဆိုတာ လရောင်အောက်မှာ စိတ်ကူးယဥ်နေ စရာ အင်မတန်လှပခမ်းနားတဲ့ အရာဖြစ်ပေမယ့် တကယ့်လက်တွေ့ ဘဝမှာ နေရောင်အောက်မှာရှာမှ မှန်တာမျိုးပဲ"

"ကိုယ်ချစ်ကို မရှာဘဲ သူချစ်ကို ရှာတာ နဂိုယဥ်လည်း ကြားဖူးမှာပေါ့"

"နဂိုယဥ် ဘယ်လိုအချစ်ကိုမှ စိတ်မဝင်စားဘူး အန်တီ သူဇာ"

အန်တီသူဇာ စကားဆက်မလာခင် နဂိုယဥ်တစ်ခါတည်း ပိတ်ပြောလိုက်သည်။ ပေလီကို သွားတုန်းက အပျော်ကြီးပျော်





ရ နေ့သစ်ကို လက်ထပ်ရမည်ဆိုသည့် စကားက နဂိုယဥ်ကို းစွာ စိတ်ပျက်နာကြည်းစရာ ဖြစ်လာ၏။

"နဂိုယဥ် …ကျောင်းတက်မယ်၊ အလုပ် လုပ်မယ်၊ ရောက်ဖူးတဲ့ နေရာတွေ သွားမယ်၊ အို ‥နဂိုယဥ်မှာ လုပ်စရာ လုပ်တွေ အများကြီးပဲ"

"ဒါတွေအားလုံး နေ့သစ်ကိုလက်ထပ်ပြီးရင် ဖြစ်လာမှာ လေ၊ နဂိုယဥ် ကျောင်းတက်ရမယ်၊ မရောက်ဖူးတဲ့ တိုင်းပြည်၊ သွားဖူးတဲ့ နိုင်ငံအားလုံး ရောက်မယ်"

"အို …သူနဲ့အတူ မသွားချင်ပါဘူး၊ နဂိုယဥ်လောလော ယ် လွတ်လွတ်လပ်လပ် သွားမှာ"

"ဘာပဲဖြစ်ဖြစ် နဂိုယဥ် နေ့သစ်နဲ့ လက်ထပ်ရမယ်၊ လော လောဆယ် လက်မထပ်ချင်သေးဘူးဆိုရင်တောင်မှ နှစ်ဘက်လူကြီး တွေ သဘောကျ စေ့စပ်ထားတာကို လက်ခံရမယ်"

"နဂိုယဥ် သဘောမတူဘူး အန်တီသူဇာ၊ နဂိုယဥ်ကို တ်လုပ်လာရင် နဂိုယဥ် ဒီမှာမနေဘူး"

"ဘာ"

"ဘယ်လိုပြောလိုက်တာလဲ မြေးရယ်၊ လူကြားလို့မှ တော်၊ အပျိုအရွယ် လှလှပပလေးက ကိုယ့်အိမ်မှာ ကိုယ်မနေဘူး ဆိုတာမျိုးက ပြောစရာလား"



www.burmeseclassic.com

www.burmeseclassic.com



" နောက်တစ်ခါ ဒါမျိုး လုံးဝမကြားချင်ဘူးကွယ်၊ ဘွား ကို ချစ်ရင် သနားရင် မကြီကောင်း မစည်ရာတွေ မပြောရ ကြားလား ···မြေးလေး"

နဂိုယဉ်က ဘွားစကားကို အင်းမလှုပ်၊ အဲ မလှုပ်။ နှု ခမ်းလှလှလေး စူထော်လျက် ဘယ်သူ့ကိုမှ မကြည့်ဘဲ မျက်လွှာ ပြီး ငြိမ်သက်နေတာကို ကြည့်ပြီး မသူဇာ သက်ပြင်းရှိုက်သည်။

အခုချိန်မှာ အခြေအတင်စကား ဆက်ပြောနေ၍လည်း အကျိုးမထူးမှန်း မသူဇာ သိသဖြင့် ဒေါ်ခင်ခင်ကြီးကို နှုတ်ဆက်ပြီး ပြန်သွားသည်။

"ကြီးခင် မြေးကို သိပ်အလိုမလိုက်နဲ့ ကြီးခင်၊ ဘဝ ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်ရမယ်ဆိုတာ နဂိုယဉ် သဘောပေါက်အောင် ပြောပြဆုံးမပေးထားပါ"

မသွားခင် မသူဇာက ဒေါ်ခင်ခင်ကြီးကို နှစ်ကိုယ်ကြား ပြောသွားသောစကားများက မှန်နေသည့်အတွက် ဒေါ်ခင်ခင်ကြီး ခေါင်းညိတ်ရုံသာ တတ်နိုင်သည်။

မျက်ရည်တွေ သီဆဲနေသော မျက်လုံးလှလှကြီးတွေနှင့် ချစ်စရာ မြေးမလှလှလေးကို မြင်လိုက်ရပြန်တော့လည်း ဒေါ်ခင် ခင်ကြီးမှာ ဤချစ်စရာ မြေးလေးကို နောက်ထပ် စိတ်မချမ်းသာစရာ ဘာဆိုဘာမှ ထပ်မပြောရက်။





"လိမ္မာစမ်းပါ မြေးလေးရယ်၊ ဘွားကို မချစ်ဘူးလား"

"ဘွားကို ချစ်တာနဲ့ပဲ နေ့သစ်ကို နဂိုယဉ် ဘာမဆိုင် ဘာမဆိုင် ယူရဦးမှာလား၊ အန်တီသူဇာ နည်းနည်းမှ မတရားဘူး လား"

"အဟင့် ···ဟင့်"

"သူကျတော့ အခုချိန်ထိ ယောကျ်ားမယူဘဲ နဂိုယဉ်ကို တော့ ဖွတ်အတင်း ယောကျ်ားပေးစားတာ ဘွားကပါလိုက်ပြီး သဘောတူနေစရာလားလို့"

"အန်တီသူဇာကို နဂိုယဉ် မုန်းတယ် သိလား"

"မုန်းတယ်"

ကလေးတစ်ယောက်လို အီးခနဲ ငိုချလိုက်တော့ ဒေါ်ခင် ခင်ကြီး ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်သွားသည်။

"မငိုပါနဲ့ မြေးရယ်၊ သမီး အန်တီသူဇာကိုလည်း မမုန်း ပါနဲ့၊ သူက မြေးလေးဘဝ ကောင်းစားရေး···"

"တူ ···တူ"

စကားမဆုံးခင် ဖုန်းက အသံမြည်လာတာမို့ ဒေါ်ခင်ခင် ကြီးပဲ ကိုယ်လေး သိမ့်သိမ့်တုန် ရှိုက်နေသောမြေးကို ကြည့်၍ ဖုန်းထူးလိုက်ရ၏။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးခင် … ကျွန်တော်ပါ"

အောင်မြင်ခဲ့ညားသည့် ခွန်ရာဇာအသံကြောင့် ဒေါ်ခင်ခင်ကြီး တွန့်ခနဲ ဖြစ်သွားသည်။

"ပြော …မောင်ရာဇာ၊ ဘာကိစ္စများလဲ"

"နဂိုယဉ် ငိုနေလား ကြီးခင်၊ သူ့ငိုသံ ကျွန်တော် ကြားနေရတယ်"

ဒေါ်ခင်ခင်ကြီး ညာချင်ပေမယ့် ညာလို့ မရတော့ လက်ထဲကဖုန်းကို စိတ်ပျက်လက်ပျက် ကိုင်ပြီး ခေါင်းညိတ်ခန်း လိုက်ရ၏။

"ဟုတ်တယ် မောင်ရာဇာ၊ သူ့အဒေါ်က ဆူသွားလို့ ငို နေတာ"

"ကျွန်တော် သူနဲ့ ဖုန်းပြောချင်တယ် ကြီးခင်၊ ဖုန်း သူ့ကို ပေးလို့ရမလား ခင်ဗျာ"

"အေး …ကြီးခင် မြေးလေးကို မေးလိုက်ဦးမယ် ဖုန်းခဏ ကိုင်ထားဦးနော် မောင်ရာဇာ"

"ဟုတ်ကဲ့"

"မြေး …ဒီမှာ မောင်ရာဇာက မြေးနဲ့ ဖုန်းပြောမလို့တဲ့"

"ဒီမှာ ငိုနေပါတယ်ဆိုမှ ဘယ်သူနဲ့မှ ဖုန်းမပြောချင်ဘူးဆို"





"အိး … အဟင့် ဟင့်"

ခွန်ရာဇာ ဖုန်းကိုင်ထားရင်းက ဝမ်းပန်းတနည်း ရှိုက်ငိုသံ လေးနှင့် ဗလုံးဗထွေး ပြန်ပြောသံလေးကို နားထောင်ရင်း ချစ်စနိုး ပြုံးလိုက်၏။

"မောင်ရာဇာ"

"ကျွန်တော် ကြားတယ် ကြီးခင်၊ နောက်မှ ဖုန်းထပ်ဆက် ဆိုက်ပါဦးမယ်၊ ကျွန်တော် ဖုန်းချလိုက်ပြီနော် ကြီးခင်"

"ကောင်းပါပြီကွယ်"

လက်ထဲက ဖုန်းကိုအချမှာ မသူဇာ မျက်နှာကို ပြေးမြင် ဆိုက်သည်။ နဂိုယဉ် ငိုသည်အထိ မသူဇာ ဘာကိုမကျေမနပ်နှင့် ရှာပုံနေသနည်း။ အခုတလော နဂိုယဉ်ကို ပြဿနာအမျိုးမျိုးရှာနေ သူမှာ မသူဇာဟု တွေးလိုက်တော့ ခွန်ရာဇာ မျက်ခုံးတွန့်သွား၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တီ... တောင်"

အိမ်ရှေ့က ဘဲလ်မြည်သံကြောင့် ခေါ်ခင်ခင်ကြီး ထ

လိုက်သည်နှင့် ...

"ဟင် ... မောင်ရာဇာ"

"နဂိုယဉ်ငိုနေလို့ ကျွန်တော် လာကြည့်တာ ကြီး

ဒီမှာ သူ့အကြိုက်မုန့်တွေ ဝယ်လာတယ်"

"အို့ကွယ် ... ဘာလို့ ဒီလောက်အများကြီး ဝယ်လာ

တာလဲ"

လက်ထဲရောက်လာသည့် အိတ်တွေကို နိုင်အောင် မယူ

သဖြင့် ခွန်ရာဇာကပဲ နဂိုယဉ်ရှေ့က စားပွဲမှာ သွားချသည်။

နဂိုယဉ်က ဘယ်သူ့ကိုမှ မကြည့်။ မျက်ရည်တို့ စိုလူ

ကျံနေသည့် မျက်နှာဖြင့် နှုတ်ခမ်းစူမပျက် ကျိတ်၍ ရှိုက်ရင်း

သူမခုံလေးမှာ ထိုင်နေသည်။





ခွန်ရာဇာက နဂိုယဉ်နှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်ရင်း

နီမြန်းဖူးဥနေသော လှပသည့် မျက်နှာနုနုလေးကို စိုက်ခနဲကြည့်ပြီး

နှုတ်စမ်းအကဲခတ်သည်။

"ဘာဖြစ်တာလဲ ပြောပါဦး၊ ငိုထားလိုက်တာလည်း

မျက်နှာတစ်ခုလုံး ပေပွလို့"

"ရော ...ဒါနဲ့ သုတ်"

ဖြူဖွေးနူးညံ့သော ယောကျ်ားကိုင်လက်ကိုင်ပဝါတစ်ထည်

နဂိုယဉ်လက်ထဲ ရောက်လာသည်။ လက်ကိုင်ပဝါထောင့်စွန်းမှာ

ခွန်ရာဇာနာမည် အတိုကောက်စာလုံးညိုများကို ထင်းခနဲမြင်ရသည်။

နဂိုယဉ် ဂရုမစိုက်ဘဲ မျက်နှာကို ဖြူဖွေးမွေးကြိုင်နေသော

ခွန်ရာဇာ လက်ကိုင်ပဝါနှင့် သူမပါးပေါ်က မျက်ရည်စီးကြောင်း

တို ဆွဲသုတ်သည်။

"ဘာဖြစ်တာလဲဆိုတာ ပြောဦးလေ"

"ပြောချင်ပါဘူး"

နဂိုယဉ်အသံလေးက ငိုသံဖြင့် ခပ်အင့်အင့်။ နှုတ်ခမ်းရဲရဲ

လေးကို စူထော်ထားပုံကို ငေးခနဲ ကြည့်သည်။

"ဒုက္ခရှာလို့ မောင်ရာဇာရယ်၊ နောက်နေ့မှ ဖုန်းဆက်

လည်း ရရဲသားနဲ့၊ ချက်ချင်းရောက်လာတာဆိုတော့ အားနာစရာ

ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီအရွယ်ရောက်မှ ဝမ်းပမ်းတနည်းငိုတာ ဒါ ပထမ ဆုံး ကြားဖူးတာဆိုတော့ ဘာဖြစ်တာလဲ သိချင်လို့ပါ ကြီးခင်"

ဖုန်းဆက်ပြီး သိပ်မကြာခင်ပဲ ချက်ချင်း စိုးရိမ်စွာ ရောက် လာသည်ဆိုသော ခွန်ရာဇာမျက်နှာချောချောကို ကြည့်ပြီး ဒေါ်ခင်ခင် ကြီး ဘာပြောရမှန်း မသိ။

မြေးမလှလှလေးကို ယောကျ်ားပေးစားဖို့ ကိစ္စ ခွန်ရာဇာ ရှေ့မှာ ရုတ်တရက် ပြောမထွက်သလို ဖြစ်နေတာလည်း ပါသည်။

"ကျွန်တော် သူ့ကို အပြင်ခဏ ခေါ်သွားပါရစေ ကြီး ခင်"

"နဂိုယဉ် မလိုက်ချင်ဘူးနော် ဘွား"

နဂိုယဉ်ထံမှ ငြင်းဆန်စကားကြောင့် ဒေါ်ခင်ခင်ကြီး အသက်ရှူချောင်သွားပေမယ့် ခွန်ရာဇာက နဂိုယဉ်စကားကို မကြား သလို အပြုံးမပျက်။

"ခဏပဲနော် ကြီးခင်၊ သိပ်မကြာစေရပါဘူး"

"ဘွား"

"လာစမ်းပါကွာ"

"ဦးခွန်နော် ... မလိုက်ဘူးဆို"

"အို"

"ဟဲ့....ဟဲ့"





ဒေါ်ခင်ခင်ကြီး ဘာပြောရမှန်းမသိ။ သူ့မျက်စိရှေ့မှာပင် နဂိုယဉ်လက်ကို ဆွဲယူထွက်သွားသော ခွန်ရာဇာ နောက်ကျောကို ငေးရင်း ကျန်ခဲ့သည်။

ခွန်ရာဇာက ဒေါ်ခင်ခင်ကြီးဆီက ခွင့်တောင်းစကားဆို သည် ဆိုပေမယ့် ကာယကံရှင်က ချီသည်၊ ခါးသည် မပြောရသေး ခင် နဂိုယဉ်လက်ကို ပိုင်ပိုင်ဆွဲယူ ခေါ်ဆောင်သွားပုံက သူပိုင်ပစ္စည်း နှယ်။

နဂိုယဉ်ကလည်း မလိုက်ချင်ပါဟု ဆိုနေသည့်ကြားက သူ့သဘောနှင့်သူ ပါအောင် ဆွဲယူခေါ်ဆောင်သွားပုံက ရင်မော ရော။

ခွန်ရာဇာခေါ်ရာနောက် ဘယ်လိုမှ ငြင်းဆန်မရအောင် လိုက်ပါလာရသူကနဂိုယဉ်။ မလိုက်ပါဘူးဟု ငြင်းထားသည့်ကြား က သူ့သဘောသူ နဂိုယဉ်ကို ဇွတ်ခေါ်လာသည်။

တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်ထားသူ၏ လက်က လွှတ် အောင် ရုန်းပေမယ့် မလွှတ်။ အင်အားခြင်းက မမျှ။

"ဦးခွန်နော်၊ ခြေထောက်နာနေပါတယ်ဆိုမှ"

"လွှတ်"

ခွန်ရာဇာ ဘာမှမပြောဘဲ ခတ်လှေကားထဲ အရောက်မှာ နဂိုယဉ် လက်ကလေးကို အသာ ဖြေလွှတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သွားသည့် လက်ကောက်ဝတ်နေရာကို သူမ လက်ကလေးတစ်ဖက်နှင့် အသာပွတ်သပ်ရင်း ခွန်ရာဇာ မျက်နှာချောချောကို မကျေမနပ် ကြည့်သည်။

"မလိုက်ပါဘူးဆိုတာကို ဘာလို့ ဒီအထိ ဖွတ်ခေါ်လာတာလဲ"

"ခေါ်ချင်လို့"

လှပသော မျက်စောင်းတစ်ခုက မကျေမနပ် စူအောင့်နေသော ခွန်ရာဇာထံ ဒိုင်းခနဲ ရောက်လာ၏။

"ဦးခွန် ခေါ်ချင်တိုင်း ခေါ်လို့ ရမလား"

"ရလို့တောင် ပါလာပြီပဲ"

"စိတ်ညစ်ပါတယ်ဆိုမှ ဘာမှန်းကိုမသိဘူး"

နဂိုယဉ် ရင်ထဲမှာ အန်တီသူဇာကိုရော ဦးခွန်ကိုရော ဘယ်သူကိုမှ မကျေနပ်။ သူတို့ဖြစ်ချင်တာတွေ သူတို့လုပ်ချင်တာတွေကိုပဲ သိသည်။

တစ်ဖက်သား ခံစားချက်ကို ဘာတစ်ခုမှ ထည့်မတွက်။ ကိုယ်ချင်းစာနာရကောင်းမှန်းလည်း မသိ။ ကိုယ့်အတွက်ကိုပဲ ရှေ့တန်းတင်ကြသည်။

ဒါကြောင့်လည်း အခုချိန်ထိ ဘယ်သူနဲ့မှ လက်မထပ်ဖြစ်ကြဘဲ အပျိုကြီး၊ လူပျိုကြီးတွေ ဖြစ်နေတာဟု မကြည်သလို တွေးရင်း နဂိုယဉ် မျက်နှာလေး မှုန်ကုတ်ကုတ်။

ဦး၊ မိုး၊ ၁၁၆ ပေ

"ကားပေါ်တက်"

"ဘယ်သွားဦးမလို့လဲ"

"ဘယ်သွားသွားကွာ"

"မလိုက်ချင်ပါဘူးဆို"

စူကောက်နေသည့် မျက်နှာလှလှလေးကို ခွန်ရာဇာ ရှုတ်ခနဲ ငုံ့ကြည့်သည်။ မကျေမနပ်ပုံစံလေးနှင့် မကြည်သလို မော့ကြည့်နေသော မျက်ဝန်းလေးနှင့် အဆုံမှာ ခွန်ရာဇာ ရင်တစ်ခုလုံး နိမ်းမြစွာ ပူနွေးလှုပ်ခတ်သည်။

"သွားမယ်"

အကြည့်ကို ရုပ်သိမ်းပြီး သူ ဒါပဲ ပြောသည်။

နဂိုယဉ် မလှုပ်။

"ပြောနေတာ မကြားဘူးလား"

"ကြားသားပဲ နဂိုယဉ်မလိုက်ဘူး၊ ဦးခွန်ဘာသာသွား"

"သွားမယ်"

"အမေ့"

ရွှေ့ခနဲ တင်းကျပ်စွာ ဆွဲယူပွေ့ချီလိုက်သူ ရင်ခွင်ထဲ နဂိုယဉ်တစ်ကိုယ်လုံး အေးခနဲ နွေးခနဲ ပါသွားသည်။ နဂိုယဉ် ဘာမှမပြောနိုင်ခင် ခွန်ရာဇာကားကြီးက နေရာက ဝေါခနဲ ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မလိုက်ချင်ပါဘူးဆိုလည်း မရ။

မသွားချင်ပါဘူးဆိုတော့လည်း မထားခဲ့။

တကယ် စိတ်ရှုပ်စရာ ကောင်းသည်။

"ကဲ …ဘာဖြစ်တာလဲ ပြော"

လူရှင်းသည့် နေရာမှာ ကားကို ထိုးရပ်ပြီး နဂိုယဉ်ဘက် လှည့်မေးတော့ နဂိုယဉ်က မဖြေ။ ဂျစ်ကန်ကန် မျက်နှာလေးနှင့် ခပ်တည်တည်လေး လက်ပိုက်ငြိမ်သက်နေပုံကို ကြည့်ကာ ခွန်ရာဇာ ရင်မှာ အချစ်တို့ မြတ်နိုးစွာ ပြည့်သိပ်လာသည်။

ချစ်တယ်ဆိုသည့် စကားနှစ်လုံးတည်းနှင့် မလုံလောက်နိုင်သော ချစ်ခြင်းများကို ခွန်ရာဇာ အခုတော့ ပိုပိုသိလာသည်။

"ပြောလေကွာ"

"ဘာပြောရမှာလဲ"

"မင်း ..ဘာဖြစ်နေတာလဲ"

"နဂိုယဉ်က ဘာမှမဖြစ်ဘူး၊ ဖြစ်နေတာက ဦးခွန်"

"ကိုယ်က …"

"ဟုတ်တယ်"

"နဂိုယဉ် မလိုက်ချင်ဘူးဆို ဖွတ်ခေါ်လာတယ်"

"ဒါဖြင့် မင်း ဘာလို့ငိုနေလဲ"

"ယောက်ျားမယူချင်လို့ပေါ့"





"ဟင်"

လှပသော နဂိုယဉ်လေးကို ငေးခနဲ စိုက်ကြည့်ရင်း ခွန်ရာဇာ ရင်ထဲ ဘယ်နေရာကမှန်းမသိ ထူပူသွားသည်။ ဒီလိုပုံစံနဲ့ သူ့အင်မတန်ချစ်မြတ်နိုးနေမိသော နဂိုယဉ်လို ချစ်စရာမိန်းမလှလေးကို တစ်ခြား တစ်ပါးသူရင်ခွင်ထဲ စိတ်ချလက်ချ လွှဲပြောင်းပေးလိုက်ရမည်လား။

သေချာသည်က နဂိုယဉ်ကို သူ ချစ်သည်။ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ခြင်းမျိုး ဖြစ်သည်။

"နဂိုယဉ် မယူချင်တဲ့သူက ဘယ်သူလဲ"

"နေ့သစ်"

ထင်ထားသည့်အတိုင်း ဖြစ်နေသည့်အတွက် မသူဇာအကြံကို ခွန်ရာဇာ မအံ့သြ။

"ကိုယ့်ကို ဆိုရင်ရော…"

"ဦးခွန်"

ရှက်လန့်ချောက်ချားခြင်းများစွာနှင့် နဂိုယဉ် ခွန်ရာဇာ မျက်နှာကို တစ်ခါမှ မမြင်ဖူးသလို အံ့သြတုန်လှုပ်စွာ ကြည့်သည်။

နဂိုယဉ်မျက်နှာလှလှလေးကို တုံ့ပြန်စူးစိုက်ကြည့်နေသည့် ခွန်ရာဇာအကြည့်တွေက နူးညံ့စွာ ရှိန်းလက်လက်။

"နဂိုယဉ် … ကိုယ့်ကို လက်ထပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း …ဟင့်အင်း … ဦးခွန်ကိုလဲ နဂိုယဉ် မယူဘူး"

"မရဘူး"

"ဟင်"

"နဂိုယဉ်ကို ချစ်တယ်"

"ဦးခွန်"

"အို"

ငပလီမှာတုန်းကလို ဦးခွန့်ရင်ခွင်ထဲမှာ မွှန်းနစ်စွာ နဂိုယဉ် ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲသွားသည်။ မွတ်သိပ်ပြင်းပြသော အနမ်းတွေက ခပ်ရှရှ။ ချိုမြနွေးထွေးသော ချစ်အနမ်းတွေက အတားအဆီးမဲ့ ပြုံဆင်းလာသည်။

"နဂိုယဉ်"

"မခေါ်နဲ့"

"ဦးခွန်ကို မုန်းတယ် သိလား"

"အရင်တုန်းကတော့ မမုန်းပါဘူး"

"အခုနဲ့ တူလို့လား"

"အခု ဘာဖြစ်နေလို့လဲ"

"ဦးခွန် နော်"

နိုး၊မို၊၁၁၆၀



ဒေါသဖြင့် မျက်နှာလှလှလေး ဖျတ်ခနဲအမော့မှာ ငိုက်ကျသာသည့် အနမ်းများကြောင့် နဂိုယဉ် စကားသံလေး ပျောက်သွားသည်။

"ကြိုးခင်ကို ဖွင့်ပြောလိုက်တော့မယ်"

"ဘာပြောမှာလဲ"

"နဂိုယဉ်ကို အမြန်ဆုံး လက်ထပ်ပါရစေဆိုတဲ့ အကြောင်း"

"ဦးခွန်ကို ဘယ်သူ ယူမယ်ပြောလို့လဲ"

"တကယ် မယူဘူးလား"

မျက်ဝန်းနှစ်ခု အကြည့်ချင်းဆုံသွားသည်။

ရွှန်းလဲ့တောက်ပသော အကြည့်စူးစူးများနှင့် နီရဲစိုစွတ်သော နှုတ်ခမ်းအစုံကို ကြာရှည် ရင်မဆိုင်ရဲစွာ အရင်ဦးဆုံး မျက်နှာလွှဲမိသူက နဂိုယဉ်။

"ဟိတ် …မေးတာ ဖြေလေ"

"ဖယ်ပါ … နဂိုယဉ် ကျောင်းတက်ရဦးမယ်"

"တက်ပေါ့… ကျောင်းကို ကိုယ်ကိုယ်တိုင် လိုက်ပို့ပေးမယ်၊ ကိုယ့်ကို ယူပြီးမှနော်"

နဂိုယဉ် မျက်နှာလေး နှင်းဆီရောင် ပြေးသွားသည်။

နိုး၊မို၊၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က ဘာမှမပြောဘဲ အခုချိန်ထိ တင်းကျပ်စွာ ပွေ့ဖက်ထားသည့် ခွန်ရာဇာရင်ခွင်ထဲက နဂိုယဉ် ကိုယ်လေး ရုန်းထွက်သည်။

"နဂိုယဉ်"

"ဦးခွန်နော် နဂိုယဉ် တကယ် ငိုလိုက်မှာ သိလား"

"ငိုပေါ့ နဂိုယဉ်ငိုတိုင်း ကိုယ် ချော့နေကျပဲ"

မှန်သောစကားဖြစ်၍ ခွန်ရာဇာ မျက်နှာချောချောကို ကြည့်ပြီး နဂိုယဉ် ပါးစပ်ပိတ်သွားသည်။

"ဦးခွန်ကို မုန်းတယ် သိလား"

"ချစ်နေတာ သိမှမသိဘဲ"

"ဟင်"

"ကိုယ့်ကို နဂိုယဉ် ဘယ်လောက်ချစ်တယ်ဆိုတာ ကိုယ် ကိုယ်ကိုရော သိရဲ့လား"

"ဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်"

"ကိုယ်က နဂိုယဉ်ကို ချစ်တယ်၊ နဂိုယဉ်က ကိုယ့်ကို ချစ်တယ်၊ ဒါဆို ပြီးပြီပေါ့"

"လက်ထပ်မယ်"

"ဦးခွန်ကို လက်မထပ်ဘူးလို့ ဆိုနေနော်"





စိုက်ခနဲကြည့်လာသည့် အကြည့်တွေကို နဂိုယဉ် ရှုမစိုက်။ နဂိုယဉ်ရင်ထဲ ရှိတာကိုပဲ ထုတ်ပြောဖြစ်သည်။

"ဒါဖြင့် ဘယ်သူ့ကို လက်ထပ်မှာလဲ"

"နဂိုယဉ် ဘယ်သူနဲ့မှ လက်မထပ်ဘူး"

"ဖြစ်မလား၊ မသူဇာကရော မင်းအဘွားကပါ နေ့သစ်နဲ့ သဘောတူနေတာ"

"နဂိုယဉ်မှ သဘောမတူဘဲ"

နဂိုယဉ်ကို သူ့ဘက်ပါအောင် ဘယ်လိုစည်းရုံးရမှန်း မသိ။ မိန်းမချော မိန်းမလှပေါင်းများစွာနှင့် ခွန်ရာဇာ ရင်းနှီးပတ်သက်ဖူးသည်။

တစ်ခါမှ ဒီလိုနေ့ရက်မျိုး မကြုံဘူး။ နဂိုယဉ် ကိုယ့်ကို ချစ်ဘူးလား။

မည်းနက်ကော့ရှန်းသော မျက်တောင်တို့ တဖျတ်ဖျတ် ခုပ်သွားပြီး လှပသော မျက်ဝန်းအစုံ မော့လာသည်။

"ဖြေလေ ကိုယ့်ကို ချစ်လား"

"ချစ်သားပဲ၊ ဒါပေမယ့် ဦးခွန်ချစ်သလိုမျိုး မဟုတ်ဘူး"

"ကိုယ်မေးတဲ့အထဲမှာ အဲဒါ မပါဘူး"

"အိမ်ပြန်တော့မယ်"

"မပြန်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘွား စိတ်ပူနေလိမ့်မယ်"

"ကိုယ် ရင်ပူနေရတာရော နဂိုယဉ် မသိဘူးလား"

"တီ …တီ"

"ဟင် …အန့်တီသူဇာ"

နဂိုယဉ်မျက်နှာလှလှလေး ကွက်ခနဲ ပျက်သွားပေမယ့် ခွန်ရာဇာက ဂရုမစိုက်။

သူတို့ကားနား ကပ်ရပ်လာသည့် မသူဇာကားနား သွားကာ ခပ်ပြုံးပြုံး နှုတ်ဆက်သည်။

"တစ်ယောက်တည်းလား မသူဇာ"

"ဒါပေါ့ရှင်၊ သူဇာ့ကို ဘယ်တုန်းကများ နှစ်ယောက်တွဲ တွေ့ဖူးလို့လဲ"

"တစ်နေ့နေ့ပေါ့ဗျာ"

"သူဇာ့အတွက်တော့ တစ်နေ့နေ့ဆိုတာ ရှိလာစရာ မရှိပါဘူးရှင်"

ပါးစပ်ကပြောနေပေမယ့် သူဇာ့အကြည့်က နဂိုယဉ်ထံ…သာ ရောက်နေ၏။

"အန့်တီသူဇာ"

"ဘွားတစ်ယောက်တည်း ထားခဲ့တာလား နဂိုယဉ်၊ အခု နဂိုယဉ်အဘွားက နေကောင်းစရှိသေးတာ ဂရုစိုက်မှပေါ့"





"သူဇာ့ကို ခွင့်ပြုပါဦး ကိုရာဇာ"

"ကောင်းပါပြီဗျာ"

အန့်တီသူဇာ နှုတ်ခမ်းတွေပြုံးနေပေမယ့် မျက်လုံးတွေ …စက်နေမှန်း နဂိုယဉ်သိသည်။ ဒီပုံနှင့်ဆို မလွယ်။

"နဂိုယဉ် ပြန်တော့မယ် ဦးခွန်"

"ကောင်းပါပြီ၊ ဒီတစ်ခါတော့ ကိုယ် လိုက်လျောလိုက်…၊ နောက်တစ်ခါဆိုရင် ကိုယ့်ကို လက်ထပ်ဖို့ တစ်ခါတည်း …စားထား"

"ပြန်မယ်"

"ဦးခွန်"

ရှည်ကြာသိပ်သည်းသော နှုတ်ဆက်အနမ်းက နဂိုယဉ်၏ …သိမ်မွေ့သော ရင်ခုန်သံအတိုင်းကို ကြမ်းရိုင်းစွာ ခုန်ပေါက် …ကျော်သွားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အမှန်အတိုင်းပြောစမ်း နဂိုယဉ်၊ ခွန်ရာဇာနဲ့ နဂို[illegible]
ချစ်နေကြပြီလား"

အန်တီသူဇာအမေးကို နဂိုယဉ် မဖြေ။ မျက်နှာရဲရဲ[illegible]
နှင့်သာ စိတ်ရှုပ်ထွေးစွာ ငြိမ်သက်နေမိသည်။

"နဂိုယဉ်"

"အန်တီသူဇာ ထင်သလို မဟုတ်ပါဘူး"

"ဒါဖြင့် … ကားထဲမှာ ညည်းတို့ နမ်းနေကြတာ[illegible]
ဘာလဲ"

"မသူဇာ"

ဘွားအသံကြ အလန့်တကြား။

မြေးဖြစ်သူနှင့် အဒေါ်ဖြစ်သူ၏ ပြဿနာကို ဘယ်ဘ[illegible]
ဝင်မပါဘဲ ထိုင်ကြည့်နေခြင်းဖြစ်သည်။





အန်တီသူဇာ မြင်သွားပြီဆိုမှတော့ နဂိုယဉ်ဘက်က ဖုံး
ကွယ်နေစရာမရှိ။ ဖျတ်ခနဲ အန်တီသူဇာကို မော့ကြည့်လိုက်သည်။

"ဦးခွန်ကို မချစ်ဘူးလို့ နဂိုယဉ်ပြောပြီးသားပါ အန်တီ
သူဇာ၊ ကျန်တာက နဂိုယဉ် သဘောမပါဘဲ သူ့ဘာသာ ဖြစ်နေ
တာ"

အဘွားရော အဒေါ်ပါ ဘာမှမပြောနိုင်ဘဲ ငြိမ်သွားသည်။
အတန်ကြာမှ-

"မြေးကို မောင်ရာဇာက ချစ်ခွင့်ပန်ပြီးပြီပေါ့ ဟုတ်လား"

"ဟုတ်"

"မြေး …သဘောကရော"

"အို …ကြီးခင်ကလဲ ကလေးကို ဘာလို့ ဒီစကားတွေ
မေးနေရတာလဲ၊ အခုပဲ ဝတီဖြစ်တဲ့ကိစ္စ ဟိုးလေးတကြော် ဖြစ်နေပါ
တယ်ဆိုနေမှ၊ ကြီးခင်မြေးကိုပါ အဲဒီစာရင်းထဲ ပါစေချင်လို့လား"

"အို"

"မဟုတ်ပါဘူး မသူဇာရယ်၊ ရုတ်တရက်မို့ မေးဖြစ်သွား
တာပါ"

အန်တီသူဇာ့ထံမှ သတင်းစကားကြောင့် မြေးအဘွားနှစ်
ယောက်စလုံး ထိန်းမရအောင် မျက်နှာပျက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှ မေးမနေနဲ့ ကြီးခင်၊ ဒီလိုလူမျိုးတွေအကြောင်း သူဇာသိတယ်၊ သူတို့နဲ့ ဂုဏ်ရည်တူ၊ အဆင့်အတန်းတူ မိန်းက... တွေကို အားရအောင် ချစ်တမ်းကစားပြီးမှ အကောင်းဆုံး၊ ထိ... ဆိုတဲ့ အဖူးအညွန့်ကိုမှ စိတ်ကြိုက် ခေါင်းခေါက်ရွေးကြတာ... လေ”

“ကြီးခင်မြေးလောက်တော့ ဘဝမပျက်ရုံရှိမယ်”

“တော်ပါတော့ကွယ်၊ ဒီလို စိတ်မချမ်းသာစရာ ... သံတွေ ကြီးခင် မကြားပါရစေနဲ့”

“မီးဆိုတာ မလောင်ခင်က တားရတာ ကြီးခင်၊ နဂို... က သိပ်ဖြူစင်တဲ့ အဖြူထည်လေး၊ မဟုတ်တာကို အဟုတ်... မှာစိုးလို့ မသူဇာက ဒီစကားတွေကို အမုန်းခံပြီး ပြောနေရတာ”

“အန်တီသူဇာ ပြောတာ နဂိုယဉ် နားလည်တယ် မဟုတ်... လား”

နဂိုယဉ် ဘာတစ်ခွန်းမှ အန်တီသူဇာကို ပြန်မပြော။ ရင်... မှာတော့ ဦးခွန်နှင့်ပတ်သက်ပြီး တဆစ်ဆစ်နင့်နင့်သီးသီး နာ... နေ၏။

ဦးခွန်နှင့်ပတ်သက်ပြီး ဒီလိုစကားမျိုးတွေ ကြားလာ... သည်မှာ အခု အရွယ်မှမဟုတ်။ နဂိုယဉ် သိတတ်စအရွယ်တည်း...





က။ မိန်းကလေးတွေနှင့် ဦးခွန်၏ အရှုပ်အထွေး ပြဿနာများ ကြားချင်လည်း ကြားနေရသည်။

မြင်နေရသည်။

တချို့ ဦးခွန် ချစ်သူရည်းစားတွေကိုပင် ဦးခွန်က နဂိုယဉ် တို့ မြေအဘွားဆီ အလည်ခေါ်လာပြီး မိတ်ဆက်ပေးတတ်တာ လည်းရှိသည်။

ဟိုလူ ဒီလူနှင့် အခုပဲ ယူတော့မလို၊ စေ့စပ်မလို၊ လက်ထပ်မလို နာမည်ကြီး သတင်းပြေးနေတာမျိုးက မကြာခဏ။ တကယ့်လက်တွေ့မှာတော့ ဦးခွန်နှင့် လက်မထပ်ဖြစ်ကြသူတွေ ချည်းဖြစ်သည်။

ဒါကြောင့်လည်း ဦးခွန် အသက်သုံးဆယ့်အရွယ်အထိ တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေခြင်းဖြစ်မည်။

သို့သော် ဝိုင်းဝိုင်းလည်နေသော မိန်းမလှလေးတွေကြား မှာ နာမည်ကြီးမြဲ။ ရေပန်းစား လူသိများမြဲ။

ဝတီနှင့် ခွန်ရာဇာ ဖြစ်သည့်ကိစ္စကတော့ အဆိုးဆုံး အခြေ အနေဖြစ်သည်။

“အခုချိန်ကစပြီး သူလာရင် နဂိုယဉ်နဲ့ လုံးဝ ပေးမတွေ့ ပါနဲ့ ကြီးခင်၊ နေ့သစ်နဲ့ စေ့စပ်ဖို့ကိစ္စကိုလည်း မသူဇာ အမြန်ဆုံး စီစဉ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှ ခွန်ရာဇာဆိုတဲ့လူလည်း နောက်ဆုတ်သွားမှာ၊ နေ့သစ်ကို လက်မထပ်ချင်သေးဘူးဆိုလည်း ရတယ်၊ ဒါပေမယ့် ခွန်ရာဇာဆိုတဲ့လူ နဂိုယဥ်နားမှာ မရှိအောင် နေ့သစ်ကို နဂိုယဥ်နားမှာ ခေါ်ထားရမယ်"

"အန်တီသူဇာပြောတာ နားလည်တယ်နော် နဂိုယဥ်"

"ဟုတ်ကဲ့"

"ဒါဆို ... မသူဇာပြန်မယ် ကြီးခင်"

"ကောင်းပါပြီကွယ်"

"သြော် ... မနက်ဖြန် ညစာစားဖို့ နေ့သစ်လာခေါ်ရင် နဂိုယဥ်ကို ထည့်ပေးလိုက် ကြီးခင်၊ သွားပြီနော်"

မသူဇာ ပြန်သွားတော့ နဂိုယဥ်တို့ မြေးအဘွားနှစ်ယောက်ထဲ ကျန်ခဲ့သည်။ နဂိုယဥ်က အဘွားဖြစ်သူကို နှုတ်ဆက်ပြီး အိပ်ခန်းထဲ ဝင်လာခဲ့သည်။

အိပ်ချင်လို့မဟုတ်။

နဂိုယဥ်ခေါင်းထဲမှာ ဦးခွန်အကြောင်းအရာ၊ နေ့သစ်အကြောင်းပါ ရှုပ်ထွေးနေသောကြောင့်ဖြစ်သည်။

"သိပ်ချစ်တယ် နဂိုယဥ်ရယ်"

ဦးခွန်အသံ တိုးတိုးလေးက နဂိုယဥ်နား နားမှာ ကပ်ပြီး လာပြောလိုက်သလို။ နဂိုယဥ်ပါးလေးတွေ နွေးသွားသည်။





အချစ်ဆိုသည့် စကားက နဂိုယဥ်အတွက် လုံးဝ အစိမ်းသက်သက် ဖြစ်ရုံမက ဘယ်လိုလူမျိုးကမှလည်း နဂိုယဥ် မျက်နှာလှလှလေးအပေါ် အနမ်းဦး မခြွေခဲ့ဘူး။

ဦးခွန်နှင့်ကျမှ နဂိုယဥ်ကို ဘာစကားတစ်ခွန်းမှ ဆိုခွင့်မပေး။ ချစ်တေးအထပ်ထပ်သီ၍ သူ့စိတ်ကြိုက် ချစ်အနမ်းတွေ အသက်ရှူမရအောင် ပေးခဲ့သူဖြစ်သည်။

အတွေးနှင့် နဂိုယဥ် ရှက်လန့်စွာ မျက်နှာလှလှလေးကို ခေါင်းအုံးဖြူဖြူလေးကြားမှာ ထိုးနှစ်ဝှက်ကွယ်တော့ ရင်ခုန်သံတိုးတိုးလေးကို ကြားလိုက်ရသည်။

အမှန်အတိုင်း ဝန်ခံရလျှင်တော့ နဂိုယဥ်ကိုယ်တိုင်လည်း ဦးခွန်ကို ချစ်မိရပါပြီ။ ဦးခွန်ကို ချစ်ပေမယ့် နဂိုယဥ်အချစ်တွေကို ဦးခွန်သိအောင် ဝန်မခံရဲ။ ဝန်လည်း မခံချင်။

ဦးခွန်ကို ချစ်ပေမယ့် ဦးခွန်ကို ကြောက်သည်။

နဂိုယဥ်နားထဲမှာ လျှံနေသည့် ဦးခွန် ချစ်တမ်းကစားပြီး ရက်စက်စွာ ကျောခိုင်းထားခဲ့သော မိန်းကလေးပေါင်းများစွာထဲမှာ နဂိုယဥ်လည်း တစ်ယောက်အပါအဝင် မဖြစ်ချင်။

ဖြစ်ရမှာလည်း ကြောက်ပါသည်။ အန်တီသူဇာနှင့် ဘွားဘွားတို့ စိုးရိမ်နေကြသည်မှာလည်း အပြစ်ဟု မဆိုသာ။ ဦးခွန်နှင့် လက်ထပ်ထားမည့်သူအဖြစ် အားလုံးသိထားသည့် စင်ဒီဝတီဆိုသည့် မိန်းမလှ



www.burmeseclassic.com

www.burmeseclassic.com



လေးခများ ဦးခွန်ကြောင့် အဆိပ်သောက်သည်။ အသည်းကွဲ
ငိုကြွယိုကြွနှင့် နာမည်ပျက်ကြသည်။

ဦးခွန်ကတော့ ဒီကိစ္စ သူနှင့် ဘာမှမဆိုင်သလို စိတ်
မဝင်စား။ ဘာတစ်ခုမှလည်း ဖြေရှင်းချက်မထုတ်။ ဤမျှဆိုး
သည့် အခြေအနေကြားမှာ နဂိုယဉ်နှင့် အချစ်ဇာတ်လမ်းအ
တစ်ပုဒ်စဖို့ ကြိုးစားအားထုတ်နေသည်။

ချစ်ပင်ချစ်သော်လည်း ဦးခွန်ကို နဂိုယဉ်ကိုယ်တိုင် 
ထပ် မတွေ့ဆုံချင်တော့။ ဦးခွန်မျက်နှာကို မြင်ရလျှင် နဂို
ငိုချင်သည်။ ဝမ်းလည်းနည်းသည်။

နဂိုယဉ်ကို ခွင့်လွှတ်တော့ ဦးခွန်ရယ်။ နေ့သစ်နဲ့ 
ဖို့ကိုပဲ နဂိုယဉ် လက်ခံသဘောတူလိုက်တော့မယ်။

ရင်နာနာနှင့် နဂိုယဉ် ကျိတ်ဆုံးဖြတ်ချက်ချလိုက်သည
ဒါဟာ ဦးခွန်ကို မချစ်လို့မဟုတ်။ ချစ်လွန်းလို့ ဦးခွန်ကို သိ
သွားမိလို့။ တစ်နေ့ နဂိုယဉ် ရင်ကွဲမတတ် ခံစားပြီး ကျန်ရစ်ခဲ့
သိလို့ အခုစာညဉ်းက ဦးခွန်ကို ရင်နာနာနှင့် စွန့်လွှတ်ရန် ဆုံးဖြ
ခြင်းဖြစ်သည်။

ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာ နဂိုယဉ်ပါးပြင်နှ
နပေါ် မျက်ရည်ပေါက်ကြီးတွေ ကြွေကျလာသည်။





ချစ်ပေမယ့် ဘယ်လိုမှ မဖြစ်နိုင်မှန်း အန်တီသူဇာနှင့် ဘွားသိသလို နဂိုယဉ်လည်း သိပါသည်။

အချစ်ကို နဂိုယဉ် မသိနားမလည်တုန်းက နဂိုယဉ်ရယ် မောပျော်ရွှင်နိုင်ခဲ့သည်။ အချစ်ကို ခံစားနားလည်လာတော့ နဂိုယဉ်ငို ဖို့ဖြစ်လာသည်။ အခန်းထဲမှာ နဂိုယဉ်ကျိတ်ငိုနေတုန်း ခွန်ရာဇာ ဖုန်းဝင်လာသည်။

နဂိုယဉ် အိပ်နေပြီဖြစ်ကြောင်း ဘွားပြန်ဖြေသံကြားရသည်။ ဦးခွန်ကြောင့် ဘွားလည်း အနေရခက်မှာ သေချာသည်။

အန်တီသူဇာပြောသလို ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဖြစ်ဖို့အကြောင်းတွေးရင်း ညည့်နက်မှ နှစ်မြိုက်စွာ အိပ်ပျော်သွားသည်။

မနက်စာစားချိန်ကျမှ နိုးလာသည့် နဂိုယဉ်ကို ဘွားက ဆေးဝတ်အိတ်ကြီးတစ်လုံး လာပေးသည်။

"ဘာတွေလဲ ဘွား"

"သမီး အန်တီသူဇာ ပို့လိုက်တာလေ၊ အခုချိန်ကစပြီး ဒါတွေကိုပဲ ဝတ်ရမယ်လို့လဲ မှာလိုက်တယ်၊ စားသောက်ပြီးရင် အန်တီသူဇာ ဝယ်ပေးတာတွေကို ဝတ်ကြည့်လိုက်ဦး"

"ဟုတ်ကဲ့ ..ဘွား"

"ဟယ် ....လှလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပီပီ လှပသော အဝတ်အစားများကို မြင်တော့ ပျော်သွားသည်။ မနက်စာကို ဖြစ်သလိုစားပြီး အခန်းထဲ ပြန်ရောက် ဝင်လာကာ ဝတ်စုံတွေကို တစ်စုံပြီးတစ်စုံ ဝတ်ကြည့်သည်။

အားလုံး နဂိုယဉ်နှင့် တိုင်းချုပ်ထားသလို ကွက်တိ။ ရယ်ဒီမိတ် အဝတ်အစားတွေကို ဝတ်လိုက်တော့လည်း တစ်မျိုးလှနေပြန် သည်။ မှန်ထဲမှာ သိပ်လှနေသည့် ပုံရိပ်ကိုကြည့်ပြီး နဂိုယဉ်နှင့် အလိုက်ဖက်ဆုံးဟု ထင်သည့် ဝတ်စုံတွေကို ရွေးထုတ်သည်။

နေ့သစ်ရောက်လာချိန်မှာ အန့်တီသူဇာပေးလိုက်သည့် ဝတ်စုံတွေထဲက ဆင်စွယ်နှစ်ရောင် ဝတ်စုံလေးကြောင့် သေးကျဉ်သော ခါးလေးကို ထင်းခနဲ ရှင်းခနဲ။ စာဖွဲ့မကုန်နိုင်သော နဂိုယဉ်၏ အလှကောက်ကြောင်းမှာ နေ့သစ်အကြည့်တွေ ငေးခနဲ ပါလာသည်။

"လှလိုက်တာ နဂိုယဉ်ရယ်၊ မင်း သိပ်လှတာ သိပေမဲ့ ဒီနေ့လောက် လှတာမျိုး မတွေ့ဖူးဘူး"

"အခုတွေ့ပြီ မဟုတ်လား"

"အင်း"

"အဟင်း ··ဟင်း··ဟင်း"

နေ့သစ်ဖြစ်နေပုံကိုကြည့်ပြီး နဂိုယဉ် ရယ်ပစ်လိုက်တော့ သူပါ အတူ နဂိုယဉ်နှင့် ရောပြီးရယ်သည်။

"ကို တကယ်ပြောတာ၊ နဂိုယဉ် သိပ်လှတယ်"





"နေ့သစ်လည်း ချောပါတယ်"

"တကယ်လား နဂိုယဉ်"

နဂိုယဉ်က မဖြေဘဲ ရယ်နေသဖြင့် နေ့သစ်မျက်နှာ နီနီဖြင့် နေရခက်စွာ ပြုံးနေပါသည်။ ဘာပဲပြောပြော နေ့သစ်ပျော်သည်။ နဂိုယဉ်လို အင်မတန်လှပပြီး ချစ်စရာကောင်းသည့်မိန်းမလှလေးကို ချစ်မြတ်နိုးစွာ ပိုင်ဆိုင်ခွင့်ရမည့်အတွက် ဖြစ်ပါသည်။

"ကိုနဲ့ သွားရတာ ပျော်လား နဂိုယဉ်"

"နေ့သစ်က ရယ်စရာတွေချည်းပြောတော့ ပျော်တာပေါ့၊ ဘာဖြစ်လို့လဲဟင်"

"နဂိုယဉ်ပျော်မှ ကို့ စိတ်ချမ်းသာမှာမို့လို့ပေါ့ဗျာ"

"ကဲ ··· ဒါဆို စိတ်ချမ်းသာတော့"

နှစ်ယောက်အတူ ရယ်မိကြပြန်သည်။ နေ့သစ်နဲ့ စတွေ့ကတည်းက နဂိုယဉ် အမြဲရယ်နေရသည်မှာ အခုချိန်ထိဖြစ်သည်။ ချစ်သူတစ်ယောက်လို နေ့သစ်ကို မချစ်ပေမယ့် သူငယ်ချင်းတစ်ယောက်လိုတော့ ခင်မင်မိသည်။

"နဂိုယဉ်··ဟိုမှာ··· နဂိုယဉ် ဦးလေးမဟုတ်လား"

ဟိုတယ်ထဲ လှမ်းဝင်ခါနီး နေ့သစ်ပြသည့်နေရာကို လှမ်းကြည့်လိုက်တော့ ခွန်ရာဇာနှင့် အလွန်အင်မတန်လှပသော မိန်းကလေးတစ်ယောက် အတူရယ်မောစကားပြောနေတာကို လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသဖြင့် နဂိုယဉ်ရင်ထဲ ဘယ်နေရာကမှန်းမသိ ဝမ်းနည်းနာကျင်သွားသည်။

"ညှော်သည်နဲ့ကွ၊ သူလည်း ဒီကိုလာတာ ထင်တယ်၊ ကိုယ်တို့နဲ့ တစ်ဝိုင်းတည်း အတူထိုင်မလား"

"ဘာဆိုင်လို့ အတူ ထိုင်ရမှာလဲ"

"နဂိုယဉ် ဦးလေးဆိုတော့"

"သူနဲ့ ဘာမှမတော်ပါဘူး၊ နဂိုယဉ်တို့မိသားစုနဲ့ ငယ်ငယ်လေးကတည်းက ဒီလိုပဲ ဝင်ထွက်သွားလာနေတဲ့ ရပ်ရွာရပ်မျိုးပါ"

"အော်"

"လာ ... သွားကြမယ်"

နေသစ်အကြည့်တွေ ခွန်ရာဇာတို့စုံတွဲစီမှာ ရောက်နေတုန်း ဖြုန်းခနဲ ခွန်ရာဇာက နဂိုယဉ်တို့ဘက် လှည့်အလာ ဘယ်လိုမှ ရှောင်ချိန်မရဘဲ နဂိုယဉ်နှင့် အကြည့်ချင်းဆုံသွားသည်။

အရင်ဆုံး နဂိုယဉ်က အကြည့်လွှဲပြီး နေရာက ချာခနဲ လှည့်ထွက်လိုက်တာမို့ ခြေလှမ်းကျဲကြီးတွေနှင့် နေသစ် နဂိုယဉ်နောက်က အတူပါလာသည်။

ခွန်ရာဇာမှာ မမျှော်လင့်ဘဲ နဂိုယဉ်ကို နေသစ်နှင့်အတူ အလှဆုံး အပြင်အဆင်တွေနှင့် တွေ့လိုက်ရသဖြင့် ရင်ထဲပူလောင်





သွား၏။ နဂိုယဉ်နောက် ပြေးလိုက်သွားချင်စိတ်ကို မနည်းချုပ်ထိန်းလိုက်ရသည်။

"ဘာဖြစ်လို့လဲ ခွန်ရာဇာ၊ ယူ့အသိကို တွေ့လို့လား"

"ဆိုပါတော့ ..မြိုင်၊ ကိစ္စတွေပြီးရင် ကိုယ်တို့ မနက်ဖြန် ဆုံကြတာပေါ့ ဟုတ်လား"

"see you "

"ဘိုင်"

မြိုင်ကို ခွန်ရာဇာ နှုတ်ဆက်လမ်းခွဲခဲ့သည်။ သူ့ ခြေလှမ်းများ၏ ဦးတည်ရာက နဂိုယဉ်နှင့် နေသစ်ရှိရာသို့ ဖြစ်သည်။

သိပ်မရှာလိုက်ရ။

သိပ်လှသည့် နဂိုယဉ်နှင့် နေသစ်ကို ထင်းခနဲ တွေ့လိုက်သည်။

"ဟော့ ... ယူ"

"အော် .... ထရေစီ"

အနက်ရောင် ကိုယ်ကျပ်ဂါဝန်ဖြင့် ထရေစီက လှပစွာ ရယ်သည်။

"ဘယ်လိုလဲ ခွန်ရာဇာ..ယူ ခုချိန်ထိ တစ်ယောက်တည်းလား"

"ထရေစီက ဘယ်လိုထင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



''ယူ လက်မထပ်ရသေးဘူးဆို''

သူ ခေါင်းညိတ်တော့ ထရေစီက ခွန်ရာဇာကို အဓိပ္ပါ[illegible] ပါပါကြည့်သည်။

''ထရေစီတို့ အရင်လို ပြန်တွဲကြမလား ...ယူ''

ပိုင်နိုင်စွာ ခွန်ရာဇာလက်မောင်းတစ်ဖက်ကို သူမယာ[illegible] ကလေးများနှင့် တွဲချိတ်လိုက်တာမို့ လှပသော ထရေစီ ကိုယ်[illegible] က ခွန်ရာဇာကိုယ်နှင့် နွေးထွေးနူးညံ့စွာ ပူးကပ်သွားသည်။

ခွန်ရာဇာ အလန့်တကြား နဂိုယဉ်ရှိရာ လှမ်းကြည့်လို[illegible] တော့ သူတို့နှစ်ယောက်ကို တစ်ချက်ကြည့်ပြီး ဘာမှမဖြစ်သ[illegible] နေသစ်နှင့် ရယ်မောလိုက်သံကို ကြားလိုက်ရသည်။

''ကိုယ့်လက်ကို လွှတ်ပါဦး ထရေစီ''

''ဘာဖြစ်လို့လဲ ...ယူ''

''ကိုယ့်မှာ လက်ထပ်ရမယ့်သူ ရှိနေပြီ ထရေစီ''

''တကယ်''

''အင်း''

''ဒါဖြင့် ဘယ်သူလဲပြော''

''မကြာခင် အားလုံး သိရမှာပါ ထရေစီ''

''ယူ့ရဲ့ မေတ္တာအချစ်ပန်းကို ဆွတ်လှမ်းနိုင်တဲ့ မဟေ[illegible] ကို ထရေစီ ဂုဏ်ပြုတယ်''





''အခုအချိန်လေးကိုတော့ ထရေစီအတွက် နောက်ဆုံး [illegible]နေနဲ့ အပိုင်ပေးလိုက်ပေါ့ ...ဟုတ်လား''

ပြော၍ရမည် မဟုတ်မှန်း သိ၍ ထရေစီအလိုကျ သူ [illegible]ပေးလိုက်ရသည်။ ခွန်ရာဇာအကြည့်တွေကတော့ တစ်ချိန်လုံး [illegible]ဆိုလို နဂိုယဉ်ရှိရာဆီသို့သာ .....။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"နဂိုယဉ်"

"ဟင် ... ဦးခွန်"

"လာ ... လိုက်ခဲ့"

"အို .... မလိုက်ဘူး"

"လွှတ်"

"အမေ့"

နဂိုယဉ်တစ်ကိုယ်လုံး ဆွဲခနဲ ခွန်ရာဇာလက်ထဲ ပါသွားသည်။ ဖွတ်အတင်း ရန်းထွက်ပေမယ့် မရ။ ဘယ်အချိန်ကတည်းက နဂိုယဉ်ကို လာစောင့်နေသည် မသိ။ နေ့သစ် ကားလေးထွက်သွားသည်နှင့် နဂိုယဉ်ကိုယ်လေးကို ဆွဲပွေ့ကာ သူ့ကားနောက်ခန်းထဲ တင်သွားခြင်းဖြစ်သည်။

"မင်း ... ဘာလုပ်တာလဲ ပြောစမ်း"





"နဂိုယဉ် ဘာလုပ်လို့လဲ"

"နေ့သစ်နဲ့ ဘာကိစ္စ အတူရှိနေရတာလဲ"

"လက်ထပ်မလို့"

"ဘာ"

နဂိုယဉ် အဖြေစကားက ခွန်ရာဇာနားထဲ မီးတောက်တစ်ခုလို ပေါက်ကွဲနာကျင်သွားစေသည်။

"နဂိုယဉ်ကို အခုလွှတ်ပါ"

"ဘာလဲ ... ဟိုကောင့်အတွက် စောင့်ထိန်းရမယ့် အသွားအရေးတွေနဲ့ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးတော့ ဆတ်ဆတ်ခါ နာသွားသူက ခွန်ရာဇာ။

"ဒီလောက်ဖြစ်တာ ... လာစမ်း"

"အို"

လွှတစ်ကိုယ်လုံး မွန်းကြပ်သွား၏။

အသက်ရှူမဝ။ ရင်တွေလှိုက်လှိုက်သိမ့်ခုန်ကာ နဂိုယဉ် ပါးလေးတွေ၊ နှုတ်ခမ်းလေးတွေ နာကျင်သွားသည်။

ဘာတစ်ခုမှ နဂိုယဉ် သဘောမရှိ။ အားလုံး သူ့စိတ်သူသဘောအတိုင်း ဖြစ်နေတာကိုတွေးပြီး နဂိုယဉ် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"နဂိုယဉ်"

"မခေါ်နဲ့"

"ဦးခွန်ကို မုန်းတယ်သိလား"

"နဂိုယဉ် နေဦး"

နဂိုယဉ်က ခွန်ရာဇာကို လှည့်မကြည့်ဘဲ နေရာက တအား ပြေးထွက်သွားသည်။ ခွန်ရာဇာ ပြေးလိုက်သွားသော်လည်း မမီတော့။ နဂိုယဉ်ပါသွားသော ဓာတ်လှေကားက အပေါ်သို့ တက်သွားလေပြီ။

သူ ဘာမှစဉ်းစားမနေနိုင်တော့။ နဂိုယဉ်ထံမှ အမုန်းစကားနှင့် စိမ်းလဲ့သောအကြည့်များကြောင့် ကမူးရှူးထိုးဖြစ်ကာ ဓာတ်လှေကားပြန်ဆင်းအလာကိုပင် မစောင့်နိုင်တော့ဘဲ လှေကားအတိုင်း နဂိုယဉ်ရှိရာ ပြေးတက်လာခဲ့သည်။

နဂိုယဉ်ထံမှ အမုန်းကို ခွန်ရာဇာ မကြားချင်။

စိမ်းလဲ့သည့်အကြည့်တွေကို မမြင်မတွေ့လို။ နဂိုယဉ် အခန်းရှေ့ရောက်တော့ ခွန်ရာဇာ ဖြူသောမျက်နှာက စိတ်လှုပ်ရှားတာရော မောတာရော ပေါင်းပြီး သွေးရောင်လွှမ်းနေ၏။

"တီ...တောင်"

လူခေါ်ဘဲလ်ကို သူနှိပ်လိုက်သည်။ တော်တော်နှင့် တံခါးလာမဖွင့်။ ဒုတိယအကြိမ် လူခေါ်ဘဲလ်ကို ထပ်နှိပ်မိသည်အထိ ခွန်ရာဇာဘဝမှာ တစ်ခါမှမလုပ်ဘူးတာတွေ လုပ်မိပြန်သည်။





"ကျွိ"

"ကြီးခင်"

တံခါးလာဖွင့်သည့် ဒေါ်ခင်ခင်ကြီးမျက်နှာက မသာယာ။

"ဘယ်လိုမှသဘောမထားပါနဲ့ မောင်ရာဇာ၊ မြေးလေးက မောင်ရာဇာကို မတွေ့ချင်ဘူးလို့ပြောနေလို့ပါ"

"ဗျာ"

ခွန်ရာဇာမျက်နှာ ထိန်းမရအောင် ပျက်သွားသည်။ ဒေါ်ခင်ခင်ကြီးကိုယ်တိုင်လည်း ခွန်ရာဇာကိုကြည့်ပြီး သက်ပြင်းတစ်ရှိုက်ရှိုက်။ အဖြစ်တွေက အားနာစရာကောင်းသလို မျက်နှာပူစရာလည်း ကောင်းသည်။

သို့သော် ဖြစ်လာမှတော့ မပြောမဖြစ် ပြောရမည့်စကားတွေ ရှိလာသည်။

"ဟင်း"

ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းကို ဒေါ်ခင်ခင်ကြီး ချမိသည်။ ဧည့်ခန်းအတွင်းသို့ နဂိုယဉ်ထံမှ ရှိုက်ငိုသံက တိုးသဲ့သဲ့ပြန့်လွင့်လာ၏။

"ပြောရမှာလည်း သိပ်ကိုအားနာမိပါတယ် မောင်ရာဇာရယ်၊ ဒါပေမယ့် ဘယ်လိုမှမပြောမဖြစ် ပြောမှဖြစ်မှာဆိုတော့လည်း ကြီးခင်ပြောသမျှကို နားထောင်ပြီး ခွင့်လွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ကြီးခင်၊ ကျွန်တော် ကြီးခင်ပြောသမျှ ဘာဖြစ်ဖြစ် နားထောင်ဖို့ အသင့်ပါ"

ရင်ဆိုင်ဖို့အသင့်အားမွေးထားပြီးမို့ ခွန်ရာဇာ ဒေါ်ခင်ခင်ကြီး မျက်နှာကို ကြည့်လိုက်သည်။

"ဖြစ်နိုင်ရင် မောင်ရာဇာ ဘွားမြေးလေးကို နောက်ထပ် ဘယ်တော့မှ မတွေ့ပါနဲ့တော့လားကွယ်"

"ခင်ဗျာ"

"ကြီးခင် ဘယ်လိုပြောလိုက်တယ်၊ နဂိုယဉ်ကို နောက်ထပ် ဘယ်တော့မှမတွေ့ပါနဲ့ ဟုတ်လား"

"ဟုတ်ပါတယ် မောင်ရာဇာ၊ မောင်ရာဇာလို လူတစ်ယောက်ကို အခုလိုပြောရတာ ကြီးခင်ကိုယ်တိုင်လည်း စိတ် ကောင်းပါဘူးကွယ်၊ ကြီးခင်မြေးလေးကို သူ့ဘာဝနဲ့သူရှိပါစေ"

"ကြီးခင်"

ခွန်ရာဇာ ကြီးခင်မျက်နှာကို အလန့်တကြား ကြည့်လိုက် သည်။ ကြီးခင်က ခွန်ရာဇာမျက်နှာကိုမကြည့်။

"ကြီးခင်ကို ခွင့်လွှတ်ပါကွယ်၊ မောင်ရာဇာကို ဒီလိုပြော သင့်မှန်း ကြီးခင်သိပါတယ်၊ ဒါပေမယ့်"

"ကျွန်တော် နဂိုယဉ်ကိုချစ်နေပြီ ကြီးခင်"





သူခံစားရသမျှကို စိတ်လှုပ်ရှားစွာ ခွန်ရာဇာပြောလိုက် သည်။ ဒေါ်ခင်ခင်ကြီးမျက်နှာပြင်က ဘာတစ်ခုမှ ထူးခြားမသွား။ စိတ်ဝင်စားဟန်လည်းမပြ။

"ကြီးခင်"

"နေသစ်နဲ့လက်ထပ်ဖို့ လူကြီးချင်းသဘောတူထားပြီးသား ဖြစ်နေလို့ ကြီးခင်တို့ကို ခွင့်လွှတ်နားလည်ပေးပါကွယ်"

"ကြီးခင်လည်း နေမကောင်းလို့ နားပါရစေ"

သူဘာမှမပြောနိုင်တော့။

ဖျတ်ခနဲ ပြန်ပိတ်သွားသည့် အိမ်ခန်းတံခါးချပ်ကိုသာ တစ်ခါမှ မမြင်ဘူးသလို ငေးကြည့်နေမိသည်။

ဘာတွေဖြစ်ကုန်ပြီလဲ။

ခွန်ရာဇာလို လူတစ်ယောက်ကိုတောင် ကြီးခင်ကိုယ်တိုင် အရေးမထား စိတ်မဝင်စားတော့ပါလား။

ဒီတစ်ခါတော့ မင်းခံရမဲ့အလှည့်ပါလား ခွန်ရာဇာ။

ရင်ဘတ်ထဲက ပြင်းထန်သောခံစားချက်ကို နှုတ်က ပွင့်အန် ခေါက်ကွဲမသွားမိစေရန် အားတင်း၍ နေရာက ချာခနဲ လှည့်ထွက် ခဲ့သည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"သိပ်ဝမ်းနည်းနေလား မြေးလေး"

တသိမ့်သိမ့်ရှိုက်ငိုနေသော နဂိုယဉ်မျက်နှာလှလှလေး မှုံ့သီဝေရီသော မျက်ဝန်းများဖြင့် ငေးကြည့်ရင်း မေးလာသည် ဘွားအသံက အင်အားချိနဲ့ကာ ခပ်တိုးတိုး။

နဂိုယဉ် ကြားပေမယ့် ခေါင်းကိုသာ ညင်သာစွာ ခါယမ်း ပြမိ၏။

"ဟင့်အင်း…နဂိုယဉ် ဘာမှမဖြစ်ပါဘူးဘွား"

မျက်ရည်မဆည်နိုင်အောင် ကျနေပေမယ့် ဘွားစိတ်မပူ သာအောင် မညာတတ်ညာတတ်နှင့် နဂိုယဉ် လိမ်ညာမိသည်။

"ဘွားလည်း စိတ်မကောင်းပါဘူးမြေးရယ်၊ ဘွား ဘာလုပ်ပေးရမလဲ၊ မြေး အခုလိုငိုနေတာမြင်တော့ ဘွား စိတ်မချ သာဘူးကွယ်"





"နဂိုယဉ် မငိုတော့ပါဘူးဘွား"

နစ်နေအောင် ခံစားကြေကွဲနေရသော နှလုံးသားခံစားချက် ကို ကျိတ်မှိတ်မျိုသိပ်ပြီး အဆက်မပြတ်စီးကျနေသော မျက်ရည်တွေ ကို ယန်းနုရောင်ထနေသည့် လက်ခုံဖြူဖြူလေးတွေနှင့် ဖွတ်အားတင်း ပွတ်သုတ်ကာ အငိုရပ်တန့်စေဖို့ ကြိုးစားနေပုံလေးက ဘွားအကြီး ၏ ရင်အစုံကို ပို၍ထိခိုက်နာကျင်ဖို့ ဖြစ်စေသည်။

"ဘာမှမတွေးဘဲ အိပ်ပျော်အောင်အိပ်လိုက်ပါကွယ်၊ မနက်ဖြန် နေ့သစ်မိဘတွေအိမ်ကို သွားရဦးမှာမဟုတ်လား"

"ဟုတ်"

"ဝမ်းနည်းစရာတွေ ဘာတစ်ခုမှမတွေးနဲ့ကွယ်၊ ဘွား လည်း အိပ်တော့မယ်"

နဖူးမှာ နွေးခနဲဖြစ်သွား၏။ နဂိုယဉ် အိပ်ခန်းတံခါးကို ဘွားကိုယ်တိုင် စေ့ပိတ်ပေးသွားသည်။ အခုမှ နဂိုယဉ်တစ်ယောက် တည်း ကျိတ်မျက်ရည်ကျသည်။

တစ်ချိန်လုံး အပျော်တွေချည်းကိုသာ ပေးတတ်သော ဦးခွန် ကြောင့် အခုတော့ နဂိုယဉ်မှာ မျက်ရည်ချောင်းလေး စီးနေရပြီ။

ဦးခွန် လုံးဝမတရားဘူး။

အချစ်ရေးမှာ အစိမ်းသက်သက် နဂိုယဉ်နှင့် အသည်းစား ဘုရင်ရယ်လို့ နာမည်ကြီးနေတဲ့ ဦးခွန်တို့အဖြစ်မှာ အားလုံး တစ်ပ ဆိုသတ် စီရင်ချက်ချမှတ်သူက ဦးခွန်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်အနားမှာ အချောအလှ အတော်အတတ်တွေ ဝိုင်းဝိုင်းလည်နေရက်နဲ့ နဂိုယဉ်ကိုမှ။

ဦးခွန် သိပ်ရက်စက်တယ်။

“ဒေါက်…ဒေါက်”

“မြေးလေး…မောင်နေ့သစ်ဖုန်းလာနေတယ်၊ ပြောဦးမလား”

“အိပ်နေပြီလို့ပြောလိုက် ဘွား”

“မြေးသဘောပါကွယ်”

ဘွားအသံပျောက်သွားတော့ အိပ်ရာထက်မှာ နဂိုယဉ်တစ်ယောက်တည်း လှူးလိမ့်ငိုပစ်လိုက်သည်။

မှန်းစရာကောင်းလိုက်တာနော်။

ဦးခွန်ကိုရော နေ့သစ်ပါ နဂိုယဉ်အတွက် မုန်းစရာလူတွေဖြစ်နေသည်။ ဒီလိုလူတွေနှင့် အစကတည်းက မပတ်သက်ခဲ့ရင်အကောင်းသား။ အခုတော့ နဂိုယဉ် ငိုနေရပြီ။ တစ်ညလုံးငိုသည်။ သတိရတိုင်းငိုသည်။

ကိုယ့်ကိုယ်ကို ဘယ်အချိန်ကြမှ အိပ်ပျော်သွားမှန်းမသိ။ မနက်အိပ်ရာကနိုးတော့ တစ်ကိုယ်လုံး နုံးနေသည်။ အိပ်ရေးပျက်သဖြင့် စိတ်ကမကြည်။

“မြေးရေ…ဒီမှာ မောင်နေ့သစ်ရောက်နေတယ်”





“အိပ်နေတုန်းလို့ပြောလိုက်ပါ ဘွား”

နဂိုယဉ်အသံက အိပ်ချင်မူးတူး။ မျက်လုံးကို မဖွင့်။

“မဟုတ်တာကွယ်…ဧည့်သည်ကို အားနာစရာ၊ အိပ်ရာက မြန်မြန်ထမှပေါ့”

“နဂိုယဉ် အိပ်ရေးမဝသေးပါဘူးဆို ဘွားကလည်း၊ ညက အိပ်ရေးပျက်ထားတာ ပြန်အိပ်ဦးမယ်”

“ဟဲ့…မြေး ဘယ်နှယ် စောင်ခြုံထဲပြန်ဝင်နေရတာလဲ၊ အပြင်မှာ မောင်နေ့သစ်က မြေးကိုစောင့်နေတယ်ကွဲ့”

ဘွား ဘယ်လိုပြောပြော နဂိုယဉ်က မလှုပ်။ ပြောဆိုနေသည့်ကြားကပင် ကလေးတစ်ယောက်လို တရှူးရှူး ပြန်အိပ်ပျော်သွားတာကြောင့် ဘွားဘာမှမတတ်နိုင်ဘဲ နဂိုယဉ် အိပ်ခန်းလေးထဲက လက်လျှော့ပြီး ပြန်ထွက်လာရသည်။

စတိုင်လ်ကျကျ သားသားနားနား ဝတ်လာသည့် နေ့သစ်ကို မြေးအတွက် အားတုံ့အားနာဖြစ်မိပေမယ့် မတတ်နိုင်။ တစ်ယောက်တည်းသာရှိသည့် မြေးမလေး၏ အလိုကျ တစ်သက်လုံး အလိုလိုက်အကြိုက်ဆောင်လာခဲ့သမျှ အခုချိန်ကြမှ ဆိုးတတ်နွဲ့တတ်သော သူမအမူအကျင့်လေးများကို ဘာတစ်ခုမှ ပြန်လည်ပြုပြင်၍မရ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာတော့ အားနာပါတယ် မောင်နေ့သစ်ရယ် မြေးလေး ညက အိပ်ရေးပျက်လို့"

"ကျွန်တော် သူအိပ်ရာကနိုးတဲ့အထိ စောင့်မှာပါဘွား ကျွန်တော့်ကို ဘာမှအားမနာပါနဲ့၊ ဘွားလုပ်စရာရှိတာသာလုပ်ပါ ကျွန်တော် ဒီမှာပဲ စာဖတ်ရင်းစောင့်နေပါ့မယ်"

"မြေးလေးတစ်ယောက်ရှိတာဆိုပြီး အလိုလိုက်ထားမိတဲ့ ဘွားရဲ့အပြစ်ပါကွယ်"

"ဘွားအပြစ်မဟုတ်ပါဘူး ဘွားရယ်၊ ဘွားနေရာမှာ ကျွန်တော်ဆိုရင်လည်း နဂိုယဉ်ကို ဘွားအလိုလိုက်သလို အလိုလိုက်မိမှာပါဗျာ"

ချစ်မြတ်နိုးသော အပြုံးဖြင့် နဂိုယဉ်ဆိုးနွဲ့သမျှ သည်းခံ အလိုလိုက်မည့် အရိပ်အယောင်များနှင့် ပြည့်နေသော နေ့သစ်မျက်နှာ ကြည်ကြည်လေးကိုကြည့်ပြီး ဘွားရင်မှာ မြေးဖြစ်သူအတွက် စိတ်ချမ်းမြေ့သွားသည်။

"သာဓုပါကွယ်၊ သာဓု...သာဓု၊ မောင်နေ့သစ်နဲ့တွေ့ တာ ဘွားမြေးလေး ကံကောင်းပါတယ်၊ မြေးလေးအပေါ်မှာ အခုလို ပဲ အမြဲသည်းခံခွင့်လွှတ်ပေးနိုင်ပါစေလို့ ဘွားဆုတောင်းပါတယ် ကွယ်"





"ဘွားတောင်းတဲ့ဆုတွေအားလုံး ပြည့်ပါတယ်ဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ဘွားမြေးကို ကျွန်တော် သိပ်ချစ်လို့ပါ"

ပြောပြီး မျက်နှာနီနီဖြင့် သူ့စကားသူ သဘောကျစွာရယ်နေသော နေ့သစ်ကိုကြည့်ကာ ဘွားပါ သူနှင့်အတူ ရောယောင်ပြုံးမိလေ၏။

လှပသော နဂိုယဉ်ကို ချစ်ခင်လိုသူများစွာ ရှိနေခြင်းမှာ အံ့ဩစရာကောင်းသလို နဂိုယဉ်အဆိုးအနွဲ့ကို စိတ်ရှည်စွာ ခွင့်လွှတ် သည်းခံ အလိုလိုက်မည့်သူရှိခြင်းမှာလည်း ဝမ်းသာစရာပင်။

ဒီလိုတွေးမိတော့ ဘွားအတွေးထဲကို ခွန်ရာဇာ ရောက်လာပြန်သည်။ ငိုယိုနေသော မြေးလေးနှင့် မျက်စိမျက်နှာပျက်ကာ ထူပြန်မဆည်နိုင်အောင် ဖြစ်နေသော ခွန်ရာဇာအဖြစ်ကို စိတ်မချမ်း မြေ့။ မတတ်နိုင်။

နေ့သစ်ဆိုသည့် လူငယ်လေးနှင့် နဂိုယဉ်ကို သဘောတူ ပေးသည့်အတွက် ဘာနောင်တမှမရ။ နာပည်ပျက်မရှိသဖြင့် စိတ်ချမ်း သာရသည်။ နေ့သစ်မိဘတွေက လိုလိုလားလားဆိုတော့ ပိုပြီးစိတ် ချမ်းမြေ့သည်။

နေ့သစ်ကိုယ်တိုင်က နဂိုယဉ်အပေါ်မှာ မြတ်မြတ်နိုးနိုးဆို တော့ ပြောစရာမရှိ။ တကယ်လည်း နဂိုယဉ် အိပ်ရာကနိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်အထိ စိတ်ရှည်လက်ရှည် ရယ်ရယ်မောမော စောင့်ခေါ်သွားတာကိုကြည့်ပြီး ဘွားမှာ ခေါင်းတညိတ်ညိတ်။

နဂိုယဉ်ကိုယ်တိုင်ကလည်း မနေ့ညက အဖြစ်အပျက်တွေဘာမှသတိမရတော့သလို နေ့သစ်၏ ရယ်မောစရာ ဟာသစကားလုံးတွေထဲမှ မျက်နှာလှလှလေး တပြုံးပြုံးနှင့် အတူပါသွားသည်။

နေ့သစ်နှင့် နဂိုယဉ်တို့ သွားရာနောက် ကားတစ်စီးဖြင့် အတူလိုက်ပါနေသူတစ်ယောက် ရှိနေခြင်းကိုက မည်သူမျှမသိ။ ထိုသူက တခြားသူမဟုတ်။ ခွန်ရာဇာကိုယ်တိုင်ဖြစ်သည်။

သူ့မျက်နှာကို မမြင်မတွေ့လိုပါဆိုသည့် နဂိုယဉ်က နေ့သစ်နှင့်ကြတော့ ပျော်မဆုံးတပြုံးပြုံး။ တစ်လောကလုံး သူတို့နှစ်ယောက်တည်းရှိနေသလား ထင်ရသည်။

ဘေးပတ်ဝန်းကျင်ကိုမှ သတိမရ။

သတိရသည်တိုင်လည်း စိတ်မဝင်စား။ နေ့သစ်ဆိုသည့်ကောင်ကလည်း တစ်ချိန်လုံး သွားကိုမစေ့။ နဂိုယဉ် ဘာလုပ်လုပ် ဘာပြောပြော ခပ်ပြုံးပြုံးအမူအရာနှင့် သူမဆိုးနွဲ့သမျှ အစွမ်းကုန်အလိုလိုက်ပြနေတာကိုပဲ ခွန်ရာဇာမှာ မမြင်ချင်ဘဲ မြင်နေရသည်။

တစ်ချိန်လုံး သူ့စိတ်မှာ ကလေးမလေးတစ်ယောက်အဖြစ်သာ မှတ်ထင်ထားသော နဂိုယဉ်က အခုရက်ပိုင်းအတွင်းမှာပဲ





တစ်ကြိမ်တစ်ခါမှ မတွေ့ဘူးမမြင်ဘူးသော အပျိုမလှလှလေးဖြစ်သွားတာကိုလည်း အံ့သြနေမိသည်။

ဖို့ရှိဖားယား ဂါဝန်ရှည်ပွပွကြီးများ။ ကျောင်းဝတ်စုံများမှတစ်ပါး ယခုလို သစ်လွင်လှပ၍ ခန္ဓာကိုယ်အလှ ကောက်ကြောင်းကို ထင်းခနဲရှင်းခနဲ တွေ့မြင်နိုင်သော ဝတ်စုံမျိုးဖြင့် နဂိုယဉ်အလှကို ပျက်ပျက်ထင်ထင် မြင်ရခြင်းမှာ ဒါပထမဆုံးဖြစ်သည်။

သူသတိထားမိချိန်မှာ ဦးဦးအောင်ပြောသလို နဂိုယဉ်မှာကလေးမလေးမဟုတ်တော့ပြီ။ ချစ်စရာ၊ မြတ်နိုးစရာ အလှတရားနှင့် စုဝေးနေသော အပျိုမလှလှလေးဖြစ်နေ၏။

သူသိလိုက်ချိန်မှာ အရာရာ နောက်ကျခဲ့ပြီ။ နဂိုယဉ်အတွက် နေ့သစ်ဆိုသည့် လူငယ်လေးက ရှိနှင့်နေပြီဖြစ်၍ သူဘာမှမတတ်နိုင်။ နဂိုယဉ်ကိုယ်တိုင်က နေ့သစ်နှင့် သူမ လက်ထပ်မည့်အကြောင်း ခွန်ရာဇာကို ဖွင့်ပြောသွားခဲ့ပြီးပါပြီ။

နဂိုယဉ်အဘွားကလည်း သူ့မြေးလေး စိတ်ချမ်းသာသလိုနေပြုပါဟုဆိုကာ ခွန်ရာဇာကို နဂိုယဉ်နှင့် ပေးမတွေ့လိုကြောင်း ရှင်းရှင်း အသိပေးပြန်သည်။

ရင်ထဲမှာ မီးတောက်နေသည်ဆိုသော စကားကို ခွန်ရာဇာ ကြားဖူးပေမယ့် နားမလည်။ ကိုယ်တိုင်မခံစားရတော့ ဘာမှမသိ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရည်းစား ထည်လဲတွဲရတုန်းကလည်း ဘာမှမဖြစ်။ လမ်းခွဲကြရပြန်တော့လည်း ဘာမှမဖြစ်။

အခုကြမှ နဂိုယဉ်နှင့်ကြမှ ခွန်ရာဇာ ဘာလုပ်လို့လုပ်ရမှန်းမသိအောင် ပြာနေသည်။ ဖြစ်ချင်တော့ ဝတီနှင့် ခွန်ရာဇာ အတင်းအဖျင်းတွေက သူတို့ဝန်းကျင်အသိုင်းအဝိုင်းမှာ ပွဲချင်တိုင်းပွဲနေသည်။

ဖြေရှင်းရသည့်အလုပ်ကို ခွန်ရာဇာ မုန်း၏။ မုန်းသဖြင့် ဘာကိုမှ ဖြေရှင်းချက်မထုတ်။ မြေမခဆိုသည့်ကောင်နှင့် ဝတီတို့ ဖြစ်ချင်တိုင်းဖြစ်ကြတာကို ဓါတ်ပုံအထောက်အထားနှင့် အပြည့်အစုံ သူ့မှာရှိသည်။

ဒါကလည်း ဦးဦးအောင်ကြောင့် ဤမျှအတိအကျသိရခြင်း ဖြစ်သည်။ မြေမခနှင့် ဦးဦးအောင် ဧည့်ခံပွဲမှာဆုံတုန်း ဝတီနှင့်မြေမခ ကိစ္စ နေရာဒေသအတိအကျနှင့်တကွ ထုတ်ဖော်ပြောလိုက်တော့ ဘယ်သူမှမငြင်းနိုင်။ အိပ်ဆေးသောက်တာ၊ အဘောရှင်းဖြစ်တာ အားလုံး မြေမခနှင့်သာဆိုင်သည်။ ခွန်ရာဇာနှင့် မည်သို့မှမသက်ဆိုင်။

သူ့ဘက်မှာ ဘာအမှားမှမရှိသည့်အတွက် ခွန်ရာဇာ ဂရုမစိုက်ပေမယ့် နဂိုယဉ်တို့မြေးအဘွားနှင့် မသူဇာတို့အတွက် ခွန်ရာဇာက အချစ်လွှဆိုးကြီး လုံးလုံးဖြစ်နေသည်။

ဘယ်လိုဖြေရှင်းရမှန်းလည်း မသိ။

ဝိုး၊မိုး၊စ၁၆ပေ



ညကလည်း တစ်ညလုံးမအိပ်။

မနက်မလင်းခင်ထဲက နဂိုယဉ်တို့အိမ်ရှေ့ ရောက်နေသည်။ နေ့သစ် အပေါ်တက်သွားတာ၊ နဂိုယဉ်နှင့်အတူ ရယ်မောပြန်ဆင်းလာတာကအစ အားလုံး သူမြင်တွေ့နေသည်။

ဖြစ်နိုင်ရင် နဂိုယဉ်လက်ကလေးကို ဆွဲပြီး သူ့ရင်ခွင်ထဲ ဝိုက်ထွေးထားချင်ပေမယ့် သူမအမြင်မှာ ခွန်ရာဇာကို ပိုကြည့်မရအောင် မုန်းသွားမှာ စိုးရိမ်စွာ အသာငြိမ်၍ လက်ပိုက်ကြည့်နေလိုက်၏။

နေ့သစ်မိဘတွေကိုယ်တိုင် နဂိုယဉ်ကို နွေးထွေးချစ်ခင်စွာ ဟယုတယ လိုက်လံပြနေတာကိုကြည့်ပြီး သူတို့သားနှင့် နဂိုယဉ်ကို ဘယ်လောက်သဘောတူနေကြောင်း ဖွင့်ပြောစရာမလိုအောင် သိလိုက်သည်။

နေ့သစ်ကလည်း တစ်ချိန်လုံး နဂိုယဉ်ကိုသာ မျက်လုံးတောက်လက်တွေနှင့် လိုက်ကြည့်နေ၏။ နဂိုယဉ်ကတော့ ဘယ်သူ့ကိုမှမကြည့်။ လှပဝင့်ထည်သော အမူအရာ၊ နူးညံ့သိမ်မွေ့သော ဟန်ခြေ။ ကလေးတစ်ယောက်လို စိတ်လွတ်လက်လွတ် ရယ်မောတာ ရှိနေသည်။

ညစာစားပြီး နေ့သစ်ကိုယ်တိုင် အိမ်ပြန်ပို့သည့်အထိ ခွန်ရာဇာ စောင့်ကြည့်သည်။ နေ့သစ်ပြန်သွားသည်နှင့် ခွန်ရာဇာ နဂိုယဉ်ရှိရာ အခန်းသို့ တက်ခဲ့သည်။

ဝိုး၊မိုး၊စ၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ဒေါ်ခင်ခင်ကြီး ဘာပြောပြော ဂရုမစိုက်။ နဂိုယဉ်ကို သူဘယ်လိုချစ်ကြောင်း၊ မြတ်နိုးကြောင်းပြော၍ လက်ထပ်ခွင့်တောင်းမည်ဟု စိတ်ကို ပိုင်းဖြတ်ထား၏။

"တီ…တောင်"

အခန်းတံခါးချပ်ကို နှိပ်လိုက်၏။

"ဘွားလား"

နဂိုယဉ်အသံချိုချိုလေးကြောင့် ခွန်ရာဇာရင်တွေ တဒိတ်ဒိတ်အခုန်မြန်လာ၏။ သိပ်မကြာ အိမ်ခန်းတံခါး ဖျတ်ခနဲပွင့်လာပြီး နဂိုယဉ်မျက်နှာလှလှလေး ပေါ်လာ၏။

"ဘွား"

"ဟင်…ဦးခွန်"

သူ့ကိုမြင်တာနှင့် နဂိုယဉ်မျက်နှာလေး သိသာစွာပျက်သွားပြီး တံခါးကို ချက်ချင်းပြန်ပိတ်ဖို့ ကြိုးစားသည်။

"ဘွားမရှိဘူး"

"တံခါးပြန်ပိတ်ဖို့ မကြိုးစားနဲ့ နဂိုယဉ်၊ ကိုယ်လာတာ ဘွားကိုတွေ့ဖို့လာတာမဟုတ်ဘူး၊ နဂိုယဉ်ကို တွေ့ချင်လို့"

"နဂိုယဉ်မှမတွေ့ချင်ဘဲ ဦးခွန်၊ ပြန်ပါ"

"မပြန်ဘူး"

"ဟင်"





နဂိုယဉ်ပါးလေးတွေ ဖြန်းခနဲ နီရဲသွားသည်။ တံခါးကို ပြန်ပိတ်ချင်လည်းမရ။ ဦးခွန်က အခန်းတံခါးကို သူ့အားကြီးနှင့် တွန်းထားသည်။ သူနှင့်မျက်နှာချင်းမဆိုင်ချင်၍ တခြားတစ်နေရာ ထွက်ပြေးရအောင်ကလည်း ဒါ နဂိုယဉ်အိမ်။

"ဘွားမရှိဘူး၊ ဒီမှာ နဂိုယဉ်တစ်ယောက်တည်း"

"အဲဒီလို တစ်ယောက်တည်းရှိပါစေလို့ ဆုတောင်းနေတာ"

"ဦးခွန်နော်"

ရွှန်းလဲ့နူးညံ့သည့် အကြည့်တွေက ရွှန်းရွှန်းစက်စက်။ သူ့မျက်နှာချောချောကို ရင်ဆိုင်ကြည့်ဖို့ နဂိုယဉ်မှာ အင်အားမရှိပါ။

"မင်း ကိုယ့်ကို ဘယ်လောက်အထိ ရက်စက်မှာလဲ နဂိုယဉ်"

လှပသော မျက်ဝန်းအကြည့်တွေက ဖျတ်ခနဲ ခွန်ရာဇာထံ ရောက်သွားသည်။

"တကယ်ရက်စက်တာ ဘယ်သူလဲ၊ နဂိုယဉ်ဘာသာ အေးအေးဆေးဆေးနေတာကို"

"အနားမှာ နေ့သစ်ရှိနေတာကြတော့ ထည့်မပြောတော့ဘူးလား"

"ဘာပြောရမှာလဲ၊ နေ့သစ်က လူကောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…ကိုယ်ကတော့ လူဆိုးပေါ့ဟုတ်လား"

နဂိုယဥ် မဖြေ။

"ဖယ်ပါ၊ အခန်းတံခါးကို နဂိုယဥ်ပိတ်မလို့"

"ဘယ်သူကခွင့်ပြုလို့လဲ၊ ကိုယ့်ရင်ထဲ မီးတောက်နေပြီကွ"

"ဦးခွန်"

အင်အားချင်းမမျှ။

အခန်းထဲ ခွန်ရာဇာရောက်လာပြီး နဂိုယဥ် အင်မတန်ပိတ်ချင်နေသော အခန်းတံခါးကို သူကိုယ်တိုင်ပိတ်လိုက်သည့်အတွက် နဂိုယဥ် သူ့မျက်နှာကို ထိတ်ပြာစွာ မော့ကြည့်သည်။

"မင်း ကိုယ့်ကိုလက်ထပ်ရမယ် နဂိုယဥ်၊ ကိုယ်ကလွဲပြီး တခြားဘယ်သူနဲ့မှ မင်းလက်မထပ်ရဘူး"

"ဘွားကိုသွားပြော"

"ဘာ"

"နဂိုယဥ်ကတော့ အန်တီသူဇာနဲ့ ဘွားသဘောအတိုင်းပဲ"

"တော်တော်လိမ္မာနေတယ်ပေါ့"

"နဂိုယဥ်က ဘယ်တုန်းကမှ ခမိုက်ဘူးသိလား၊ ဦးခွန်သာ"





"ဘာဖြစ်လဲ"

စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွားသူထံက ဘာသံမှထွက်မလာ။

"ဟိုတ်"

"မေးနေရင်ဖြေလေ"

"ဘာဖြေရမှာလဲ"

"ကိုယ်က ဘာဖြစ်နေလို့လဲ"

"ကိုယ့်ကိုယ်ကိုသိမှာပေါ့၊ နဂိုယဥ် ပြောပြမှလား"

"ပြောပြ"

တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်မိကြ၏။ ဘယ်သူကမှ အကြည့်မလွှဲ။ နဂိုယဥ်ကလည်း မုန်းမုန်းနှင့် ချက်စောင်းခဲကာ အကြည့်ကို ဖျတ်ခနဲလွှဲသည်။

"အလကား…အရှုပ်ထုပ်ကြီး"

"ဘာကွ"

"လူကိုမအော်ပါနဲ့၊ ရည်းစားတွေ မှိုလိုပေါက်အောင်ထားပြီး ချစ်တမ်းကစားနေတဲ့သူကများ"

"တကယ်ချစ်တာက အခုမှကွ"

"ပြောတိုင်းယုံမှာကြနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



စူချိုတ်နေသော နှုတ်ခမ်းဖူးဖူးလေးကိုကြည့်ကာ ခွန်ရာဇ ရင်ထဲ နွေးခနဲဖြစ်သွား၏။ သူမပြောနေတာတွေ ဘာတစ်ခုမှမမှား ခွန်ရာဇာပြောနေတဲ့ စကားတွေထဲမှာလည်း ဘာတစ်ခုမှမမှားပါ။ အချစ်ဆိုတာ ဒီလိုပါလားဆိုတာ ခွန်ရာဇာကိုယ်တိုင် အခု ကိုယ်တွေ့သိရတာပါဆိုလျှင် သူမ ယုံချင်မှယုံမည်။

"ကိုယ့်တကယ်ချစ်တာ မင်းတစ်ယောက်တည်း နဂိုယဉ်"

"တခြားတစ်ယောက်ဆို ယုံချင်ယုံမှာပေါ့၊ နဂိုယဉ်အတွက် တော့ ဦးခွန်ပြောနေကျ အချစ်စကားတွေက အမြဲကြားနေရလို့ ရိုး ပြီ"

ခွန်ရာဇာ မျက်နှာ နွေးခနဲဖြစ်သွားသည်။ အရင်ရည်းစား တွေတုန်းက နဂိုယဉ်တို့မြေးအဘွားရှိရာ မကြာခဏ ခေါ်လာခဲ့ တာ ပြန်သတိရသွား၍ပါ။

"အဲဒါတွေက အရင်တုန်းကပါကွ၊ အခု ကိုယ်တကယ် ချစ်တာက"

"ဦးခွန် အပျင်းပြေချစ်တမ်းကစားရမဲ့သူထဲမှာ နဂိုယဉ်မပါ ဘူး ဦးခွန်၊ ဦးခွန်အတွက် အပျင်းပြေချင်ရင် တခြားတစ်ယောက် သွားကစားပါ"

"နဂိုယဉ်"





"အို…အမေ့"

မှန်သောစကားပေမယ့် သူဆက်မကြားနိုင်။ သူ့အပေါ်မှာ နဂိုယဉ်တို့မြေးအဘွား အပါအဝင် မသူဇာတို့၏ ထင်မြင်ယူဆချက် ကို အခုမှသိလိုက်ရ၍ ရင်ထဲနာကျင်သွားသည်။

"ကိုယ်တကယ်ချစ်တာ မင်းတစ်ယောက်ထဲ နဂိုယဉ်"

"မင်းကိုပဲချစ်တယ်"

"ကိုယ်ချစ်တဲ့ မင်းကိုပဲ လက်ထပ်မယ်"

"လွှတ်"

"မလွှတ်ဘူး၊ မင်း ကိုယ့်ကို ကြိုက်သလိုထင်ပါ၊ ကိုယ် ဂရုမစိုက်ဘူး၊ ဒါပေမဲ့ ကိုယ့်အချစ်ကိုတော့ မင်းယုံပါ"

"မယုံဘူး"

"မင်း"

စကားသံများ ပျောက်ဆုံးသွား၏။ အထိန်းအချုပ်မဲ့ ပြုဆင်း လာသည့် အနမ်းတံတိုင်းအောက်မှာ နဂိုယဉ်တစ်ကိုယ်လုံး ပျောက် ဆုံးသွား၏။ သူ့ကိုယ်ကြီးကို အလန့်တကြား ပြန်လည်ဖက်တွယ် လိုက်မိခြင်းကိုက နဂိုယဉ် နောက်ဆုံးမှတ်မိလိုက်၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

“ပြန်တော့လို့ဆိုနေ”

“ချစ်တယ်လို့ပြော”

“ချစ်မှမချစ်ဘဲ”

“ဒါဆို ချစ်တတ်အောင်သင်ပေးမယ်”

“ဦးခွန်”

အနမ်းမိုးက အငြိုးနှင့်ရွာချသည်။

လက်သီးဆုပ်လေးတွေနှင့် တစ်ကိုယ်လုံး ထုရိုက်အငြိုး ပေးပေမယ့် မထူး။ နဂိုယဉ်တစ်ယောက်တည်း ရူးလုလုအခြေအနေ မှာ...

“တီး...တောင်”

“ဟော...ဘွားပြန်လာပြီထင်တယ်”





နဂိုယဉ် တုန်လှုပ်ချောက်ချားနေသလောက် ဦးခွန်ပုံစံက အေးစက်စက်။

“ဦးခွန်”

“ပြော”

“ဘွားလာနေပြီဆိုတာ မကြားဘူးလားလို့”

“ကြားသားပဲ”

“ပြန်တော့လေ”

“ဒီအတိုင်းလား”

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားသည်။ ဦးခွန်အကြည့်တွေကြောင့် နဂိုယဉ်နှလုံးသားမှာ နွေးထွေးလှုပ်ခတ်နေပေမယ့် ဦးခွန်အမေးကိုတော့ နဂိုယဉ် မဖြေတတ်ပါ။

“တီး...တောင်”

“တံခါးဖွင့်ပေးလိုက် နဂိုယဉ်”

အမိန့်နာခံတတ်သော ကလေးလို အခန်းတံခါးကို နဂိုယဉ် ဖွင့်လိုက်သည်။

“နေကောင်းတယ်နော် ကြီးခင်”

“မောင်ရာဇာပါလား”

ဒေါ်ခင်ခင်ကြီး အံ့သြစွာ မေးဖြစ်သူနှင့် ခွန်ရာဇာမျက်နှာကို တစ်လှည့်စီကြည့်သည်။ ခွန်ရာဇာမျက်နှာကို မမြင်လိုမတွေ့လို



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုသည့် မြေးလေးနှင့် ခွန်ရာဇာ အတူရှိနေတာကို ဘယ်လို နားလည်ရမှန်းမသိ။

"ဘွားဆီလာတာတဲ့"

နဂိုယဉ်က ခွန်ရာဇာကို လှည့်မကြည့်ဘဲ သူပြောချင်တာ ပြောသည်။ ဒါကိုသိသည့် ခွန်ရာဇာကလည်း ဘွားရှေ့မှာဖြစ်နေ မယ့် နဂိုယဉ်မျက်နှာလေးကို ချစ်မြတ်နိုးခြင်းများ ပြည့်သိပ်လျှံနေ နေသော မျက်ဝန်းလက်လက်ဖြင့် ခပ်စိုက်စိုက်ကြည့်ရင်း ဘွားဘက် ကို ဆတ်ခနဲလှည့်သည်။

"နဂိုယဉ်ကို ကျွန်တော်လက်ထပ်ပါရစေ ကြီးခင်"

"ဦးခွန်ကို နဂိုယဉ် လက်မထပ်ဘူးနော် ဘွား"

"ကိုယ့်ကို မင်းယူရမယ်"

"မယူဘူး"

"အမလေး··နေကြစမ်းပါဦးကွယ်၊ ဒါက ဘယ်လိုဖြစ် နေကြတာလဲ၊ လက်ထပ်တယ်ဆိုတာ ကလေးကစားစရာမဟုတ်ဘူး ကွဲ့၊ ယူမယ်မယူဘူးပြောတာနဲ့ ပြီးမယ်ထင်လို့လား"

"ကျွန်တော် ဘယ်လိုလုပ်ပေးမှ နဂိုယဉ်နဲ့ ကျွန်တော့် သဘောတူပေးနိုင်မလဲဆိုတာပဲ သိပါရစေ ကြီးခင်"

နဂိုယဉ်နှင့် ပြိုင်ပြော၍မဖြစ်မှန်းသိသဖြင့် သူဖြစ်ချင်တာ ကို ဒေါ်ခင်ခင်ကြီးဘက်လှည့်ပြီး ခွန်ရာဇာ မေးလိုက်သည်။





နဂိုယဉ်က ခွန်ရာဇာကို မကျေမနပ် အကြည့်လေးများ ဖြင့် ကြည့်လျက် နှုတ်ခမ်းစူနေဆဲ။

"ဦးခွန် ဘာပြောပြော လက်မခံနဲ့နော် ဘွား၊ သူ့ကို နဂိုယဉ် မယူဘူး"

"မင်းမယူလည်း ကိုယ်ကတော့ နဂိုယဉ်ကိုယူမှာပဲ"

"ကြည့်ပါလားဘွား၊ သူ့ကိုမယူပါဘူးဆိုတာကို ဇွတ်ယူ မယ်ပြောနေတယ်"

"ပြောမရရင် ခိုးပြေးဦးမှာ"

"ဦးခွန်"

နဂိုယဉ် ခွန်ရာဇာနာမည်ကို တအားဆောင့်အော်ပစ်သည်။ ဒေါ်ခင်ခင်ကြီးသည်က ဘယ်သူ့ဘက်ပါရမှန်းမသိ။ ပြင်းထန်သော အချစ်စစ်ပွဲထဲမှာ ဟိုလူကြည့်လိုက် ဒီလူကြည့်လိုက်နှင့် ပြောမရရင် ခိုးပြေးမှာဆိုသည့် ခွန်ရာဇာစကားအတွက် မြေးဖြစ်သူမျက်နှာလေး ကို အလန့်တကြား ကြည့်လိုက်မိလျက်သား ဖြစ်သွားသည်။

နှစ်ယောက်စလုံး မျက်နှာတွေကြည့်လိုက်တော့ ကိုယ်စီ ခံစားချက်တွေနှင့်။ နဂိုယဉ်က သူမကြိုက်တာကို ပြောရပါမည်လား ဆိုသည့် ခံပြင်းစိတ်ဖြင့် မျက်ရည်ဝဲနေသလို ခွန်ရာဇာကပြန်တော့ လည်း သူတကယ်ချစ်မြတ်နိုးသူက သူ့အချစ်ကို လက်ခံခြင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



မယုံသင်္ကာစိတ်နှင့် သူ့မေတ္တာကို လက်မခံ တွင်တွင်ငြင်းဆန်နေတာကို အခံရခက်နေသည်။ ခွန်ရာဇာဘဝမှာ ထိုအဖြစ်မျိုး တစ်ကြိမ်တစ်ခါမှ မရှိဘူး။

နဂိုယဥ်ဆိုသည့် ချစ်သူနှင့်ကြမှ ဒါပထမဆုံးဖြစ်သည်။ မိန်းကလေးတိုင်းက ခွန်ရာဇာဆိုလျှင် လိုလားနှစ်သက်ကြသူချည်းဖြစ်ပါလျက် နဂိုယဥ်နှင့်ကြမှ သူ့အချစ်၊ သူ့မေတ္တာ အလကားဖြစ်နေသည်။

ဒါကိုပဲ သူမခံမရပ်နိုင် ခံစားပေါက်ကွဲနေခြင်းဖြစ်သည်။

"ကျွန်တော် တကယ်ပြောနေတာ ကြီးခင်၊ ရိုးရိုးသားသား ပြောလို့ရရင်ရ၊ မရရင် ဘယ်သူ့သဘောတူတူ မတူတူ ကျွန်တော့် သဘောတစ်ခုထဲနဲ့ နဂိုယဥ်ကို လက်ထပ်ရလိမ့်မယ်"

"မဟုတ်သေးပါဘူး မောင်ရာဇာရယ်"

"ကျွန်တော့်ရင်ထဲက ခံစားချက်ကို ကျွန်တော်ပဲသိတယ် ကြီးခင်၊ ကျွန်တော့်ဘဝမှာ နဂိုယဥ်မရှိလို့မဖြစ်ဘူး၊ သူရှိမှ ကျွန်တော့် ဘဝ ပြည့်စုံမယ်"

"တခြားသူတွေကိုလည်း ဒီလိုပဲပြောခဲ့တာနေမှာ ဘွား"

"ကြည့်စမ်း မင်း ကိုယ့်အချစ်ကို စော်ကားပြန်ပြီ"

"မှန်တာပြောတာပဲ"

နဂိုယဥ်က နှုတ်ခမ်းစူမပျက်။





မျက်စိမျက်နှာပျက်နေသည့် ခွန်ရာဇာမျက်နှာကိုလည်း ကြည့်။ သူမပြောချင်တာ ပြောရင်း ရင်ထဲမှာ ဘာမှန်းမသိ။ ဝမ်းနည်းစိတ်တို့သာ လှိုင်းထန်နေ၏။

"တော်ကြပါတော့ကွယ်၊ မင်းတို့ကြောင့် ကြီးခင် စိတ်ရှုပ်လှပြီ၊ နောက်ထပ် ဘာမှမပြောကြပါနဲ့တော့"

"နဂိုယဥ်နဲ့လက်ထပ်ဖို့ ကြီးခင် သဘောတူတယ်ဆို ကျွန်တော်ပြန်မယ် ကြီးခင်"

"သဘောမတူနဲ့နော် ဘွား"

"မင်းပြောပြန်ပြီလား"

"ဘွားကိုပြောတာ၊ ဦးခွန်ကိုပြောတာမဟုတ်ဘူး"

"နောက်တစ်ခါ ထပ်ပြောရဲပြောကြည့်"

"ဘာလုပ်မလို့လဲ"

"နိုးပြေးမယ်"

"ဟင်"

"လူကဲ့ရဲ့စရာ မောင်ရာဇာရယ်၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ မဟုတ်တာတွေ လျှောက်မပြောပါနဲ့"

"ကြီးခင်ပဲ ဆုံးဖြတ်ပါ၊ ကျွန်တော်ကတော့ ဘယ်သူတွေဘာပြောပြော ဂရုစိုက်မှာမဟုတ်ဘူးဆိုတာ ကြိုပြောထားပါရစေ"

"ကျွန်တော်ပြန်မယ် ကြီးခင်"



www.burmeseclassic.com

www.burmeseclassic.com



"မုန်းစရာကောင်းတဲ့လူကြီး၊ ဘွားနဲ့ နဂိုယဉ်ကို လာပြီး အမိန့်တွေပေးနေတယ်၊ သူ့စကား ဘယ်တော့မှနားမထောင်နဲ့သိလား ဘွား"

ကျောခိုင်းထွက်လာသည့် ခွန်ရာဇာနောက်ပါးမှ သူ့ကို မကျေမနပ်စကား ဆိုလာသူလေး၏အသံကို ကြားသော်လည်း သူ လှည့်မကြည့်။ သူပြုံးလိုက်၏။ နှုတ်ခမ်းတစူစူ၊ မျက်စောင်းတရွယ် ရွယ်နှင့် လူကိုရန်လိုနေမည့် နဂိုယဉ်မျက်နှာလှလှလေးကို လှည့်ကြည့် စရာမလိုဘဲ မြတ်နိုးခြင်းများစွာဖြင့် မြင်ယောင်နေမိသောကြောင့် ဖြစ်သည်။

နဂိုယဉ်တို့ မြေးအဘွားကို ဒီလိုမလုပ်လို့မရ။ ချော့မြှော နေလို့ ရမဲ့သူတွေမဟုတ်မှန်း သိသည်။ မသူဇာကလည်း တစ်မျိုး သူဖြစ်ချင်တာတွေချည်း လုပ်နေသည်။

တစ်ဖက်သားရင်ထဲက ခံစားချက် ဘာတစ်ခုမှ ထည့်တွက်ရမှန်းမသိသည့် အဖိုးကြီး။

သူကိုယ်တိုင်လည်း အချစ်ကို နားမလည်သည့် လူပျို ဖြစ်ခဲ့ပေမယ့် အခုတော့ အချစ်ဆိုတာ လှပသောမိန်းမတစ်ယောက် မဟုတ်မှန်း ခွဲခွဲခြားခြား သိနားလည်ခဲ့ပြီ။

ပြောင်းလဲသွားသည့် ခံစားချက်အတွေးအမြင်တိုင်း အချစ်ကို ပို၍တန်ဖိုးထား မြတ်နိုးတတ်သူ ဖြစ်လာသည်။ အချ





ကြောင့် လောကကြီးက ပိုလှလာသည်။ ပိုပျော်စရာကောင်းလာသည်။

"တီ...တီ"

"ဟေး...ခွန်ရာဇာ"

"ဦးဦးအောင်ပါလား"

တိုက်တိုက်ဆိုင်ဆိုင် ဦးဦးအောင်ကို သူ့မူသူ့ဟန်အတိုင်း အတိုင်လိပ်ကျကျ လှလှပပ ပြုံးရွှင်တက်ကြွစွာ တွေ့မြင်လိုက်ရ၍ ခွန်ရာဇာမျက်နှာ ပို၍ပြုံးသွားသည်။

ဦးဦးအောင်ပြောသည့် အချစ်၏သဘောထား၊ အချစ်၏ သဘောသဘာဝများကို ပြန်သတိရကြားယောင်မိ၍ ဖြစ်သည်။

သူကိုယ်တိုင် အချစ်ကိုနားလည်လာတော့ ဦးဦးအောင်ပြောသည့် အချစ်အကြောင်းမှာ ဘာတစ်ခုမှအပိုမပါ။ လိုတောင်လိုနေသေးသည်ဟု ထင်မိသည့်အထိ။

ကားနှစ်စီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ခွန်ရာဇာအိမ်ကြီးရှေ့မှာ ရပ်သွားသည်။ ဒရိုင်ဘာက ခွန်ရာဇာကားတံခါးကို အပြေးဖွင့်သည်။

"ဘယ်လိုလဲကွ...ကားကိုယ်တိုင်မောင်းလို့ပါလား၊ ဘယ်ကပြန်လာတာလဲ"

"နဂိုယဉ်ဆီက"



www.burmeseclassic.com

www.burmeseclassic.com



"ဪ…ဒီလိုကိုး"

ပြောပြီး ရယ်သည်။

ဦးဦးအောင် အကြည့်နှင့် ရယ်မောခြင်း၏အဓိပ္ပာယ်ကို သိပေမယ့် ဒီတစ်ခါ ခွန်ရာဇာ စိတ်မဆိုးတော့။ ကိုယ့်ခံစားချက်ကို နားလည်၍ ဦးဦးအောင်နှင့်အတူ မျက်နှာချိန်ဖြင့် ကြည့်မွေ့စွာရယ် မိသည်။

"ဦးဦးအောင်ပြောတဲ့အတိုင်းပဲ"

"ဘာလဲကွ"

"နဂိုယဉ်ကို ကျွန်တော်ချစ်မိပြီ"

"ဒီလိုပဲဖြစ်ရမှာပေါ့"

ဦးဦးအောင်က ခပ်ပြုံးပြုံး ခွန်ရာဇာမျက်နှာကို ကြည့်သည်။

"ဘယ်တော့လက်ထပ်မှာလဲ"

"ဖြစ်နိုင်ရင် အခုပဲလက်ထပ်ချင်တာ ဦးဦးအောင်"

"မဖြစ်နိုင်လို့ လက်ပိုက်ကြည့်နေရတယ်ပေါ့"

"ဟုတ်တယ်ဗျာ"

မရှက်တမ်း သူဝန်ခံလိုက်တော့ ဦးဦးအောင်က မျက်နှာ ပင့်ကြည့်သည်။

"ဘယ်သူလဲ အဘွားကြီးလား၊ အပျိုကြီးလား"

"မဟုတ်ဘူး၊ နဂိုယဉ်ကိုယ်တိုင်"





"ဘာလဲ…နဂိုယဉ်က မင်းကိုမချစ်ဘူး၊ လက်မထပ်ဘူး တဲ့လား"

"အဲဒီအတိုင်းပဲ"

"အဟား…ဟား…ဟား"

ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ပုဒ်ကို ကြားရသလို ဦးဦးအောင်က သူ့ထုံးစံအတိုင်း အသံဝါကြီးဖြင့် အားပါးတရ အော်ဟစ်ရယ်မောပါသည်။

ခွန်ရာဇာကတော့ ဒီတစ်ခါ ဦးဦးအောင်ဘာပြောပြော ခံရန် အသင့်ရှိနေပါသည်။

"အပွဲပွဲနွှဲလာသမျှ ဒီတစ်ချီတော့ မင်းခံရတော့အလှည့်ပေါ့ ကွာ၊ ဒါလည်း ဖြစ်သင့်တာပဲ"

"တကယ်ချစ်နေတာဗျာ့"

"နဂိုယဉ်ကမှ မင်းကိုမချစ်ဘဲ"

"ဦးဦးအောင်"

"မင်းကို လက်လျှော့လိုက်လို့ မပြောသေးပါဘူးကွ၊ သိပ်လည်းဒေါသဖြစ်မနေစမ်းပါနဲ့"

ဦးဦးအောင်ပုံစံက သက်သောင့်သက်သာ။

သူဖြစ်ချင်တာဖြစ်ခွင့်မရသော ခွန်ရာဇာမျက်နှာကိုကြည့်ပြီး ခေါင်းတညိတ်ညိတ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်သက်လုံး လိုတရပြည့်စုံခဲ့သည့် ခွန်ရာဇာလိုလူ တစ်ယောက် အငြင်းပယ်ခံရတာကို သဘောကျ၍ပါ။

"အခု ဘာဆက်လုပ်မှာလဲ"

"ခိုးပြေးမယ်"

"နာမည်ပိုကြီးဦးမှာပေါ့"

"ဘာဖြစ်ဖြစ်ဗျာ၊ ကျွန်တော် ဘယ်သူ့မှ ဂရုမစိုက်ဘူး"

"ဒါမျိုးဖြစ်တတ်ပါတယ်၊ အချစ်ကို အယုံအကြည်မရှိ လူမျိုးက ပိုဆိုးတယ်"

ဦးဦးအောင်မျက်နှာက မထိတရီ။ စကားလုံးတွေက သူ့ လာထိပေမယ့် မတာတ်နိုင်။ နဂိုယဉ် သူ့အချစ်ကို လက်ခံတုံ့ ခြင်းမရှိသ၍ ခွန်ရာဇာရင်ထဲ မီးတောက်နေဦးမှာ သေချာသည်

"စိတ်အပန်းဖြေတစ်နေရာသွားမလား"

"ဘယ်ကိုလဲ"

"သိချင်လိုက်ခဲ့"

ဦးဦးအောင် သူ့ထုံးစံအတိုင်း စကားပြောရင် လှို တွေနှင့် ခပ်ပြုံးပြုံး။ စိတ်အဆင်မပြေဖြစ်နေတာနှင့် ဘာမှ မနေတော့ဘဲ ဦးဦးအောင်ကားပေါ် တက်လိုက်ခဲ့သည်။

မင်းအချစ်ကိုမှ မရရင် ကိုယ်သေနိုင်တယ် နဂိုယဉ်

❖ ❖ ❖



## အခန်း (၂၉)

"မသူဇာပါလား၊ ငါသွားနှုတ်ဆက်လိုက်ဦးမယ်၊ မင်းလိုက်မလား"

"နိုး"

ဦးဦးအောင် ပခုံးတွန့်ပြီး ခွန်ရာဇာနားက ထွက်သွားသည်။ ပါတီပွဲမှာ နဂိုယဉ်အဒေါ် မသူဇာနှင့် မတွေ့ချင်ဘဲ လာတွေ့နေသည်။ ဦးဦးအောင်က မသူဇာကို သွားနှုတ်ဆက်ပြီး ရယ်ရယ်မော မော နှစ်ယောက်အတူ စကားဆိုနေချိန်မှာ ခွန်ရာဇာကတော့ သူ့ရှေ့မှာရှိနေသည့် အရက်ကိုသာ တစ်ခွက်ပြီးတစ်ခွက် သောက်နေမိသည်။

အခုကိစ္စမှာ အဓိကတရားခံက မသူဇာဖြစ်သည်။ ဒါကိုသိသားရဲ့လည်း ထိုအပျိုကြီးကို ခွန်ရာဇာစိတ်ထဲ မကြည်။ နဂိုယဉ်နှင့်သွားဆိုတာ မသူဇာကြိုးဆွဲရာ ကကြရသူတွေ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်နဂိုယဉ် အခြေအနေမဟန်ပေမယ့် ဦးဦးအောင်နှင့် မသူဇာအခြေအနေကတော့ ပြေပြေလည်လည်။ နွေးနွေးထွေးထွေး ဘယ်အချိန်ထဲက သူတို့နှစ်ယောက် ပြေလည်နေကြသည်မသိ။

ဦးဦးအောင်က ဒါမျိုးမှာ ဆရာကြီး။

သူ့ကို ဘယ်သူမှလိုက်မမှီ။

"တူ...တူ...တူ"

ခွန်ရာဇာ ဖုန်းအသံမြည်လို့ ကြည့်လိုက်တော့ ဦးဘသိုက် ဖုန်း။

"ဟဲလို"

"ဘယ်လိုလဲ မောင်ခွန်ရာဇာ၊ ဦးသုတသတင်းကြေ ကြားပြီးပြီလား"

"ဘာသတင်းတွေများလည်းဗျာ၊ ပြောပါဦး"

"ဒီလူကို ဦးတို့လုပ်ငန်းထဲက အပြတ်ရှင်းထုတ်ပြီးထဲ သူ့ကို ဘယ်သူကမှ လက်မခံတော့ဘူးလေ"

"ကျွန်တော်လည်း ကြားသင့်သလောက်တော့ ကြားပါ တယ်၊ ဒါကလည်း သူ့အပြစ်ဒဏ်သူခံရတာပဲဗျာ"

"မှန်တယ်၊ ဒါကလည်းတစ်ပိုင်းပေါ့၊ အခု ဦးသုတ ဦးတို့ကို အကောက်ကြံဖို့ ကြိုးစားနေတယ်လို့ သတင်းရတယ် မောင်ခွန်ရာဇာ သတိထားလိုက်အောင် ဦးသတိလှမ်းပေးတာ"





"သင့်ခ်ယူးဗျာ၊ ကျွန်တော် သတိထားလိုက်ပါ့မယ်"

ဦးဘသိုက် ဖုန်းချသွားတော့ ဦးသုတအကြောင်း ခေါင်းထဲက ထုတ်ပစ်လိုက်သည်။ သတိပေးတာ ကျေးဇူးတင်ပေမယ့် သူ့လို လူတစ်ယောက်ကို ဦးသုတလိုလူ ရန်စွာရဲလောက်အောင် သတ္တိ မရှိမှန်း သိ၍ပါ။

ဦးဦးအောင်က ခွန်ရာဇာနား ပြန်ရောက်မလာပေမယ့် ခွန်ရာဇာအနားကို လှပသောလိပ်ပြာရောင်စုံတို့ ပျံဝဲရောက်ရှိလာ၍ အချိန်တို့ ကုန်၍ကုန်မှန်းပင်မသိ။ စိတ်ထဲမပါပေမယ့် အားလုံးကို အလိုက်သင့်ပြောဆိုရင်း ပြန်မှဖြစ်တော့မည်ဟု တွေးလိုက်ချိန် ဦးဦး အောင် ခွန်ရာဇာနား ရောက်လာ၏။

"ကျွန်တော်ပြန်တော့မယ် ဦးဦးအောင်"

"ကားယူသွား ခွန်ရာဇာ၊ ငါနေခဲ့ဦးမယ်"

"အိုကေ"

ကားသော့ယူပြီး ပြန်ခဲ့သည်။

အရက်လေးက ခပ်ထွေထွေ။ ကားကို ကိုယ်တိုင်မောင်း ရင်း အတွေးက နဂိုယဉ်ထံ ရောက်လျက် ပတ်ဝန်းကျင်ကို သတိ မထားမိ။ အနက်ရောင်ကားတစ်စီး သူ့ကားကို ဝေါခနဲ ဖြတ်ကျော် သွား၏။

"တူ...တူ...တူ"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲလို''

''ဦးခွန်···အဟင့်···ဟင့်''

ငိုရှိုက်သံနှင့် ရော၍ ဗလုံးဗထွေး ထွက်လာသည့် နဂိုယဉ် အသံလေးကြောင့် ခွန်ရာဇာ အမူးပြေသွားသည်။

''ဘာဖြစ်တာလဲ နဂိုယဉ်၊ ဘွားတစ်ခုခုဖြစ်လို့လား''

''မဟုတ်ဘူး၊ နဂိုယဉ်ကို သူတို့ဖမ်းထားတယ်၊ အဟင့် ဟင့်''

''ဘာ··ဘယ်သူ''

''ကျုပ်ပါ မောင်ရာဇာ''

''ဦးသုတ''

လုံးဝထင်မှတ်မထားသည့်အဖြစ်ကြောင့် ခွန်ရာဇာလက်ထဲက ဖုန်းကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

''ဟုတ်ပါတယ်ဗျာ၊ ဦးသုတပါ၊ နဂိုယဉ်ဆိုတဲ့ ကလေးမလေးကို ကျုပ်နဲ့အတူခေါ်ထားတယ်ဆိုတဲ့အကြောင်း မောင်ရင့်ကို အသိပေးတာပါ''

''ခင်ဗျား ဘာလိုချင်လို့လဲ ဦးသုတ''

''လိုချင်တာပြောရရင် အများကြီးပေါ့ဗျာ၊ လောလောဆယ်တော့ ငွေရရင်တော်ပါပြီ''





ပြောပြီး တဟဲဟဲရယ်ချလိုက်သည့် ဦးသုတအသံက ခွန်ရာဇာနားထဲ ပူဆင်းသွားသည်။ ဒီလူ ဘယ်လိုလုပ်ပြီး နဂိုယဉ်နှင့် သူ့အကြောင်း ဒီလောက်မြန်မြန် သိသွားပါလိမ့်။

''ဘယ်လောက်လိုချင်တာလဲပြော''

''ရဲတိုင်လို့တော့ မဖြစ်ဘူးနော်၊ ကျုပ်ပြောတာ နားမထောင်ရင် မောင်ရင့်ကောင်မလေးနော် ဒီတစ်သက်ပြန်တွေ့ရလိမ့်မယ်မထင်နဲ့''

''အပိုတွေပြောမနေနဲ့ ဦးသုတ၊ ခင်ဗျားလိုချင်တဲ့ငွေရရင် ပြီးရောမဟုတ်လား၊ ဘယ်လောက်လိုချင်တာလဲ၊ ဘယ်နေရာလာပေးရမှာလဲပြော''

''ဟား···ဟား···ဟား''

''ကျုပ်ထင်ထားတဲ့အတိုင်းပါပဲလားဗျာ၊ ကောင်မလေးကတော်တော်လှတာပဲ၊ နေရာနဲ့ငွေကို ကျုပ်သတ်မှတ်ထားတဲ့နေရာကို ယူလာခဲ့၊ မောင်ရင်တစ်မ၊ဟက်တည်းနော်''

''ဦးသုတ''

ယူလာရမည့်ငွေ၊ အချိန်နှင့်နေရာကိုပြောပြီး ဦးသုတဘက်က ဖုန်းချသွားသဖြင့် ခွန်ရာဇာ ဘာဆက်လုပ်ရမှန်းမသိဘဲ ရင်တစ်ခုလုံး ပူလောင်ကျန်ခဲ့သည်။

''နဂိုယဉ်''



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရသူအမည်ကို ခေါ်မိသည်။ ဦးသုတလက်ထဲ ဘယ်လို လုပ်ပြီး နဂိုယဉ်ရောက်သွားတာလဲဆိုတာ ဘယ်လိုပင် စဉ်းစားသော်လည်း အဖြေက ရှာမရ။ ချိန်းသည့်အချိန်။ ချိန်းသည့်နေရာကိုသွားဖို့ ချက်ချင်းဆုံးဖြတ်ပြီး ဦးဦးအောင်ဆီ ဖုန်းလှမ်းဆက်သည်။

ဦးသုတတောင်းသည့်ငွေထုပ်ကို ချက်လက်မှတ်ရေးပေးပြီး ချိန်းသည့်နေရာကို သူတစ်ယောက်တည်း ကားကို အပြင်းမောင်းခဲ့သည်။ ခေါခင်ခင်ကြီးထံမှ အဆက်အသွယ်လည်းမရ။ ဖုန်းလည်း မရသဖြင့် ဒီကိစ္စ ခေါခင်ခင်ကြီး သိမသိ ဝေခွဲမရတာနှင့် ခွန်ရာဇာလည်း ဘာအဆက်အသွယ်မှ ထပ်မလုပ်ဖြစ်တော့ပါ။

"ဟော…ဟိုမှာ ကားတစ်စီးရပ်ထားပါလား၊ ဦးသုတ ပြောသည့်အတိုင်း အဝါရောင်မိုးကာအင်္ကျီမှာ သိမ်းငှက်ရုပ်နှင့် ကျောပေးရပ်နေသည့် လူတစ်ယောက်နား သူ့ကားကို ရပ်လိုက်သည်။

"ကျွီး"

"နဂိုယဉ် ဘယ်မှာလဲ"

"ဖြည်းဖြည်းပေါ့ ဆရာရယ်၊ ကျုပ်တို့မှာတဲ့အတိုင်း လုပ်ရဲ့ လားဆိုတာ အရင်ပြောမှပေါ့"

"အားလုံး မင်းတို့ပြောတဲ့အတိုင်း လုပ်လာတာပဲ၊ ရဲတို့ အကြောင်းမကြားဘူး၊ မင်းတို့တောင်းတဲ့ငွေလည်းပါတယ်၊ ဘယ်မှာ လဲ မင်းတို့ဖမ်းထားတဲ့ မိန်းကလေး"





"ဦးခွန်"

"နဂိုယဉ်"

လူဆိုးနှစ်ယောက်အလယ်မှာ ဂါဝန်ဖြူလေးနှင့် ရှန်းကန် အော်ဟစ်နေသော နဂိုယဉ်က ခွန်ရာဇာကို မြင်တာနှင့် ကလေး တစ်ယောက်လို ဝမ်းပမ်းတနည်းငိုပါသည်။

"ဦးသုတဘယ်မှာလဲ"

"ဒီမှာပါဗျာ"

အမှောင်ရိပ်ထဲက ထွက်လာသည့် ဦးသုတမျက်နှာကို ရွံရှာစက်ဆုပ်စွာ ကြည့်လိုက်၏။

"ရော့…ခင်ဗျားလိုချင်တဲ့ငွေ၊ နဂိုယဉ်ကို အခုလွှတ် လိုက်"

"ဟား…ဟား မောင်ရင်…မောင်ရင် ကောင်မလေးကို တော်တော်ချစ်တာကိုး"

"ဟိတ်ကောင်တွေ ကောင်မလေးကို လွှတ်လိုက်"

"ဦးခွန်"

"နဂိုယဉ်ရယ်"

သူ့ရင်ခွင်ထဲမှာ တသိမ့်သိမ့်ရှိုက်ငိုနေသည့် နဂိုယဉ်ကိုယ် လေးကို တင်းကြပ်စွာပွေ့ဖက်ထားလိုက်၏။

"မငိုပါနဲ့ကလေးရယ်၊ မငိုနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…အားလုံးမလှုပ်နဲ့၊ ငြိမ်ငြိမ်နေကြစမ်း"

"ဟာ…ရဲတွေ"

"ကဲကွာ"

"ခွပ်"

"ဒုတ်"

"အား"

"အမလေး…ဦးခွန်သေပါပြီ"

အဖြစ်အပျက်တွေက လျှင်မြန်သည်။ ခွန်ရာဇာအနားမှာ ရှိနေသည့် လူဆိုးက နောက်ကနေ ခွန်ရာဇာခေါင်းကို တုတ်ဖြင့် လွှဲရိုက်ချလိုက်ရာ ခွန်ရာဇာမှာ နဂိုယဥ်မျက်စိရှေ့မှာပင် ခေါင်းကို လက်နှင့်ဖိကိုင်လျက် လဲကျသွား၏။ ဦးဦးအောင်ကြောင့် ရဲတွေ အားလုံးကို အချိန်မီ ဖမ်းဆီးလိုက်သည်။ နဂိုယဥ်က သတိလစ်နေသော ခွန်ရာဇာကိုယ်ကြီးကို သူမလက်ကလေးနှစ်ဖက်ဖြင့် တင်းကြပ်စွာ ဖက်ထားလျက် တသိမ့်သိမ့်ငိုနေ၏။

"ဦးခွန်ကို နဂိုယဥ်ချစ်တယ်"

"ဦးခွန် ဘာမှမဖြစ်ပါနဲ့နော်၊ နဂိုယဥ်ပြောတာ ကြားလား ဟင်"

"အင်း"

"ဟင်…ဦးခွန် သတိရပြီနော်"





"ကိုယ်ဘာမှမဖြစ်ဘူး"

"ဦးခွန် ခေါင်းမှာဒဏ်ရာနဲ့"

ပြောရင်း မျက်ရည်တွေ နဂိုယဥ်ပါးပေါ် စီးကျလာသဖြင့် ခွန်ရာဇာက နဂိုယဥ်ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာ ဖယ်ရှားပေးသည်။

"ကိုယ့်ကိုသိပ်ချစ်တာပဲလား"

"ဦးခွန် သေသွားမှာစိုးလို့"

နဂိုယဥ်အသံလေးက တုန်ရီလျက် ခွန်ရာဇာ တင်းကြပ်စွာ ဆုပ်ကိုင်ထားသည့် သူမလက်ကလေးများကို ရုန်းကန်ခြင်းမပြု။ မျက်ရည်တွေ ပေလူးစိုစွတ်နေသည့် မျက်နှာလှလှလေးကို သူစိုက် ကြည့်လိုက်၏။

"ဘယ်သူ့ကိုယူမှာလဲပြော"

"ဦးခွန်ကို"

မဆိုင်းမတွ ချက်ချင်းပြန်ဖြေလိမ့်မည် ထင်မထားသဖြင့် ခွန်ရာဇာရင်ထဲ သိမ့်ခနဲ လှုပ်ခတ်ပျော်ရွှင်သွားသည်။

"နဂိုယဥ် ဘွားနဲ့မသူဇာက မယူရဘူးဆိုရင်ရော"

"ခိုးပြေးမှာပေါ့"

"ဘယ်သူ့ကိုလဲ"

"ဦးခွန်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟိတ်"

ရင်တစ်ခုလုံး သိမ့်သိမ့်လှုပ်ရှားစေသော ချစ်အဖြေကို ထား ရစ်ကာ ခွန်ရာဇာနားက လစ်ပြေးသွားသည့် ချစ်သူကို ကြည့်လျက် ချစ်စနိုးအပြုံးတစ်စဖြင့် မချင့်မရဲဖြစ် ကျန်ရစ်ချိန်မှာ ဦးဦးအောင်ဆီ က ခပ်အုပ်အုပ်ရယ်သံကို ကြားလိုက်ရသည်။

"နဂိုယဉ် ဘယ်လိုလုပ်ပြီး ဦးသုတလက်ထဲရောက်နေတာ လဲ ဦးဦးအောင်"

"မင်းကိုယ်တိုင် သူ့ကိုမေးမကြည့်ဘူးလား"

"မေ့နေလို့"

"ကောင်းတယ်"

ဦးဦးအောင်က ခွန်ရာဇာ မျက်နှာကို ကြည့်ပြီး ခပ်ပြုံးပြုံး ခေါင်းညိတ်သည်။

"မင်း ကားအက်စီးဒင့်ဖြစ်လို့ဆိုပြီး ဖုန်းဆက်ပြီး နဂိုယဉ် ကို ဦးသုတကိုယ်တိုင် စောင့်ခေါ်သွားတာ၊ သူ့အတွေးနဲ့အခေါ်တော့ မသိလိုက်ဘူး"

"အခုရော"

"လိုက်လာကြပြီလေ၊ နွေသစ်ဆိုတဲ့ကောင်လေးတော့ ပါသေးတယ်"

"သူပါလို့ဘယ်ဖြစ်မလဲ"





လှူနှာခုတင်ပေါ် ဖျတ်ခနဲ ခုန်အဆင်းမှာ ဦးခေါင်းက ဒဏ်ရာက မိုက်ခနဲဖြစ်သွား၏။

"အား…ကျွတ်…ကျွတ်"

"လှူနှာက လှူနှာလိုနေမှပေါ့ကွ"

"နွေသစ်နဲ့ စိတ်မချဘူးဗျာ"

ရင်ထဲက ခံစားချက်ကို နှာကျင်ရှုံ့မဲ့နေသည့် မျက်နှာနှင့် ပြောဖြစ်အောင်ပြောလိုက်သည်။ ဦးဦးအောင်က စီးကရက်သောက် မပျက်။

"စိတ်ချပါ၊ မင်းကို နာမည်ထပ်ကြီးအောင် နဂိုယဉ် ပြောသွားတာ မကြားဘူးလား"

"ဘာလဲ"

"သိချင်ရင် မင်းကိုယ်တိုင်မေးကြည့်၊ ဟိုမှာ လာနေပြီ"

နဂိုယဉ်တစ်ယောက်တည်း မဟုတ်။ နွေသစ် အပါအဝင် ဘွားရော မသူဇာပါ နဂိုယဉ်နှင့်အတူ ပါလာသည်။

"ဖြစ်မှဖြစ်ရလေ မောင်ရာဇာရယ်"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး ကြီးခင်"

"တကယ်ဖြစ်သွားတာ နဂိုယဉ်ခင်ဗျာ"

ဦးဦးအောင်က ဝင်ပြောတော့ အားလုံးအကြည့်တွေက နဂိုယဉ်ထံ စုပြုံရောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"နဂိုယဉ် ဘာဖြစ်လို့လဲ ဦးအောင်"

မသူဇာက မေးခြင်းဖြစ်သည်။ ဦးဦးအောင် ဘာများပြော လိုက်မှာပါလိမ့်ဆိုသည့် အတွေးကိုယ်စီနှင့် နဂိုယဉ်ကိုယ်တိုင် မျက်လုံးလေးဝိုင်းဝိုင်းလည်နေခိုက်…

"ဖြစ်သွားတာကတော့ တော်တော်ဆိုးတယ်ဗျာ မသူဇာ ခွန်ရာဇာနဲ့ လက်ထပ်မှုကိုဖြစ်တော့မှာ"

"ဟင်"

"အို"

နွေသစ်မျက်နှာ အကြီးအကျယ်ပျက်သွားသလို နဂိုယဉ် မျက်နှာကို နှမြောတသစွာ လှမ်းကြည့်သည်။

"အားလုံးပဲ ကျွန်တော့်ကိုခွင့်ပြုပါ"

"နွေသစ်"

မသူဇာ လှမ်းခေါ်ပေမယ့် နွေသစ်က နောက်ကို လှည့်ပြီး ပင်မကြည့်တော့။

"ရှင်ဘယ်လိုပြောလိုက်တာလဲ ဦးအောင်၊ နွေသစ်ဆိုတာ နဂိုယဉ်နဲ့လက်ထပ်မယ့် ကလေးဆိုတာ သိရက်နဲ့"

"ဩော်ဗျာ…ကျွန်တော်ပြောတဲ့စကားမှ ဆုံးအောင်နားမ ထောင်ဘဲ၊ ခွန်ရာဇာ အခုလိုဖြစ်လိုက်မှ နဂိုယဉ်ရင်ထဲက ဖုံးထား ထားတဲ့ အချစ်စစ်အချစ်မှန်တွေ ပေါ်လာတာလို့ ပြောမလို့ပါ"





"နဂိုယဉ်က ခွန်ရာဇာကို ချစ်သွားပြီဗျာ"

"ကျွန်တော်ကလည်း နဂိုယဉ်ကို သိပ်ချစ်ပါတယ်ဗျား ကြီးခင်နဲ့ မသူဇာ"

"အို"

နဂိုယဉ်မျက်နှာလေး ရဲရဲနီစွေးစွာ ဘယ်သူ့ကိုမှမကြည့်ဘဲ ခေါင်းလေးငုံ့ရပ်နေသလို မသူဇာနှင့် ဒေါ်ခင်ခင်ကြီးသည်လည်း ဘာဆက်ပြောရမှန်းမသိ ဖြစ်နေပါသည်။

"မသူဇာပြန်မယ် အန်တီခင်"

"အန်တီခင်လည်း ပြန်လိုက်မယ်မသူဇာ"

မသူဇာက ဘယ်သူ့ကိုမှ နှုတ်မဆက်။

ဘွားက မသူဇာနောက် လိုက်သွားသည်။

"ငါလည်းပြန်မယ် ခွန်ရာဇာ"

အားလုံး အလျှိုလျှိုထွက်သွားသဖြင့် အခန်းထဲမှာ ခွန်ရာဇာ နှင့် နဂိုယဉ်ပဲ ကျန်ခဲ့သည်။

"ဦးခွန်…နဂိုယဉ်လည်း ပြန်မှထင်တယ်"

"ဘယ်ကိုပြန်မှာလဲ"

"အိမ်ကိုပေါ့"

"ဒါလည်း နဂိုယဉ်အိမ်ပဲ"

"မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်သွားအောင် အပိုင်ကြံထားလိုက်ရုံပေါ့ဗျာ''

''ဦးခွန်''

''အို''

''ခေါင်းက ဒဏ်ရာကြီးနဲ့ဆိုတာ သတိထားဦးလေ''

''ကိုယ်သိပါတယ်၊ ငြိမ်ငြိမ်လေးနေ''

''ဟာ''

မွှေ့မွှေ့ယမ်းယမ်းကျလာသည့် အနမ်းများအောက်မှာ ရှက်လန့်တကြား နဂိုယဉ်မျက်ဝန်းလေးများ ညင်သာစွာ စေ့ပိတ်သွားသည်။

ချစ်သူတို့ ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ

ချစ်ခြင်းဖြင့်

မြပုလဲချွန်

ဝိုး : ဝီ : ၀၁၆၀

BURMESE CLASSIC .com

www.burmeseclassic.com